www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

# ရင်ဆိုင် ..ယှဉ်ပြိုင် အနိုင်ကြဲ



www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ရင်ဆိုင် ယှဉ်ပြိုင် အနိုင်ကြဲ


စာမူခွင့်ပြုချက်အမှတ် - ၃၀၀၆၁၃၀၁၃၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၄၇၄၀၁၃၀၂

၂၀၀၇ ခုနှစ်၊ ဧပြီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်ဝင်း(၁၁၈၀၃) ခင်မင်းလှုံစာပေ

အမှတ်-၃၃/က မလိခလမ်း ၇-မိုင်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

ပုံနှိပ်သူ . . . ဦးကျော်ညွှန့်(၀၁၇၃၃) စေတနာOFFSET

အမှတ်(၃၃) (၁၃)လမ်း ရန်ကုန်


# တက္ကသိုလ် တင်မြင့်



## ရင်ဆိုင်ယှဉ်ပြိုင်အနိုင်ကြဲ


မောင် ကျော် လှိုင်

စေတနာစာပေ

မှ

စီစဉ်သည်။

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## [၁]

"ဒါ…မင်း…ငါ့ကိုသက်သက်အကျပ်ကိုင်တာ အောင်ဟိန်း"

"စဉ်းစားပါဦးစည်သူ။ ငါမင်းကိုအကူအညီတောင်းတာလား၊ အကျပ်ကိုင်တာလားဆိုတာ မင်းသေချာစဉ်းစားပါ။ မင်းနဲ့ငါဟာ အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းငယ်ပေါင်းတွေပါစည်သူ"

ပဲခူးမြို့ ရွှေမှော်ဓောဘုရားလမ်းမကြီးပေါ်ရှိ ခြံကြီးဝင်းကျယ် နှစ်ထပ်တိုက်အိမ်၏ ကြီး၍ခမ်းနားထယ်ဝါသော ဧည့်ခန်းကြီးထဲတွင် လူလတ်ကြီးနှစ်ဦး မျက်နှာချင်းဆိုင်ကာ အချေအတင် မျက်နှာထား တင်းမာစွာဖြင့် ပြောနေကြခြင်းဖြစ်ပါ၏။

"ဘာမှစဉ်းစားစရာမလိုဘူး အောင်ဟိန်း။ ငါက ငါ့စီးပွားရေး လုပ်ငန်းမှာ အဆင်မပြေဖြစ်နေတုန်းက မင်းဆီ ငွေသိန်းငါးဆယ်ချေး ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သိန်းငါးဆယ်...မင်းကို ငါချေးထားတာ ဘယ်နှစ်နှစ်ရှိသွားပြီလဲ စည်သူ"

"ဆယ်နှစ်ကွာ...ဆယ်နှစ်"

"ကောင်းပြီ...အဲဒီဆယ်နှစ်အတွင်းမှာ ငါက ငါ့ငွေတွေပြန်လိုချင်တယ်လို့ တစ်ခွန်းပြောခဲ့ဘူးသလား သူငယ်ချင်း"

"ဒါတော့...မင်းက ကျိုကျိုတက်ချမ်းသာနေတဲ့လူပဲ။ သိန်းပေါင်းထောင်သောင်းရှိနေတဲ့လူပဲ"

"ဟ...ဘာဆိုင်လဲစည်သူ...ငါချမ်းသာတာ ငါ့ဟာငါချမ်းသာတာပဲကွ၊ ငါချမ်းသာတိုင်း အပေါင်းအသင်းတွေကို ရှော့အင့်ဆိုပြီး ချေးငှားနေရမှာလား၊ မင်းကိုသာ ငါ့အချစ်ဆုံး ငယ်ပေါင်းသူငယ်ချင်းမို့ ချေးတာ"

"ဘာလဲ မင်းက မင်းချေးထားတဲ့ သိန်းငါးဆယ်ကိစ္စ မဖွာပ်တိုင်တက်ပြနေတာလား အောင်ဟိန်း...ချေးစဉ်ကတည်းက သိပ်ချစ်တဲ့သူငယ်ချင်းမို့ဆို"

"အေးလေ...ဒါကြောင့် ဆယ်နှစ်ဆယ့်မိုးကြာတဲ့အထိ အဲဒီ သိန်းငါးဆယ် ငါ့ကိုပြန်ဆပ်ပါလို့ တစ်ခွန်းတောင်မပြောခဲ့တာ...ဟဲ... ဟဲ...မင်းတွက်ကြည့်ပါ စည်သူ၊ ငွေတစ်ရာကို တစ်လသုံးကျပ် အတိုးနှုန်းနဲ့ထားပြီး ဆယ်နှစ်ကာလကိုတွက်ကြည့်ပါ၊ မင်းကိုယ်တိုင် စီးပွားရေးလုပ်နေတဲ့လူမို့ မင်း အတွက်ချက်တော်ပြီးသားပါစည်သူ"

"ဘာကွ အောင်ဟိန်း...မင်း ငါ့ကိုချေးစဉ်ကတည်းက အတိုး



မရှိ၊ ကာလမသတ်မှတ်ချေးခဲ့တာမဟုတ်လား။ အခုမင်းက အတိုးစကားတွေ...အချိန်ကာလစကားတွေပြောလာသလား"

"လုံးဝ အဲဒါတွေ ငါမစဉ်းစားပါဘူးစည်သူ...ငါဆိုလိုတာက အဲဒီလောက်ကြီးအထိတောင် မင်းကို ငါခင်မင်စွာနဲ့ စေတနာထားတယ်ဆိုတာ ပေါ်လွင်စေချင်လို့ ထည့်ပြောတာစည်သူ"

"အေး...မင်းရဲ့ခင်မင်မှုရော...စေတနာကိုရော မနေ့ကအထိ ငါယုံကြည်တယ်။ ဒါပေမဲ့...အခုတော့..."

ဦးစည်သူက ပြောရင်းရပ်ထားသည်။

"ဆက်ပြောစည်သူ...အခုတော့ဘာဖြစ်လဲ..."

"ဒီနေ့ မင်းငါ့ကိုဖုန်းဆက်ခေါ်တယ်၊ ငွေရှင်ကြေးရှင် မြို့ရှင်ကခေါ်တာဆိုတော့...ငါ့ခမျာ ရန်ကုန်ကနေပြီး မင်းရွှေတော်မှောက်ပဲခူးဒီအိမ်ကို ဒိုင်းခနဲရောက်လာရတယ်"

"ဟုတ်ပြီ...မင်း ငါ့ဆီကိုဒိုင်းခနဲရောက်လာတော့ ငါက ဒိုင်းခနဲ ငါချေးထားတဲ့ငွေကိစ္စ တစ်ခွန်းတောင်ပြောလို့လား စည်သူ...ဒိုင်းကနဲရောက်လာတဲ့မင်းကို ငါက သားရေးသမီးရေးကိစ္စသာပြောတာပါစည်သူ"

"ဘာထူးသေးလဲအောင်ဟိန်း၊ မင်းက ငါပြောတဲ့အတိုင်းမင်းလုပ်ပေး၊ မလုပ်ပေးရင်...ငါ့အိုးမှုပ်ပြန်ပေးဆိုတဲ့ ကလေးကစားသလိုပဲဟာ"

"ငါ...မင်းဆီက အနူးအညွတ် အကူအညီတောင်းတာပါစည်သူ၊ မင်းသေချာစဉ်းစားပြီးမှပြော..."

www.burmeseclassic.com

www.burmeseclassic.com



"အို…မင်းတောင်းတဲ့အကူအညီကို ငါကပေးနိုင်တဲ့အကူအညီမှမဟုတ်တာ…ဘယ်နှယ့်ကွာ မင်းရဲ့သား…လူဆိုးလူတေ…ဆေးစွဲနေတဲ့…အောင်နေမျိုးကို ငါ့သမီးဒေါက်တာနွေးနွေးရဲ့လက်ထဲအပ်ပြီး…ဆေးဖြတ်ပေးပါဆိုတဲ့…"

"ငါ့သားလေးဆေးသမားဘဝက ကျွတ်သွားစေချင်လွန်းလို့…မင်းဆီကအကူအညီတောင်းရတာပါကွာ၊ မိဘမေတ္တာနဲ့ပါ စည်သူ"

"အေး…ငါကလဲ မိဘမေတ္တာပဲ အောင်ဟိန်း၊ အောင်နေမျိုးလို အသက်ငယ်ငယ်…ရုပ်ချောချော ဆိုးဆိုးပေပေ ဆေးသမားနဲ့…ငါ့သမီးနွေးနွေးကို ရင်းနှီးခွင့်မပေးချင်တာ ငါ့ရဲ့မိဘမေတ္တာပေါ့ မင်းသားကလဲလူပျို…ငါ့သမီးကလဲ အပျိုဆိုတော့ မင်းပဲစဉ်းစားကြည့်ပေါ့ကွာ…အောင်ဟိန်း"

"မင်းသမီးနွေးနွေးထက်…ငါ့သားအောင်နေမျိုးက အသက်ငါးနှစ်တောင်ပိုငယ်တာပါကွ၊ နောက်ပြီး…မင်းသမီးက ဆရာဝန်ဘွဲ့ရပြီးသားပါ…ငါ့သားအောင်နေမျိုးက ဒီနှစ်မှဆယ်တန်းအောင်ရှာတာပါ၊ ဒေါက်တာနွေးနွေးအဖို့…ငါ့သားဟာပါမွှားပါကွာ…အရေးအတွက်ထဲတောင်မထည့်လောက်ပါဘူး နောက်ပြီး နွေးနွေးနဲ့ အောင်နေမျိုးဟာ ငယ်စဉ်ကတည်းက မောင်နှမအရင်းလို နေခဲ့ကြတာပါ အောင်နေမျိုး နို့စို့သားအရွယ်က နွေးနွေးကပဲ ချီပိုးပြီး ထိန်းသိမ်းခဲ့တာပါ၊ မင်းရှန်ကုန်ပြောင်းသွားမှကွဲသွားကြတာပါ စည်သူ"

"ဒါတွေပြောမနေနဲ့ အောင်ဟိန်း…သွေးသားလဲမတော်စပ်ဘူး အပျို လူပျိုလဲဖြစ်နေကြတယ်…တစ်အိမ်တည်းအတူထားပြီး



နီးနီးကပ်ကပ်ဆေးကုပေးရမယ်ဆိုတော့…ငါ့သမီးက အသက်ပိုကြီးတာတွေ…ပညာမှာရင့်ကျက်တာတွေပြောမနေနဲ့…အိုးချင်း ကြိုးချင်း ထိသွားငြိသွားမှာ ငါစိုးရိမ်တာပဲ…အိုကွာ…ငါလုံးဝလက်မခံဘူး အောင်ဟိန်း"

"ဒီမယ် ဟေ့ကောင်စည်သူ…ငါက သားဆိုးတစ်ယောက်မွေးထားမိလို့ ဒီလောက်အောက်ကျနောက်ကျခံပြောနေရတာ၊ တကယ်ဆို နွေးနွေးက အသက်နှစ်ဆယ့်ခြောက်နှစ်…ငါ့သားက အခုမှ နှစ်ဆယ်ကျော်ရုံလေးရှိသေးတာ၊ မင်းရဲ့သမီးနွေးနွေးနဲ့ ငါ့သားကို ဖြစ်စေမြောက်သွားစေချင်တဲ့ဆန္ဒ ငါ့မှာလုံးဝမရှိဘူး၊ ငါအဓိကလိုချင်တာက…နွေးနွေးရဲ့ပညာနဲ့ ငါ့သားဆေးပြတ်သွားစေချင်တာအဓိက"

"အဲဒါကိုပဲ ငါကလုံးဝမလိုက်လျောနိုင်ဘူးဆိုရင်ကောကွာ"

"လွယ်တယ်ဟေ့…မင်း ငါ့ဆီက တရားဝင်စာချုပ်နဲ့ချေးထားတဲ့ သိန်းငါးဆယ်ကို တစ်လအတွင်း ချက်ချင်းပြန်ဆပ်ပေး"

ဦးစည်သူကလည်း ဒေါကြီးမောကြီးပြန်ပြောသည်။

"ဒါကြောင့် ငါပြောတာ…မနေ့ကအထိ မင်းရဲ့စေတနာနဲ့ ခင်မင်မှုကို ငါလေးစားခဲ့တယ်၊ အခု ဒီနေ့ဒီအချိန်မှာတော့ မင်းကို ငါ ဟစ်စက်လေးမှအထင်မကြီးတော့ဘူး အောင်ဟိန်း၊ တကယ်တော့…မင်း ငါ့ကို သိန်းငါးဆယ်ချေးခဲ့တာဟာ ဒီယုန်မြင်လို့ ဒီချုံကိုထွင်မှန်း ငါသဘောပေါက်သွားပြီ…"

"ဘာကွ…ဒီယုန်မြင်လို့ဒီချုံထွင်တာ…ဟုတ်လား စည်သူ…မင်းပဲ…အဲဒီစကားအဓိပ္ပါယ်ကိုရှင်းပြပါဦး၊ ငါ…တကယ်

www.burmeseclassic.com

www.burmeseclassic.com



နားမလည်လို့"

"ရှင်းပြစရာလိုသေးလို့လား၊ ငါ့သမီးအဖိုးတန်မှန်းသိလို့ မင်းရဲ့သားနဲ့ ဒီအပေါက်မျိုးချိုးနိုင်အောင် မင်းက ငွေသိန်းငါးဆယ် ထုတ်ချေးပြီး မျှားလိုက်တာမဟုတ်လား အောင်ဟိန်း"

"မင်း ရယ်ဖို့ကောင်းတဲ့ကောင်ပဲ…လွန်ခဲ့တဲ့ဆယ်နှစ်က မင်း သမီးနွေးနွေးဟာ ဆယ်တန်းကျောင်းသူပဲရှိသေးတာပါ၊ ငါ့သားဆို လဲ ဆယ်နှစ်သားပဲရှိသေးတယ်၊ မင်းသမီးနွေးနွေးဟာ ဆရာဝန်ဖြစ် လာမှာလို့လဲ တွက်လို့မရသေးဘူး၊ ငါ့သားကလဲ ဘိန်းဖြူဆေးသမား ဖြစ်လာမယ်မှန်းမသိရသေးဘူး၊ ဒီတော့…ငါက ဘာယုန်မြင်လို့ ဘာချုံထွင်ရမှာလဲ…အခုဟာက တိုက်ဆိုင်လာမှုပါ စည်သူ၊ အခု မင်းရဲ့သမီး နွေးနွေးက ဆရာဝန်ဖြစ်လာရုံမကဘူး၊ စိတ်ရောဂါအထူး ကုဆရာဝန်ဖြစ်လာတယ်၊ စိတ်ကျန်းမာရေးဆေးရုံမှာ တာဝန်ထမ်း ဆောင်နေတယ်၊ အဲဒီလိုတွေတိုက်ဆိုင်လာ မင်းဟာ ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းဆိုပြီး ငါ့အကူအညီတောင်းတာ…အခုမင်းပုံစံက ဘုန်း ကြီးဟာတော့ ပေးလားကမ်းလား၊ ဒကာမဟာတော့ မူးတင်းပဲတင်း ဖြစ်တာ"

"ဟ…ဒါဆို…မင်းရဲ့သားကို စိတ်ကျန်းမာရေးဆေးရုံမှာတင် ပြီးကုပေါ့ကွ…"

"မင်းသားသမီးချင်း စာနာပြီးပြောပါစည်သူ…မင်းမှာ သား အရင်းရှိပြီး…ဆေးစွဲနေရင် အဲဒီဆေးရုံမှာ အများနဲ့ရောပြီးတင်မ လား"

"ဒါဆို မင်းကိုကိုတက်ချမ်းသာသူပဲ၊ ဒီဘက်မှာကျွမ်းကျင်



တဲ့ ဘခြားဆရာဝန်ကို လိုသလောက်ငွေပေးပြီး အိမ်မှာခေါ်ပင့်ကု ပေါ့ကွ"

"မင်းပြောတာနောက်ကျသေးတယ်။ ငါ အဲဒီလိုစီစဉ်သေး တယ်။ ငါ့သားအောင်နေမျိုးက လုံးဝလက်မခံဘူး၊ ပဲခူးမှာ အဲဒီလို အိမ်ခေါ်ကုရတာ အောက်တယ်တဲ့၊ မမနွေးနဲ့ဆိုရင် ငယ်ငယ်လေး ထဲက ခါတ်သိတွေမို့ မမနွေးနဲ့ပဲကုသချင်တယ်ဆိုလို့…မင်းဆီကို အကူအညီတောင်းတာလေကွာ စည်သူ…"

ဦးစည်သူ တိုင်ရာမှထရပ်သည်။ လုံးဝလက်မခံသည့်သဘော ပါပေ။

"ဒါဆိုပြီးရော…မင်းဆီကချေးထားတဲ့ငွေသိန်းငါးဆယ်ကို ငါတစ်လအတွင်းပြန်ဆပ်မယ်။ ဒါဆိုပြတ်ရော…ငါသွားမယ်"

"ကြွ…ကြွ…ငါက ဆယ်ခါတောင်ပိုပြတ်သေး၊ ဒီနေ့ကစပြီး မင်းနဲ့ငါ…သူငယ်ချင်းဘဝက ပြတ်တယ်ဟေ့ ပြတ်တယ်…"

ဦးစည်သူ ဧည့်ခန်းမှ ခြေသံပြင်းနှင့်ထွက်လာသည်။ ဧည့်ခန်း အထွက်တံခါးဝတွင် ပိတ်ရပ်နေသော ဒေါ်ချိုချိုအောင်နှင့် ပက်ပင်း တိုးသဖြင့်…ဦးစည်သူရပ်လိုက်သည်။

"အော်…မချို"

ဒေါ်ချိုချိုအောင်က တောင်းပန်သောအကြည့်နှင့် ဦးစည်သူ ကိုကြည့်ပါ၏။ ဒေါ်ချိုချိုအောင်က…သိမ်မွေ့နူးညံ့သောအမျိုးသမီး မှန်း ဦးစည်သူသိထားသည်။ အသက်(၄၅)နှစ်သာရှိသေးပြီး ချော မောခန့်ငြားသူလည်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



''ခဏလောက်ပြန်ထိုင်ပေးပါလား ကိုစည်သူ...သားလေး ကိုအောင်နဲ့ပတ်သက်တဲ့ကိစ္စကို မိခင်တစ်ယောက်အနေနဲ့...ကိုစည်သူနဲ့ ဆက်ပြီး...မချိုဆွေးနွေးပါရစေ''

''ဟော့...မချို''

ဦးအောင်ဟိန်းက ကျားဟိန်းသံမျိုးနှင့် ဇနီးကိုလှမ်းအော် ဟန့်တားသည်။

''ဟုတ်ပါတယ်...ကိုဟိန်း...မချို ကိုဟိန်းရဲ့အမိန့်အတိုင်း တစ်ခွန်းမှဝင်မပြောဘဲ အပြင်ဘက်ကနားထောင်နေတာပါ။ အခု... ကိုဟိန်းနဲ့ ကိုစည်သူ သားလေးကိစ္စမှာ မပြေလည်ဘူးမှတ်လား''

''ဟာ...ဒီလောက်ကတ်သီးကတ်ဖဲ့ကောင် ဆွေးနွေးလို့ ဘယ်ပြေလည်မှာလဲ''

''မချို အားလုံးအပြင်ကကြားတယ်။ ကိုဟိန်းကဒေါသကြီးတယ်။ ဆွေးနွေးရင်း လိုရင်းမရောက်ဘဲ ကြွေးတောင်းတဲ့ပုံစံတွေ ရောက်သွားတယ်...''

''ဒါကတော့ ပါးကိုက်ရင် နားကိုက်မှာပဲ၊ အခု ကိစ္စပြတ် သွားပြီလေ...မချိုလဲ...သွားပြီးလုပ်စရာရှိတာလုပ်တော့''

ဒေါ်ချိုချိုအောင်က ပြုံးပြီးပြန်ပြောသည်။

''ကိုဟိန်းက တစ်ဖက်သတ်ကျနေတယ်...သားလေး ကိုအောင်ရဲ့ကိစ္စ ကိုစည်သူနဲ့ဆွေးနွေးကတည်းက မိခင်ဖြစ်တဲ့ မချို ပါဝင်သင့်တယ်။ ကိုအောင်က ဝင်မပါနဲ့ဆိုလို့ အပြင်မှာ ရပ်နားထောင်နေတာ အဲ...ကိုစည်သူနဲ့ကိုဟိန်း ဆွေးနွေးမှုပြေလည်သွားတယ်ဆိုရင်တော့... မချို...ဆက်ပြီးပါစရာမရှိဘူးပေါ့။ အခု...ပြေမှမပြေလည်တာ''



''အိုး...ကျုပ်က မပြေလည်တာမဟုတ်ဘူး...ဒီကောင်စည်သူက မပြေလည်တာ''

''ဒါကြောင့်...ကိုစည်သူနဲ့ မချို ဆက်ပြီးဆွေးနွေးချင်တာ ပေါ့ ကိုဟိန်း''

ဦးအောင်ဟိန်းနှုတ်ဆိတ်သွားသည်။

''အင်းပေါ့လေ...သားကိစ္စဆိုတော့ မချိုကမိခင်အနေနဲ့ ပါသင့်တာပေါ့။ ဒီကောင်နဲ့ ဆက်ဆွေးနွေးချင်လဲဆွေးနွေး၊ ကျုပ်ကတော့...အိမ်ပေါ်တက်အနားယူတော့မယ်။ အလကား...နွားချိုကို ညှစ်သလို မချိုဆက်ပြီးညှစ်လဲ တစ်စက်တောင်ထွက်မဲ့ကောင်မဟုတ်တာ...ကဲ...ကျုပ်အပေါ်တက်မယ်''

ဦးအောင်ဟိန်း ဒေါနှင့်ထွက်သွားပါ၏။

''ထိုင်ပါ...ကိုစည်သူ''

ဦးစည်သူက နာရီကိုကြည့်လိုက်သည်။

''ကျွန်တော်တို့...အလကားအချိန်ဖြုန်းသလိုဖြစ်မှာပဲ... ချို...ကျွန်တော်ပြန်ချင်ပြီ''

''ထိုင်တာတော့ ခဏပြန်ထိုင်ပါ ကိုစည်သူ... နောက်ဆုံး ကိုစည်သူက ဆုံးဖြတ်ချက်မပြင်ဘူးဆိုလဲ...မချိုရယ် သားလေး ကိုအောင်ရယ် အဆိုးကံတရားအတိုင်းပေါ့။ ဒါပေမဲ့ စောစောက ကိုဟိန်းပြောသွားတဲ့အထဲမှာ မပါပဲကျန်နေတာလေးတွေကို မချိုက ညွှတ်ပြောချင်လို့ပါ''

www.burmeseclassic.com

www.burmeseclassic.com



"အင်း...မချိုကိုအားနာလို့ပေါ့ဗျာ"

ဦးစည်သူ အားနာစိတ်ဖြင့် ပြန်ထိုင်သည်။

"ကိုဟိန်းက စိတ်ရင်းစေတနာကောင်းသူမှန်း ကိုစည်သူ အသိ ဆုံးပါ။ ငယ်သူငယ်ချင်းတွေပဲဟာ။ ဒါပေမဲ့...သားလေး ကိုအောင် နဲ့ပတ်သက်လာရင် သိပ်ဆန္ဒစောတယ်၊ ဒေါသပါချင်တတ်တယ်၊ ဂရုဏာဒေါသဆိုပါတော့၊ သူက သားကိုအောင်ကို ရှုံ့ရုပ်၊ ဖယောင်း ရုပ်လို သူလိုချင်တဲ့ပုံစံ ဖွတ်ဖန်တီးချင်တယ်၊ တကယ်တော့ ကိုဟိန်း က သားကိုအချစ်လွန်ကဲတာပါ။ ဒါပေမဲ့...ကိုဟိန်းက အကိုင်အတွယ် ကြမ်းလေ သားက မခံလေဆိုတော့...ကိုဟိန်းမှာ မချင့်မရဲ ဒေါသလေး တွေပါသွားချင်တဲ့သဘောပါ ကိုစည်သူ"

"ဒါကျတော့...အောင်ဟိန်းကို အပစ်တင်လို့ဘယ်ရမလဲ မချို ဆိုးတာက သားဖြစ်တဲ့ အောင်နေမျိုးပဲဟာ။ ဘဝကို အညွန့်တုံးစေ တဲ့ဆေးကိုစွဲရသလား၊ အေးပေါ့ဗျာ...မချိုတို့က ပိုက်ဆံသိပ်ချမ်းသာ ပြီး သားကိုအလိုလိုက်တာဗျာ...ချစ်ရာမရောက်ပဲ နှစ်ရာရောက်တာ ပေါ့"

"အဲဒီလိုအပစ်တင်ရတဲ့အဆင့်ကိုကျော်လာပါပြီ ကိုစည်သူ။ အ မချိုတို့လုပ်ရမှာက သားကို ပြန်လည်ပြုပြင်ပေးရမဲ့အပိုင်းပါ"

"အဲဒါကို ကျွန်တော်အကြံပေးသားပဲ။ စိတ်ကျန်းမာရေးဆေး မှာတင်ကုပါ၊ ဒါမှမဟုတ်...အမျိုးသားဆရာဝန်ကို ကြိုက်ရွေး ပြီး အိမ်မှာခေါ်ကုပါလို့"

"အဲဒါကတော့...နောက်ဆုံးအဆင့်ပေါ့လေ။ ဒါပေမဲ့...စိ



ကျန်းမာရေးဆေးရုံကို တင်ရမယ်ဆိုရင်...သားလေးအတွက် သော ကောရောကော နိုင်လွန်းသွားမယ် ကိုစည်သူ၊ အဲ...အိမ်မှာဆရာဝန် ခေါ်ကုဖို့ကျပြန်တော့လဲ ပဲခူးဒီအိမ်မှာတော့မလွယ်ဘူးပေါ့။ ကိုအောင် ဆေးစွဲရတာကိုက ဒီပဲခူးကအပေါင်းအသင်းတွေကြောင့်မဟုတ်လား၊ သားမှာ ပဲခူးအပေါင်းအသင်းတွေသိပ်များတယ် ကိုစည်သူ၊ သားက သူတို့ကိုသွားမတွေ့ရင် သူတို့က သားကိုလာတွေ့ကြမှာပဲ၊ နောက်ပြီး သားဖိုးစွဲသွားတာဟာလည်း အပေါင်းအသင်းတွေရဲ့ ထောင်ချောက် ထဲဝင်သွားမိလို့ ဆေးစွဲရတာပါ"

"ထောင်ချောက် ဟုတ်လား"

"ဆေးစွဲနေတဲ့လူအွေထဲမှာ မိဘမချောင်လည်တဲ့လူတွေလည်း ရှိတယ်။ အဲဒီလိုလူတွေက သားလို မိဘချမ်းသာသူတွေကို ဆေးစွဲ သွားအောင်လုပ်ပြီး...သူတို့အတွက်ပါ သားက ဆေးဒဏ်ခံရတာ ပေါ့၊ အဲဒီအကွက်ထဲ သားဝင်သွားတာပါ၊ ဒါကြောင့် ပဲခူးမှာ သား ဆေးဖြတ်ရင် သူတို့က သားကိုပြန်ပြီး ဆေးပြန်စွဲအောင်လုပ်ကြမှာ ဒါကြောင့် ဒီကဆရာဝန်ကြီးကိုယ်တိုင်က သားဆေးဖြတ်ရင် ဒီမှာမဖြတ်နဲ့တဲ့"

"ဒါဆိုလဲ တခြားမန္တလေးတို့ မော်လမြိုင်တို့ စတဲ့အဝေးကို ဖြတ်ပေါ့ဗျာ"

"ပုတ်မထုတ်ချင်ပါနဲ့ ကိုစည်သူ။ အဲဒီလိုမြို့တွေမှာ မချိုတို့ ယုံကြည်ရသူ ဘယ်သူတစ်ဦးမှမရှိတာ၊ ဒီလိုအဝေးပို့တာဆိုရင် အဲဒီ မှာ ယုံကြည်စိတ်ချရတဲ့ လူရှိမှဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးစည်သူနားထောင်နေပါ၏။

''နောက် အဓိကတစ်ချက်ရှိသေးတယ် ကိုစည်သူ။ သား ဒီနှစ်ကျမှ ဆယ်တန်းအောင်တယ်။ သုံးနှစ်ဆက်တိုက်ကျခဲ့ပြီး ဒီနှစ်မှာအောင်တော့ တက္ကသိုလ်တက်ချင်တဲ့စိတ် သိပ်ပြင်းထန်လာတယ်။ ဒါကြောင့် သူ့ကိုယ်၌က ဆေးဖြတ်ချင်လာတာ။ ဒါကြောင့်…ရန်ကုန်က ကိုယ့်အရင်းအချာ ကိုစည်သူတို့အိမ်မှာထားပြီး ဆေးကုပြီးတာနဲ့ တက္ကသိုလ်ဆက်တက်စေဖို့ပါ၊ ကိုစည်သူနဲ့ မအေးမွန်က ရမ်းနီးပြီးသားလေ။''

''ဆောရီးပဲမချို…လုံးဝမဖြစ်နိုင်ပါဘူး''

ဒေါ်ချိုချိုအောင် သိသိသာသာကြီး မျက်နှာပျက်သွားပြီး မျက်ရည်တွေဝဲလာသည်ကို ဦးစည်သူသတိထားမိပါ၏။

''ဘာဖြစ်လို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာကိုတော့…မချိုကို ရှင်းပြပါလား ကိုစည်သူ''

''ကဲ…ရှင်းရှင်းပဲပြောမယ်မချို…ကျွန်တော့်သမီး နွေးနွေး မှာ ရယ်ရွယ်ထားတဲ့သူရှိတယ်…ဒေါက်တာ ရန်နောင်ထွတ်တဲ့၊ ရိုးရိုးဒေါက်တာတောင်မဟုတ်ဘူး၊ အင်္ဂလန်က အမ်အာစီပီဘွဲ့ယူထားတဲ့ သမားတော်တစ်ဦးပဲ၊ သူ့မိဘကလဲ ချမ်းသာတယ်။ တစ်ဦးတည်း သောသားပဲ၊ ဆွေစဉ်မျိုးဆက်လည်းမြင့်မားတယ်၊ အသက်သုံးဆယ် သုံးနှစ်၊ အဲဒီလူနဲ့ပဲ၊ ဒါပေမဲ့ သမီးနွေးနွေးက လောလောဆယ် လက်မထပ်ချင်သေးဘူးဆိုလို့…စောင့်ဆိုင်းနေကြတဲ့သဘောရှိတယ် အဲဒါကြောင့်ပဲမချို။ ဒီအချိန်နဲ့ ဒီအခြေအနေမျိုးမှာ အောင်နေမျိုးကို



ကျုပ်အိမ်ခေါ်ပြီး သမီး ဒေါက်တာနွေးနွေးက ဆေးဖြတ်ပေးရင် မလို သားအပ်တာတွေဖြစ်သွားမှာ ကျုပ်သိပ်စိုးရိမ်လို့ပဲ''

''အော်…အော်…ဒါကြောင့်လား…ဒါဆိုရင်တော့… လုံးဝ စိုးရိမ်နဲ့ ကိုစည်သူ…ဘာလို့လဲဆိုတော့…မချိုရဲ့သား ကိုအောင်မှာ ပဲ…ဒီပဲခူးက 'ဝိုင်း' ဆိုတဲ့ကောင်မလေးနဲ့ ချစ်သူရှိနေပြီးသားပါ၊ ဝိုင်း ကလဲ ဒီနှစ် သားနဲ့အတူတူ ဆယ်တန်းအောင်တယ်လေ၊ ဝိုင်းကတော့ ခြင်းပေါက်အောင်တာမို့…အသက်မှ ဆယ့်ခွန်တာရှိသေးတယ်၊ ကာလဲ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ တက်ရမှာပါ။ ဝိုင်းမိဘတွေ သဲ ပဲခူးမှာ ဆေးလိပ်ခုံပိုင်ရှင်အလုပ်နဲ့ စားနိုင်သောက်နိုင်ထဲက ပဲ''

''နေပါဦး…အဲဒီဝိုင်းရဲ့မိဘတွေကကော…ဆေးသမား အောင် မျိုးနဲ့သဘောတူသလား''

''အင်း…လူငယ်ချင်းချစ်ကြတာဆိုတော့ မတားမြစ်သာတဲ့ ပြင်…ကိုယ့်သိန်းနဲ့မချိုရဲ့သားလည်းဖြစ်နေတယ်…ဆေးလဲဖြတ်မယ် သိနေတော့…မကန့်ကွက်ဘူးလေ''

ဦးစည်သူ တွေဝေသွားတော့သည်။

အောင်နေမျိုးတွင် ချစ်သူရှိနေပြီးသား။ ဝိုင်းက အောင်နေမျိုး ထက်ပင် အသက်(၃)နှစ်ငယ်သေးသည်။ ဂါဆို မိမိသမီး ဒေါက်တာ နွေးနွေးနှင့် အသက်ချင်းလဲ သိပ်ကွာသည်၊ ပညာချင်းလည်း သိပ် ကွာသည်၊ နွေးနွေးကိုယ်တိုင်ကလည်း တစ်နေ့တွင် သမားတော် ဒေါက်တာရန်နောင်ထွတ်နှင့် လက်ထပ်မည်ကို လက်ခံထားပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်မှာ ယခုလောလောဆယ် မိမိလုပ်ငန်းထဲမှ ငွေသိန်းငါးဆယ်ပြန်ဖေါ် ပြန်ထုတ်ပြီး ကြွေးဆပ်လိုက်ပါက မိမိလုပ်ငန်းတွင် အရှိန်ပျက် ထိခိုက်စရာတွေအများကြီးရှိနေသည်။

၄င်းအချက်တွေအားလုံးချိန်ဆပြီး ဦးစည်သူစဉ်းစားရကော့သည်။

"နောက်တစ်ချက်...မချိုထပ်ပြီးအာမခံမယ် ကိုစည်သူ။ အခု မချိုရဲ့သားဟာ တက္ကသိုလ်တက်ချင် ဘွဲ့ရချင်တဲ့စိတ်တွေ အရှမ်း တက်နေတာမို့...တကယ့်ကို ဆေးဖြစ်မှာပါ၊ ဒီစိတ်ကလွဲပြီး တခြား ဘာမှမရှိဘူး။ မချိုကလဲ သားကို သေသေချာချာ...ငွေငွေနဲ့လုံးဝ မပတ်သက်စေဖို့ မှာလိုက်မယ်။ သားအဲ့နေနဲ့ ငွေငွေနဲ့မပတ်သက် ဖို့ မချို လုံးဝကြီးကို အာမခံတယ်၊ တာဝန်ယူတယ်၊ ကိုစည်သူ... မချိုကိုယ်တိုင်ကလဲ ငွေငွေနဲ့ သားကို သဘောမတူနိုင်ပါဘူး၊ သားက အသက်ပိုကြီးငယ်တယ်၊ ပညာမှာ ငွေငွေထက် သိပ်နိမ့်ကျတယ် ဒီတော့...တစ်သက်လုံး...ငွေငွေအနိုင်ခံရတဲ့ဘဝမျိုး မချိုရဲ့သား ကို မရောက်စေချင်လို့ပဲ ကိုစည်သူ"

ဦးစည်သူ ခေါင်းညိတ်မေတော့သည်။

"ဒါဆို...အောင်နေမျိုးကို ကျွန်တော့်အိမ်မှာလက်ခံပါ့မယ် အောက်ထပ်မှာ သီးသန့်အခန်းပေးမယ်၊ သမီးငွေငွေနဲ့လဲ ကူသ ပေးမယ်ဗျာ...အဲဒီအတိုင်း အောင်ဟိန်းကိုပြောလိုက်ပါတော့...ကဲ ကျွန်တော်ပြန်မယ်"

* * *



[၂]

ရန်ကုန်တက္ကသိုလ်တွင် သွားရောက်ပညာဆက်သင်မည့် အောင် မျိုးအား မစ္စတာရှောင်းနှင့်အဖွဲ့က ဂုဏ်ပြုအနေနဲ့ ညစာ ဒင်နာ ကျွေးသည်။

အောင်နေမျိုးက ဆေးသမားဖြစ်နေပြီး ပဲခူးတွင် မစ္စတာရှောင်း ဆေးဆပ္ပလိုင်းအဖွဲ့ခေါင်းဆောင်ဖြစ်သည်။

မစ္စတာရှောင်းသည် အသက်(၃၀)ရွယ်ရှိပြီး လူမြင်ကောင်း လူအထင်ကြီးအောင်နေသူဖြစ်သည်။ စကားပြောသိမ်မွေ့သည်။ ပါးသည်။ ပါးနပ်သည်။ သက်ဆိုင်ရာက စောင့်ကြည့်နေသည် ရှောက်အောင်ရှောင်နိုင်သည်။

ပြူးမောင်က အောင်နေမျိုးအား မစ္စတာရှောင်းနှင့်ဆက်သွယ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုးနှင့် ပြုံးမောင်မှာ ပဲခူးသားချင်းမို့ ရှေးမဆွကပင် အပေါင်းအသင်းဖြစ်သည်။ အောင်နေမျိုးအား ဆေးဓာတ်သွင်းသူမှာ ပြုံးမောင်ပင်ဖြစ်သည်။ ပြုံးမောင်၏ နေ့စဉ်ဆေးဖိုးကုန်ကျငွေကို အောင်နေမျိုးကပင် ကျခံသည်။ ပြုံးမောင်၏ဆက်သွယ်ပေးမှုကြောင့်ပင် အောင်နေမျိုးသည် မစ္စတာရှောင်း၏အဖွဲ့ဝင်ဖြစ်ခဲ့သည်။ အောင်နေမျိုးလို မိဘကျိုကျိုတက်ချမ်းသာသူအား ရှောင်းနှင့်အဖွဲ့က လိုလိုလားလားလက်ခံပါ၏။

သို့သော် အောင်နေမျိုးကိုကြည့်ပါ။

ဆေးသမားဟုသာပြောရသည် ဓါတ်သိတွေကသာ အောင်နေမျိုးဆေးသမားမှန်းသိသည်။ အမြင်မှာတော့ အောင်နေမျိုးသည် အလွန်ကြည့်ကောင်းသော အသက်(၂၀)လူငယ်ဖြစ်ပေသည်။

အရပ်က ငါးပေရှစ်လက်မ၊ ခန္ဓာကိုယ်က ကျစ်လစ်ပြီး အရပ်နှင့်လိုက်ဘက်သောခန္ဓာနှင့် လက်ဆံ၊ ခြေဆံရှိသည်။

မိခင် ဒေါ်ချိုချိုအောင် ချောလှသော အချောအလှတွေ သားအောင်နေမျိုးရရှိထားသည်။ ဖခင် ဦးအောင်ဟိန်း၏ ထွားကြိုင်းကြံ့ခိုင်သည့်မျိုးဆက်လည်းရထားသည်။

အောင်နေမျိုးသည် နုပျိုစိုပြေပြီး တက်ယှိယောကျ်ားဆန်ဆန် ကြည့်ကောင်းသူဖြစ်ပါ၏။

ပဲခူးမှ တော်တော်များများ မိန်းမငယ်လေးများသည် အောင်နေမျိုးအား ဆေးချမှန်းသိလျက်ကပင် မိဘချမ်းသာခြင်းကြောင့်ရော အောင်နေမျိုးကိုယ်တိုင်က ကြိုက်နှစ်သက်ဘွယ်သိပ်ရှိနေသည်ကြောင့်



ရော ချဉ်းကပ်ပါက ကြွေကျရန် အသင့်ဖြစ်နေကြသည်။

ဒါကျတော့ အောင်နေမျိုးတော်သည်။ မိန်းမကိစ္စတွင် တည်ငြိမ်သည်။ အောင်နေမျိုးတွင် ယခုအသက်(၂၀)ရှိလာသည်အထိ ရင်ထဲ လုံးထဲက ချစ်ပါသည်ဆိုသည်မျိုးမရှိသေး။

အဲ…ဝိုင်းနှင့်တွေ့တော့ အောင်နေမျိုး တစ်မျိုးဖြစ်သွားသည် ဆိုရမလားမသိ။

အောင်နေမျိုး ဆယ်တန်း(၃)ခါကျပြီး စတုတ္ထအကြိမ် ဆယ်တန်းဖြေဖို့ ကျူရှင်တက်ရာတွင် ဝိုင်းနှင့်စတင်တွေ့ဆုံသည်။

ဝိုင်းကစာသိပ်တော်သည်။ အောင်နေမျိုးကို ကျူရှင်တွင်တွေ့သည်နှင့် ဝိုင်းက အလိုလိုရင်ထဲကခင်မင်သွားသည်။

ယခုနှစ် အောင်နေမျိုး ဆယ်တန်းအောင်သည်ပင် ဝိုင်း၏ အကူအညီ ငါးဆယ်ရာခိုင်နှုန်းမက ပါဝင်သည်ဟု ဦးအောင်ဟိန်း ဒေါ်ချိုချိုအောင်သာမက အောင်နေမျိုးကိုယ်တိုင်က ယူဆသည်။ ယခု ဆယ်တန်းကျူရှင်တွင် ဝိုင်းနှင့်အောင်နေမျိုး တပူးတွဲတွဲနေခဲ့သည်။

ထို့ကြောင့်ပင်လျှင် ဝိုင်းဆိုလျှင် ဦးအောင်ဟိန်းကရော ဒေါ်ချိုချိုအောင်ကရော သမီးလေး…သမီးလေးနှင့် ခင်မင်ရုံမက ဘွဲ့အသီး ပြီးပါက သားအောင်နေမျိုးနှင့် လက်ထပ်ပေးဖို့ပင် ရည်ရွယ်ချက်ရှိထားပါ၏။

ဆယ်တန်းအောင်သွားခြင်းကပင် အောင်နေမျိုး ဆေးဖြတ်ရန် အားထက်သန်လာခြင်းဖြစ်ပါ၏။

မစ္စတာ ရှောင်းနှင့်အဖွဲ့ကတော့ အောင်နေမျိုး ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီး ရန်ကုန်တက္ကသိုလ်သို့သွားခြင်းမှာ တက္ကသိုလ်တက်ရောက်ရန်ဟုသာယူဆပြီး ယခု တနင်္ဂနွေနေ့တွင် အောင်နေမျိုးအား မစ္စတာရှောင်းက ဂုဏ်ပြုပွဲကျင်းပခြင်းဖြစ်ပေသည်။

ဟော်ကုန်းထဲရှိ ခြံကျယ်ကြီးထဲမှ တစ်ထပ်တိုက်အိမ်လေး တွင် ညစာပွဲကို မစ္စတာရှောင်းက စီစဉ်ထားသည်။

အဖွဲ့ဝင်တိုင်းကို ဖိတ်ကြားသည်မဟုတ်။

ပြုံးမောင်အပါအဝင် အမာခံရှစ်ဦးသာ ဖိတ်ကြားခြင်းပြုသည်။ အားလုံး မစ္စတာရှောင်းရော အောင်နေမျိုးပါ ဆယ်ဦးသာဖြစ်သည်။

ဂျော်နီဝါကား၊ ပိုက်လေဘယ်၊ ရက်(ဒ်)လေဘယ် ကြိုက်ရာအရက်ကောင်တာတွင် ယူသောက်၊ ပုလင်းတွေ၊ ဖန်ခွက်တွေ ဆော်ဒါအေးတွေအသင့်။

ဟင်းလျာများမှာ ပဲခူးတွင် အကောင်းဆုံးဟိုတယ်ဆိုင်မှ မှာထားသောဟင်းလျာတွေဖြစ်သည်။

တပျော်တပါးသောက်ကြသည်။ စားကြသည်အထိတော့ ပွဲမှာ ငြိမ်းအေးသာယာနေပါ၏။

အားလုံးစားသောက်ကြပြီးနောက် မစ္စတာရှောင်းက အောင်နေမျိုးကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

"ဟောဒီမှာ အေ ာ်နေမျိုး...မောင်ရင်အတွက်...ဂုဏ်ပြုလက်ဆောင် စီးကရက် သုံးကာတွန်း...ဘူးပေါင်းသုံးဆယ်ပေါ့ကွာ၊ ကိုယ်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်တယ်။ အခု စပ်ကူးမတ်ကူးကာလအတွက်ပါ...မင်း ရန်ကုန်ရောက်သွားပြီး...ဒါတွေမကုန်ခင် ငါဆ



ပြီးစီစဉ်ပေးမှာပါ။ ကဲ...မင်းတက္ကသိုလ်တက်တာ...ကွန့်ဂရက်ကျူလေးရှင်းပါ အောင်နေမျိုး"

ရှောင်းက စီးကရက်သုံးကာတွန်းကို လက်တစ်ဘက်ကကမ်းပေးရင်း ကျန်လက်တစ်ဘက်က လက်ဆွဲနှုတ်ဆက်စေဖို့ ကမ်းသည်။

အောင်နေမျိုးက ပြန်လည်လက်ဆွဲနှုတ်ဆက်ပါ၏။ သို့သော် ငါးသုံးလုံးစီးကရက်ဘူး သုံးကာတွန်း၊ သုံးတောင့်အနက်မှ တစ်ကာတွန်းတစ်တောင့် (ဆယ်ဘူး)ကိုသာယူရင်း မစ္စတာရှောင်းကိုပြန်ပြောသည်။

"တစ်ကာတွန်းဆယ်ဘူးဆိုရင် တော်ပြီ မစ္စတာရှောင်း၊ ကျွန်တော်က ရန်ကုန်ရောက်တာနဲ့ ဆေးဖြတ်ဖို့စီစဉ်ထားပြီးသားပါ၊ ဒီကာတွန်းတော့ လိုကာမယ်ကဟ ယူသွားပါ့မယ်၊ ဆေးမဖြတ်ခင်သောက်ဖို့ပေါ့လေ..."

"ဘာကွ..."

ရှောင်း၏အသံကြီး ဟိန်းထွက်လာသည်။

"ဘာပြောတယ်ကွ...ပြန်ပြောစမ်း အောင်နေမျိုး"

"ရှင်းနေသားပဲ...ကျုပ်ဆေးဖြတ်မှာမို့...သုံးတောင့်လုံး မယူဘူး တစ်တောင့်ပဲယူမယ်လို့"

"မင်းဆေးမဖြတ်ရဘူး၊ ငါက အဖွဲ့ခေါင်းဆောင်အနေနဲ့ ဘားမြစ်တယ်"

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့။ မင်းဟာ ငါတို့အဖွဲ့ဝင်တစ်ယောက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ။ ငါတို့အဖွဲ့ရဲ့ လျှို့ဝှက်ချက်တွေနဲ့ လုပ်ဆောင်မှုအားလုံး မင်းသိနေပြီ။ ဒီလိုအတွင်းသိ အဖွဲ့ဝင်တစ်ယောက်ဆေးဖြတ်တာဟာ တို့အဖွဲ့က ထွက်သွားရာရောက်တယ်၊ အပြင်မှာ တောင်ပြောမြောက်ပြောနဲ့ သတင်းပေးသဘောဖြစ်သွားတယ်၊ ဒါဟာ အဖွဲ့ကို သစ္စာဖောက်တာပဲ''

''ဒါတွေ ကျုပ်ခေါင်းထဲ ဘာမှမရှိဘူးရှောင်း။ ကျုပ်ဆေးဖြတ်ပြီး လူကောင်းဖြစ်သွားတာနဲ့…ခင်ဗျားတို့ကိုမေ့ပစ်လိုက်မှာပဲ။ ဘာမှ တောင်ပြောမြောက်ပြောမရှိဘူး…အခုလဲ အိမ်ကလူကြီးတွေဖြတ်ခိုင်းလို့ ဖြတ်တာမျိုးမဟုတ်ဘူး၊ ကျုပ်အသိနဲ့ကျုပ်ဖြတ်တာ''

''တို့ ထုံးစံက အဝင်သာရှိတယ်၊ အထွက်မရှိရဘူး အောင်နေမျိုး…အေး…အထွက်ရှိရင်လည်း ထွက်တဲ့လူဟာ အသက်ရှင်ပြီး ထွက်မသွားရဘူးအောင်နေမျိုး''

''ဘာလဲ ရှောင်း…ကျုပ်ကို ဆေးဖြတ်ရင်သတ်ပစ်မယ်လို့ ခြိမ်းခြောက်တာလား''

ရှောင်းက မခိုးမခန့်ရယ်သံပြုသည်။

''မင်းကောင်းကောင်းသိပါတယ် အောင်နေမျိုး၊ ငါတို့အဖွဲ့ဟာ စကားအပိုပြောလေ့မရှိဘူး၊ လက်တွေ့သမားတွေ၊ နောက်တစ်ချက်က ငါက ပဲခူးမှာအဖွဲ့ခေါင်းဆောင်ဆိုပေမဲ့ ငါ့ထက်အဆင့်မြင့်တဲ့သူတွေ ရှိသေးတယ်၊ ငါတို့အဖွဲ့ရဲ့ မူအရတော့ အဖွဲ့ထဲဝင်လာတဲ့လူဟာ အသက်ရှင်ပြီး ပြန်ထွက်မသွားစေရဘူးပဲ''



''ရတယ်ရှောင်း…ကျုပ်က သတ္တိသိပ်မကောင်းပေမဲ့ မကြောက်တတ်ဘူး''

''ဒါဆို လက်တွေ့စမ်းကြတာပေါ့ကွာ… ကဲ…ဘခက်နဲ့ အောင်စိမ်း''

ဘခက်နှင့် အောင်စိမ်း နှစ်ယောက်ထွက်လာသည်။ ရှောင်း၏ လက်မွေးလူမိုက်တွေဖြစ်ပါ၏။ ကျန်သောအဖွဲ့ဝင်များသည် တုတ်တုတ်မျှမလှုပ်ရဲကြပေ။ ရှောင်းဟာ မလုပ်မည်မှာ ဘခက်နှင့်အောင်စိမ်းက အောင်နေမျိုးကို ချုပ်ကိုင်ထားစေပြီး အင်္ကျီတွေချွတ်ခါ ကျောပြင်ရင်ဘတ်နေရာများတွင် စီးကရက်မီးနှင့်ထိုးမည်၊ ဒုတိယ ခြေထောက်ညှိုသကြီးပေါ်တွင် ဒလိမ့်တုံးလှိမ့်မည်၊ ယခင်လူတွေတုန်းကတော့ ထိုနှစ်နည်းနှင့်ပင် ကြောက်ပါပြီဗျ…အဖွဲ့ကမထွက်တော့ပါဘူးဗျ၊ အဖွဲ့အပေါ် ဘယ်တော့မှသစ္စာမဖောက်ပါဘူးခင်ဗျ ဟူ… ဝန်ချတောင်းပန်သည်နှင့် ပြန်လွှတ်ပေးသည်။

အောင်နေမျိုးကတော့ မာန်ကြီးသူဖြစ်ပါ၏။

ဘခက်နှင့် အောင်စိမ်းက ဟန်ရေးပြပြီး လှောင်အိမ်ထဲမှထွက်လာသော ကျွဲရိုင်းနှစ်ကောင်ပမာ နှာမှုတ်ပြခြင်း၊ ခွါရှုပ်ပြခြင်းကဲ့သို့ ဟန်ရေးပြ လက်သီးတွေဆုပ်၊ ရင်ကြီးတွေကော့ပြီး ကနေစဉ်မှာပင်။

အောင်နေမျိုးသည် မိမိမျက်နှာချင်းဆိုင်တည့်တည့်တွင်ရှိနေ သော မစ္စတာရှောင်း၏မျက်ခွက်တည့်တည့်ကြီးကို ဖြောင့်လက်သီး ဖြောင့်တစ်လုံးပစ်သွင်းလိုက်သည်။

ရှောင်းအဖို့ တစ်သက်နှင့်တစ်ကိုယ် လုံးဝမျှော်လင့်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသောကိစ္စမို့ ခွပ်ခနဲအသံနှင့်အတူ နှာခေါင်းမှသွေးတွေထွက်လာပြီး ဖင်ထိုင်ပက်လက်ကျသွားသည်။

အောင်နေမျိုးသည် တစ်စက္ကန့်ပင်မဆိုင်းတော့ဘဲ သူတို့ဆရာ ဖင်ထိုင်ကျသွားသည်ကို ကြောင်ကြည့်နေသော ဘက်ဆီသို့ပြေးဝင်ကာ မျှားဦးစိုက် ခြေတစ်ဘက်တန်း၊ ဘခက်၏ရင်ဘတ်သို့ ဝင်သွားစေသည်။

အွတ်ခနဲအသံနှင့်အတူ ဘခက် ပက်လက်ကြီးကျအသွားမှာပင် ထိုမျှားဦးခြေကို ဝိုက်ခါ အရှိန်ပြင်းစွာဖြင့် အောင်စိမ်း၏ဦးခေါင်းကို ကန်လိုက်ပြန်သည်။

အရပ်(၅)ပေ (၈)လက္မရှိပြီး ကိုယ်အလေးချိန်ပေါင် (၁၄၀) တွင် အဆီပိုအသားပိုမရှိအောင် ကျစ်လစ်သန်မာသော အောင်နေမျိုး၏ ကန်ချက်ကို ဘခက်ကဲ့သို့ပင် အောင်စိမ်းလဲ မခံနိုင်ဘဲ ဟတ်ထိုးမှောက်လျက်ကြီးလဲကျသွားလေသည်။

ရှောင်းက နှာခေါင်းမှထွက်လာသောသွေးတွေကို လက်ကိုင်ပဝါနှင့်ပိတ်နေစဉ်မှာပင် အောင်နေမျိုးသည် ထိုတိုက်အိမ်ထဲမှ ပြေးထွက်ခဲ့ပြီး သူ၏ကားဆီသို့ ရောက်လာသည်။

လက်ထဲတွင်ပါရှိလာသော ငါးသုံးလုံးစီးကရက် ကာတွန်းတောင့်ကို ကားထဲပစ်သွင်းကာ ကားပေါ်တက် စက်နှိုးပြီး တစ်ရှိန်ထိုးမောင်းထွက်ခဲ့သည်။

ရှောင်း၊ ဘခက်၊ အောင်စိမ်းတို့ခံလိုက်ပေသည်။ ဤပွဲမှာ



ဘယ်လိုမှမျှော်လင့်မထားဘဲ အောင်နေမျိုးအား လျှော့တွက်ထားမိသဖြင့် ခံလိုက်ရခြင်းဖြစ်တော့သည်။

အောင်နေမျိုးက ပိတ်ထားသောခြံတံခါးကို ကားခေါင်းနှင့်တိုက်ဖွင့်ပြီး လမ်းပေါ်ကိုရောက်သွားတော့သည်။

လမ်းပေါ်ရောက်ပြီး သူ့ပိုင်နက်မှလွတ်လာပြီမို့ အောင်နေမျိုးသည် အေးအေးဆေးဆေးပင် ပုံမှန်မောင်းပြီး ပြန်လာခဲ့ပေတော့သည်။

ပဲခူးတွင် အရှိန်အဝါကြီးသော အောင်နေမျိုးအား လမ်းပေါ်ရောက်သွားပြီး သူ့ပိုင်နက်မှလွတ်သွားပြီမို့ ရှောင်းတို့ နောက်မှမလိုက်ရဲတော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## [၃]

ရန်ကုန်မြို့ ဘောက်ထော်-ပြည်သာယာလမ်းကြီးပေါ်တွင်ရှိ သော ခြံကြီးဝင်းကျယ်နှစ်ထပ်တိုက်အိမ်ကြီးအား ''စည်သူမွန်ရိပ် ငြိမ်'' ဟု ကင်ပွန်းတပ်ထားပါ၏။

ထိုစည်သူမွန်ရိပ်ငြိမ်ပိုင်ရှင်မှာ ဦးစည်သူ ဇနီး ဒေါ်အေးမွန်နှင့် တစ်ဦးတည်းသောသမီး ဒေါက်တာနွေးနွေးတို့ဖြစ်ကြပါ၏။

စနေနေ့ည ညစာထမင်းဝိုင်းတွင် သားအမိသားအဖသုံးယောက် စားကြသည်တွင် သမီး ဒေါက်တာနွေးနွေးက ဦးစွာစားပြီးသဖြင့် ထမင်းစားပွဲမှထလိုက်သည်။

''သမီး...ဧည့်ခန်းကစောင့်ပါ၊ အိမ်ပေါ်ထပ်တက်မသွားနဲ့ဦး သမီးနဲ့ဖေဖေတို့ တိုင်ပင်စရာရှိလို့''

ဒေါက်တာနွေးနွေးက ဖေဖေဦးစည်သူကို ခေါင်းညိတ်ပြပြီး ဧည့်ခန်းတွင်သွားထိုင်စောင့်နေပါ၏။



အားလုံး ထမင်းစားပြီးနောက် ဧည့်ခန်းတွင် လက်ဖက်သုပ်၊ ဆီးဒယားချိုချဉ်၊ ရေနွေးကြမ်းဝိုင်းလေးဆက်ထိုင်ပြန်သည်။

''နက်ဖြန် တနင်္ဂနွေနေ့မှာ အောင်နေမျိုး ဒီကိုရောက်လာလိမ့် မယ်သမီး၊ သူ့မိဘအောင်ဟိန်းနဲ့ မချိုလဲပါလာကြမယ်''

''ဟုတ်လားဖေဖေ...ဒီကောင်လေး အောင်အောင်ကျောင်း နေဖို့က နှစ်ပတ်လောက်လိုသေးတာပဲ''

''ဟုတ်တယ်လေ...ဒီကောင်လူဆိုးလေးဆေးဖြတ်ဖို့ တမင် ဆောင်ပြီးလာကြတာ။ ဒီကောင်လေးကို သမီးက ဆေးဖြတ်ပေးရမဲ့ကိစ္စ ဆဖေ သမီးကိုပြောထားပြီးသားပဲ။ ဒီကောင်ဆိုးလေးကြောင့် သမီးမှာ အလုပ်ပိုတွေဖြစ်လာပြီ...အလုပ်ရှုပ်ဦးမယ်လေ''

စကားကို နိဒါန်းချီလိုက်သည်မှစပြီး ဦးစည်သူသည် သမီး နွေးနွေး၏မျက်နှာကို အကဲခတ်တော့သည်။ အောင်နေမျိုးအကြောင်း အကောင်းပြောလျှင်၊ သို့မဟုတ် အောင်နေမျိုးအကြောင်း မကောင်း ပြောလျှင် နွေးနွေးမျက်နှာ ဘယ်သို့ပြောင်းလွဲသွားသနည်း။

မိခင်ဒေါ်အေးမွန်ကလည်း ထိုကဲ့သို့ပင် အကဲခတ်ပါ၏။

အောင်နေမျိုးအား နွေးနွေးက အောင်အောင်ဟုလည်းကောင်း၊ တစ်ခါတလေ အောင်လေးဟုခေါ်သည်လည်းကောင်းတို့ကိုတော့ ငယ်ခုမှာ အတူအိမ်ချင်းကပ်လျက်နေစဉ်ကတည်းက ကိုယ့်မောင်လေး ကဲ့သို့ခေါ်သည်မို့ အထူးပြောစရာမရှိပါလေ။

နွေးနွေးသည် သူမအား ဖအေမအေက အကဲခတ်နေသည်ကို ဘာမှမသိသောပုံရှိနေပါ၏။ လက်ဖက်သုပ်ပန်းကန်ထဲမှ မြေပဲဆံ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ၊ သီဟိုဠ်ရွှေရှော်လေးတွေကို ရွေးပြီး ဖွန်းနှင့်ခပ်စားနေပါ ၏။ **အောင်နေမျိုး** နက်ဖန်တနင်္ဂနွေနေ့တွင် ရောက်လာတော့မည်ဆို **သည်ကို** ဘယ်လိုမှထူးခြားသောအသွင်မရှိပါချေ။

"အဲဒါ…ဘယ်လိုသဘောရသလဲသမီး"

"ဘာကို ဘယ်လိုသဘောရသလဲလို့ မေးတာလဲဖေဖေ"

"အော်ကွယ်…ဒီဆေးသမားကောင်လေး နှစ်ပတ်ကြိုရောက်လာတာရယ်…သမီးက သူ့ကိုဆေးဖြတ်ပေးဖို့ကိစ္စမှာရယ် ဘယ်လိုသဘောရလဲလို့မေးတာ"

"ကောင်းသားပဲဖေဖေ၊ အောင်အောင် တက္ကသိုလ်မတက်ရခင် ဆေးဖြတ်ပြီးသားဖြစ်သွားရင် ပိုကောင်းတာပေါ့"

"သီတင်းနှစ်ပတ်ထဲနဲ့ ဆေးပြတ်ပါ့မလားသမီး။ ရက်တိုတို အတွင်းမှာ ဆေးဖြတ်ပေးရမယ်ဆိုရင် သမီးသိပ်ပင်ပန်းမှာပေါ့"

ဒေါက်တာနွေးနွေးက ပြန်ရှင်းပြသည်။

"ဆေးဖြတ်တယ်ဆိုတာ အဓိကလိုအပ်ချက်က ဆေးဖြတ်ချင်သူကိုယ်တိုင်ရဲ့ တကယ့်ဆန္ဒကအရင်းခံပါတယ်ဖေဖေ၊ တကယ်ဖြတ်ချင်လို့…ဘာဖြစ်ဖြစ်တောင့်ခံမယ်ဆိုရင် ရက်တိုတိုနဲ့ပြတ်သွားမှာပဲ။ သူ့ကိုကုသပေးရတဲ့ဆရာဝန် လုပ်ပေးရတာက ဆေးကိုဖြတ်ပြီး သူ မှိုင်းနေကျအချိန်မှာ မမှိုင်းရလို့ သူ့ခန္ဓာရဲ့သွေးကြောတွေ ဆေးတောင်းခံလာချိန်မှာ ခံနိုင်ရည်ရှိအောင် လိုအပ်တဲ့ဆေးထိုးပေးရမယ်၊ သောက်ဆေးပေးရမယ်၊ စိတ်ပိုင်းဆိုင်ရာနဲ့…သူ့စိတ်တွေအာရုံပြောင်းသွားအောင် လုပ်ဆောင်ပေးရမယ်၊ ဥပမာ ကျားထိုးတာဝါသနာပါရင်



ကျားထိုးပလေ့စေဆိုတဲ့သဘောပေါ့ဖေဖေ…သူ့အာရုံက ဆေးမှိုင်းတာကိုမေ့ပျောက်သွားစေဖို့ပဲ"

"အေးပေါ့လေ…ဒါတွေကတော့ သမီးရဲ့အတတ်ပညာပိုင်းတွေပဲ။ ဖေဖေနဲ့မေမေရဲ့ တကယ့်ဆန္ဒကတော့ ဒီကောင်လေးကို အိမ်မှာခေါ်ထားပြီး သမီးကဆေးဖြတ်ပေးရတာကို မလိုလားတာအမှန်ပဲ၊ ဒါပေမဲ့…မရှောင်သာမလွှဲသာဘူးလေ…အောင်ဟိန်းနဲ့ မချိုရဲ့မျက်နှာကိုထောက်ထားရတာတွေကရှိနေတယ်"

"နွေးကတော့ အောင်လေး…သမီးဆီမှာလာပြီး ဆေးဖြတ်တာကို သဘောကျတယ် ဖေဖေ"

"ဘာ…သမီး"

ဦးစည်သူမျက်နှာထားတင်းသွားသည်။ ဓနီးဒေါ်အေးမွှန်ကသည်း လင်တော်မောင်ကိုလှမ်းကြည့်သည်။

"နွေးကိုယ်တိုင် စိတ်ကျန်းမာရေးဆေးရုံမှာ တာဝန်ထမ်းရင်း စိတ်နဲ့ပတ်သက်ပြီး စပယ်ရှယ်လစ်ကုသနိုင်သူဖြစ်အောင် လေ့လာဆည်းပူးနေတယ်ဖေဖေ။ သုတေသနလုပ်နေတယ်။ ဒါပေမဲ့…ဆေးရုံမှာဆည်းပူးတာ…သုတေသနလုပ်ရတာက…ယေဘုယျဆန်တယ်၊ အချိန်ပိုင်း…တာဝန်ပိုင်းဆန်နေတယ်။ အခု…အောင်အောင်ကို သီးသန့် နွေးတစ်ယောက်ထဲ နွေးရဲ့အတတ်ပညာနဲ့ချည်း သီးသန့်ကုဆေးရတာကျတော့…သုတေသနပိုင်းဆိုင်ရာတွေ အသေးစိတ်လေ့လာနိုင်ရတယ်ဖေဖေ၊ ဒါကြောင့် အိမ်မှာ အောင်အောင်ကိုခေါ်ကုပေးရတာ သဘောကျတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…သမီးကတော့…သုတေသနပိုင်းပေါ့လေ၊ ဒါပေမဲ့ ဆေးသမားဆိုတာ ဆေးပေါက်ချိန်မှာ ပရမ်းပတာဖြစ်နိုင်တယ်သမီး၊ အောင်နေမျိုးဟာ မိဘ့ကအလိုလိုက်ထားပြီး စည်းကမ်းမရှိနေတာမို့ ဆေးသမားဘဝကိုရောက်သွားတာမဟုတ်လား၊ ဒီကောင်လေးကို ဖေဖေ့မျက်စိထဲမှာ သိပ်တော့မတွေ့လှဘူး၊ မလွှဲသာမရှောင်သာလို့ သာ အိမ်မှာလက်ခံလိုက်ရတာ…အေး…သမီး…ဒီကောင်လေးကို ကုသရင်း သုတေသနလုပ်တာတော့လုပ်ပေါ့…ဒါပေမဲ့…ဒီကောင် လေးကို သိပ်ရောရောနှောနှောတော့ မနေသင့်ဘူးထင်တယ် သမီး၊ တစ်ဘက်က ဒေါက်တာရန်နောင်ထွတ်ကလဲ ရှိနေသေးတယ်မဟုတ် လား"

"ဖေဖေ…ဘာကိုဆိုလိုတာလဲ"

နွေးနွေးက ပကတိ ဖင်ယော်တောင်မျက်ခုန်းနှစ်ဘက်ကိုပင့် ကာ ဖအေဦးစည်သူအား အံ့သြနားမလည်သောအကြည့်နှင့် ပြန်မေး လိုက်ပါ၏။

"အောင်အောင့်ကို ဆေးကုပေးတာ…ကိုရန်နောင်ထွတ်နဲ့ ဘာဆိုင်လဲဖေဖေ"

"ဒီမယ်သမီး…ဖေဖေ ရှင်းရှင်းပဲပြောမယ်၊ အောင်နေမျိုးဟာ အရွယ်ရောက်နေတဲ့လူပျိုတစ်ယောက်၊ ရုပ်ကလဲ ဆေးသမားသာပြော တယ်…ဂိုက်ဖြောင့်…ဆိုက်ဖြောင့်ရုပ်၊ သမီးကလဲ အရွယ်ရှိအပျို တစ်ယောက်၊ ရုပ်ခန္ဓာကလဲ သိပ်ချော သိပ်ပြေပြစ်တယ်။ ဒီတော့ ဒီကောင်လေးနဲ့ သမီး ရောရောနှောနှောနေထိုင်တာကိုတွေ့ရင်



ရန်နောင်ထွတ်အမြင်မှာ ကြည်ကြည်လင်လင်မရှိမှာ ဖေဖေစိုးရိမ်လို့ ပါ"

"အယ်…ဖေဖေကလဲ ဘယ်လိုကြီးမှန်းမသိဘူး၊ အောင်အောင် ဟာ အူဝဲလို့မွေးကတည်းက အစ်ကိုမရှိ၊ မောင်မရှိတဲ့ နွေးက သူ့ကို မောင်လေးအရင်းလို ချိုပိုးထိန်းကျောင်းပေးတဲ့အထိ ခင်မင်ခဲ့ကြတာ ပါ၊ ဖေဖေ မေမေတို့နဲ့…အန်ကယ်ဟိန်း၊ အန်တီချိုတို့ဟာလည်း မောင်နှမလို ခင်မင်သူတွေမဟုတ်လား၊ အခုမှ ဖေဖေက ဘာတွေ လျှောက်ပြောနေတာလဲ။"

"မှန်တယ်သမီး…ဒါပေမဲ့…သူတို့မိသားစုနဲ့ ဖေဖေတို့ မိသားစု ဟာ သွေးသားတစ်စက်မှ မတော်ကြဘူး၊ နောက်ပြီး အောင်နေမျိုးဟာ အကျင့်ပျက်နေတဲ့ လူငယ်ဖြစ်နေတယ်၊ ငယ်ငယ်တုန်းက အောင်နေမျိုး မဟုတ်တော့ဘူး၊ အကျင့်ပျက်တယ်၊ ပွေတယ်၊ တေတယ်။ အခုဆေး သမားဖြစ်နေတာကိုပဲကြည့်ပေါ့၊ ဒီတော့…ဘာပဲဖြစ်ဖြစ် ဒေါက်တာ ရန်နောင်ထွတ်အမြင်မှာ…အမြင်မရှုပ်ထွေးအောင် အထင်မလွဲမှားအောင် သမီးနေထိုင်ဆက်ဆံလုပ်ကိုင်ဖို့…ဖေဖေ တင်ကြို သတိပေးတာပဲ သမီး"

"အော်…ဖေဖေရယ်…ဖြစ်မှဖြစ်ရပလေ"

နွေးနွေးက တိုးတိုးညှင်းညှင်းလေးပင် ငြီးတွားလိုက်မိပေတော့ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



[၄]

ယနေ့ တနင်္ဂနွေနေ့ နံနက်(၁၁)နာရီလောက်မှာပင် ရန်ကုန် မြို့ ဘောက်ထော်ရပ် ပြည်သာယာလမ်းကြီးထဲရှိ ခြံကြီးဝင်းကျယ် နှစ်ထပ်တိုက်အိမ်ကြီး ""စည်သူမွန်ရိပ်ငြိမ်""ကြီးထဲသို့ မော်တော်ကား သုံးစီးဝင်ရောက်လာသည်။

ရှေ့ဆုံးမှ ချောကလက်ရောင် ပါဂျဲရိုးကား၊

အလယ်မှ ကော်ရိုလာလိမိတက်အလုံး အဝါရောင်

နောက်ဆုံးမှ ဒေါ့ဂျစ်ကားကြီး

ဒေါ့ဂျစ်ကားကြီးပေါ်တွင် အောင်နေမျိုး၏ အသုံးအဆောင် ပစ္စည်းတွေအပြည့်နှင့် အလုပ်သမားလေးရောက်ပါရှိလာသေးသည်။

စည်သူမွန်ရိပ်ငြိမ်ကလည်း ယနေ့ တနင်္ဂနွေနေ့မို့ လူစုံတက်စုံ ရှိနေပါ၏။



ဦးစည်သူ၊ ဒေါ်အေးမွန်၊ ဒေါက်တာ နွေးနွေး၊ စားဖိုမှူး ဒေါ်သူဇာ၊ [...]ဒေါ်မလေး ဝါဝါနှင့် ဒရိုင်ဘာကိုမော်ကြီးတို့ဖြစ်ပါ ၏။

""ဝေး မမနွေး""

""ဟေး…အောင်အောင်""

ပထမဆုံး ပါဂျဲရိုကားပေါ်မှဆင်းလာသော ဦးအောင်ဟိန်းနှင့် [...]ချိုချိုအောင်အား ဦးစည်သူ ဒေါ်အေးမွန်နှင့် နွေးနွေးတို့က ဆီးကြို [...]ဆက်နေစဉ်…ကော်ရိုလာလိမိတက်အလုံးအဝါရောင်ကားပေါ်မှ [...]င်နေမျိုးဆင်းလာပြီး…'ဝေး…မမနွေး' ဟု အော်ဟစ်နှုတ်ဆက်သ[...] နွေးနွေးက 'ဟေး…အောင်အောင်' ဟု ပြန်ခေါ်ရင်း အောင်နေမျိုး [...] နွေးနွေးလျှောက်လာသည်။

""အံမာ…လူဆိုးလေး…လူကတော့…ဖြောင့်လို့တောင့်လို့ [...]""

""အိုး…မမနွေးရဲ့ မောင်ပဲဗျာ…မမနွေးလိုပဲ…ဖြောင့်ရမယ်… [...]ရမယ်ပေါ့…""

နှစ်ယောက်သား ကြည်နူးစွာရယ်မောပါ၏။

ဆိုစဉ်မှာပင် ကားပေါ်မှ ဝိုင်းဆင်းလာသည်။ ဝိုင်းက အောင် [...]ားတွင်ယှဉ်ရပ်ပြီး…ဒေါက်တာနွေးနွေး၏ အချောအလှကို [...]ည့်နေသည်။

နွေးနွေးကလည်း 'ဝိုင်း'ကိုပြန်ကြည့်သည်တွင် မျက်လုံးချင်း [...]ပြီး 'ဝိုင်း'ကပင် ပြုံးပြလိုက်သည်။

နွေးနွေးသည် ဝိုင်းကိုပထမဆုံးအကြိမ် မြင်ဘူးခြင်းဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သိပ်ငယ်ရှယ်နေပျိုပြီး သိပ်ချောသိပ်လှတဲ့ကောင်မလေးပါလား ရင်ထဲကမှတ်ချက်ချလိုက်မိသည်။

"သူ့နာမည်က 'ဝိုင်း'တဲ့မမနွေး၊ ဝိုင်းကလဲ ဒီနှစ်ဆယ်တ အောင်တယ်လေ၊ ဒါပေမဲ့ ဝိုင်းက စီးပွားရေးတက္ကသိုလ်တက် ရတယ်။ 'ဝိုင်း'ကျတော့ အဆောင်နေခွင့်ရတယ်။ ဒီမှာ'ဝိုင်း' အ တို့ပြောပြောနေတဲ့...မမနွေးလေ...အဲ...ဒေါက်တာ ဒေါ်နွေးနွေး ကွာ"

ဝိုင်းက ဦးခေါင်းလေးငုံ့ ခါးလေးညွတ်ပြီး ဂါရဝလေးစားမှု ပြသည်။

"မမနွေးကို အခုမှလူချင်းမြင်ရဘူးတာဖြစ်ပေမဲ့...ဝိုင်းစိတ်ထဲ သိကျွမ်းပြီးသားပါ မမနွေး...အစ်ကိုအောင်က မမနွေးအကြော ခဏခဏပြောထားလို့ပါ။ အခုလို မမနွေးနဲ့သိကျွမ်းခွင့်ရတာကို 'ဝို တကယ့်ကိုဂုဏ်ယူမိပါတယ် မမနွေး"

လှသော ချောသော အမျိုးသမီးနှစ်ယောက် လက်ဆွဲနှုတ်ဆ ပြုံးရယ်ကြသည်ကိုမြင်သည်မှာ ကြည်နူးစရာတစ်မျိုးဖြစ်သွားပါ နွေးက အကဲခတ်သည်။ အောင်အောင်သည် ဝိုင်းအကြောင်း မိ တစ်ခါဘူးမျှမပြောဘူးပေ။

အောင်အောင်နှင့် မိမိတို့မတွေ့သည်မှာလည်း တစ်နှစ်လော ရှိလောက်ပြီ။ ယင်းတစ်နှစ်အတွင်း ဝိုင်းနှင့်အောင်အောင်တွေ့ဆုံ သည်ပဲဖြစ်မည်။

အောင်နေမျိုး၊ ဝိုင်းနှင့် နွေးနွေးတို့ထံမှ သောသောညံ့ရယ်



သံတွေထွက်လာသောကြောင့် ဦးစည်သူက သမီးနွေးနွေးဆီသို့ လှမ်းကြည့်သည်။ ပြုံးရယ်နေသောသမီးနွေးကို တွေ့ရပါ၏။

"ဝေး...သမီးနွေးနွေး၊ ဒီကအန်ကယ်ဟိန်းနဲ့ အန်တီချိုတို့ကို နှုတ်ဆက်ဦးလေ၊ အောင်ဟိန်းတို့က ခဏနေပြီး ပဲခူးကိုပြန်မှာ"

"ဟုတ်ကဲ့ပါဖေဖေ...ဒီမှာ အောင်အောင်က ဝိုင်းနဲ့မိတ်ဆက် ပေးနေလို့ပါ"

နွေးနွေး၊ ဝိုင်းနှင့် အောင်နေမျိုးတို့သုံးယောက်စလုံး လူကြီးတွေ ဆီသို့လာကြသည်။ လူကြီးဝိုင်းနှင့် လူငယ်ဝိုင်းပေါင်းမိသွားကြသည်။

"ကဲ...လာ အောင်ဟိန်း...ဒီနေ့ မင်းပါလိုက်လာမယ်ဆိုလို့ မွန်က မင်းအကြိုက် ငါးရံ့ခေါင်းနဲ့ ဂျုံးမြစ်ချက်ထားတယ်...မမွန် ကိုယ်တိုင်ဝင်ချက်တာ"

"ဟ...ငါးရံ့ခေါင်းနဲ့ဂျုံးမြစ်ပဲလားကွ"

"မဟုတ်ပါဘူးကိုအောင်ဟိန်း...ကြက်သားဆီပြန်၊ ဝက်သား ခေါင်း၊ ငါးရံ့ပေါင်းတွေလဲချက်ထားပါတယ်ရှင်...ကဲ...လာ... ထမင်းဝိုင်းသွားကြစို့"

ဒေါ်အေးမွန်က ပြောပြောဆိုဆို ဦးအောင်ခေါ်ပေသည်။

"နေဦးမွန်...စည်သူရေပေါ့ကွာ...ဟောဒီ မင်းတို့တစ်ခါ မမြင်ဘူးသေးတဲ့...ငါ့သားရဲ့မိတ်ဆွေမလေး ဝိုင်းနဲ့ မင်းတို့ကို မိတ် ဆက်ပေးရဦးမယ်...ဝိုင်းနာမည်က ဝိုင်းပေါ့ကွာ၊ ဆယ်တန်းကို သူနဲ့ အတူအောင်တယ်...ဝိုင်းက စီးပွားရေးတက္ကသိုလ်တက်ခွင့်ရတယ်၊ မိဘတွေက ပဲခူးမှာနာမည်ကြီးဆေးလိပ်ခုံပိုင်ရှင်လေ...လူချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



စာရင်းဝင်ပဲ…အဲ…သမီးလေးဝိုင်း ဟောဒါက အန်ကယ်ဟိန်း၏ အချစ်ဆုံးသူငယ်ချင်း ဦးစည်သူနဲ့ ဇနီး ဒေါ်အေးမွန်တဲ့၊ နွေးနွေး… တော့…သားကမိတ်ဆက်ပေးထားပြီးပြီမဟုတ်လားဝိုင်း"

ဝိုင်းက ဂါရဝဖြင့် လက်အုပ်လေးမတ်တပ်ချီလိုက်ပေသည်။

"ဦးလေးစည်၊ ဒေါ်ဒေါ်မွန်နဲ့ မမနွေးတို့ကို ဝိုင်းက အစ်… အောင်လိုပဲ ခင်မင်ပါတယ်"

"အေးကွယ်…ဝိုင်းက သိပ်တော်တဲ့မိန်းကလေးပဲ…မိကောင်း… ဖခင်သမီးလေးပီသပါပေတယ်…ဝိုင်းကိုမြင်မြင်ခြင်း သိပ်ချောသ… လှတာနဲ့ပဲ…ဒေါ်ဒေါ်မွန်တို့က အလိုလိုခင်ပြီးသွားတာပါ"

"ဝိုင်း…ချောတာလှတာမှန်ပါတယ်၊ ဒါပေမဲ့…မမနွေး… မမီပါဘူး ဒေါ်ဒေါ်မွန်"

"ဝေး…ဝိုင်းက ဘယ်ဆိုးလို့လဲ"ဟုပြောပြီး အားလုံးရယ်… မောကြပေသည်။

ဒီနောက်တော့ အိမ်ပေါ်သို့တက်ခဲ့ကြသည်။

ထမင်းဝိုင်းကို ဒေါ်သူဇာနှင့် ဝါဝါက အသင့်ပြင်ထားပြီးသာ… ဖြစ်ပါ၏။

အောင်နေမျိုးက မိခင်အားလှမ်းပြောသည်။

"မေမေ…ဒေါ်ဂျစ်သမားတွေပြန်ချင်ကြရောပေါ့…သား ပစ္စည်း… တွေချပေးဖို့ကောင်းပြီ"

"အဲ…ဟုတ်သားပဲ…"ဟု ဒေါ်ချိုချိုအောင်ကပြောပြီး အိမ်… ရှင်ဦးစည်သူနှင့် ဒေါ်အေးမွန်ကို လှမ်းကြည့်လိုက်သည်။



ဦးအောင်ဟိန်းက ပျာပျာသလဲဖြစ်သွားသည်။

"အားပါးပါး…ဟုတ်ပေသားပဲ…အောင်နေမျိုးကို ကျုပ်အိမ် …ကတ်ထပ်ကအခန်းမှာနေဖို့ ကျုပ်စီစဉ်ပြီးသားပါ။ ပစ္စည်းတွေ အဲဒီ …န်းမှာချလေ"

"မေမေ…ဦးလေးစည်ကိုပြောပေးပါ…သား ကျီးများတာတော့ …ဟုတ်ပါဘူး၊ ခြံထဲက ကားဂိုဒေါင်တန်းလျားအပေါ်ထပ်မှာပဲ နေပါ …"

"အို…မဟုတ်တာ…အောင်အောင်ကလဲ"

ဘယ်သူမှဘာမှမပြောခင်နွေးနွေးကပြောလိုက်သည်။

"ဘာလို့မဟုတ်တာလဲ…မမနွေး"

"ရှင်းရှင်းပြောရရင် အဲဒီတန်းလျားအပေါ်ထပ်က ဆားဗင့်ကွာ …ာ…ဒီအိမ်ကအလုပ်သမားတွေအတွက်မို့ပြောတာ…မင်း ပဲခူးက …အိမ်မှာ ဘယ်လိုတစ်ခမ်းတစ်နားနေမှန်း မမနွေးသိနေတာပဲ …င်အောင်…နောက်ပြီး…အခုဒီအိမ်မှာ အောင်အောင်ကနေတာက …ားရလို့လာနေတာ၊ ဂိုဒေါင်တန်းလျားမှာနေမယ်ဆို ဘယ်သင့်တော် …လဲ"

"မဟုတ်ဘူးမမနွေး…ကျွန်တော် အခုဒီမှာလာနေမှာက …ည်အပေပျော်လာတာမျိုးမှမဟုတ်တာ…ဆေးဖြတ်ဖို့ရယ်၊ ကျောင်း …တ်ဖို့ရယ်လာနေတာပါ၊ ဒီခြံထဲကို ကားဝင်လာကတည်းက ဂိုဒေါင် …န်းလျားကို ကျွန်တော်ကြည့်ထားပြီးသားပါ။ ကျွန်တော်နေလို့ …ာင်းကောင်းဖြစ်တယ်မမနွေး၊ အပြင်ဆောင်တွေမှာ ပိုက်ဆံပေး

www.burmeseclassic.com



နေတောင် ဒီဂိုဒေါင်ခန်းမှာနေရသလောက် မကျယ်ဝန်းဘူး၊ မသေ သပ်ဘူး၊ လေကောင်းလေသန့်မရဘူး၊ မလုံခြုံဘူး၊ ကျွန်တော် တန်းလျားမှာပဲနေချင်ပါတယ်"

"မသင့်တော်ပါဘူးကွာ"

"သင့်တော်ပါတယ် မမနွေး ကျွန်တော်နေရမှာက ခဏ တဖြုတ်မှမဟုတ်တာ၊ တက္ကသိုလ်ဘွဲ့ရတဲ့အထိနေရမှာ၊ မမနွေးကို ဒီအိမ်အောက်ထပ်မှာက ဧည့်ခန်းရှိတယ်၊ ထမင်းစားခန်းရှိတယ် ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်တို့၊ မမနွေးတို့ဧည့်သည်တွေလာရင် ဒီဧည့် ခန်းထဲမှာပဲ ဧည့်ခံရမှာ။ ဦးလေးစည်၊ ဒေါ်ဒေါ်မွန်၊ မမနွေးတို့ဧည့် သည်တွေနဲ့ စကားပြောတဲ့အခါ ကျွန်တော်ကြောင့် မလွတ်မလပ်ဖြစ် မယ်။ ကျွန်တော့်အတွက်လဲ အနေကျဉ်းကျပ်တယ်။ ကျွန်တော် အိပ် ခန်းထဲဝင်နေပေးရမှာ…မနိုင်ပါဘူးဗျာ။ ကျွန်တော်က စိတ်လွတ်ကိုယ် လွတ်နေတတ်တဲ့အကျင့်ရှိနေလို့ပါ။ စာဖတ်ချင်တဲ့အခါ အချိန်မရွေး ထဖတ်တယ်၊ ဂစ်တာတီး သီချင်းဆိုရင်လည်း အချိန်မရွေးဘဲ၊ နောက် ပြီး ကျွန်တော့်သူငယ်ချင်းအပေါင်းအသင်းတွေလဲလာကြမယ်။ ဒီတော့ ကျွန်တော်ရဲ့အနေအထိုင်တွေဟာ ဦးလေးစည်၊ ဒေါ်ဒေါ်မွန်နဲ့ မမနွေး တို့အတွက် မျက်စိနောက်စရာဖြစ်ချင်ဖြစ်မှာ၊ ဂိုဒေါင်တန်းလျားမှာ ဆိုတော့…ဒီအိမ်နဲ့အလှမ်းကွာတာမို့…ကျွန်တော့်အတွက် အရာရာ လွတ်လပ်ပါတယ် မမနွေး"

နွေးနွေး ဘာဆက်ပြောရမှန်းမသိပါလေတော့။ ဖေဖေနှင့် မေမေ၏ အောင်အောင်အပေါ်ထားရှိသော သဘောထားကိုလည်း



နွေးသိထားပြီးဖြစ်နေသည်။

ဒီကိစ္စကို ဦးစည်သူက ဝင်ပြောပါ၏။

"ဟုတ်တယ်သမီး၊ အောင်နေမျိုးပြောတာအမှန်တွေပဲ။ သူ့ အတို့ ထဲမှာဆိုတော့ မလွတ်လပ်ဘူးမဟုတ်လား၊ ဂိုဒေါင်ခန်းမှာ က မီးကအစ အားလုံးသွယ်ထားတာပဲ…"

နောက်ဆုံး ကားပေါ်မှပစ္စည်းတွေကို အောင်နေမျိုးနေမည့် ဒေါင်အပေါ်ထပ်ခန်းသို့ သယ်ချကြပေတော့သည်။ ဒေါ်သူဇာနှင့် ါက ထိုအခန်းကို ဦးစွာသန့်စင်လှဲကျင်းပေးပါ၏။

ဖခင် ဦးအောင်ဟိန်းကတော့ သားအောင်နေမျိုး ဂိုဒေါင်တန်း ျားတွင်နေမည့်ကိစ္စတွင် ဘာတစ်လုံးမျှမပြော၊ ဘာမှမသိသော ကြောင့်ဖြစ်ပါ၏။

မိခင်ဒေါ်ချိုချိုအောင်ကတော့ သားလေးသည် မအေ့စကား ထောင်ပြီး ဒေါက်တာနွေးနွေးနှင့် ကင်းကင်းနေရန် ဂိုဒေါင်တန်း ျားတွင်နေခြင်းဖြစ်ကြောင်း စိတ်မကောင်းစွာနားလည်ပါ၏။ သားလေး အနေဆင်းရဲမည်ကို စိတ်မကောင်းဖြစ်မိသည်။

"ကဲ…လာ…အောင်ဟိန်း ထမင်းစားစို့"

ထမင်းဝိုင်း ထမင်းစားခန်းတွင် ထိုင်ကြသည်။

"ဟ…ဟိုအောင်နေမျိုးနဲ့…ဟိုကောင်မလေးကော… ထမင်း စားဖို့ခေါ်လေ…"

"သားက မနက်စာထမင်းစားပြီးပြီ ကိုစည်သူ၊ သားက လည်း ကိုဖြတ်တိုင်း အဲဒီကမိသားစုထမင်းဆိုင်မှာ ဝင်စားလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီက ထမင်းဟင်းလက်ရာတွေက စားကောင်းလို့တဲ့လေ။ ဝိုင်းက[ဝ]
သူ့အစ်ကိုအောင်အပေါ်ရအောင်ဆိုပြီး အတူဝင်စားခဲ့တယ်လေ...”

* * *



## [၅]

ဖေဖေလည်းပြန်ပြီ။ မေမေလည်းပြန်ပြီ။ ဝိုင်းလည်းပြန်သွားပြီ၊ ဝိုင်းကတော့ တက္ကသိုလ်ပြန်ဖွင့်လျှင် ပြန်လာပေမည်။

ယခု အောင်နေမျိုးနေသော ဂိုဒေါင်တန်းလျားခန်းဝယ် ပဲခူးအိမ်မှ မိမိ၏အသုံးအဆောင်ပစ္စည်းတွေအားလုံး ယူလာခဲ့သည်။

ယခု အိပ်ခန်းတွင် အလုပ်သမားတွေက ဘာမဆို သေသေသပ်သပ် သန့်သန့်ရှင်းရှင်းလုပ်ပေးခဲ့သည်။

အောင်နေမျိုးသည် မျက်နှာကျက်မရှိသော ဂိုဒေါင်အမိုးက အခန်းတွင် ပူသည်မို့ ဝတ်ထားသောအင်္ကျီကိုချွတ်ခါ ဖာပေါက်စွပ်ကျယ်နှင့်ပင်နေလိုက်သည်။ ပြီး သူ၏ရောက်ကီးချဲယားကို ဝရန်တာတွင်ဆွတ်ကာ အပူအအိုက်သက်သာစေရန် ဝရန်တာတွင် ရောကီးချဲယားဆါထိုင်ပြီး မစ္စတာရှောင်းပေးလိုက်သော စီးကရက်ဘူးဖေါက်သောက်ရင်း မှိန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် ဝရန်တာမှ လေပြည်လေညင်းကြောင့်ရော စီးကရက်ကြောင့်ရော မျက်တောင်စင်းလာပြီး ဇိမ်ပိုင်းသို့ ရောက်လာတော့သည်။

“ဟ…အရမ်းဟုတ်နေပါလား၊ စီးကရက်ခဲပြီး…ပုခက်ကုလားသိုင်းနဲ့ငြိမ့်နေတာ”

ငှက်ဆိုးထိုးသံလို အော်ပြောသောအသံကြောင့် အောင်နေမျိုး ဇိမ်ပျက်သွားကာ မော့ကြည့်လိုက်သည်။

အသက်လေးဆယ်ခန့်ရှိမည်။ အရပ်ကြီးရှည်မျော့သဖြင့် ပိန်သည်ဟုထင်ရသည်။ မြင်ရုံနှင့်ပင် ဦးလေးစည်၊ ဒေါ်ဒေါ်မွန်တို့၏ အလုပ်သမားတစ်ယောက်ဖြစ်ရမည်ဟု သိသာသည်။

“ဟောဒီ စည်သူမွန်ရိပ်ငြိမ်ရဲ့ ဝိုင်းတော်သားတွေထဲမှာတော့ အခုနောက်ဆုံးရောက်လာတဲ့ ကိုရင်က အမတ်ဆုံးပဲ။ ငါတို့တော့ သူဌေးရှေ့မှာ စီးကရက်တောင်မသောက်ရဲဘူး၊ ဒေါ်ကြီးသူဇာတောင် သူဌေးရှေ့မှာ ဆေးပေါ့လိပ်မဖွာရဲဘူး၊ ဝါဝါတို့ စွပ်ပယားတို့ဆိုလဲ သူဌေးရှေ့မှာ ချောင်းတောင်မဆိုးရဲဘူးလေကွာ”

“နေပါဦး…ဦးလေးက ဘယ်သူလဲ”

“ဒီအိမ်က ဒရိုင်ဘာအကောင်းစားလေ…ငါ့နာမည်…မော်ကြီးတဲ့”

ဦးမော်ကြီးသည် မိမိကိုလည်း သူတို့လို ဒီအိမ်က အလုပ်ခန့်ထားသူဟု အထင်ရှိနေပုံရသည်။

“ဦးမော်ကြီးက ဒီအိမ်ကဒရိုင်ဘာဆိုပြီး အိမ်မကပ်ပါလား”



“ဟ…ဒီနေ့တနင်္ဂနွေနေ့လေကွာ၊ သူဌေးကိုယ်တိုင် အလုပ်နားတယ်…နွေးနွေးကလည်း ဆေးရုံကနားတယ်၊ ဒါကြောင့် ငါလဲ ဟောလီးဒေးလေ…မနက်ပိုင်းလျှောက်လိမ့်နေတာ၊ နေပါဦး သူဌေးက ကိုရင့်ကို ဘာအလုပ်ခန့်လိုက်တာလဲ။ တလောကတော့ သူဌေး ပြောသံကြားမိတယ်၊ ခေတ်ပညာတတ် လူငယ်တစ်ယောက်ကို…သူ့ပီအေခန့်ချင်တယ်တဲ့။ အလုပ်တွေများလွန်းလို့ သူမနိုင်လို့တဲ့။ ကိုရင်က သူဌေးခန့်တဲ့ပီအေလား”

အောင်နေမျိုး ဘာမှပြန်မဖြေပေ။ ဖြေရန်မလိုဟု ယူဆသည်။ အကြောင်းမှု ဦးမော်ကြီးလိုလူစားသည် သူ့ဟာသူ ဟောင်ဖွာပြောတတ်သော်လည်း တပါးသူပြောစကားကို အာရုံထားတတ်သူမဟုတ်မှန်း အကဲခတ်မိသောကြောင့်ပင်။ သို့သော် ဒီလိုလူပုံစံသည် သဘောကောင်းပြီး အနွံအတာခံတတ်သူမျိုးဖြစ်တတ်ပေသည်။

ယခုလည်း သူကမေးခွန်းတာမေးနေသည် သူ့မျက်လုံးအစုံ က အောင်နေမျိုးအခန်းထဲတွင် အဖိုးတန်ပစ္စည်းတွေနှင့် ခမ်းနားနေသည်ကိုသာ အာရုံစိုက်ကြည့်နေပါလေ၏။

“တကယ်ပဲ…ကိုရင်ကတော့ တကယ့်အမျိုးစားပဲ၊ ကိုရင့် အခန်းက နိုင်ငံခြားက အကောင်းစားဟိုတယ်အခန်းတစ်ခုအတိုင်းပဲ”

“ဦးမော်ကြီးက နိုင်ငံခြားရောက်ဘူးလို့လား”

“ဝေးပါသေးရဲ့ကွာ…နိုင်ငံခြားဝေးလို့…မန္တလေးတောင် မရောက်ဖူးဘူး၊ ဒါပေမဲ့…စာအုပ်တွေထဲမှာတို့…ရုပ်ရှင်တွေထဲမှာတို့တော့ သူတို့ဆီကဟိုတယ်ခန်းတွေ မြင်ဘူးတွေ့ဘူးတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဦးမော်ကြီးက ပြန်ဖြေရင်း ရော့ကီးချဲယားလက်တန်းပေါ်၌ တင်ထားသော ငါးသုံးလုံးစီးကရက်ဘူးကို စိုက်ကြည့်နေသည်။

"ဦးမော်ကြီးက ငါးသုံးလုံးစီးကရက်သောက်ချင်နေတာလား"

"သောက်ရရင်တော့ အတိုင်းထက်အလွန်ပေါ့ ကိုရင်ရာ"

အောင်နေမျိုးက သူ၏စီးကရက်ဘူးကိုယူကာ စွပ်ကျယ်လက်ပြတ်ရင်အုပ်ကြားသို့ ထည့်ထားလိုက်သည်။ ဦးမော်ကြီးက သူ့ကို တစ်လိပ်လောက်ပေးမလားဟု မျှော်လင့်ရာမှ မျက်နှာပျက်သွားပေသည်။

အောင်နေမျိုး ထိုင်ရာမှထကာ အခန်းထဲပြန်ဝင်သွားပြီး ဆေး မပါသောငါးသုံးလုံးစီးကရက်အသစ်တစ်ဘူးယူလာပြီး ဦးမော်ကြီးကို ပေးလိုက်သည်။

"ဟ…မဖေါက်ရသေးတဲ့ဘူးသစ်ပါလား"

"အဲဒီတစ်ဘူးလုံးယူလိုက်လေဗျာ"

ဦးမော်ကြီး မျက်လုံးပြူးသွားသည်။ ကိုယ်ဝယ်မသောက်နိုင်ပေမဲ့ ငါးသုံးလုံးစီးကရက်တစ်ဘူးကို လေးငါးရာပေးရမှန်းသိသည်။

"တစ်ဘူးလုံးဆိုတော့…ငါယူရမှာရှိန်းသွားတယ်ကိုရင်၊ ယူရမှာလဲအားနာတယ်၊ ငါ့ကိုဖေါက်ပြီးသားတစ်လိပ်ပဲပေးပါ…သောက်ဖူးတယ်ရှိအောင် သောက်ကြည့်ချင်တာပါ"

အောင်နေမျိုးက ရယ်မောကာ စွပ်ကျယ်ရင်ဘတ်ကြားရှိ စီးကရက်ဘူးကိုပုတ်ပြရင်း

"ဒီဖေါက်ပြီးသားဘူးထဲကစီးကရက်ကို ဦးမော်ကြီးသောက်ရင်



တစ်ချီထဲနတ်ပြည်ရောက်သွားမယ်"

"ဘာရယ်…ကိုရင်"

အောင်နေမျိုး ဘာမှမပြောဘဲ ခုနကစီးကရက်ဘူးသစ်ကိုဖေါက်အပေါ်ခွါ၊ စီးကရက်တစ်လိပ်ထုတ်ပြီး စီးကရက်ကိုရော ကျန်သောဘူးကိုပါ ဦးမော်ကြီးကိုပေးလိုက်သည်။

"ရော့…အဲဒီအလိပ်ကို အခုသောက်…ကျန်တာကို သိမ်းထားပြီး သောက်ချင်တဲ့အခါသောက်…ကုန်ရင်ထပ်ပေးဦးမယ်"

ခါးကြားတွင် ပုဆိုးနှင့်လိမ်ထားသော ကြေးမီးခြစ်ကို ထုတ်ယူပြီး မီးညှိပြီး၊ ဦးမော်ကြီးစီးကရက်သောက်တော့သည်။ အရသာရှိလိုက်ပါဘိ။

ဒီကိုရင်သည် သူဌေး၏ပီအေလုပ်မည့်သူတော့မဟုတ်တန်ရာ၊ သူဌေးထက်ပင် သာလွန်နေသည်။ သူဌေးပေးမည့်ပီအေလခလောက်နှင့် ဒီကိုရင်သုံးစွဲပုံမှာ ဘယ်လိုမှလမိုင်းမကပ်။

"ငါမေးချင်ပြီကွာ…ကိုရင်ဟာ ဘယ်သူလဲ"

"ကျွန်တော့်နာမည်…အောင်နေမျိုးပါ"

အောင်နေမျိုး…အောင်နေမျိုးဟု ဦးမော်ကြီးသည် ရေရွတ်ရင်းတစ်ခုခုကိုအလေးအနက်စဉ်းစားနေသောပုံစံရှိသည်။ ပြီးနောက် သူ့ဒူးကို ဖတ်ခနဲလက်ဝါးဖြင့်ရိုက်လိုက်သည်။

"သိတယ်…သိတယ်…ဒါပေမဲ့မသိဘူး"

"ဘာလဲဗျ…ဦးမော်ကြီးစကားက…သိတယ်…မသိဘူးဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမော်ကြီးက ငါးသုံးလုံးစီးကရက်ကို အရသာခံရှိုက်လိုက်သေးသည်။

"ဒီလိုလေကွာ…ပဲခူးရွှေမှဋ္ဌောဘုရားလမ်းက အောင်ဂေဟာတိုက်အိမ်ကြီးနဲ့ ခြံကြီးထဲကို…ငါ သူဌေးကိုကားမောင်းပို့ရင်းရောက်ဘူးတယ်…အဲဒီတုန်းက ကိုရင့်ကို အဲဒီမှာမတွေ့ခဲ့ပါဘူး"

"ကျွန်တော်အပြင်သွားနေတုန်း ဦးမော်ကြီးတို့ရောက်လာတာဖြစ်မှာပေါ့"

"အေး…အဲဒီကပြန်လာပြီးတဲ့နောက်…သူဌေးနဲ့ သူဌေးကတော်ဟာ အောင်နေမျိုးဆိုတဲ့ကိုရင့်နာမည်ကို ဇကာခကာ ငါ့ရှေ့မှာပဲထုတ်ပြောနေတာ ငါကြားတယ်။ ဒါပေမဲ့ ကိုရင်ကို အောင်နေမျိုးမှန်း အခုမှငါသိတာ။ ငါမြင်ဘူးတာ"

"ဟုတ်လား…ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်က ကျွန်တော့်အကြောင်း ဘာတွေပြောကြတာလဲ"

"မကောင်းပါဘူးကွာ"

ဦးမော်ကြီးက ရှုံ့မဲ့ပြောခြင်းဖြစ်ပါ၏။

ကိုယ့်အကြောင်း တစ်ပါးသူကပြောသည်ဆိုခြင်းကို ကိုယ်ကသိချင်စမြဲဖြစ်ပါ၏။

ဦးမော်ကြီးက စီးကရက်ရှိုက်ရင်း စည်သူရိပ်ငြိမ်တိုက်အိမ်ကြီးဆီသို့ လှမ်းကြည့်ရာ အောင်နေမျိုးကလည်း လိုက်ကြည့်မိသည်။ တံခါးတွေပိတ်ထားသည်ကို တွေ့မြင်ရပေသည်။

"စောစောကထဲက အိမ်တံခါးတွေပိတ်ထားတယ်ဗျ…ကျွန်



တော်တောင် ရေချိုးချင်လို့ လှမ်းကြည့်တာ တံခါးတွေပိတ်ထားလို့သွားမချိုးရဘူး၊ သူတို့အပြင်သွားကြတယ်ထင်တယ်"

"မဟုတ်ဘူးကွ…သူဌေးက သူအလုပ်နားတဲ့ရက်မှာဆိုရင်အိမ်တံခါးတွေပိတ်ပြီး အပေါ်ထပ်ကနေ မှန်ဘီလူးနဲ့ ခြံထဲကိုကြည့်ဘတ်တယ်၊ ဘယ်သူတွေဘာလုပ်နေသလဲဆိုတာ ရှုးစမ်းတာ"

"ဒါဆို…ကျွန်တော်တို့အထဲဝင်စို့"

နှစ်ယောက်သား အခန်းထဲဝင်ခဲ့ကြသည်။

ဦးမော်ကြီးကို စာရေးစားပွဲမှ သားရေဖုံးဆုံလည်ကုလားထိုင်တွင်ထိုင်စေပြီး အောင်နေမျိုးက လျှပ်စစ်ရေနွေးအိုးဖြင့် ရေနွေးတည်သည်။

"ကဲ…ပြော…ဦးမော်ကြီး၊ ခင်ဗျားသူဌေးနဲ့ သူဌေးကတော်ကျွန်တော့်အကြောင်း ဘာတွေပြောကြလဲ"

"မကောင်းပါဘူးကွာ"

"ပြောပါ…ကျွန်တော်က ဒီမှာအကြာကြီးနေမှာ…ဆင်ခြင်သင့်တာ ဆင်ခြင်နိုင်အောင် တင်ကြိုသိထားချင်တာပါ"

"ဒီလိုကွ…သူတို့က အောင်နေမျိုးရောက်လာနေထိုင်မှာကိုနှိုးမိတာတဲ့။ အခိကကတော့…နွေးနွေးကြောင့်ပဲ။ နွေးနွေးနဲ့ ဆရာဝန်ဆိုလား သမားတော်ဆိုလား…ရန်နောင်ထွတ်ဆိုတဲ့လူနဲ့ သူဌေးနဲ့သူဌေးကတော်က အရမ်းသဘောတူဖြစ်မြောက်စေချင်နေတာ။ နွေးနွေးကတော့ သိပ်ဟက်ဟက်ပက်ပက်ရှိပုံမရဘူး၊ မိဘစီမံတာကို နာခံရဲသဘောလောက်ရှိတာလို့ ငါအကဲခတ်မိတာပဲ…အေး…အောင်နေ

www.burmeseclassic.com

www.burmeseclassic.com



မျိုးရောက်လာပြီး နွေးနွေးနဲ့ အရောတဝင်နေရင်း ရန်နောင်ထွတ်အထင်လွဲမှာစိုးတယ်တဲ့ကွာ...''

ဦးမော်ကြီးပြောပြချက်အရ၊ မေမေမှာလိုက်သည်များကို အောင်နေမျိုး နားမှာကြားပြီး သနားစဖွယ် မေမေ့မျက်နှာကိုပြန်မြင်ယောင်မိသည်။

''ကိုစည်သူကို မေမေအာမခံချက်ရော...ကတိစကားရောပေးလိုက်တယ်သား၊ မေမေ အဲဒီလိုအာမခံကတိပေးရဲတာဟာ သားကိုယုံကြည်လို့ပဲ...သားဟာ မေမေ့စကားဆိုရင် နားထောင်မှာပဲလို့လေ၊ အဲဒီတော့...ရန်ကုန်အိမ်ရောက်ရင်...သားရဲ့မမနွေးနဲ့ သား လုံးဝမပတ်သက်မိပါစေနဲ့။ အဲဒါ သားကို မေမေတောင်းပန်တာနဲ့ အမိန့်ပေးတာ''

ဒုတိယမြောက်စီးကရက်သောက်ရင်း အိပ်ရာထက်တွင် မေမေစကားများကို ပြန်စဉ်းစားရင်း၊ ဆေးတက်ခါမှိန်းသွားသည်။

''သား ကတိပေးပါတယ် မေမေ...စိတ်ချပါ...မမနွေးနဲ့သားဘာမှမပတ်သက်မရှုပ်ထွေးစေရပါဘူး။ ကတိပေးပါတယ်မေမေ''

''ဟေး...ကိုရင်...ဘာတွေပြောနေတာလဲ၊ ကိုရင်က ခဏလေးလှဲလိုက် တာ နဲ့ အိပ်သွားပြီး ယောင်နေတာကိုး...ထ...ထ...ကော်ဖီသောက်မယ်...အဆင်သင့်ပဲ''

ဦးမော်ကြီးက မိမိတင်ပါးကို တဖတ်ဖတ်ပုတ်ပြီးပြောမှ အောင်နေမျိုး ဆတ်ခနဲပြန်နိုးကာ ထထိုင်သည်။

''ဟုတ်ပါရဲ့...ကျွန်တော်မှေးခနဲပျော်သွားတယ်''



''ရေနွေးကဆူလှပြီကွ၊ ကိုရင်ကလဲ အိပ်ပျော်နေတာနဲ့...ကော်ဖီ၊ နို့ဆီ...သကြားတွေလဲ အဆင်သင့်တွေ့တာနဲ့...ငါပဲကော်ဖီဖျော်လိုက်တယ်၊ ကောင်းလိုက်တဲ့ နက်(စ်)ကော်ဖီကွာ...အနံ့သင်းပြီး မွှေးကြိုင်နေတာပဲ။ သကြားတော့ ငါထည့်မထားဘူး...ငါက အချိုကြိုက်တော့...ငါသကြားထည့်တာကို ကိုရင်မသောက်နိုင်မှာစိုးလို့၊ ကိုရင်အကြိုက် သကြားထည့်ပေတော့...ငါလဲ ငါ့အကြိုက်ထည့်မယ်...လူကြီးဆိုတော့ အချိုကြိုက်တယ်ပေါ့ကွာ...ဟား...ဟား...ဟား''

သကြားကို ကိုယ့်အကြိုက်ကိုယ်ထည့်ပြီး နှစ်ယောက်သား ကော်ဖီသောက်ကြသည်။

''ဟဲ...ဟဲ...ဒီနေ့တော့...ငါ့အဖြစ်က ပြေးရင်းလွှားရင်း...အလှူအိမ်ကိုဟတ်မိတဲ့ နတ်သားလေးအဖြစ်ပဲပေါ့။ လူ့ဘဝမှာ နက်(ခ)ကော်ဖီကို ဘူးနို့ဆီနဲ့သောက်ပြီး ငါးသုံးလုံးစီးကရက်ခဲရတဲ့ စည်းစိမ်ကို အိမ်ကြီးပေါ်ကသူဌေးစည်းစိမ်နဲ့တောင်မလဲနိုင်ဘူး...ဟား...ဟား...ဟား...''

ဦးမော်ကြီးကိုကြည့်ကာ အောင်နေမျိုးပြုံးပါ၏။

''အဲ...ကြည့်စမ်း...ကိုရင်ကပြုံးလိုက်ရယ်လိုက်ရင်...သားကိုကြည့်ကောင်းတာပဲ၊ နှုတ်ခမ်းထူထူလေးမွှင့်ပြီး သွားလေးတွေက ပုလဲစီထားသလားအောက်မေ့ရတယ်...ကိုရင်က တကယ့်လူချောပဲ...ပြုံးရယ်ရင် ပိုပြီးတောင်ချောသေးဗျာ''

''သောက်...သောက်...ကော်ဖီအဝသောက်...မဝသေးရင်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖျော်သောက် ဦးမော်ကြီး...ကျွန်တော်က သိပ်အမြောက်ကြိုက်တာ''

နှစ်ယောက်ရယ်မောကြပြန်ပါ၏။

''အေး...ငါကတော့...ရုဇကာပုဏ္ဏား လှူတာအကုန်စားပဲ ကိုရင်၊ ဒါပေမဲ့...ဒီလိုစားရသောက်ရလို့ မြောက်တာမျိုးတော့ မဟုတ်တာအမှန်...ကိုရင်လဲ ကိုယ့်ကိုယ်ကိုယ် နေ့တိုင်း မှန်ကြည့်တဲ့လူပဲ၊ အခုမှမြင်ဘူးတဲ့ငါက ကိုရင့်ကိုမြောက်ပြောနေတာလား၊ အမြင်အတိုင်းပြောနေတာလားဆိုတာ ကိုယ့်ဟာကိုယ်သိမှာပါ။ ကိုရင့်ရုပ်မျိုးက မိန်းကလေးတွေ အရမ်းကြိုက်တဲ့ရုပ်ပဲ၊ ခုန ကိုရင်မေ့းခဲ့ အိပ်ပျော်သွားတုန်းက ယောင်ပြောတာငါကြားမိလိုက်တယ်...မမနွေး နဲ့မပတ်သက်ရဘူး စိတ်ချပါမေမေဆိုလားပဲ''

''ဟာ...မဟုတ်တာ ဦးမော်ကြီးနားကြားလွဲတာဖြစ်မှာပါ...''

''အေး...ငါနားကြားလွဲတာဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ နားကြားလွဲတဲ့အတိုင်း နွေးနွေးကို မင်းမပတ်သက်ရင်အကောင်းဆုံးပဲ၊ နွေးနွေးကို ဒေါက်တာရန်နောင်ထွတ်က လာရှိုတ်နေတာကွ။ သူဌေးနဲ့ သူဌေးကတော်ကလဲ အရမ်းသဘောတူနေတာ။ အရမ်းအရေးပေးတာ အေး...ပြောရရင် နှစ်ယောက်တည်းလွှတ်ပေးတဲ့အထိ... သဘောတူထားတာ...မင်း နွေးနွေးကို သွားမပတ်သက်နဲ့...ပျာသွားမယ် ကိုရင်''

''ဒါတွေထားချိတ်ထား..ဒီပြင်စကားပြောကြရအောင်ဗျာ''



ဆိုသော် ဘာမှမပြောရသေးခင် အိမ်ကြီးမှ ဝါဝါရောက်လာသည်။

''အစ်ကိုလေး...တယ်လီဖုန်းလာနေတယ်...မမနွေးက အစ်ကိုလေးကိုခေါ်ခိုင်းလို့''

''ဟ...ကျွန်တော့်ဆီလာတဲ့ဖုန်းမှဟုတ်ရဲ့လား...ရန်ကုန်မှာ ကျွန်တော့်ကိုဖုန်းဆက်မဲ့သူရှိမှမရှိတာ''

''ဒါတော့ ဝါဝါမသိဘူး၊ မမနွေးက သွားခေါ်ဆိုလို့ လာခေါ်တာပါ အစ်ကိုလေး''

အောင်နေမျိုး အိမ်ကြီးသို့လာခဲ့သည်။ မမနွေးက တံခါးပေါက်ဝင်ရပ်စောင့်နေပါ၏။

''မေမေ့ဆီကဖုန်းလား မမနွေး''

''ဟုတ်ပေါင်...အန်တီချိုအသံဆိုရင် မမနွေးသိတာပေါ့...ဟာက မိန်းကလေးတစ်ယောက်အသံပဲ...ဟင်း...ဟင်း...အောင်...က ဘယ်ဆိုးလို့လဲ...ရန်ကုန်ရောက်တာ နာရီပိုင်းရှိသေးတယ် ... ရှီစီဆိုတဲ့မိန်းကလေးက အောင်လေးကို ခေါ်ပေးပါတဲ့လေ''

အောင်နေမျိုး ဦးနှောက်စားသွားပါ၏။ ရန်ကုန်တွင် ရှီစီဆို...မိန်းကလေးအပေါင်းအသင်း အောင်နေမျိုးတွင် လုံးဝမရှိပါလေ။

အောင်နေမျိုး ဖုန်းကောက်ကိုင်သည်။

''ကျွန်တော်...အောင်နေမျိုးပါ။ အဲဒီက ဘယ်သူပါလဲ...ခဲ့ပါလဲ''

''ဩ...ကိုအောင်နေမျိုးလား...အသံကတကယ့်ကို ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ဝီသတဲ့အသံပဲ…လူကလဲ ယောကျ်ားပီသရုံမက တော်တော်ချေ
တယ်ဆို''

''ကိစ္စကိုသာပြောပါ မရိုစီ''

''အလို့…မရိုစီလို့ပြန်ခေါ်သလား၊ ခေါ်ပုံကြီးက စိမ်းလိုက်
တာ၊ အင်းပါလေ…လူချင်းတွေ့ကြတော့လဲ ခင်မင်သွားကြမှာပါ
ရိုစီက ပုလဲဖြူအဖွဲ့ဝင်တစ်ယောက်ပါ၊ ကိုအောင်နေမျိုး ရန်ကုန်ရောက်
လာတာ ပုလဲဖြူအဖွဲ့က ကြိုဆိုပါတယ်တဲ့…''

ပုလဲဖြူအဖွဲ့ဆိုသည်နှင့် အောင်နေမျိုးသိလိုက်ပေပြီ။ ရန်ကုန်
တွင်ရှိသော ''ဖိုး''အဖွဲ့တစ်ဖွဲ့ပင်ဖြစ်ရမည်။

''နေပါဦး…မရိုစီတို့အဖွဲ့နဲ့ ဘယ်သူကဆက်သွယ်ဖို့ ညွှန်
လိုက်တာလဲ၊ ကျွန်တော်ရန်ကုန်ရောက်တာ နာရီပိုင်းပဲရှိသေးတယ်''

တစ်ဘက်မှ ရိုစီ၏ မခို့တရိုရယ်သံထွက်လာသည်ကို နားကြ
ခြင်းကတ်စွာနားထောင်ရင်း…မမနွေးကို အောင်နေမျိုး ကြည့်လိုက်
သည်။ အနီးအနားတွင် မမနွေးမရှိပါလေတော့။ ယဉ်ကျေးမှုအ
ဖုန်းပြောချင်တာပြောနိုင်အောင် ရှောင်ပေးခြင်းဖြစ်ပေမည်။

မိမိ ရန်ကုန် စည်သူမွန်ရိပ်ငြိမ်သို့ရောက်သည်နှင့် ရန်ကုန်
ပုလဲဖြူ ဖိုးအဖွဲ့က ဤရိပ်ငြိမ်၏တယ်လီဖုန်းနံပါတ်ဖြင့် မိမိကို ဆက်
သွယ်ခြင်းသည်ပင်လျှင် စည်သူမွန်ရိပ်ငြိမ်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်း
သွားလေသလားဟု နေမျိုးအောင်တွေးမိသည်။

''ပဲခူးက မစ္စတာရှောင်းက ရိုစီတို့အဖွဲ့ကို ဖုန်းဆက်အကြောင်း
ကြားတာပါ၊ ကိုအောင်နေမျိုး ဘောက်တော် ပြည်သာယာလမ်းက



ည်သူမွန်ရိပ်ငြိမ်မှာနေမယ်တဲ့။ စည်သူမွန်ရိပ်ငြိမ်ရဲ့ ဖုန်းနံပါတ်ရှာ
တာမခက်ခဲပါဘူး၊ ဒါကြောင့် ရိုစီက ပုလဲဖြူအဖွဲ့ကိုယ်စား သူ့ဆီ
ကို ဆက်တာပါ။ သူက သိပ်ဖြောင့်တယ်ဆို…သူ့ကိုတွေ့ရင် ရိုစီ
အားပစ်ခိုက်သွားမယ်ဆိုလို့ ရိုစီက သူ့ကို သိပ်တွေ့ချင်နေတာ။
တာရှောင်း ပဲခူးကပို့လိုက်တဲ့ သူ့ဓါတ်ပုံကော စောမိုက်ကယ်ဆီက
ကောင်းကြည့်ပြီးပါပြီ။ သူ တကယ်ဓါတ်ပုံထဲမှာ ချောတယ်၊
ပြင်မှာ လူချင်းတွေ့ရင် ရိုစီခိုက်သွားမှာသေချာတယ်''

''စောမိုက်ကယ်ဆိုတာက ဘယ်သူလဲ''

''အိုးမိုင်ဂေါ့…စောမိုက်ကယ်ကိုတောင် သူကမသိဘူးလား။
ဲခူးမှာ မစ္စတာရှောင်းလိုပေါ့…စောမိုက်ကယ်က ရိုစီတို့ပုလဲဖြူအဖွဲ့
ခေါင်းဆောင်လေ''

''ဒီမှာ…မရိုစီ…ကျွန်တော်…စောမိုက်ကယ်ရော…မရိုစီ
ရော သိလည်းမသိဘူး၊ မြင်လဲမမြင်ဖူးဘူး၊ သိချင်မြင်ချင်စိတ်လဲ
ကျွန်တော်မှာမရှိဘူး''

''သူနဲ့ရိုစီတို့ မသိမတွေ့လို့ဘယ်ဖြစ်မလဲ…မစ္စတာရှောင်းက
ပြောတယ်လေ…ရိုစီကို ပုလဲဖြူအဖွဲ့ကပဲ…သူ့ကို ဆက်ပြီးဆေးဆပ်ပ
ပေးခြင်းလုပ်ပါတဲ့…''

''ခေတရီးပဲမရိုစီ…ကျွန်တော့်မှာ မစ္စတာရှောင်းပေးလိုက်တဲ့
ဆေးကျန်တွေရှိသေးတယ်၊ အခုလောလောဆယ် ကျွန်တော်ခရီးပန်း
အနားယူချင်တယ်''

''အိုကေ…နားပါ…နားပါ…နောက်ပြီး…လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများများမထားတာပဲကောင်းပါတယ်…အန္တရာယ်ကင်းတာပေါ့… သူ့မှာ ပြတ်လောက်ခါနီးလောက်မှာ…ရှိစီ…သူ့ဆီ စည်သူမွန်ရိပ်ငြိမ်ကိုလာခဲ့ပါမယ်…"

"မလာနဲ့…လုံးဝမလာနဲ့။ လိုရင် ကျုပ်လာမယ်"

"ကောင်းပါပြီတဲ့ရှင်…"

ရှိစီ ဖုန်းချသံကြားရသည်။ အောင်နေမျိုးက ရှိစီအား မိမိဆေးဖြတ်ကြောင်းဆက်ပြောချင်သေးသည်။ နောက်ကိုမဆက်သွယ်ဖို့လည်း ပြောချင်သေးသည်။ သို့သော် မပြောဖြစ်လိုက်။

ထိုပုလဲဖြူအဖွဲ့ကို မိမိဘယ်လိုရင်ဆိုင်မည်ဆိုသည်ကို အောင်နေမျိုးစဉ်းစားရပေမည်။

"ငိုင်လှချည်လား…အောင်အောင်…မမနွေး ကြည့်နေတယ် အောင်အောင်ဖုန်းကိုင်ငိုင်နေတာ အကြာကြီးပဲ"

အောင်နေမျိုး ညင်သာစွာ ဖုန်းပြန်ချလိုက်သည်။ ပြီး…မမနွေးဘက်သို့လှည့်လိုက်ပါ၏။ မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ မမနွေးက အောင်နေမျိုးထက် ခေါင်းတစ်လုံးစာခန့် အရပ်နိမ့်ပါ၏။ မိမိကိုအပြုံးဖြင့်ပြန်၍ မျက်နှာချင်းဆိုင်တော့ အောင်နေမျိုး၏အပြုံးကို နွေးနွေးကလေးကြည့်နေမိသည်။ မော့မော့လေးကြည့်ရပေသည်။ အောင်နေမျိုးက ငုံ့ငုံ့လေးပြန်ကြည့်မိပေသည်။

သို့သော် စိုက်ကြည့်ခြင်းကို မမနွေးက ချက်ချင်းမျက်နှာလွှဲဖယ်လိုက်ပြီး ဧည့်ခန်းဆိုဖာများဆီသို့လျှောက်သွားရင်း…

"လာကွ…အောင်လေး…ဧည့်ခန်းမှာ ခဏထိုင်ဦး၊ မင်းကို



မမနွေးပြောစရာရှိလို့"

"ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်ကော"

"ဖေဖေက. အခုလိုနားရက်မှာ အိမ်ပေါ်ထပ်မှာ အနားယူနေတယ်၊ မေမေကတော့ စက်ချုပ်နေတယ်…နှစ်ယောက်လုံးအပေါ်ထပ်မှာ"

"ဒါဆို…ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်အောက်ဆင်းလာမှပဲ… ကျွန်တော် နောက်တစ်ခေါက်ပြန်လာမယ် မမနွေး။ တော်ကြာ…မမနွေးနဲ့ ကျွန်တော် နှစ်ယောက်တည်းစကားပြောနေတာတွေ့ရင်…"

စကားကိုဖြတ်ထားလိုက်ပြီး အပေါက်ဆီသို့ ခြေလှမ်းသွားတော့သည်။

စွပ်ကျယ်လက်ပြတ်ဝတ်ထားသော အောင်နေမျိုး၏ကျောပြင်ကို ကြည့်ရင်း နွေးနွေးကျွန်ခဲ့သည်။ အောင်အောင်ပြောစကား အဆုံးသတ်စေကာမူ နွေးနွေး ကောင်းကောင်းသဘောပေါက်နားလည်ပါ၏။

မိမိကို ဖေဖေနှင့်မေမေက အောင်အောင်နှင့်အရောတဝင်မနေဖို့ဟု ပြောခဲ့သည်။

အောင်အောင်ကိုလည်း သူ့မိဘက မင်းမမနွေးနှင့်မပတ်သက်နဲ့ဟု ပြောလေမည်လား။

ဟုတ်ပေပြီ…နှစ်ဘက်စလုံးသောမိဘတွေက မိမိနှင့်အောင်အောင် မရင်းနှီးစေရန် ဟန့်တားသည်မှာ သေချာပေပြီ။ ထို့ကြောင့် အောင်အောင်သည် အိမ်ကြီးပေါ်မှာပင်မနေဘဲ ရှိခေါင်တန်းလျား

www.burmeseclassic.com

www.burmeseclassic.com



တွင်သွားနေသည်။ မိမိနှင့်မတွေ့အောင်ရှောင်သည်။

ဘာကြောင့်မှန်းတော့မသိ။ နွေးနွေး၏ရင်ထဲတွင် နာနာကျင်ကျင်ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။ ယခင်က တစ်ခါဘူးမျှ မခံစားရဘူးသေးသောဝေဒနာအသစ်အဆန်းဖြစ်ပါ၏။

အောင်အောင်လေး နို့စို့ရွယ် တစ်နှစ်သားမပြည့်မီကပင် ခြောက်နှစ်သမီးအရွယ် နွေးနွေးချီပိုး ထိန်းကျောင်းလာခဲ့ခြင်းဖြစ်ပါ၏။ အောင်အောင်လေး သုံးလေးနှစ်သားအရွယ်တွင် နွေးနွေးက ဆယ်နှစ်သမီးသာသာ အတူလက်တွဲကာ ဟေးလားဝါးဟား ပျော်ရွှင်မြူးတူးစွာလမ်းလျှောက်ခဲ့ကြသည်။

ဒီနောက်ပိုင်းကျမှ ဖေဖေသည် စီးပွားရေးလိုင်းပြောင်းကာ ရန်ကုန်သို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သို့တိုင်အောင် ပဲခူးနှင့်ရန်ကုန် သူ့ဆီကိုယ်သွား၊ ကိုယ့်ဆီသူလာနှင့် ဆက်သွယ်ခင်မင်လျက်ပါပေ၊ အောင်အောင်လေးနှင့် မိမိ ထိပ်ပုတ်၊ ခေါင်းပုတ်ပင်။

နွေးနွေး ဆေးတက္ကသိုလ်စတင်တက်ပြီး အောင်အောင်ရှစ်တန်းလောက်မှာပင် အဆက်အသွယ်ကျဲသွားကြသည်။

ယင်းသို့ကွဲကွာခဲ့ကြပြီးမှ ယခုအောင်အောင်လေး ဒီအိမ်ရောက်လာခြင်းဖြစ်သည်။

သို့သော် ရောက်လာပုံ သိပ်မကောင်း။

ဖေဖေနှင့် မေမေက အောင်အောင်ကို ပျက်စီးနေသောဆေးသမားအမြင်ဖြင့် နှိမ့်ချကြသည်။ မလွဲသာလွန်းလို့ လက်ခံရသည့်သဘောတွေပြနေသည်။ ပြီး မိမိကို အောင်အောင်လေးနှင့် အရော



င်ရန် တင်ကြိုတားမြစ်သည်။

အောင်အောင်ကိုလည်း သူ့မိဘတွေက ဒီလိုပင်ပြောကြမည်ဘာ။

အောင်အောင်၏အကြည့်တွင် မိမိကို တစ်မျိုးသောအကြည့် ဖြင့်ကြည့်သည်။ စိမ်းသောအနေအထိုင်နှင့်နေသည်။ ရှောင်ဖယ်ဖယ်းတွေပြုလုပ်သည်။

ဒီအတွက်ပင် နွေးနွေးရင်ထဲတွင် ဝေဒနာသစ်တစ်မျိုးခံစားလိုက်ရခြင်းပါပေ။

အောင်နေမျိုး သူ့အခန်းသို့ပြန်လာသည်။ ဦးမော်ကြီးရှိနေသဲ၏၊ ဤဂိုဒေါင်တန်းလျားတွင် ဦးမော်ကြီးက ဒရိုင်ဘာအနေနှင့် ကြီးဖြစ်နေသဖြင့် တစ်ခန်းရထားသည်။

ဦးမော်ကြီးသည် အလုပ်အားချိန်တွင် အဆင့်အတန်းမခွဲသော င်နေမျိုးအား ခင်မင်နေပြီး အောင်နေမျိုး၏အခန်းမှာသာ အနေသည်။ အောင်နေမျိုးအဖို့လည်း ဦးမော်ကြီးသည် ရင်းနှီးသော ဆွေဖြစ်နေပေပြီ။

နံနက်စာထမင်းကို အောင်နေမျိုးက အိမ်ကြီးပေါ်တွင် သွားစားသည်။ ထမင်းစားချိန် နံနက်(၁၁)နာရီဆိုလျှင် ဦးစည်သူလည်း ပ်သွားပြီ။ မမနွေးလည်း ဆေးရုံသို့အလုပ်သွားပြီ။ ဒေါ်ဒေါ်မွန် ရှိပါ၏။ များသောအားဖြင့် ဒေါ်ဒေါ်မွန်က အောင်နေမျိုးနှင့်အတူ ပေ။ ဒေါ်သူဇာနှင့် ဝါဝါက လိုလေသေးမရှိ။ ထမင်းဟင်းပြင် သည်ကို အောင်နေမျိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညစာထမင်းကို ပထမရောက်စက အောင်နေမျိုး တစ်ရက်နှစ် ရက်သွားစားသည်။ ညစာထမင်းချိန်တွင် ဦးလေးစည်လည်းရှိသည်။ မမွေးလည်းရှိသည်။ ဒေါ်ဒေါ်မွန်လည်းရှိသည်။

အထူးသဖြင့် ညနေပိုင်းဆိုလျှင် ဒေါက်တာရန်နောင်ထွတ် ရောက်နေတတ်ပြီး ထမင်းဝင်စားသည်များလည်းရှိသည်။

ဒေါက်တာရန်နောင်ထွတ်ရှိချိန်တွင် အောင်နေမျိုး တစ်ဝိုင်း တည်းအတူဝင်စားသည်ကို ဒေါ်ဒေါ်မွန်ရော ဦးလေးစည်ရော မျက်နှာ မကောင်းလှသည်ကို အောင်နေမျိုးအကဲခတ်မိသည်။

နောက်ပိုင်းတွင် အောင်နေမျိုးသည် အိမ်ကြီးပေါ်သို့ ထမင်း သွားမစားပါလေတော့၊ ကိုယ်ပိုင်ကားဖြင့် အပြင်ထွက်ပြီး စားသောက် သည်။

အိမ်ကြီးပေါ်သွားပြီး ရေပင်မချိုးပါလေတော့၊ ဦးမော်ကြီးနှင့် အတူ ရေတွင်းမှာပင်ရေချိုးသည်။

မည်သို့ဖြစ်စေ အောင်နေမျိုးသည် ဖွဲမလျှော့၊ စိတ်ဓါတ်မကျ

အဓိကမှာ မိမိဆေးဖြတ်မည်။ ဆေးပြတ်ကိုပြတ်ရမည်။ တက္ကသိုလ်တက်မည်၊ ဘွဲ့ရကိုရစေရမည်။

ယင်းသံမဏိဆုံးဖြတ်ချက်နှစ်ခုကြောင့် အောင်နေမျိုး အတင်း တောင့်ခံထားသည်။

ဆေးမြန်မြန်ဖြတ်ချင်သည်။

တက္ကသိုလ်မြန်မြန်တက်ချင်သည်။ ဒါပဲ။

ဦးလေးစည်နှင့် ဒေါ်ဒေါ်မွန်ကိုလည်း အောင်နေမျိုး စိတ်



တွက်ပေ။ မိခင်ကြွက်မကြီးသည် သူမ၏သမီးပျိုကြွက်မလေးကို သိပ်တန်ဖိုးထားလွန်းသောကြောင့် အမျိုးတူကြွက်သားပျိုနှင့် မတူ တန်မပေးစားနိုင်၊ မိုးနက်သား၊ နေနတ်သား၊ လေနတ်သားနှင့်သာ ပေးစားမည်ဆိုသည့်သဘောဖြင့် ဒေါက်တာရန်နောင်ထွက်ကိုအတင်း ချက်နှာသာပေးခြင်းမဟုတ်ပါလား။ ဒါကို အောင်နေမျိုးခွင့်လွှတ်ပါ၏။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com



[၆]

"အစ်ကိုလေး…မမနွေးက လာခဲ့ပါတဲ့၊ ဆေးကုဖို့တိုင်ပင်မလို့လို့ပြောလိုက်တဲ့…"

"လာခဲ့မယ်…ဝါဝါ"

ဆေးဖြတ်ဖို့ကိစ္စအတွက် မမနွေးကခေါ်လေပြီ။ ဝါဝါကမခေါ်မီ နာရီဝက်လောက်ကတည်းက အက်(စ်)အီးလိမိတက် ကားဖြူ မောင်းဝင်လာသည်ကို အောင်နေမျိုးနှင့် ဦးမော်ကြီးက တန်းလျားဝရန်တာမှ လှမ်းမြင်ထားပြီးသားဖြစ်သည်။

ဒေါက်တာရန်နောင်ထွက် သူ့ကားဖြင့်ရောက်လာမှန်း သိပါ၏။

"ဦးမော်ကြီးရေ…အိမ်ကြီးပေါ်က အခေါ်တော်လွှတ်လို့…ကျွန်တော်သွားလိုက်ဦးမယ်။ ဦးမော်ကြီး ဒီကပဲစောင့်ပေါ့"

"ကြွ…ကြွ…ကိုရင်"



အောင်နေမျိုးက ဝတ်ထားသောစွပ်ကျယ်လက်ပြတ်ပေါ်တွင် ရှပ်အင်္ကျီထပ်ဝတ်သည်။ ကျယ်သီးတစ်လုံးမှမတတ်၊ အင်္ကျီစကို ပုဆိုးထဲတွင်မဝတ်။ ဂိုဒေါင်တန်းလျားတွင် ပူအိုက်ဒဏ်ကြောင့် ပြန်လာသည်း ရှပ်အင်္ကျီချွတ်ရမည့်အတူတူမို့ ကျယ်သီးမတတ်၊ ပုဆိုးထဲထည့်မဝတ်ခြင်းဖြစ်သည်။

ဧည့်ခန်းထဲတွင် မမနွေးနှင့်အတူထိုင်နေသူကို အောင်နေမျိုး တွေ့ရသည်။

သမားတော် ဒေါက်တာရန်နောင်ထွက်ပါပေ။ အောင်နေမျိုးအဖို့ သမားတော်ကို ရန်နောင်ထွက်ကို အနီးကပ်ပထမဆုံးအကြိမ် မြင်ဘူးခြင်းဖြစ်ပါ၏။

ဒေါက်တာရန်နောင်ထွက်သည် ဥပတိရုပ်ကောင်းလှ သန့်လှသည်။ အသားအရေနီမြေဖြူး ကြံ့ခိုင်သောခန္ဓာကိုယ်ရှိပါ၏။ အသက် …ခန့်ဟု ခန့်မှန်းရသည်။ ခြုံငုံပြောရလျှင် ဒေါက်တာ …ထွက်သည် လူချောလူသန့်တစ်ဦးဖြစ်ပါ၏။

သို့သော် ဒေါက်တာရန်နောင်ထွက်၏ မျက်လုံးအကြည့်ကို …င်နေမျိုးမနှစ်သက်ပေ။ ဤမျက်လုံးမျိုးနှင့် ဤအကြည့်မျိုးသည် …ကြီးတွင် ကိုယ့်ကိုယ်ကိုယ်သာ အထင်ကြီးတတ်သလောက် …သူကို ပြန်၍အထင်ကြီးရန် အလွန်ဝန်လေးတတ်သူများတွင် …သောမျက်လုံးမျိုးနှင့် အကြည့်မျိုးဖြစ်ပါ၏။ ပြီး ဤမျက်လုံး …မျိုးသည် အလွန်အတ္တအလွန်ကြီးမားသလောက် …

www.burmeseclassic.com



နည်းပါးသူများဖြစ်တတ်သည်။ သတ္တိနည်းစေကာမူ ရက်စက်ရာတွင် ရက်စက်တတ်သူမျိုးလည်းဖြစ်ပါ၏။

"လာဟေ့...ထိုင်...အောင်အောင်"

"ဟုတ်ကဲ့...မမနွေး"

အောင်နေမျိုး ဆိုဖါတွင်ထိုင်သည်နှင့် နွေးနွေးက ဒေါက်တာ ရန်နောင်ထွတ်ကို လှမ်းပြောသည်။

"အဲဒါ...မနွေးရဲ့ပေးရှင့်(လူနာ)ပဲ ကိုရန်နောင်ထွတ်။ နာမည် အောင်နေမျိုးတဲ့၊ မနွေးကတော့ ငယ်ငယ်ထဲက သူ့ကို အောင်အောင် လို့ပဲခေါ်တယ်"

"နွေးရဲ့လူနာက ဘယ်ဆိုးလို့လဲ၊ လူနာက လူနာနဲ့မတူဘူး"

ရန်နောင်ထွတ်က နွေးနွေးကို အင်္ဂလိပ်လိုဆက်ပြောသည်။ အောင်နေမျိုးနားလည်သင့်သလောက် နားလည်ပါ၏။

"မင်းလူနာက လူနာနဲ့မတူပဲ...ရုပ်ရှင်ဇာတ်လိုက်မင်းသားနဲ့ တူနေပါလား"

နွေးနွေးက ဘာမှပြန်မပြောဘဲ ပြုံး၍သာနားထောင်နေပါ၏။ အောင်နေမျိုးကလဲ အင်္ဂလိပ်လိုပြောသည်ကို နားမလည်သလိုနေလိုက် ပါ၏။

ဒေါက်တာရန်နောင်ထွတ်သည် ဆိုဖါတွင် ခါးမှီ ခြေနှစ်ဘက် ရှေ့ဆန့်ပြီးထိုင်လိုက်သည်။ ပြီး စတင်ကာမေးခွန်းမေးသည်။

"ကိုယ်က ဆရာဝန်ဆိုပေမဲ့ ရိုးရိုးဆရာဝန်မဟုတ်ဘူး၊ ဗမာ လို မင်းနားလည်လောက်တဲ့စကားနဲ့ပြောရရင် ကိုယ်ဟာ သမားတော်



တစ်ယောက်ပဲ၊ မနွေးပြောထားလို့ မင်းဟာ...ဆေးစွဲနေသူမှန်း ကိုယ် သိထားပြီးပြီ...မင်းကို ကိုယ်မေးစရာတွေရှိတယ်"

"မေးပါ...ဦးရန်နောင်ထွတ်"

"ဘာ...ဘာ...ဘယ်လို...ဦးရန်နောင်ထွတ် ဟုတ်လား၊ လူနာပေါင်း ထောင်သောင်း ငါ့ဆီမှာရှိတယ်၊ ငါ့ကို ဦးရန်နောင်ထွတ် လို့ခေါ်တဲ့ လူနာတစ်ယောက်မှမရှိဘူး၊ အခု မင်းကျမှပဲ ဒီလိုအခေါ် ခံရတာ"

"နို့...လူကြီးမင်းရဲ့နာမည်က ဦးရန်နောင်ထွတ်ဆို၊ ဦးရန် နောင်ထွတ်ဆိုတဲ့နာမည်ကို ကျွန်တော်က ဘယ်လိုများပြင်ခေါ်စေချင် လို့လဲ"

"ငါ့ကို 'ဆရာ'လို့...အနိမ့်ဆုံးနဲ့ အနည်းဆုံးနာမ်စားကိုခေါ် ကြလေ့ရှိတယ်"

"ဒါဆို ကျွန်တော်က ဦးရန်နောင်ထွတ်ကို ဆရာလိုပြင်ခေါ်ပါ့ မယ်ခင်ဗျား"

အောင်နေမျိုးက တမင်ရိုမှန်း ဒေါက်တာရန်နောင်ထွတ် သိ လိုက်ပါ၏။

"မောင်ရင် ဆေးစသုံးတာ...ဘယ်လောက်ကြာသွားပြီလဲ"

"အဲ...ဆယ်တန်း ဒုတိယအကြိမ်ကျတုန်းကဆိုတော့..."

"ဒီလို ဗလုံးဗထွေးမပြောနဲ့၊ ကိုယ်သိချင်တာက တိတိကျကျ ...ဆေးတဲ့သမားတော်ဆိုတာ လူနာရဲ့အခြေအနေ...အကြောင်း ...အချိန်ကာလကို တိတိကျကျသိမှ ကုသနိုင်မှာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုးက မျက်လုံးလှန်ပြီး ရန်နောင်ထွတ်ကိုကြည့်လိုက်သည်။

အောင်နေမျိုး၏အကြည့်ကို နွေးနွေး ချက်ချင်းနားလည်လိုက်ပါ၏။ ငယ်ငယ်ကတည်းက အောင်အောင်သည် သူ့စိတ်ထဲမကျေ…နပ်လာလျှင် ဤအကြည့်မျိုးကြည့်တတ်ကြောင်း နွေးနွေးကောင်ကောင်းသိသည်။ သို့တစေ…အောင်လေးသည် တော်တော်ပင် သည်…ခံနေမှန်းလည်း နွေးနွေးသိသည်သာ။

"ကျွန်တော်…အချိန်ကာလကို တိတိကျကျတွက်နေတာပ… ကျွန်တော့်စကားမှမဆုံးသေးတာ။ ကျွန်တော်တို့ဗမာလူမျိုးစစ်စစ်တွေ…ဟာ ကာလအပိုင်းအခြားကို သတ်မှတ်တဲ့နေရာမှာ အဲဒီအချိန်…ဘာထူးထူးခြားခြားဖြစ်ခဲ့တယ်ဆိုတဲ့သင်္ကေတကို ယူပြီး ပူးတွဲမှ…သားလေ့ရှိပါတယ်။ ရွာမှာ ရေကြီးတဲ့နှစ်ကတို့၊ မီးလောင်တဲ့နှစ်…တို့ဆိုတဲ့ အမှတ်အသားသင်္ကေတယူပြီးမှ အဲဒါဘယ်နှစ်ခုနှစ်၊ ဘ…လ…ဘယ်နေ့ကဆိုတာပြန်တွက်ယူပါတယ်။ ဒါကြောင့်…ကျွန်တေ…ဒုတိယနှစ် ဆယ်တန်းကျတုန်းက သင်္ကေတနဲ့ ကျွန်တော်ပြန်တွ…ကြည့်တာ…ဒုတိယနှစ်ဆယ်တန်းစာမေးပွဲကျတော့…ကျွန်တေ…စိတ်ညစ် စိတ်လေပြီး ဆေးစသုံးတာဆိုတော့…တစ်နှစ်နဲ့လေ…လောက်ရှိပြီ"

"မောင့်ရင်မှတ်သားပုံက တောကစာမတတ် ပေမတတ်လူ…မှတ်သားပုံမျိုးပဲ…ရွာဦးကျောင်းက ဆရာတော်ရဲ့ဘုန်းကြီးပျံပွဲ…



…တို့၊ ဦးဖိုးဖြူရဲ့နွားမကြီး မွေးတဲ့နှစ်တုန်းကတို့ဆိုတဲ့…ပညာမဲ့…တောကလူတွေမှတ်သားပုံကြီး"

အောင်နေမျိုး ဒုတိယအကြိမ် မျက်လုံးလှန်ကာ ရန်နောင်ထွတ်…ကိုကြည့်ပြန်သည်။ ဒီတစ်ခါမှာတော့…အောင်အောင်၏အသားတွေ…လာသည်။ နားရွက်နှင့်နှာသီးထိပ်နီလာသည်ကို နွေးနွေးထပ်မံသတိ…ထားမိပြန်သည်။

ရန်နောင်ထွတ်က အောင်အောင်အား ပညာမဲ့ လူငယ်နပ်စား…းကိုပြောသလိုပြောနေခြင်းကြောင့် အောင်အောင်က မခံချင်စိတ်…ဖြင့် သည်းမခံတော့ပဲ ရန်နောင်ထွတ်ကို ပြန်လည်ဘုတောတောမှာပဲဟု…ရိမ်မိသည်။

သို့တစေ အောင်အောင်က ဘာမှ ဘုမတောပဲနေသည်ကို…ရသဖြင့် အံ့သြမိသည်။ အောင်အောင်လေးစိတ်ပြောင်းသွားလေ…သလားဟုပင် ထင်မိသည်။

ဟိုတုန်းကဆိုလျှင် အောင်လေးသည် မခံချင်စိတ်ဖြစ်သည်နှင့်…ခနဲ ပက်ခနဲ ချက်ချင်းပြောသည်။ သူငယ်ချင်း လူငယ်ချင်း…လျှင် လက်သီးနှင့်ထထိုးသည်။

ထိုအခိုက်မှာပင် ဖေဖေနှင့် မေမေ အိမ်ပေါ်ကဆင်းလာသည်။…ယောက်စလုံး အဝတ်သစ်များဝတ်ထားသောကြောင့် အပြင်တစ်…သို့သွားမည်မှန်း သိသာသည်။

ဧည့်ခန်းတွင် အောင်နေမျိုးပါဝင်ထိုင်နေသည်ကိုတွေ့ရသဖြင့်…ယားနှစ်ယောက် မျက်မှောင်ကြုတ်သွားကြသည်။ သူတို့မြင်

www.burmeseclassic.com

www.burmeseclassic.com



ချင်သည်မှာ ညေ့ခန်းတွင် သမီးနွေးနွေးနှင့် ရန်နောင်နှစ်ဦးသာ ဖြ ချင်သောကြောင့်ဖြစ်ပေသည်။

နွေးနွေးက နားလည်သည်။

''ဒီမှာလေဖေဖေ...ကိုရန်နောင်ထွတ်က အောင်အောင့် ဆေးဖြတ်ဖို့ အချက်အလက်တွေရှာဖွေမေးမြန်းနေတာ''

''အေး...အေး...ကောင်းတယ်သမီး... မောင်ရန်နောင်ထွ လို ဝါရင့်သမားတော်ကြီးဆိုတော့ ပိုအဆင်ပြေတာပေါ့။ ဆက်လုပ် ဆက်လုပ်ပါ မောင်ရန်နောင်ထွတ်''

ရန်နောင်ထွတ်က ခေါင်းညိတ်ပြပြီး ယောက္ခမလောင်းနှစ်ဦ ရှေ့တွင် သူ၏သမားဂုဏ်ကို ပို၍ပြလိုက်သည်။

''မောင်ရင် ဆေးသုံးစွဲတာ ဘယ်အဆင့်၊ ဘယ်ပုံစံလဲ စီးကရက်ထဲမှဆေးမှုန့်ထည့်သောက်တာလား၊ ဆေးကို အရေဖျ ပြီး ပိုက်နဲ့ အကြောထဲထိုးသွင်းတာလား''

''စီးကရက်ထဲမှာထည့်သောက်တာပါ''

''တစ်နေ့ ဘယ်နှစ်လိပ်သောက်လဲ''

''စသောက်တုန်းကတော့...တစ်နေ့သုံးလိပ်လောက်ပဲ...ဒါ ပေမယ့်...တဖြည်းဖြည်း...လိမ့်တက်လာတော့...ငါးလိပ်...ခြောက် လိပ်၊ အဲဒီနောက် ကိုးလိပ်ဆယ်လိပ်''

''အခုလက်ရှိ လိမ့်ကကော''

''တစ်ဘူးခွဲပါ''

ဒေါက်တာရန်နောင်ထွတ် မျက်မှောင်ကြုတ်လိုက်သည်



ဦးစည်သူနှင့် ဒေါ်အေးမွန်က သူတို့၏သမက်လောင်းသည် သမီး နွေးနွေးကို ကူညီနေတာပါလားဟု တပြုံးပြုံးရှိနေကြသည်။

''တစ်ဘူးခွဲဆိုတာ...အလိပ်ရေဘယ်လောက်ထိလို့ပြောတာ လဲ...ဆယ်လိပ်ဝင်ဘူးလား၊ ဘာလားဆိုတာ...တိတိကျကျပြော... ကိုယ်သိချင်တာက အခု...မင်း တစ်နေ့ကို အလိပ်ရေဘယ်လောက် ဆိုတဲ့အရေအတွက်ကို အတိအကျသိချင်တာ''

''ဒါကျတော့...ဒေါက်တာက ဗဟုသုတခေါင်းပါးလွန်းပါ တယ်၊ ဒီပြင် တခြားတိုင်းပြည်တွေတော့ ကျွန်တော်မရောက်ဘူးလို့ သိဘူး၊ အခု ကျွန်တော်တို့မြန်မာပြည်မှာတော့... စီးကရက်ဘူးမှန် သရွေ့ အလိပ်နှစ်ဆယ်ဝင်ဘူးတွေချည်းပဲ၊ ပြည်တွင်းဖြစ်ဒူးယားတောင် အလိပ်နှစ်ဆယ်ဘူးပဲထွက်တယ်ဆိုတာ ကလေးကအစသိတယ်''

''အေး...ကိုယ်ကသမားတော်မို့ ဆေးလိပ်မသောက်ဘူး၊ ကွမ်း စားဘူး၊ ဘီယာအရက်မသောက်ဘူး၊ ဒါကြောင့် စီးကရက်တစ်ဘူး မှာ ဘယ်နှစ်လိပ်ပါတယ်ဆိုတာ ကိုယ်မသိဘူး''

အောင်နေမျိုးရယ်သည်။ အောက်ကလိအာရယ်ပုံရယ်နည်းဖြစ် ပါ၏။ အောင်အောင်ရယ်သည်ကို နွေးက ငေးကြည့်မိပြန်သည်။ အောက်ကလိအာပဲရယ်ရယ် ဘယ်လိုကြောင့်ရယ်ရယ် ရယ်လိုက်တိုင်း အောင်အောင်သည် သိပ်ကြည့်ကောင်းပါ၏။

''ဒါဆိုရင်တော့...ဒေါက်တာကတုံးရိပ်ပါ...သက်နီးစည်း ပါ...ကျွန်တော်က ပစ္စည်းလေးပါးဒါယကာခံပါ့မယ်။ ဒေါက်တာ ဘုန်းကြီးသာဝတ်တော့''

www.burmeseclassic.com

www.burmeseclassic.com



''ဘာကွ…မင်းစကားက''

ရန်နောင်ထွတ် ဆိုဖါမှ ဖင်ကြွလာသည်။ ဒေါသသံစွက်ဖက်လာသည်။

''ကျွန်တော်ပြောတာ ရှင်းနေပါတယ် ဒေါက်တာ၊ အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်တဲ့ ဒေါက်တာဟာ သူတော်စင်…သူတော်မြတ်တစ်ဦးပဲ။ ဒီထက်ပိုပြီးအဆင့်မြင့်သွားအောင် ဘုန်းကြီးဝတ်ပါလို့…ကျွန်တော်ကအကြံပေးတာပါ ဒေါက်တာ''

မရတော့ပြီ။ အောင်နေမျိုးပေါက်ကွဲလေပြီ။ သည်းခံနိုင်ဆုံးသော အမှတ်ကိုကျော်သွားပေပြီ။ အောင်နေမျိုး မထိန်းတော့ပြီ။

''ဟော့…ဟော့ကောင်…အောင်နေမျိုး…မင်း ဒီလိုပြောရသလား…ဒေါက်တာရန်နောင်ထွတ်ဟာ ငါတို့အိမ်ရဲ့အထူးဧည့်သည်ပဲ တာ မင်းနားလည်ပြီးသား၊ နောက်ပြီး ဂုဏ်သရေမြင့်မားတဲ့သမားတော်၊ အခု မင်းကိုဆေးစစ်နေတာလဲ သမီးနွေးနွေးကို စေတနာမေတ္တာနဲ့ အကူအညီပေးနေတာ၊ မင်းအပြောအဆို အပြုအမူသိပ်ရိုင်းစိုင်းတယ်''

''ဩ…ကျွန်တော်က သိပ်ရိုင်းစိုင်းတယ် ဟုတ်လား ဦးလေးစည်၊ ဒီဒေါက်တာကြီးက မမနွေးရှေ့မှာ သမားဂုဏ်တွေတင်ပြီး ကျွန်တော့်ကို တစ်ချက်ချင်းသိက္ခာချစကားတွေပြောနေတာတွေ…ဆရာက ကျောင်းသားကိုအမိန့်ပေးပုံစံတွေ၊ တရားသူကြီးက တရား ကိုစစ်မေးသလို မေးတာတွေကကော…သိပ်ယဉ်ကျေးနေလို့လား ဦးလေးစည်၊ ကျွန်တော်အများကြီးသည်းခံနေတာ''



''ဟ…ဒါက…သူက မင်းကိုဆေးကုဖို့ ဆရာဝန်အနေနဲ့ ဆေး စစ်နေတာပဲဟာ''

''မလိုပါဘူး ဦးလေးစည်၊ ကျွန်တော်ဒီကိုလာပြီး ဆေးကုတာ မမနွေးနဲ့လာကုတာပါ၊ သူစိမ်းဆရာဝန်နဲ့မကုချင်လို့ တမင်တကာ မမနွေးနဲ့လာကုတာ။ တခြားသူစိမ်းနဲ့သာကုချင်မယ်ဆိုရင် ပဲခူးမှာ ပဲ သမားတော်တွေရှိတာပဲ''

''အေး…ဒေါက်တာရန်နောင်ထွတ်ဟာ တို့အိမ်မှာ သူစိမ်း ဟုတ်ဘူး၊ အရင်းနှီးဆုံးလူတစ်ယောက်ဆိုတာ မင်းနားလည်ထားရ ယ်''

''ဦးလေးစည်တို့အတွက် သူစိမ်းမဟုတ်ပေမဲ့ ကျွန်တော့်အတွက် သူစိမ်းပဲ။ ကျွန်တော်ပြောပြီပဲ…သူစိမ်းနဲ့ မကုချင်လို့ မမနွေးဆီ တမင်လာကုတာလို့…ဒါကြောင့်လဲ ဒီအိမ်မှာ အတွင်းမှာမနေဘဲ ခြင်ဂိုဒေါင်တန်းလျားမှာပဲနေတယ်၊ ဦးလေးစည်တို့ မျက်စိမနောက် အောင် အထူးဆင်ချင်နေတယ်၊ ဒါတောင်မှ…မမနွေးက မကုပေးဘဲ ဆရာဝန်…ဒီသမားတော် သူစိမ်းနဲ့ကုမယ်ဆိုရင်တော့…ကျွန်တော် မှာအဆင်းရဲခံပြီးလာနေတာ ဘာအဓိပ္ပါယ်မှမရှိတော့ဘူး။ ပဲခူးကို ရုံပဲ''

''ဒါတော့ မင်းသဘောပဲ''

အောင်နေမျိုး ထရပ်သည်။ သူ့မျက်ဝန်းစုံဖြင့် နွေးနွေးကိုငုံ့ ကြည့်သည်။ သူ၏မျက်ဝန်းစုံထဲဝယ် မျက်ရည်များရစ်ဝဲနေသည်။ ကောင်လေးအကြောင်း နွေးနွေးကောင်းကောင်းသိသည်။ တော်ရုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်ရည်လည်သောကောင်လေးမဟုတ်။ သူ့မာန်နှင့်သူ၊ မာန်ကြီးသောကောင်လေးဖြစ်သည်။

ယခု မျက်ရည်ဝဲခြင်းမှာ-

ဒေါက်တာရန်နောင်ထွတ်က သူ့ကိုအထင်သေးအမြင်သေးဖြင့် သိက္ခာချခံရခြင်းကို ကြိတ်မှိတ်သည်းခံရခြင်းကြောင့် မျက်ရည်ဝဲခြင်းပေလား။ သို့မဟုတ် မိဘချင်း ညီအစ်ကိုလိုခင်မင်သော ဖေဖေက ဒေါက်တာရန်နောင်ထွတ်ဘက်မှ လိုက်ပြီး သူ့အား စိမ်းကားစွာဖြင့် မနေချင်သွားဟူသော အပြောတွေကြောင့် ဝမ်းနည်းသွားခြင်းပေလား။

"ကဲ...အခုက မမနွေးပဲပြောပါ...ကျွန်တော် မမနွေးနဲ့သာ ကချင်လို့လာပေမဲ့...မမနွေးကိုယ်တိုင်မကချင်လို့...ဒီဒေါက်တာနဲ့ ကစေတာလား၊ ဒါမှမဟုတ်...တခြားအကြောင်းတစ်ခုခုကြောင့် ကျွန်တော့်ကို မမနွေး မကချင်တာလား ရှင်းရှင်းပြောပါ မမနွေး မင်းကို ငါမကချင်ဘူး၊ မကနိုင်ဘူးလို့...မမနွေးပါးစပ်ကတစ်ခွန်း ပြောတာနဲ့...အခုချက်ချင်း ပဲခူးကိုပြန်မယ်...မမနွေးပြောပါ"

တစ်ခန်းလုံးငြိမ်သက်သွားသည်။ အပ်ကျသံကြားရမလောက် တိတ်ဆိတ်သွားသည်။

ဦးစည်သူကလည်း နွေးကိုကြည့်နေသည်။

ဒေါ်အေးမွန်ကလည်း နွေးနွေးကိုကြည့်နေသည်။

ဒေါက်တာရန်နောင်ထွတ်ကလည်း ကြည့်နေသည်။

အောင်နေမျိုးက မမနွေးကိုငုံ့ကြည့်နေသည်။

နွေးနွေးထံမှ အောင်နေမျိုးကို ဘယ်လိုပြန်ပြောမည်ဆိုသည်



...လုံးစိတ်ဝင်စားနားစွင့်ထားကြသည်။

နွေးနွေးသည် မျက်ရည်မကျစေရန် အပေါ်သွားဖြင့် အောက်...မ်းကိုကိုက်ထားသည်။ အောင်လေးမျက်ရည်ဝဲသောကြောင့် နွေး...မျက်ရည်ကျသည်ဟုမမြင်စေရန် တင်းထားပါ၏။

ယခုဖြစ်သွားသောကိစ္စကို နွေးနွေး ဦးခေါင်းထဲမှပြန်သုံးသပ်...ည်။ အောင်လေးလွန်သည်ဟု မသုံးသပ်မိ။ ဒေါက်တာရန်နောင်...သည် သူ၏ပင်ကိုယ်ဝသီအတိုင်း သူ့ကိုယ်သူ လွန်စွာအထင်ကြီး...ဖြင့် အောင်လေးအပေါ် အထင်သေးအမြင်သေးနှိမ့်ကွက် အမျိုးမျိုး...ပြီး သူ့ကိုယ်သူ သိဒ္ဓိတင်သည်။ ဒါကို အောင်လေးက ပထမနှိမ့်...၊ ဒုတိယနှိမ့်ကွက်အထိ သည်းခံသည်။ နောက်ဆုံး သည်းမခံ...တော့သည့်အဆုံးကျမှ တုံ့ပြန်ခြင်းဟု သုံးသပ်မိသည်။ ဒီကြားထဲ...ဦးစည်သူကိုယ်တိုင်က ရန်နောင်ထွတ်ဘက်မှရပ်တည်ကာ မင်း...ချင်သွားဆိုသည့်အခိပ္ပါယ်စကားဆိုခဲ့သည်။

အောင်လေးခမျာ အခုက မိမိနှင့်ဆေးကသချင်သောကြောင့် ...ဖြတ်နိုင်ဖို့အတွက် အပင်ပန်းခံကာ နန်းတော်ကဲ့သို့ သူ့အိမ်မှ ...ပြီး...တင်းကုတ်လို မိမိတို့ဂိုဒေါင်တန်းလျားတွင်လာနေသည်။ ...အတိုင်လည်း အရမ်းဆင်ခြင်ရှာသည်။ ဒီတော့...မင်းကို မမနွေး ...နိုင်ဟု နွေးနွေးရင်ထဲနှလုံးထဲကပြောရက်ပါမည်တဲ့လား။

နွေးနွေးထရပ်လိုက်သည်။ ပြီး အများကြားအောင်ပင်ပြောလိုက်...

"မမနွေးကိုယ်တိုင် အောင်အောင်ကိုကမယ်။ ဒီလိုကပေး

www.burmeseclassic.com



ဖို့ မမနွေးမှာ ဆန္ဒလဲရှိတယ်၊ စေတနာလဲရှိတယ်၊ ကဲ...အောင်အော
ကိုယ့်အခန်းကိုပြန်တော့"

အောင်နေမျိုး တံခါးဆီသို့ တန်...နဲ့လျှောက်သွားပေသည်

တံခါးပေါက်ရောက်မှ တန့်ခနဲရပ်ကာ နောက်ပြန်လှည့်ပြ
ဦးစည်သူနှင့် ဒေါ်အေးမွန်အား အနူးအညွတ်ပြောလိုက်သည်။

"အခုကိစ္စမှာ ကျွန်တော်မှားတယ်လို့ ဝန်မခံပါဘူး ဦးလေ
စည်။ ဒါပေမဲ့ ဒီကိစ္စကြောင့် ဦးလေးစည်ကို ကျွန်တော် ဒေါသ
မျက်နှာထားတင်းခဲ့တာ...ပြန်ပြောမိတာအတွက် ခွင့်လွှတ်ပေးပါ
ကျွန်တော်ရှိခိုးတောင်းပန်ပါတယ်၊ လူကြီးကိုပြန်လှန်ပြောမိတဲ့အတွ
ပါ"

အောင်နေမျိုး ဆောင့်ကြွာင့်ထိုင်ကာ ဦးစည်သူနှင့် ဒေါ်အေး
မွန်အား ဦးသုံးကြိမ်ကန်တော့လေသည်။ ပြီးနောက် ချာခနဲလှည့်
ကာထွက်သွားပေတော့သည်။

"ဟဲ...ဟဲ...ဟဲ"

အားလုံး တွေဝေငြိမ်သက်နေစဉ်မှာပင် ရန်နောင်ထွတ်၏ တ
ဟဲရယ်သံထွက်လာသဖြင့် ရန်နောင်ထွတ်ကို ဝိုင်းကြည့်လိုက်ကြသည

"ဒီကောင် ဆေးပေါက်သွားတာ အန်ကယ်၊ ဆေးသမား
ဆေးပေါက်ပြီဆိုရင် ဒီပုံစံပဲ။ အခုရယ်ရာက ငိုချင်ငိုပုံစံလေ၊ အ
လဲ ဒီကောင် အန်ကယ့်ကို ဒေါ်ကြီးမောကြီးနဲ့ပြောပြီး အခုပဲထို
ခိုးတာကြည့်လေ။ ကျွန်တော်ဆို ဒါမျိုးခဲယဉ်းသားပဲ။ ကိုယ်ကဘ
လောက်မှားမှား ပြန်ပြီးတောင်းပန်ဖို့ဆိုတာ စိတ်ကူးထဲတောင်မရှိ



ဟဲ...ဟဲ...ဟဲ"

"နွေးနွေးထင်တယ် ကိုရန်နောင်ထွတ်...ကနေ့အဖို့ အောင်
အောင် ဆေးမှီဝဲထားပုံမရသေးဘူး၊ သူ့မျက်လုံးတွေ ကြည်လင်နေ
တယ်။ သူ့အမူအရာတွေ မထိုင်းမှိုင်းပဲ သွက်လက်နေတယ်။ ဆေး
ပေါက်တာ ဘယ်နည်းနဲ့မှမဟုတ်ဘူး။ သူ့ပင်ကိုယ်မူမှန်။ ဗုဒ္ဓဘာသာ
ဝင်ပီပီ၊ လူကြီးကို ဂါရဝထားကန်တော့သွားတာ"

နွေးနွေး၏စကားကို ဦးစည်သူနှင့် ဒေါ်အေးမွန်က အလေး
အနက်မထားဘဲ၊ ရန်နောင်ထွတ်ဘက်သို့သာ ဒေါ်အေးမွန်က လှည့်
ပြီးတောင်းပန်သည်။

"အန်တီကတော့...မောင်ရန်နောင်ထွတ်ကိုပဲ အားနာမိတာပါ။
ဒီကောင်ဆိုးလေးကြောင့်တော့...အန်တီတို့အပေါ် မောင်ရန်နောင်ထွတ်
အခင်အမင်မပျက်ပါစေနဲ့ကွယ်...အန်တီကပဲ ကြားဝင်တောင်းပန်ပါ
တယ်။ ဒီကောင်လေးမိဘတွေရဲ့မျက်နှာကြောင့် အန်တီတို့မှာ မြွေ
ပွေးကို ခါးပိုက်ပိုက်ထားရတာပါ။

"အာ...ကျွန်တော်က ဘာလို့ အန်တီတို့ကို အခင်အမင်ပျက်
ရမှာလဲ။ ကျွန်တော် သမားတော်တစ်ယောက်အနေနဲ့၊ ဒီလိုဆေးသမား
တွေကို ထောင်သောင်းချီပြီး ကြုံဘူးနေတာပဲ၊ သူတို့ကို ကျွန်တော်
ခွင့်လွှတ်ပြီးသားပါ။ အော်...ဒါထက်၊ အန်ကယ်နဲ့အန်တီ အပြင်သွား
မလို့ထင်တယ်...သွားလေ...ကျွန်တော်လဲ တစ်အောင့်နေပြီးပြန်မှာပါ"

ဒေါက်တာရန်နောင်ထွတ်က သူ၏သိန်းဂဏန်းတန် ပတ်ထား
သောရိုးလက်(စ်)လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနွေးနဲ့အတူတူ ဒီမှာပဲ ကျွန်တော်ညစာစားသွားပါမယ်။ ဒါပေမဲ့ အန်တီတို့ပြန်လာတဲ့အထိတော့ ကျွန်တော်နေနိုင်မယ်မထင်ဘူး၊ ဒီနေ့ ညနေခြောက်နာရီတိတိမှာ သမားတော်တွေချည်းတက်ရောက်မဲ့ အစည်းအဝေး...အင်းယားလိတ်ဟိုတယ်မှာ တက်စရာရှိနေတယ်...ကျွန်တော့်ကို အခမ်းအနားမှူးတာဝန်ပေးထားတာမို့ ပျက်ကွက်လို့မဖြစ်လို့ပါအန်တီ"

ရန်နောင်ထွတ်လေအာနေစဉ် နွေးနွေးက ပြတင်းပေါက်မှ အပြင်သို့ငေးကြည့်နေမိသည်။ ဒေါက်တာရန်နောင်ထွတ်သည် စကားပြောလေ့တိုင်း ကိုယ်ရည်သွေးစကားတွေ အမြဲပါတတ်ပါလားဟု ရင်ထဲကမှတ်ချက်ပြုနေမိသည်။

* * *



[၅]

အောင်နေမျိုး ဂိုဒေါင်ခန်းသို့ပြန်ရောက်ပြီး တအောင့်အကြာ မှာပင် ဝါဝါသည် ဦးမော်ကြီးကိုလာခေါ်သည်။

ထို့နောက် ဦးမော်ကြီးမောင်းသောကားဖြင့် ဦးလေးစည်၊ ဒေါ်ဒေါ်မွန်တို့ အပြင်ထွက်သွားကြသည်။

အိမ်ကြီးပေါ်တွင် မမနွေးနှင့် ဒေါက်တာရန်နောင်ထွတ်တို့ နှစ်ယောက်သာကျန်ခဲ့ပါလားဟု အောင်နေမျိုးအတွေးဝင်မိသည်။

ယခုချိန်ထိ အောင်နေမျိုး ညစာထမင်းမစားရသေး။ စားချင်စိတ်လည်းမရှိ။ အကယ်၍ စားချင်စိတ်ရှိသောကြောင့် အိမ်ကြီးသို့ သွားမည်ဆိုပါကလည်း ဒေါ်သူဇာနှင့် ဝါဝါကိုတွေ့အံ့မထင်၊ ဒေါက်တာရန်နောင်ထွတ်ရှိနေချိန်တွင် ဒေါ်သူဇာနှင့် ဝါဝါက တခြားရှောင်နေရမည်ဟု ဒေါ်ဒေါ်မွန်က အမိန့်ပေးခဲ့မည်သာ။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုးပြင်းထန်စွာတောက်ခေါက်မိသည်။ အိပ်ရာထက်တွင် အောင်နေမျိုးပစ်လှဲချလိုက်သည်။ ဆေးသွတ်ငါးသုံးလုံးစီးကရက်ကို တစ်လိပ်မီးညှိရှူဖွာရှိုက်သည်။

ပထမတစ်လိပ်ကုန်သွားသည်။ ဒုတိယတစ်လိပ် ထပ်မံမီးညှိပြန်သည်။ တဖြည်းဖြည်းမျက်တောင်စင်းလာသည်။

ဦးခေါင်းထဲသို့ ဖွဲမိဖွဲရာတွေဝင်လာတော့သည်။

ဦးလေးစည်သည် မိမိထက် ကိုရန်နောင်ထွတ်ပေါ်တွင် ပို၍အလေးသာနေသည်။ ကိုရန်နောင်ထွတ်ကို အရေးပေးသလောက် မိမိကို နှိမ်ချင်သည်။ မိမိနှင့် မမနွေးဖြစ်သွားမှာကို သေမလောက်စိုးရိမ်နေသည်။ ဤစိုးရိမ်မှုလွန်ကဲသောကြောင့် မမနွေးကိုရော မိမိကိုရော ဟန့်တားမှုတွေပြင်းထန်လွန်းသောကြောင့် နဂိုက မောင်နှမလိုခင်မင်ခဲ့ကြသော မိမိနှင့်မမနွေးတို့မှာ အရောတဝင်တွေတန့်သွားသည်။ တကယ်တော့ ဤသို့ဟန့်တားမှုကြောင့်ပင် နဂိုက သူ့ဟာသူမသိစိတ်ဖြင့် မောင်နှမလိုနေခဲ့သည်တို့မှာ ယခု သိစိတ်လေးတွေဝင်ရောက်လာအောင်ပြုလုပ်သလိုဖြစ်သွားပုံရသည်။ တစ်ဦးကိုတစ်ဦး မေတ္တာအကြည့်လေးတွေ၊ သံယောဇဉ်အပြုအမူလေးတွေ နှလုံးသားသဘောလေးတွေဝင်လာချင်သလိုပင်ဖြစ်လာလေသလားမပြောတတ်။

အမှန်တော့ ယနေ့ညနေဘက်ဖြစ်ပျက်ခဲ့သည်တို့မှာ မိမိနဂိုသာမာန်စိတ်နဲ့သာဆိုလျှင် မိမိ၏ကားဖြင့် ပဲခူးနေအိမ်သို့တန်းမောင်းနေရုံဖြစ်ပေသည်။

သို့သော်...မမနွေးက မင်းကို မမနွေးဆေးကုပေးဖို့၊ ဆန္ဒလည်း



ရှိတယ်၊ စေတနာလည်းရှိတယ်၊ မမနွေးကုပေးမယ်၊ ကိုယ့်အခန်းကိုယ်ပြန်တော့ဆိုသောကြောင့်သာ မိမိပဲခူးသို့မပြန်တော့ခြင်းဖြစ်ပါ၏။

ယခုဆိုလျှင်...

အိမ်ကြီးထဲတွင် မမနွေးနှင့် ဒေါက်တာရန်နောင်ထွတ်တို့နှစ်ယောက်တည်းရှိနေကြသည်။ နှစ်ယောက်ချင်းလွှတ်ပေးသည်ဆိုပါတော့...

"အိုး...မမနွေးက စိတ်လွတ်သဘောလွယ်မျိုးမှမဟုတ်တာ"

"အို...မင်းနဲ့ဘာဆိုင်လဲ...သူမိဘကိုယ်တိုင်က လွှတ်ပေးထားတာပဲဟာ"

ယင်းသို့ တောင်တွေးမြောက်တွေးရင်းပင် အောင်နေမျိုးမျက်လုံးတွေစင်းလာသည်။ မျက်ခွံတွေလေးလာသည်။ မျက်လုံးစုံပိတ်သွားပါလေတော့၏။

စုံပိတ်သွားသောမျက်လုံးထဲဝယ် မမနွေးကိုပဲ အောင်နေမျိုးတွေ့မြင်နေရသည်။

မမနွေးသည် မိုးပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဆံကေသာကို နဖူးပြန်အပ်ဖီးကာ နောက်သို့ ဖါးလျားချထားသည်။ မမနွေး၏အသားရောင်မှာ ဆင်စွယ်နှစ်ရောင် ဖြူဝင်းနေသည်။ ဒေါက်တာရန်နောင်ကလည်း ကြက်သွေးရောင်စပို့ရှပ်ဝတ်ထားသည်။ အောက်သုံးချည်အနက်တွင် ဖြူမွှင့်ပါသောလုံချည်ဝတ်ထားသည်။

စည်သူမွန်ရိပ်ငြိမ်တွင် သူတို့နှစ်ယောက်တည်းရှိသည်။ ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် စုံပုံလေးထိုင်နေသည်။ မမနွေးကို ရန်နောင်ထွတ်က ဘာမပြောညာမပြော အတင်းပွေ့ဖက်သည်။

"အို...ဒီလိုမလုပ်နဲ့ မနွေးမကြိုက်ဘူး"

"ချစ်လွန်းလို့ပါမနွေး...တစ်နေ့မှာ...မနွေးနဲ့ကိုယ် လက်ထပ်မှာပဲဟာ"

"ဘာဆိုင်လဲ...လက်ထပ်ပြီးမှလက်ထပ်တာတစ်မျိုးပဲ...လက်မထပ်ခင် ဒီလိုရမ်းကားတာမျိုး မနွေးလုံးဝလက်မခံဘူး...လွှတ်...လွှတ်..."

"မလွှတ်ဘူး၊ ကိုယ့်ဇနီးလောင်းပဲဟာ"

နှစ်ယောက်သား ရုန်းသူကရုန်း၊ ဖွတ်ဖက်သူကဖက်နေစဉ်မှာပင် သူတို့နှစ်ဦးရှိရာ ချုံခန်းထဲကို အောင်နေမျိုးရောက်သွားသည်။

"မမနွေးကို လွှတ်လိုက်ပါဒေါက်တာ"

"အံမာ...မင်းက ဘာကောင်မို့ ငါ့ကိုအမိန့်ပေးတာလဲ၊ ငါတို့က မကြာခင်လက်ထပ်မဲ့သူတွေ"

"အဲဒါက...နောက်ကိစ္စပဲ။ အခုလောလောဆယ် မမနွေးက အလိုမတူဘူးလေ၊ ဒီတော့ ဒေါက်တာမရမ်းကားသင့်ဘူးပေါ့"

"လျှာမရှည်နဲ့...မင်းအခုထွက်သွား"

"ခင်ဗျားယုတ်မာနေသရွေ့...ကျွန်တော် ထွက်မသွားဘူးဗျာ"

"ဒါဖြင့်...ကဲကွာ"

အောင်နေမျိုးအငိုက်မိသွားသည်။ ရန်နောင်ထွတ်၏လက်သီးချက်ဖြင့် ဖင်ထိုင်လဲကျသွားသည်။



"အို...အောင်လေးနာသွားပြီ...အောင်လေး... အောင်လေး...အောင်လေး..."

ခဏသတိလစ်သွားသောအောင်နေမျိုးသည် မမနွေးအတင်းလှုပ်နှိုးသဖြင့် မျက်စိနှစ်လုံးပြန်ဖွင့်လာသည်။

မမနွေးသည် မိုးပြာရောင်ဝတ်စုံလေးနှင့်ပင် ဖြစ်ပါ၏။

သို့သော် စည်သူမွန်ရိပ်ငြိမ်၏ချုံခန်းတွင် အောင်နေမျိုးလဲကျနေခြင်းမျိုးမဟုတ်၊ ဂိုဒေါင်တန်းလျားရှိ မိမိ၏အခန်း၊ မိမိ၏ခုတင်ပေါ်မှာပင် လဲလျောင်းနေခြင်းဖြစ်နေသည်။

မမနွေးသည် ခုတင်ဘေးတွင်ရပ်ခါ မိမိကို ခေါ်ရိုးခေါ်စဉ်အတိုင်း အောင်လေး...အောင်လေး...အောင်အောင်ဟု ထပ်ပြန်တလဲလဲ ခေါ်နေခြင်းကိုသာတွေ့ရသည်။

"ဪ...မမနွေး"

"ဟုတ်တယ်...မမနွေးပဲ၊ မင်း ဘာဖြစ်နေတာလဲ အောင်အောင်၊ ဒီလိုညနေစောင်းမှာအိပ်ရင် နေမကောင်းဖြစ်တတ်တယ်"

မမနွေး မိမိဂိုဒေါင်တန်းလျားခန်းအထိ လိုက်လာသည့်အတွက် အောင်နေမျိုး ထိတ်လန့်မိသည်။

"ဟင်...မမနွေး...ဒီ ကျွန်တော့်တန်းလျားခန်းကိုလိုက်လာဘာလား"

"အင်းပေါ့...မနေ့ညနေက အောင်အောင်ဆေးဖြတ်ဖို့ကိစ္စ မနွေးနဲ့ ဘာမှမယ်မယ်ရရဆွေးနွေးရသေးတာမှမဟုတ်တာ၊ ဒါကြောင့် ဆက်ဆွေးနွေးဖို့ မမနွေးလာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုး လဲလျောင်းရာမှထလိုက်သည်။ မိမိက အထိတ်တလန့်ပြောနေသည်ကို မမနွေးက လေအေးလေးနှင့်ပင်ပြန်ပြောနေခြင်းအတွက် အံ့ဩမိသည်။

"ခေါက်တာကြီးကော မမနွေး"

"ပြန်သွားတာကြာပြီ…လာ…ဝရန်တာမှာထွက်ပြီး တိုင်ပင်စကားပြောကြစို့အောင်အောင်"

ပြောပြီး မမနွေး ဝရန်တာသို့လျှောက်သွားသည်။ အောင်နေမျိုးက ကုလားထိုင်နှစ်လုံးဆွဲကာ ဝရန်တာသို့လိုက်သွားသည်။

"ထိုင်ပါ…မမနွေး"

နွေးနွေးက ချပေးသောကုလားထိုင်တွင်ဝင်ထိုင်သည်။ အောင်နေမျိုးက သူ့ကုလားထိုင်ကို မမနွေးနှင့် မူးကပ်မနေစေဘဲ ခပ်လှမ်းလှမ်းနေရာတွင်ချပြီးမှ ထိုင်လိုက်သည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် စကားပြော၍ကြားနိုင်လောက်သောနေရာဖြစ်ပေသည်။

အောင်နေမျိုးလုပ်ဆောင်နေသည်ကို နွေးနွေးက ငေးကြည့်နေပါ၏။

"အောင်လေးက သိပ်ပြောင်းလွဲသွားတယ်နော်"

"ကျွန်တော်ဘာပြောင်းလွဲလို့လဲမမနွေး"

နွေးနွေးကပြန်မပြောဘဲ ဝရန်တာမှ ပြင်ပသို့ငေးကြည့်နေသည်။ နေတော့ဝင်သွားပြီ။ မှောင်သွားသည်တော့မဟုတ်သေး၊ ညနေဆည်းဆာ၏ အလင်းရောင်ရှိနေပေသည်။

အောင်နေမျိုး စီးကရက်နှစ်လိပ်အရှိန် မျက်စိအမြင်တွင် အား



…မှိုင်းနေသည်။ မှိုင်းနေသည့်ကြားမှာပင် မမနွေးသည် ချောလှနေပါ၏။

"မင်း…ဆေးချထားတယ်မဟုတ်လား"

"နှစ်လိပ်ထဲပါ…စိတ်တွေ ကသောင်းကနင်းဖြစ်လွန်းလို့……ငြိမ်သွားအောင်ချလိုက်မိတာပါ"

"ဆေးဖြတ်မယ်လို့ဆုံးဖြတ်ပြီးမှပဲဟာ၊ မချပဲနေသင့်တာပေါ့…အောင်အောင်ရယ်"

"ဒီလိုလွယ်လွယ်နဲ့ဖြတ်နိုင်ရင်…ကျွန်တော့်ဘာသာ ပဲခူး…မှာပဲဖြတ်မှာပေါ့ မမနွေး…ဟောဒီ စည်သူမွန်ရိပ်ငြိမ်ကြီးကိုတောင်…ဘာဖို့ဘယ်လိုတော့မှာလဲ"

"လာဖို့ဘယ်လိုတော့မလဲ…ဟုတ်လား၊ မင်း မမနွေးတို့အိမ်…နေရတာ မပျော်ဘူးမဟုတ်လား။ မမနွေးကို မင်းဆက်ဆံပုံကလဲ…စိမ်းသွားတယ်…ဟိုတုန်းကနဲ့ ဘာမှမဆိုင်တော့ဘူး၊ ဒါကြောင့်…သိပ်ပြောင်းလွဲသွားတယ်လို့ မမနွေးပြောတာ"

အောင်နေမျိုးက မမနွေးကို မျက်နှာလွှဲမထားတော့ပဲ တည့်တည့်ပင်ကြည့်လိုက်သည်။

"ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန် ဘယ်အချိန်ပြန်လာမလဲ မမနွေး၊…အနီးလျားမှာ မမနွေးနဲ့ ကျွန်တော်အတူရှိနေတာကိုတွေ့သွားရင် မိုးမီး…သွားမယ်မမနွေး၊ ကျွန်တော့်အတို့ ဆေးဖြတ်ခွင့်မရ၊ တက္ကသိုလ်…ခွင့်မရတွေဖြစ်သွားလိမ့်မယ်…စည်သူမွန်ရိပ်ငြိမ်ကြီးက ကျွန်…ခေါင်းနဲ့ဆင်းပြေးရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်း…မမနွေးကို နှင်နေတာလား"

"ခက်တယ်…မမနွေးရယ်"

အောင်နေမျိုးက ညည်းညည်းတွားတွားလေး ညည်းတွားပြီး သက်ပြင်းကြီးချပါ၏။

"အားလုံးကို မမနွေး သဘောပေါက်နားလည်တယ်အောင်အောင်…တကယ့်အစစ်အမှန်မှာတော့…ဖေဖေနဲ့မေမေဟာ အန်ကယ်ဟိန်းနဲ့ အန်တီချိုကို တကယ့်ငယ်ပေါင်းတွေမို့…တကယ်ခင်တာပါ။ အောင်အောင်ကိုလဲ ခင်ပါတယ်။ ဒါပေမဲ့ ဖေဖေနဲ့မေမေ့မှာ ကိုရန်နောင်ထွတ်ရဲ့ဖောတွေ သိပ်ကပ်နေတယ်လေ၊ အကြောင်းတစ်ခုခုကြောင့် ကိုရန်နောင်ထွတ်က နောက်ဆုတ်သွားမှာ သိပ်အစိုးရိမ်ကြီးနေကြတယ်"

"ဒါဆို မမနွေး…ဒေါက်တာကြီးကို မြန်မြန်လက်ထပ်လိုက်ပေါ့ဗျာ၊ အဘက်ဘက်ကပြည့်စုံနေတာပဲဟာ"

"အင်း…အဲဒါကျတော့လဲ အခက်သား၊ ဖေဖေနဲ့မေမေ့မှာ အဲဒီလိုဆန္ဒရှိနေတာလဲအမှန်ပဲအောင်အောင်၊ ဒါပေမဲ့…အဲဒီကိစ္စက မမနွေးအတွက် တိမ်မယောင်နဲ့ လာနက်နေတယ်…အပြောလွယ်အလုပ်ခက်နေတယ်"

နွေးနွေးပြောပုံမှာ ညည်းတွားသံပါနေသည်။

"လောကကြီးမှာ လုပ်သင့်လုပ်ထိုက်မှန်းသိပေမဲ့…မလုပ်ချင်တဲ့ဆန္ဒမျိုး ရှိတတ်တဲ့ကိစ္စမျိုးလဲရှိတတ်တာပဲမဟုတ်လား။ ဥပမာဆိုပါတော့ကွာ…ဥပုသ်စောင့်တာဟာ အလွန်ကောင်းမွန်တဲ့အလုပ်မှန်း



ဆမယ့်၊ လက်တွေ့စောင့်ရမှာကျတော့…မစောင့်ချင်တာမျိုးဆိုပါ ဘူး။"

"မမနွေး…ဘာကိုရည်ညွှန်းညည်းတွားနေတာလဲဗျာ"

"မမနွေးဟာ အခုအသက်နှစ်ဆယ့်ခြောက်နှစ်ပြည့်တော့မယ်၊ ဘ်အနေနဲ့ဆိုရင် မမနွေးဟာ ဟိုင်းသွားပြီအောင်အောင်"

"လုံးဝကြီးကိုမဟိုင်းဘူး၊ ဟိုင်းတယ်ဆိုတာ အရွယ်ရင့်လာ ရုပ်ရင့်လာတာ။ မမနွေး လုံးဝကြီးမှအရွယ်မရင့်၊ ရုပ်မရင့်တာပဲ …ကျွန်တော်လာတုန်းက အတူပါလာတဲ့ 'ဝိုင်း' ကို မမနွေးမြင် သာပဲ၊ 'ဝိုင်း' ဟာ အသက်ဆယ့်ခွန်ပဲရှိသေးတယ်။ အဲဒီတုန်းက နွေးနဲ့ 'ဝိုင်း' နဲ့ယှဉ်ပြီး ကျွန်တော်ကြည့်မိတယ်။ မမနွေးက ဝိုင်း က်ပိုလှတယ်၊ ပိုချောတယ်၊ ပိုကြည့်ကောင်းတယ်၊ မမနွေး လုံးဝ င့်ဘူး၊ ဝိုင်းလိုပဲ နုတုန်း၊ ပျိုတုန်း မြစ်တုန်းပဲ"

နွေးနွေးထံမှ ကြည်နူးစွာရယ်မောသော ရယ်သံလေးထွက်လာ သည်။ သူမ၏လက်ဝါးလေးဖြင့်လည်း မမီမကမ်း အောင်နေမျိုး၏ ကိုလှမ်းထုသည်။

မည်သို့ပင်ဆိုစေ မိန်းမသားသည် မိန်းမသားပင်ဖြစ်ပါ၏။ ဆရာ ေ မကလို့ ရဟန်းအစ်မ၊ ကျောင်းအစ်မကြီးဖြစ်ပါစေ သူ့မအား ည်၊ ချောသည်ဟုချီးမွမ်းခြင်းခံရလျှင် ကြည်နူးသည်သာ၊ ကျေ သည်သာ။

မမနွေးက ရယ်မောရင်းဆက်ပြောပြန်သည်။

"မမနွေးဆိုလိုတာက…မမနွေး ချောတာ…လှတာ…ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာကို ဆိုလိုတာမဟုတ်ဘူး အောင်အောင်…အခု မမနွေး ရောက်ရှိနေတဲ့အသက်ရော…ပညာရော…ပြည့်စုံနေပြီမို့…အိမ်ထောင်ပြုသင့်တဲ့အချိန်ကာလကိုရောက်ရှိမကဘူး ကျော်တောင်ကျော်သွားတာကို ဟိုင်းသွားပြီလို့ပြောတာ''

''ဒါဆိုလဲ ပြုလိုက်ပေါ့ဗျာ…နေနဲ့လ…ရွှေနဲ့မြပဲဟာ''

''မှန်ပါတယ်…ဒါပေမဲ့…မမနွေးကိုယ်တိုင်က လက်မထပ်ချင်တာ…ဒါကြောင့် အချိန်တွေဆွဲထားတာ၊ လက်ထပ်ရမှာဝန်လေးနေတာ''

''ဘာလို့ ဝန်လေးနေတာလဲ၊ ဘာလို့လက်မထပ်ချင်သေးတာလဲ၊ ဘာလို့အချိန်ဆွဲနေတာလဲ''

''အဲဒါကို မမနွေးကိုယ်တိုင် ကိုယ့်ဟာကိုယ်အကြိမ်ကြိမ်ပြန်မေးတယ်…ဒါပေမဲ့ အဖြေထွက်မလာဘူး အောင်အောင်''

''ဒါဆို…ကျွန်တော်ပြန်မေးမယ်…စိတ်မရှိနဲ့နော်… မမနွေးနဲ့…ဒေါက်တာကြီးဟာ နှစ်ယောက်စိတ်တူသဘောတူ မေတ္တာရှိလာတဲ့သူတွေမဟုတ်ဘူးလားဗျာ…''

နွေးနွေးတွေဝေသွားပြန်သည်။ သူ့ကိုယ်သူ ပြန်ဆန်းစစ်ဟန်တူပါ၏။

''အင်း…ပြောရရင်တော့…ကိုရန်နောင်ထွတ်ကို မမနွေးမေတ္တာရှိသလား၊ မရှိဘူးလားဆိုတာ ခုချိန်ထိ ကိုယ့်ဟာကိုယ်ပြန်ဆန်းစစ်ပြီး အလေးအနက်မေးမကြည့်မိသေးဘူး။ ကိုရန်နောင်ထွတ်ဟာ…မမနွေးတို့ဆေးပညာဆရာဝန်လောကထဲမှာ အကြီးအကဲတစ်ယောက်ပဲ၊



လွန်ခဲ့တဲ့ခြောက်လလောက်က ဆေးပညာကိစ္စနဲ့စပ်လျဉ်းပြီး သူနဲ့မမနွေးတွေ့ဆုံကြတယ်၊ အဲဒီနောက် သူက မမနွေးကို မိတ်ဖွဲ့တယ်။ မိတ်ဆွေအဖြစ်နဲ့ စည်သူမွန်ရိပ်ငြိမ်ကို ခဏခဏလာတယ်။ နှစ်လလောက်လာပြီးတဲ့နောက် မမနွေးကိုလက်ထပ်ပါရစေလို့ပြောတယ်၊ ဖေဖေနဲ့မေမေ့ဆီမှာ သူခွင့်ပန်တယ်။ ဖေဖေနဲ့မေမေက သဘောတူရုံမကဘူး သူ့ကိုသိပ်သဘောကျတယ်၊ မမနွေးအနေနဲ့ကလည်း အိမ်ထောင်ပြုမယ်ဆိုရင်တော့ ဒီလူဟာ ရွေးသင့်တဲ့လူ လက်ခံသင့်တဲ့လူလို့ သတ်မှတ်ပြီး လက်ထပ်ဖို့သဘောတူလိုက်တာပဲ အောင်အောင်''

''တကယ့်ပေါ့ရွှတ်ရွှတ်ကြီးပါလား မမနွေး…ကျွန်တော်သာဆိုရင်တော့…ကိုယ့်ရင်ထဲ နှလုံးသားထဲက စိမ့်ယိုအောင်ချစ်တဲ့သူကိုမှ လက်ထပ်မှာ''

''ဝိုင်းဆိုတဲ့ မိန်းမချောလေးကိုလား''

ဖေဖေ၏ပြောပြထားချက်အရရော…နွေးကိုယ်တိုင် အောင်အောင်နှင့်အတူလိုက်လာသည်ကိုတွေ့ဘူးသောကြောင့်ရော ဒီကောင်လေးနှင့် ဒီကောင်မလေး ဘာလိုလိုဖြစ်နေကြပြီဟု ယူဆကာ တမင်ဘကာနောက်ပြောင်သည့်သဘောဖြင့် ပြောလိုက်ခြင်းဖြစ်ပါ၏။

သို့သော် အောင်အောင်ပြန်ပြောသောစကားသည် နွေးနွေးကိုအံ့သြသွားစေပါ၏။

''ဝိုင်းကို ကျွန်တော်မေတ္တာစကား တစ်ခွန်းမှမပြောရသေးပါဘူး မမနွေး။ မိန်းကလေးနဲ့ယောကျ်ားလေးမှာ မေတ္တာစကား စပြီးပြောသင့်ရှိတာဟာ ယောကျ်ားလေးပါ။ ကျွန်တော်က တစ်ခွန်းမှမပြော

www.burmeseclassic.com

www.burmeseclassic.com



သေးတာမို့…ဝိုင်းနဲ့ကျွန်တော်ဟာ ချစ်သူတွေမဖြစ်ကြသေးပါဘူး

"ဟယ်…မဟုတ်တာပဲအောင်အောင်ရယ်"

"ဘာကို 'ဟယ်'ပြီး ဘာကို'မဟုတ်တာ'လဲမမနွေး"

"အောင်အောင်တို့နှစ်ယောက်တွဲပြီး သွားလာနေကြတာ… မေတ္တာမဖွင့်ဟသေးဘူးဆိုရင် မိန်းကလေးဘက်ကခများ အထင်သေး ရမှာပေါ့…ဝိုင်းရဲ့မိဘတွေကကော ဝိုင်းကိုမဟန့်တားကြဘူးလား ကွယ်။ အောင်အောင်နဲ့သဘောမတူဘဲနဲ့တော့ ဘယ်လွှတ်ပေးထား ကြမလဲ"

"နို့…မမနွေးနဲ့ ဒေါက်တာကြီးလဲ မေတ္တာမပါဘဲ…အတူ သွားနေတာပဲမဟုတ်လား"

"မမနွေးတို့နဲ့ကျတော့ အခြေအနေက တစ်မျိုးစီပေါ့ အောင် အောင်…အရွယ်တွေလဲကြီးပြီ၊ ပညာတွေလဲပြည့်စုံပြီ၊ တစ်နေ့ကျရင် လက်ထပ်ကြမယ်လို့လဲ ဆုံးဖြတ်ထားပြီးပြီ။ နှစ်ဘက်မိဘကလည်း သဘောတူထားပြီ။ ဒီတော့…မမနွေးတို့အခြေအနေက မေတ္တာအစိုး မဟုတ်တော့ဘူး…မေတ္တာဟာရေးကြီးခွင်ကျယ်မဟုတ်တော့ဘူး ပတ်ဝန်းကျင်ကဘာပြောပြော ဂရုစိုက်စရာလဲမလိုတော့ဘူး၊ အောင် အောင်နဲ့ဝိုင်းတို့အခြေအနေနဲ့ အရွယ်ကျတော့…တစ်ယောက်နဲ့တစ် ယောက် မေတ္တာအပြန်အလှန်မရှိသေးဘဲ မဖွင့်ဟရသေးပဲ တွဲကြတာ ဆိုတော့…ဝိုင်းဘက်က နစ်နာနေမလားလို့ပါ"

အောင်နေမျိုးတွေဝေသွားသည်။ ပြီး…မမနွေးနှင့် မျက်နှာချင်း ဆိုင်လှည့်ထိုင်သည်။



"ခက်တာပဲမမနွေး…ပဲခူးမှာ ကျွန်တော်ဟာ ဆေးသမားဆို ပြီး အပေါင်းအသင်းတွေက ကျွန်တော့်ကိုရှောင်ကြတယ်၊ အတူးသဖြင့် မိန်းကလေးသူငယ်ချင်းတွေက သိသိသာသာကြီးကို ရှောင်ကြတယ်။ အဲဒီကြားထဲက ဝိုင်းဟာ ကျွန်တော့်ကို ရဲရဲတင်းတင်းလဲဆက်ဆံတယ်၊ ခင်ခင်မင်မင်လဲဆက်ဆံတယ်၊ ပထမတော့ ဝိုင်းဟာ ရှစ်တန်းကျောင်း သူပါ။ ကျွန်တော်က ဆယ်တန်းနှစ်ခါဆက်ကျတော့ ဝိုင်းကတက်လာ ပြီး ကျွန်တော်နဲ့ဆယ်တန်းအတူတူဖြစ်သွားတယ်။ ကျွန်တော်က နှစ်ခါ ကျဆိုတော့ အပြင်ဖြေဖြစ်သွားပြီလေ။ ကျွန်တော်ကျူရှင်တက်ပြီးဖြေ ရမှာ…အဲဒီကျူရှင်ကို ဝိုင်းကလာတက်ရာက ဝိုင်းနဲ့ကျွန်တော် ခင် မင်သွားကြတာပါ၊ ဝိုင်းကလဲ ကျွန်တော်စာကြိုးစားချင်လာအောင် ဆေးဖြတ်ချင်လာအောင် ပြောနိုင်စွမ်းလေးတွေရှိလာတယ်၊ ဝိုင်းကိုယ် တိုင်က စာတော်တော့ ကျွန်တော့်ကို ဆယ်တန်းဖြေဖို့ တွဲခေါ်နိုင်ခဲ့ တယ်ဆိုပါတော့ မမနွေးရာ…အဲ…မမနွေးပြောသလို…ကျွန်တော် နဲ့တွဲနေတဲ့ဝိုင်းမှာ နစ်နာရှာမယ်ဆိုတဲ့အတွေးမျိုး ကျွန်တော်တွေးမိပြီး သူနဲ့မတွဲပဲ ရှောင်သေးတယ်။ ဒါကျတော့ ဝိုင်းက ငိုတယ်။ ကျွန် တော့်ကြောင့် ဝိုင်းမငိုစေချင်လို့ ဆက်ပြီးတွဲနေတာပဲ မမနွေး"

"ဝိုင်း…မိဘတွေက အောင်အောင်နဲ့တွဲနေတာကို မကန့်ကွက် ကြဘူးလား…ဒါမှမဟုတ် မသိကြဘူးလား"

"သိကြသားပဲ…ကျွန်တော်နဲ့ဝိုင်းတွဲတာ ခိုးကြောင်ခိုးဝှက်မှ မဟုတ်တာ…ဝိုင်းတို့အိမ်အထိ ကျွန်တော်ဝင်ထွက်နေတာပဲ၊ ဒါပေ မဲ့…ဝိုင်းက တစ်ဦးတည်းသောသမီးလေးဆိုပြီး အလိုလိုက်ထားကြ

www.burmeseclassic.com

www.burmeseclassic.com



တာမို့…ဒီအတိုင်း ဝိုင်းစိတ်ချမ်းသာအောင်နေပါစေဆိုတဲ့သဘောမျိုး ဖြစ်မယ် မမနွေး''

''ဝိုင်းဟာ သနားစရာမိန်းကလေးပဲ''

''ဟုတ်တယ်…ဝိုင်းဟာ သနားစရာတကယ်ကောင်းပါတယ်။ ကျွန်တော့်လိုဆေးသမား…အခုနှစ်မှဆယ်တန်းအောင်တဲ့လူစားမျိုးကမှ ဝိုင်းကလာခင်မင်တယ်လေ။ ကျွန်တော့်ထက်သာတဲ့အင်ဂျင်နီယာ… ဆရာဝန်…စစ်ဗိုလ်တွေကို ဝိုင်းက စိတ်မဝင်စားပဲ ကျွန်တော့်ကိုမှ လာခင်ရှာတယ်။ တကယ်တော့ ဝိုင်းဟာ ရုပ်ချောတယ်၊ သဘောကောင်းတယ်၊ အထိုက်အလျောက်ငွေကြေးချမ်းသာတဲ့မိဘရဲ့ တစ်ဦးတည်းသောသမီးလဲဖြစ်သေးတယ်''

''ဒါဆို…အောင်အောင်ဆေးဖြတ်…တက္ကသိုလ်ဆက်တက် ဘွဲ့ရပြီးရင် ဝိုင်းကိုလက်ထပ်လိုက် အောင်အောင်''

''ကျွန်တော်ဆေးဖြတ်မှာပါ…တက္ကသိုလ် ဘွဲ့လည်းရအောင်ယူမှာပါ၊ အဲဒီအဓိကနှစ်ချက်ကြောင့်လဲ ဒီမှာလာနေတာပါ။ ဒါပေမဲ့ ဆေးဖြတ် ဘွဲ့ရပြီး ဝိုင်းကိုလက်ထပ်ဖို့ဆိုတာတော့ မသေချာပါဘူး မမနွေး''

''မင်းကိုယ်တိုင် ဝိုင်းကိုသနားတယ်ဆို''

''သနားတာနဲ့လက်ထပ်တာဟာ တစ်ခုနဲ့တစ်ခုပတ်သက်နေလို့လား မမနွေး။ ကျွန်တော်ပြောခဲ့ပြီလေ၊ ကျွန်တော်လက်ထပ်သူဟာ ကျွန်တော့်အသည်းနှလုံးထဲက စိမ့်ယိုလာအောင်ချစ်တဲ့သူကိုမှ လက်



ထပ်မှာလို့။ ကျွန်တော်က မမနွေးလို ဦးနှောက်ကိုရှေ့တန်းတင် ဦးစားပေးပုံစံမျိုးနဲ့တော့ လက်မထပ်ဘူးမမနွေး''

နွေးနွေးက အောင်နေမျိုးမျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။ အောင်အောင်၏စကားများကြောင့် နွေးနွေးသည် ကိုယ့်ဟာကိုယ်ပင် ရှက်စိတ်လေးဝင်မိပါ၏။ ပြီး…အောင်အောင်၏ ခံယူချက်သည် မှန်ကန်သည်ဟုလည်း ထင်လိုက်မိသည်။

လောကကြီးတွင် ကိုယ်တိုင်က ပညာရေးပစ္စည်းဥစ္စာရေး ပြည့်စုံမှုမက ပိုလျှံနေပါလျက် နှလုံးသားမေတ္တာကို အလေးမထားပဲ မိမိကဲ့သို့ပင် ပညာရေး ဥစ္စာရေးပြည့်စုံသူကို ဦးနှောက်၏စေစားချက်အရ လက်ထပ်သည်ဆိုပါက ဘဝတွင် ဘာအဓိပ္ပါယ်ရှိလေတော့မည်နည်း။

နွေးနွေးသည် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်လာတော့သည်။ မိမိ၏ရင်တွင်းနှလုံးသားမေတ္တာမပါဘဲလျက် ဒေါက်တာရန်နောင်ထွတ်ကို လက်ထပ်မည်ဆိုခြင်းမှာ ဈေးတွက်တွက်ပြီး လက်ထပ်လိုက်ခြင်းသဘောမသက်ရောက်လွန်းပေဘူးလား။

ပထမတွက်သောအဖြေသည် ဦးနှောက်ကတွက်ပေးသော ပုစ္ဆာ၏အဖြေဖြစ်နေသည်။

ယခု နှလုံးသားနှင့်တွက်သော ဒုတိယပုစ္ဆာကို တွက်ကြည့်ရမည်လားဟု စဉ်းစားစရာဖြစ်လာသည်။

ယခု အောင်အောင်ပြောမှပင် မိမိသည် ဒေါက်တာရန်နောင်ထွတ်အပေါ်တွင် အလေးအနက်မရှိခြင်း၊ အနှစ်မပါ စကားသက်သက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခြင်း၏ အိမ်ထောင်ရေးကို ဈေးကွက်ဖြင့်ရေသာခိုအချောင်လို
မိခြင်းတွေသက်ရောက်နေမှန်းမြင်လာသည်။

"ဒါဆို…နွေးနွေးအတွက် ရင်ထဲနှလုံးထဲက စိမ့်ယိုလာသေ
ချစ်သူကိုသာ လက်ထပ်မည်ဆိုပါစို့…"

"ဘယ်မှာလဲ နွေးနွေးရဲ့ချစ်သူ"

"ကဲ…မမနွေးက အောင်အောင်ရဲ့အချစ်နဲ့ပတ်သက်တဲ့ ဖိလေ
ဆိုဖီကိုလက်ခံတယ်ပဲထားပါတော့၊ ဒါပေမဲ့…မမနွေးမှာ ကနေ
ရင်ထဲအသည်းထဲ နှလုံးထဲကယိုစိမ့်လာအောင်ချစ်တဲ့သူ ရှိမှမရှိတာ
ဒါကြောင့် ဒေါက်တာရန်နောင်ထွတ်ကို လက်ခံလိုက်မိတာ"

"ဟုတ်နိုင်ပါမလား မမနွေး"

"မယုံရင်ပုံပြင်ပေါ့ကွာ…တကယ်တော့…လူတစ်ယောက် ဟာ
ညာသန်ရင် ဘယ်မသန်ဘူး၊ ဘယ်သန်ရင် ညာမသန်ဘူး၊ မမနွေး
ကို ဒီအရွယ်ထိချဉ်းကပ်သူတွေ အများကြီးပေါ့…ဒါပေမဲ့ မမနွေး
က ဟိုက်စကူးမှာထဲက ဆရာဝန်ဖြစ်ချင်တဲ့ဆန္ဒ သိပ်ပြင်းထန်တယ်
ဒါကြောင့် ဘယ်သူတွေဘယ်လိုပဲချဉ်းကပ်ကပ်…ကျောင်းစာတစ်ခု
အပေါ်မှာသာ အဓိကအာရုံထားလေတော့…ဆယ်တန်းအောင်ပြီး
ဆရာဝန်ဖြစ်တဲ့အထိ ရှစ်နှစ်လောက်ကြာခဲ့တယ်၊ ဆရာဝန်ဖြစ်လာ
ပြန်တော့ ပောက်(စ်)ဆာဂျင်နှစ်နှစ်နဲ့ ဆယ်နှစ်လောက်ရှိသွားတယ်
အဲဒီနောက် စိတ်ကျန်းမာရေးဆေးရုံမှာ တန်းပြီးဝင်အမှုထမ်းခဲ့တယ်
စိတ်ဝေဒနာတွေနဲ့ပတ်သက်ပြီး သုတေသနပိုင်းတွေမှာ အာရုံပြင်းပြီး…
ဒီလိုနဲ့ ဒီအသက်ဒီအရွယ်ထိရောက်လာတယ်။ အေး…မမနွေးဟာ



ဒါကြောင့် နှလုံးသားအချစ်ဆိုတာနဲ့ တွေ့ကြုံတဲ့အပိုင်းမရှိခဲ့ဘူး။
ဘယ်သန်မို့ ညာဘက်ကိုလစ်လျူရှုထားတဲ့သဘောပဲ…ကဲ…ရှင်းရဲ့
လားအောင်အောင်"

နေမျိုးအောင်သဘောပေါက်စွာခေါင်းညိတ်ပြသည်။ မမနွေးကို
ထပ်ပြန်ငေးကြည့်နေမိပြန်သည်။

မှောင်ရီပျိုးလာသဖြင့် အိမ်ကြီးဆီမှမီးရောင်များ လင်းလက်
လာသည်။ လင်းလက်လာသောမီးရောင်များကိုလှမ်းကြည့်ရင်း
အိမ်ကြီးအပေါ်ထပ်မှ မိမိတို့တန်းလျားကို ရပ်ကြည့်နေသော ဒေါ်သူဇာ
ကို အောင်နေမျိုးလှမ်းမြင်သည်။

ဒေါ်သူဇာသည် ဦးလေးစည်နှင့် ဒေါ်ဒေါ်မွန်ပြန်လာလျှင် မျက်နှာ
လိုမျက်နှာရ မမနွေး ဒီဂိုဒေါင်တန်းလျားသို့လာကြောင်း ပြောလေမည်
လားမသိ။

"မိုးချုပ်သွားပြီမမနွေး၊ အိမ်ကြီးက မီးတွေတောင်လက်နေပြီ။
တော်ကြာ ဦးလေးစည်တို့ပြန်လာပြီး မမနွေးကို ဒီမှာတွေ့သွားရင်…"

အောင်အောင်က စကားဆုံးအောင်မပြောသော်လည်း သဘော
ပေါက်ပါ၏။

"အင်း…မမနွေးပြန်ဆင်းပြီ၊ ဒါပေမဲ့…ဒီကို မမနွေးလာ
ဘဲ့ကိစ္စကို ခုထိမတိုင်ပင်ရသေးဘူး…ဒီလိုလေ…ဆေးဖြတ်တယ်ဆို
တာ…နှစ်နည်းရှိတယ်။ ပထမနည်းက အစိမ်းဖြတ်နည်း၊ ဒုတိယ
နည်းကတော့ အနုနည်းဆိုပါတော့၊ ပထမအစိမ်းဖြတ်နည်းကတော့
ကြမ်းတယ်…ဒါပေမဲ့ ဆေးအပြတ်မြန်တယ်။ ဒုတိယနည်းကတော့…

www.burmeseclassic.com

www.burmeseclassic.com



နဲ့တယ် အဖြစ်ခံရသူအတွက်သက်သာတယ်၊ ဒါပေမဲ့ အချိန်ကာ ကြာမယ်။ အဲဒါ မင်းဘယ်နည်းနဲ့ဖြတ်ချင်သလဲဆိုတာ လာတိုင် တာ"

"အစိမ်းဖြတ်နည်းအကြောင်း နည်းနည်းပြောပြပါလား မမနွေ"

"အောင်အောင့်ကို အခန်းထဲထည့်ထားပြီး တံခါးကိုပိတ် သေ ခတ်ထားမယ်၊ ဆေးသုံးခွင့်လုံးဝမပေးဘူး၊ ယတိပြတ် ဖြတ်တာ အချိန်ကျရင် အောင်အောင်ရဲ့ခန္ဓာသွေးကြောတွေက ဆေးတောင်း လာမယ်၊ အဲဒီမှာ အောင်အောင် မခံမရပ်နိုင်အောင်ခံစားရမယ်။ အဲ မခံမရပ်ခံစားရတာကို မမနွေးက ခံနိုင်ရည်ရှိအောင် ဆေးထိုးပေးမယ် သောက်ဆေးသောက်စေမယ်။ အဲဒါအစိမ်းဖြတ်ပဲ။ အပြတ်မြန်မယ်"

"နောက်တစ်နည်းကကော..."

"အောင်အောင် နေ့စဉ်...စီးကရက်အလိပ် သုံးဆယ်သောက် နေရာက တစ်နေ့ကို ငါးလိပ်စီလျော့သွားမယ်၊ အဲဒီမှာ စားဆေး ထိုးဆေးကတော့...မမနွေးက သင့်တော်သလိုဆောင်ရွက်ပေးမယ် နောက်ဆုံး လုံးဝဆေးလိပ်မသောက်တဲ့အထိပေါ့...အဲဒါကရက်သိ ကြာတယ်၊ လူတော့သက်သာတာပေါ့လေ..."

အောင်နေမျိုးစဉ်းစားပါ၏။

နောက်ဆယ်ရက်ဆိုလျှင် တက္ကသိုလ်သို့ စတင်တက်ရတော့ မည်။ အောင်အောင်သည် ဆေးဖြတ်ပြီး သန့်စင်သောတက္ကသိုလ် ကျောင်းသားဖြစ်ချင်သည်။

"ကျွန်တော်အစိမ်းဖြတ်မယ်မမနွေး"



"ကောင်းတယ်...မမနွေးကလည်း လူနာခံနိုင်စွမ်းရှိရင် အစိမ်း ဖြတ်နည်းကို ပိုကြိုက်တယ်။ အောင်အောင်က ဗလတောင့်တင်းတဲ့ ယ်လေးပဲ။ ဒါပေမဲ့ စဉ်းစားနော်...ဖြတ်တဲ့အတွင်းမှာ အောင် င် မချိမဆန့်ခံစားရမယ်"

"ရတယ် မမနွေး...ကျွန်တော် မြန်မြန်ပြတ်ချင်တာ အဓိက

"အေး...ကိုယ့်ဓါတ်ခံစိတ်က ဒီလောက်ပြတ်ချင်စိတ်ဆန္ဒပြင်း နေရင် ပြတ်သွားမှာပါ။ လောကကြီးမှာ ဘာမဆို စိတ်အဓိကပဲ င်အောင်၊ ဆရာဝန်ဆိုတာ ပျောက်စေဆရာမဟုတ်ဘူး၊ ရေမန်း ဆေးတောင်ဝှေးနဲ့တို့၊ ဆေးဖယောင်းတိုင်ထွန်းပြီး ပျောက်စေ ာမျိုးမဟုတ်ဘူး၊ ဆရာဝန်စွမ်းဆောင်နိုင်တာက ဆေးဖြတ်ချိန် လိုအပ်တဲ့ထိုးဆေး သောက်ဆေးသင့်တော်သလိုပေးမယ်၊ လိုအပ် ဟာရဓါတ်ပေးမယ်၊ အဓိကအကျဆုံးကတော့ လူနာရဲ့စိတ်ပဲ၊ နွေးရှင်းပြတာ အောင်အောင်သဘောပေါက်ပါတယ်နော်"

"သိပ်ကိုပေါက်ပါတယ် မမနွေး...ကျွန်တော်ကြိတ်မှိတ်တင်း မယ်...ဆေးဖြတ်ချင်လွန်းလို့ စည်သူမွန်ရိပ်ငြိမ်မှာလာနေတာပဲ ည့်ပေါ့"

စကားထဲကဓာတ်ပြခြင်းပင်။ အောင်အောင်အဖို့ ဆေးဖြတ် ွန်းသောကြောင့်သာ စည်သူမွန်ရိပ်ငြိမ်တွင် မပျော်ပိုက်ပါပဲလျက် လိုပါပဲလျက် အောင့်အည်းသည်းခံနေရသည့် အဓိပ္ပါယ်ထွက်သော ည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပေမည်။ ဖေဖေနှင့်မေမေတို့၏ အောင်အောင့်အပေါ်တွင် ဆက်ဆံရေးသည် ဤအိမ်၏ အောင်အောင် နေချင်စရာမရှိ။ ပဲခူးရှိ သူ့အိမ် အောင်ဂေဟာတွင် သူသည် ဘုရင်လေးတစ်ပါးကဲ့သို့ နေလာသူမဟုတ်လား။

"ကဲ…အစိမ်းဖြတ်ပဲဖြတ်မယ်။ မဖြတ်ခင် နက်ဖြန်ကျရင် အောင်အောင်ကို စိတ်ရောဂါအထူးကု…မမန္တေးရဲ့ဆေးရုံကိုခေါ်သွားမယ်၊ ပြစရာတွေရှိလို့"

"ဘာပြစရာတွေလဲ မမနွေး"

"ဆေးစွဲသွားလို့ ဆေးသမားဘဝရဲ့ ရင်နာစရာကောင်းတာ တွေ၊ ကြောက်စရာကောင်းတာတွေကို လက်တွေ့လူနာတွေကိုလဲပြ မယ်။ ဆရာဝန်ကြီးဆီမှာ ခွင့်တောင်းပြီး…ရုပ်ရှင်ပြစက်နဲ့ ဆေးသမား တွေရဲ့ဘဝရိုက်ကူးထားတဲ့…ဗီဒီယိုတွေလဲပြမယ်၊ အဲဒါတွေမြင်ရင် အောင်အောင်ဆေးဖြတ်ချင်စိတ်ပိုပြင်းထန်လာစေနိုင်တယ်၊ ကဲ… မိုးချုပ်ပြီ…မမနွေးပြန်တော့မယ်"

ပြောပြောဆိုဆိုပင် ပျာယီးပျာယာနှုတ်ဆက်ပြီး ပျာယီးပျာယာ ပင် မမနွေးပြန်ရန်ထရပ်သည်။

ပြောလို့သာပြောရသည်။ မမနွေးကိုယ်တိုင် မိဘပြန်လာပြီး တန်းလျားတွင် သူမရှိနေသည်ကို ဒက်ထိတိုးသွားမည်ကို အလွန် အမင်းစိုးရိမ်နေမှန်းသိသာပါ၏။

"မမနွေးပြန်ပြီနော် အောင်အောင်"

ဒုတိယအကြိမ်နှုတ်ဆက်ပြီး ခြေလှမ်းတော့သည်။ တန်းလျား



လှေကားထစ်များမှ ဆင်းသက်သည်။

"ခြံထဲမှာ မှောင်နေပြီ မမနွေး။ ကျွန်တော် မမနွေးကို ထိပ် …လိုက်ပို့ချင်ပါတယ်…ဒါပေမဲ့…"

နွေးနွေးက ဘာမှမပြောတော့ပဲ တန်းလျားလှေကားမှဆင်းခဲ့ သည်။ စမ်းတဝါးဝါးဆင်းရပါ၏။ ဤတန်းလျားလှေကားသည် နွေး … တစ်နှစ်နေ၍ တစ်ခါပင်အဆင်းအတက်မလုပ်ဘူးသောကြောင့် …တဝါးဝါးဆင်းရပါ၏။

အောင်နေမျိုး သူ့အခန်းသူပြန်ဝင်ခဲ့သည်။ ညစာထွက်စားရန် …အကျီဝတ်သည်၊ ပုဆိုးလဲနေစဉ်မှာပင် မမနွေးအထိတ်တလန့်အော် …ကြားရသည်။

"အို…အမေ့"

အောင်နေမျိုး ချက်ချင်းသဘောပေါက်သည်။ မမနွေး လှေ …လိမ့်ကျလေပြီ။ လုစ်ခနဲ လွှားခနဲထွက်ခါ လှေကားမှ အောင် …မျိုး ဆင်းလိုက်သည်။

"မမနွေး…မမနွေး…ဘာဖြစ်သွားသေးလဲဟင်"

အစိုးရိမ်ကြီးစွာဖြင့် အော်မေးသည်။ အကျင့်ရပြီးသားမို့… …ခုန်လွှားဆင်းရင်း…လှေကားရင်းတွင်ထိုင်လျက်သားလေးရှိ …သာ မမနွေး၏ပုခုံးနှစ်ဘက်ကိုဆုပ်ကိုင်ရင်း မတ်တပ်ရပ်စေရန် …သည်။

တော်တဆတိုက်ဆိုင်မှုလေးသည် မမျှော်လင့်ပဲဖြစ်သွားသည်။ …နေမျိုးက နွေးနွေး၏ပုခုံးကို ငုံ့ကိုင်းထူပေးနိုက်မှာပင် နွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့မဘာသာမတ်တတ်ထရပ်သောအရှိန်ဖြင့် အောင်နေမျိုး၏ မေးစေ့ကို နွေးနွေး ဦးခေါင်းဖြင့် ဒုတ်ခနဲတိုက်မိတော့သည်။ ဆောင့်မိတော့လည်း မေးစေ့ကို အောက်ပင့်လက်သီးအထိုးခံရသလိုဖြစ်သွားပါ၏။ အောင်နေမျိုးပက်လက်လန်ကျသလိုဖြစ်သွားသည်။

သဘာဝအတိုင်းလဲကျလန်ကျမည့်သူသည် ဆွဲမိဆွဲရာလှမ်းဆွဲကိုင်လှမ်းဆုပ်ကိုင်သည်။ အနီးရှိလူကလည်း လဲကျသူကိုလှမ်းဆွဲကူညီသည်။

ဤသည်မှာ ဖြစ်တတ်သောသဘာဝပါပေ။

အခြေအနေမှာ ဆိုးဆိုးဝါးဝါးလေးဖြစ်သွားပါလေ၏။

အောင်နေမျိုးက ပက်လက်ကျသွားပြီး တစ်ယောက်ကိုတစ်ယောက် ဆွဲသောကြောင့် နွေးနွေးက ထပ်လျက်သား၊ အောင်နေမျိုးအပေါ်မှောက်လျက်ကျပြီး ရင်ချင်းအပ် တစ်ဦးကိုတစ်ဦး ဖက်တွယ်လျက်သားရှိသွားပေသည်။

အမှတ်မထင်ဖြစ်သည်မို့ နှစ်ဦးစလုံး မှင်တက်မိကာ ကြောင်အမ်းပြီးငြိမ်နေမိကြသည်။ တစ်ခဏကြာသည်အထိဖြစ်ပါ၏။ ဤတစ်ခဏသည် မည်မျှအထိကြာသွားသောတခဏမှန်း နှစ်ဦးစလုံး အမှတ်မထားမိကြ။

ဤကိစ္စမျိုးဖြစ်လျှင် ပထမဆုံးအရှက်ကြီးသောမိန်းမသားကပင် သတိပြန်ရသည်။

"အိုကွာ…အောင်အောင်က ဘာမှန်းမသိဘူး"

နွေးနွေး လူးလဲထသည်။ နွေးနွေး၏ရင်တစ်ခုလုံး ဆတ်ဆတ်



န်နေသည်။ ရှက်လိုက်သည်မှာလည်း ဘယ်လိုမျက်နှာထားရမည်မှန်း င်မသိ။ လှေကားထစ်ပေါ်မှလိမ့်ကျရာ၌ ဘယ်နားမှာနာသွားမှန်းပင် သိပါလေတော့၊ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားပေသည်။

အောင်နေမျိုးလည်း ပက်လက်မှထထိုင်သည်။ ချက်ချင်းမထသေးဘဲ မမနွေးကို မော့ကြည့်ငေးကြည့်နေမိသည်။ နွေးနွေးသည် အောင်နေမျိုးကိုပြန်မကြည့်တော့ပဲ အိမ်ကြီးဆီသို့အပြေးကလေးထွက်ပြေးသွားတော့သည်။

အောင်နေမျိုးက ပြန်မထသေးဘဲ ထွက်ပြေးသွားသောမမနွေးကို မျက်စိတစ်ဆုံးကြည့်နေပါ၏။

နွေးနွေးသည် တစ်ရှိန်တည်းပြေးလာခဲ့ပြီး အိမ်ကြီးအဝင်ပေါက်ရောက်မှရပ်ခါ အောင်အောင်ရှိရာသို့ ပြန်လှည့်ကြည့်ပြန်သည်။

အောင်အောင်သည် လှေကားရင်းတွင် ထိုင်လျက်သားနှင့်ပင် မိမိကိုလှမ်းငေးကြည့်နေသည်ကိုတွေ့ရပေသည်။

"ဒီကောင်လေး ခုထက်ထိပြန်မတက်သေးဘဲ ထိုင်နေပါလား"

"ဒီကောင်လေးမေးစေ့ကို ဆောင့်မိတာ…ပက်လက်လန်တဲ့အထိအရှိန်ပြင်းတာမို့ တော်တော်နာသွားရှာသလား"

"ပက်လက်လဲအကျမှာ မိမိကပါ အပေါ်မှဖိကျသဖြင့်…ကျောအောက်မှ တစ်ခုခုတိုးမိဆောင့်မိသွားလေသလား"

"အို…နေပလေ့စေတော့"

စိတ်ကိုတင်းကာ အိမ်ထဲသို့ပြန်ဝင်ခဲ့တော့သည်။

မမနွေး အိမ်ထဲသို့ဝင်သွားမှ အောင်နေမျိုးထရပ်ပါ ပြန်တက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး သူ့အိပ်ရာတွင် ပစ်လှဲချလိုက်သည်။

အောင်နေမျိုးရင်ထဲတွင် ရှေးယခင်က တစ်ကြိမ်တစ်ခါဘူးမှ မခံစားရဘူးသော ခံစားမှုတစ်ခု ယခု ပြင်းပြင်းထန်ထန်ခံစားနေ ပါ၏။

အောင်နေမျိုးအား လူပေ၊ လူတေဟုသတ်မှတ်ခြင်းခံရသော် လည်း အောင်နေမျိုးသည် မိန်းမနှင့်ပတ်သက်ပြီး အလွန်ကင်းရှင်းခဲ့ ပါ၏။

ရှစ်တန်းကိုးတန်းကျောင်းသားဘဝကတော့ ကျောင်းသား ကျောင်းသူအချင်းချင်း အပျိုပေါက် လူပျိုပေါက် နင်ဟဲ့…ငါဟဲ့ဖြင့် ရင်နှီးခင်မင်စွာ ကျောင်းသူများနှင့်ဆက်ဆံခဲ့ဘူးပါ၏။ သို့သော် ရင်ထဲ က အလေးအနက်ဘာမှမရှိခဲ့ပါလေ။

ဆယ်တန်းနှစ်ကျဘဝရောက်သောအခါ လူပျိုပီပီပြင်ပြင်ဖြစ် လေပြီ။ မိမိလည်း ဆေးစွဲလေပြီ။ မိမိကို ဆေးသမားဟူ၍ အပေါင်း အသင်းများက ရှောင်ဖယ်သည့်အထဲတွင် ကျောင်းသူတွေနှင့် အမျိုး သမီးတွေက ပို၍ရှောင်ဖယ်ကြသည်။

ယင်းအခြေအနေကြောင့် အောင်နေမျိုးတွင် အမျိုးသမီးမိတ်ဆွေ သိပ်ရှားပါးပြီး အမျိုးသမီးတွေနှင့် သိပ်ကင်းကွာသွားသည်။ မိမိကိုယ် တိုင်ကလည်း ဆေးစီးကရက်သောက်သုံးလျှက်ကပင် အားကစား၊ ကာယပညာနှင့် ကိုယ်ခံပညာများတွင် စိတ်ဝင်တစားလိုက်စားခဲ့သည် မို့ အမျိုးသမီးအပေါင်းအသင်းများပေါ်တွင် စိတ်ဝင်စားမှု၊ အလေး အနက်ထားမှုမရှိသလောက်ပင် နေထိုင်ခဲ့သည်။ ကြေးစားအမျိုးသမီး



များဆိုပါက အေအိုင်ဒီအက်(စ်)ရောဂါမျိုးအဖြစ်မခံဟူသောစိတ်ဖြင့် သိပ်ကင်းရှင်းခဲ့သည်။

ယင်းအခြေအနေကြားမှာပင် "ဝိုင်း"ဆိုသည့်ကျောင်းသူလေး က ချက်စီလည်ပြီး အောင်နေမျိုးကို ခင်မင်စွာပေါင်းလာသည်။ တကယ် တော့ ဝိုင်းသည် အောင်နေမျိုး၏ရုပ်ကို သဘောကျကြိုက်နှစ်သက် ခြင်းသာဟုလည်း အောင်နေမျိုး ခံယူထားသည်။ အရုပ်လှလှတစ်ခုကို ကြိုက်နှစ်သက်သောကလေးတစ်ဦး၏သဘောသာဟုလည်း အောင် နေမျိုး ယူမှတ်သည်။

အောင်နေမျိုးတကယ့်ကို ထိန်းသိမ်းပါ၏။ ဝိုင်းဂလိုက်လျော သာလက္ခဏာလေးတွေရှိသော်လည်း ဝိုင်း၏လက်ကိုပင် မကိုင်ပါလေ ခဲ့။

ယခုတော့…

မမနွေး၏တစ်ကိုယ်လုံး သူဖက် ကိုယ်ဖက်ဖြင့် ဖက်မိခဲ့ကြ သည်။ တစ်မျိုးကြီးမှ တစ်ကယ့်တစ်မျိုးကြီးခံစားလိုက်ရသည်။

ပထမရင်ခုန်သည်။ ခုန်သည်မှ တစ်ဆတ်ဆတ်ခုန်သည်။ ဒုတိယ တစ်ကိုယ်လုံးရှိန်းတမြမြခံစားရသည်။

ပြီး အသည်းနှလုံးထဲစိမ့်ဝင်သောကြည်နူးမှုမျိုးခံစားရသည်။ တစ်မျိုးကြီးမှ တကယ့်တစ်မျိုးကြီးပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



[၈]

"မသွားသင့်ဘူး၊ ဒါကြောင့် မသွားရဘူး၊ ဒီကောင်လေး[နဲ့] နှစ်ယောက်တည်းသွားတာကို ဖေဖေလုံးဝခွင့်မပြုဘူး နွေးနွေး"

"ဒါဟာ ဆေးကုသတဲ့အပိုင်းကဏ္ဍပါဖေဖေ"

ပြဿနာဖြစ်ရပါ၏။

နွေးနွေးက ယနေ့ညနေ စိတ်ကျန်းမာရေးဆေးရုံသို့သွားမည်[။] ဆေးစွဲနေသည့် ဆေးရုံမှလူနာတွေ၏ ရင်နာစရာကောင်းသော ဖြစ်ရ[ပ်]များကို လက်တွေ့ပြမည်။ ထို့ပြင် ဆရာဝန်ကြီးခွင့်ပြုချက်အရ ဗီဒီ[ယို]ခွေတွေပြမည် စသည်များအားလုံး စီစဉ်ပြီးသားဖြစ်နေသည်။ ယ[ခု] သွားကာနီးကျမှ ဖေဖေက ဒီကောင်လေးနှင့် နှစ်ယောက်တည်းအ[တူ] မသွားရဟု ကန့်ကွက်ခြင်းရသည်။

"အိမ်မှာပဲကုပေါ့...အိမ်မှာကုဖို့ပဲ တမင်နေခွင့်ပေးထားတာ"

"မဟုတ်သေးဘူး ဖေဖေ...ဆေးစွဲသူကိုကုတယ်ဆိုတာ ဆေ[း]



ထိုးပေးတာ...သောက်ဆေးပေးတာနဲ့တင်မလုံလောက်သေးဘူး၊ လူနာရဲ့စိတ်ဓါတ်ကိုလဲ ကုသပေးရတယ်ဖေဖေ၊ လူနာရဲ့စိတ်ထဲမှာ မူးယစ်ဆေးဝါးဆိုရင် ကြောက်သွားအောင် မုန်းသွားအောင် စိတ်ပိုင်းဆိုင်ရာ 'ဆိုက်ကို'နည်းတွေကိုပါ သုံးရတယ်၊ စိတ်ကျန်းမာရေးဆေးရုံမှာလည်း ဒီနည်းအတိုင်းကုသပေးတာပါ ဖေဖေ"

"ဘာဆိုက်ကိုဖြစ်ဖြစ်...ဒီကောင်လေးနဲ့သမီး နှစ်ယောက်တည်း အတူမသွားရဘူး...ဒါပဲ"

"မပြင်းထန်လွန်းဘူးလား ဖေဖေ...ဒီကိစ္စမှာ သမီးရဲ့သီးသန့် သုတေသနပြုချက်တွေပါနေပါတယ်။ သမီးရဲ့ဆေးအတတ်ပညာကို သမီးဘာသာ သီးသန့်စမ်းသပ်ကြည့်တာပါ ဖေဖေ"

"ဘာလဲ မိနွေး...နင်က ပညာလေးစုံလာလို့ ငါ့ကိုအာခံချင်လာတာလား၊ ငါကမသွားရဘူးလို့ပြောနေတာကို နင်က ဖွတ်သွားမဲ့သဘောလား"

ဒေါသကြောင့် ဖူးဖူးမှုတ်သမီးကို မိနွေးဟုလည်းကောင်း... နင်...ငါ...ဟုလည်းကောင်း ဦးစည်သူပြောလာသည်။

နွေးနွေးဝမ်းနည်းကာ ငိုချသည်။

"ဒီမှာ ကိုစည်"

"နင်ဝင်မပြောနဲ့ မမွန်"

"ဝင်မပြောနဲ့ဆိုလဲ ပြောရမှာပဲ၊ အခုသမီးက အောင်နေမျိုးကို ဆေးကုပေးချင်တဲ့စေတနာထက်...သူ့အတတ်ပညာပိုင်းကို သုတေသနလုပ်ချင်တဲ့ဆန္ဒက ပိုပြီးကြီးမားနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး…အိမ်မှာပဲစမ်းသပ်ဖို့ သုတေသနပြုဖို့ ငါ…ခွင့်ပေးထားတယ်"

"ဒီမှာကိုစည်…သူစမ်းသပ်ချင်တာက ဆေးရုံမှာသွားစမ်းသပ်ဖို့လိုလို့ဖြစ်မှာပေါ့၊ ကိုစည်အဓိကလိုချင်တာက…ဒီကောင်ဆိုးလေးနဲ့ နှစ်ယောက်အတူမသွားဖို့ပဲမဟုတ်လား၊ ဒါကလွယ်သားပဲကိုစည်၊ မောင်ရန်နောင်ထွက်ကို ဖုန်းဆက်ခေါ်ပြီး…သမီးနဲ့အတူ လိုက်သွားရင်ပြီးတာပဲ"

ဦးစည်သူငြိမ်သွားသည်။ ဇနီးပြောပြသည်ကို လက်ခံသည်၊ ရန်နောင်ထွက်လိုက်ပါသွားလျှင် ဘာမှကန့်ကွက်စရာမရှိ။

"အေး…ဒါဆိုရင်တော့သွားပေါ့"

တကယ်တော့ နွေးနွေး၏တကယ့်ဆန္ဒမှာ ဒေါက်တာရန်နောင်ထွက်ကို ခေါ်မသွားချင်။ နွေးနွေးဘာသာ ကိုယ့်အစွမ်းနှင့်ကုသရေးတွင် သုတေသနလုပ်ချင်ရိုးအမှန်။ ဒေါက်တာရန်နောင်ထွက်က နေရာတကာတွင် သမားဂုဏ်ပြတတ်သည်။ ဆရာကြီးလုပ်တတ်သည်။ လုပ် ချက်အောင်မြင်သွားလျှင် သူ့ကြောင့်အောင်မြင်သည်ဟု ဂုဏ်ယူဦးမည်။ ဒါကို နွေးနည်းနည်းမှမခံချင်။

နောက်ထပ် အဓိကအချက်မှာ ဒေါက်တာရန်နောင်ထွက်နှင့် အောင်အောင်မျက်နှာကြောမတည့်သောကြောင့်ဖြစ်သည်။ ဆေးကုသရာတွင် လူနာ၏စိတ်ကြည်လင်နေမှပို၍ကုသမှုထိရောက်သည်။ ရန်နောင်ထွက်လိုက်ပါလာခြင်းကြောင့် အောင်အောင်၏စိတ် မကြည်မလင်ဖြစ်သွားမှာစိုးရိမ်သည်။



ရန်နောင်ထွက်နှင့်အတူသွားဟု တစ်ချက်လွှတ်အမိန့်ပေးပြီး နောက် ဖေဖေနှင့်မေမေ အိမ်ပေါ်ထပ်သို့တက်သွားသည်။

ဘာတတ်နိုင်မည်နည်း။ တစ်သက်လုံး မိဘစကားနားထောင်သော နွေးနွေးသည် မျက်ရည်သုတ်ခါ ဒေါက်တာရန်နောင်ထွက်ထံ ဖုန်းဆက်ရတော့သည်။

ဆေးရုံမှဆရာဝန်ကြီးနှင့် ယနေ့ညနေခြောက်နာရီခွဲတွင် အတိအကျချိန်းဆိုထားပြီးဖြစ်နေသည်မို့ မသွားလျှင်မဖြစ်ပေ။

ဖုန်းခေါ်ထားရင်း ပြတင်းပေါက်မှ ဂိုဒေါင်တန်းလျားဆီသို့ နွေးနွေး လှမ်းကြည့်မိသည်။ ကောင်လေးသည် ဝရန်တာထွက်ပြီး အဝတ်အစား လဲပြီးသားနှင့် စောင့်နေသည်ကို လှမ်းမြင်ရပါ၏။

အောင်အောင်လေးကို လှမ်းမြင်သည်နှင့် မနေ့ညဦးပိုင်းက တန်းလျားလှေကားခြေရင်းတွင် နှစ်ဦးသားထပ်လျက်သားလဲပြိုကျခဲ့သည်ကို ပြန်မြင်ပြန်တွေးမိသည်။

ညကလည်း ထိုအကြောင်းကိုသာလျှင် ခေါင်းထဲတနုံ့နုံ့ဝင်နေသဖြင့် အိပ်ရာတွင်း ဘယ်လူးညာလိမ့်နှင့် တော်တော်နှင့်အိပ်မပျော်။ တွေးမိတိုင်းရှက်ပြီး ရှက်သည့်ကြားကပင် နှလုံးသည် ဖုတ်လှိုက်ဖုတ်လှိုက်ခုန်လာသည်။

နွေးနွေး ဒီအသက်အရွယ်ရောက်လာသည်အထိ ရင်ထဲမှ နှလုံးသည် ဤပုံစံမျိုး ဤတစ်ခါသာခုန်ဘူးသေးသည်။ ထပ်၍တွေးမိလျှင် ထပ်၍ခုန်သည်သာ။

ယခု အသက်အရွယ်ထိ ယောကျ်ားသား၏ရင်ခွင်ထဲသို့ ဤ

www.burmeseclassic.com

www.burmeseclassic.com



တင်ကြိမ်သာ နွေးနွေးရောက်ဖူးသည်။

ကိုရန်နောင်ထွတ်နှင့် လက်ထပ်ရန်လက်ခံပြီးခဲ့သည့်နော အတူသွားအတူလာရှိခဲ့ပါ၏။ ရုပ်ရှင်ကို နှစ်ယောက်တွဲကြည့်ဘူးပါ ပုခုံးခြင်း၊ လက်ခြင်း၊ လက်မောင်းခြင်း၊ မလွဲမရှောင်သာ ထိ ဖူးကပ်ဘူးပါ၏။

သို့တစေ နွေးနွေးတွင် လုံးဝကြီးကို ရင်မခုန်ဘူးခဲ့ပါ နှလုံးမခုန်ခဲ့ဘူးပါလေ။

အောင်လေး၏ရင်ခွင်ပေး မိမိကထပ်လျက်သားကျသွား ကိုယ်က သူ့ကိုဖက်၊ သူကကိုယ့်ကိုဖက်အနေအထားတွင် ရင် သည်၊ နှလုံးခုန်သည်။

အထူးသဖြင့် တစ်ခါမျှမခံစားရဘူးသေးသောအရသာတစ် ခံစားလိုက်ရသည်။

ရှိန်းတမြမြ ဖိန်းတမြမြခံစားမှုမျိုးပင်။ အာရုံ၏အထွတ်အ ခံစားမှုတစ်မျိုးဖြစ်သွားသည်။

ဖေါ်ဌဗ္ဗအာရုံဆိုသည်မှာ ဒါမျိုးဖြစ်ပေမည်။ ရက်လှသည့် ကပင် ကြည်နူးမှုခံစားရသည်။

တစ်ဖက်မှ တယ်လီဖုန်းအသံ ပြန်ပေးသံ ထွက်လာသ ကိုရန်နောင်ထွတ်အသံမဟုတ်။ သူ၏မိခင်အသံဖြစ်ပေသည်။

"မနွေးပါအန်တီ…ကိုရန်နောင်ထွတ်နဲ့ပြောချင်လို့ပါ"

"အဲဒါမှ ဒုက္ခပဲမနွေး၊ သားက ကနေ့ညနေ ဂေါ့(ဖ်) သွားပြီး ဂေါ့(ဖ်)ရိုက်လေရဲ့သမီး၊ အရေးကြီးရင် အန်တီ ဂေါ့



ကွင်းကိုဖုန်းလှမ်းဆက်ပေးမယ်လေ"

ထိုစဉ်မှာပင် ဖေဖေနှင့်မေမေ အိမ်ပေါ်ထပ်မှအတူပြန်ဆင်းလာ သည်။

"အရေးမကြီးလှပါဘူး အန်တီ။ သူစိတ်ဖြောင့်ဖြောင့်ကစားပါ စေ၊ ဖုန်းဆက်ခေါ်လို့ ကစားလက်စကြီးပြန်လာရရင် သူစိတ်ထဲ တအုံ နွေးနွေးကြီးဖြစ်နေပါမယ်…သူဒီကိုညနေပိုင်းလာနေကျ…မလာလို့ ဖုန်းဆက်မေးကြည့်တာပါ အန်တီ"

"ဟုတ်ပြီသမီး…သားပြန်လာရင် အန်တီဆက်ဆက်ပြောလိုက် ပါ့မယ်…ဒါပဲနော်"

ဖုန်းချလိုက်ကြသည်။

"ကိုရန်နောင်ထွတ်မရှိဘူး ဖေဖေ…ဂေါ့(ဖ်)ကွင်းသွား ဂေါ့(ဖ်) ရိုက်နေတယ်တဲ့…"

"အင်မတန်ကောင်းတဲ့ အဖိုးတန်ကျန်းမာရေးကစားနည်းပဲ၊ သိပ်အထက်တန်းကျတယ်"

"သူမလာတော့…သမီးဘယ်လိုသွားရမှာလဲ ဖေဖေ…ဆရာ ဝန်ကြီးနဲ့လဲချိန်းထားပြီးပြီ။ တိတိကျကျချိန်းထားပြီးမှ သမီးပျက်ကွက် ရင် ဆရာဝန်ကြီးက သမီးကိုအထင်သေးတော့မှာပဲ"

နွေးနွေးက လက်ပတ်နာရီကိုကြည့်ရင်း ပြောပြခြင်းဖြစ်သည်။

"ကဲ…ဒါဆို ဖေဖေဖြစ်ဖြစ်…မေမေဖြစ်ဖြစ် လိုက်ခဲ့ပေးပါ"

"ဟာ…ဖေဖေမလိုက်ဘူး၊ ဆေးသမားရဲ့အနံ့ ရှိတွေကို ဖေဖေရှုံလွှန်းမုန်းလွှန်းလို့…သမီးမေမေသာခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



"ဆေးသေး ကိုစည်…မမွန်က စိတ်မမှန်တဲ့လူဆိုရင် အစော ကြီးက ရှောင်တယ်…မြင်ရုံနဲ့ နှလုံးခုန်ရင်တုန်လွန်းလို့…"

မမေကလဲ…ခါးခါးသီးသီးငြင်းသည်။

နွေးနွေးစိတ်ပျက်လက်ပျက်သက်ပြင်းချတော့သည်။

တည်ကြည်အေးဆေးသော ခြေလှမ်းတို့ဖြင့် ဖေဖေဦးစည်သူထံ လျှောက်လာသည်။

"ဖေဖေ့ကို သမီးကတိတစ်ခုပေးမယ်…နွေးဟာ ဖေဖေနဲ့မေမေ သဘောတူထားတဲ့ ကိုရန်နောင်ထွတ်ကိုပဲလက်ထပ်ပါ့မယ်။ တခြား ဘယ်သူ့ကိုမှလက်မထပ်ပါဘူးဆိုတဲ့ကတိပါဖေဖေ၊ အခုကိစ္စမှာ ဖေဖေ နဲ့မေမေဟာ အောင်အောင်နဲ့ပတ်သက်ပြီး သိပ်အစိုးရိမ်ကြီးနေကြတယ်။ နွေးဟာ ဘယ်တုန်းကမှ အစဉ်းစားအဆင်ခြင်ကင်းမဲ့တာမျိုးမလုပ်ခဲ့ မှန်း ဖေဖေကိုယ်တွေ့မျက်မြင်ပါ။ နွေးမမိုက်မဲဘူးဖေဖေ။ နွေးစိတ် နောက်ကိုယ်ပါသာလုပ်တတ်ရင် အခုလိုဆရာဝန်တစ်ယောက်တောင် ဖြစ်မလာဘူး၊ ဒီအသက်အရွယ်အထိ အပျိုကြီးဖြစ်မလာဘူး"

"အဲဒီတော့ သမီးဘာဆိုလိုချင်သလဲ"

"အောင်အောင်ကို ဆေးကုပေးတဲ့ကိစ္စမှာ နွေးရဲ့ကိုယ်ပိုင်ဆေး ပညာသုတေသနလုပ်ချင်တာကို လွ ်လွတ်လပ်လပ် အချုပ်အချယ် မရှိလုပ်ပါရစေ၊ ဒီစမ်းသပ်မှုအောင်မြင်သွားပြီးတဲ့နောက် ဖေဖေနဲ့မေမေ ကြိုက်သလို နေ့ကောင်းရက်သာကိုသာရွေးပါတော့…နွေး ကိုရန်နောင် ထွတ်ကို လက်ထပ်ပါ့မယ်"

ဦးစည်သူက ဖနီး ဒေါ်အေးမွန်ကိုကြည့်လိုက်သည်။ ဒေါ်အေး



မွန်ကလည်း ခင်ပွန်း ဦးစည်သူကိုပြန်ကြည့်ပါ၏။

ဟိုတုန်းကဆိုပါက သမီးနွေးနွေးသည် ဒေါက်တာရန်နောင် ထွတ်နှင့်လက်ထပ်ရန်ဆွေးနွေးလေတိုင်း အကြောင်းအမျိုးမျိုးပြကာ လက်ထပ်ရက်ကို ရွှေ့ဆိုင်းခဲ့ချည်းသာဖြစ်ပါ၏။

ယခုလို နွေးနွေးကပြောလာသောအခါ မိရော ဖရော ဝမ်းသာ သွားကြသည်။ ဒေါ်အေးမွန်က အံ့သြဝမ်းသာစွာပြန်မေးလိုက်သည်။

"သမီး တကယ်ပြောတာနော် "

"ကတိပါမေမေ၊ လက်ထပ်ရမဲ့အတူတူ နေ့နေ့လက်ထပ် တာနဲ့ မြန်မြန်လက်ထပ်တာ ဘာထူးမှာမို့လဲ၊ ကိုရန်နောင်ထွတ်နဲ့ လက်မထပ်သေးသရွေ့ ဖေဖေနဲ့မေမေက နွေးကို ဟိုစိတ်မချ၊ ဒီစိတ် မချနဲ့ နွေးအနေရအထိုင်ရခက်လှတယ်။ ကျပ်တည်းကျဉ်းမြောင်းမှု ခံစားရတယ်။ ဒါကြောင့်…နွေးဆုံးဖြတ်လိုက်တာပါ…အောင်အောင် ဆေးဖြတ်တဲ့ကိစ္စပြီးတာနဲ့ လက်ထပ်ဖို့ ဖေဖေနဲ့မေမေ ကြိုက်သလို စီမံပါတော့"

နှစ်ယောက်စလုံးပြုံးသွားကြပါ၏။

"အင်း…ကောင်းတယ်၊ ဒါပေမဲ့…ဝါဝင်ဖို့ တစ်လကျော်ပဲ လိုတော့တယ်။ ခမ်းခမ်းနားနား မင်္ဂလာကိစ္စတစ်ခုဖြစ်မြောက်ရေး အတွက် အချိန်ယူရမယ်။ နာမည်ကြီးဟိုတယ်တွေ၊ ပလာဇာတွေမှာ ရက်ချိန်းတင်ကြိုယူရမယ်။ မင်္ဂလာရက်မြတ်အခါနေ့ရွေးရမယ်။ ဒါ တွေအားလုံး မေမေစီစဉ်မယ်။ မောင်ရန်နောင်ထွတ်မိဘတွေနဲ့လဲ တိုင် ပင်ရမှာတွေ အများကြီးရှိသေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက နာရီကြည့်လိုက်သည်။

"နွေး…သွားချင်ပြီ ဖေဖေ…ဆရာဝန်ကြီးနဲ့ ချိန်ထားတာထက် နွေး ငါးမိနစ်နောက်ကျသွားပြီ"

ဦးစည်သူက ဒေါ်အေးမွန်ကို လှမ်းကြည့်သည်။

"သွားပါစေတော့ ကိုစည်…သမီးက အခိုင်အမာ ကတိပေးပြီ ပဲဟာ သမီးရဲ့ သုတေသနလုပ်ငန်း စိတ်လွတ်ကိုယ်လွတ်လုပ်ပါစေ"

"အေးပါ…ကိုယ်ကလဲ…သမီးသွားချင်သွားတော့လို့ပြော မလို့ပါ…ဒါပေမဲ့ အိမ်ကကား နည်းနည်းထွေတာနဲ့ မော်ကြီးကို ဝပ်ရှော့လွှတ်ပြင်နိုင်းထားတယ်…အဲဒါဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိဘူး ဖေဖေ…အောင်အောင်ရဲ့ကားနဲ့ သွားရင်ရပါ တယ်"

"ဒါဆို…သွားလေ…"

မိရောဖရောခွင့်ပြုချက်ရပြီမို့ နွေးနွေးသည် သုတ်သုတ်လေး ပင်ထွက်လာတော့သည်။

အိမ်ကြီးဆီသို့ ဝရန်တာမှထွက်ကြည့်နေသော အောင်နေမျိုး သည် နွေးနွေးထွက်လာသည်ကို မြင်သည်နှင့် အောက်သို့ဆင်းလာ သည်။

အောင်နေမျိုးနှင့် နွေးနွေး မျက်နှာချင်းဆိုင်ကွေ့ကြတော့သည်။ မနေ့ညက ပုပုနွေးနွေးအဖြစ်ကြောင့် နွေးနွေးမှာ အောင်နေမျိုးကို မျက်နှာချင်းဆိုင်မကြည့်ရဲဘဲ ခေါင်းငုံ့ထားသည်။

အောင်နေမျိုးကတော့ ဘာမှမဖြစ်သလို အူယားဖါးယားနှင့် မမနွေးကို ဆီးပြောသည်။



"ဦးမော်ကြီးရော…ကားရောမရှိဘူးမမနွေး"

"ဟုတ်တယ်…မင်းကားနဲ့ပဲသွားကြမယ်"

နွေးနွေးပြောပုံမှာ သံပြတ်နှင့်ဖြစ်နေသည်။ မျက်နှာကလည်း အရယ်အပြုံးမရှိ။ ခပ်တည်တည်ဖြစ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



[၉]

အောင်နေမျိုး သူ့ကားကို ဂိုဒေါင်မှထုတ်သည်။

နွေးနွေးက ရှေ့ခန်း၊ အောင်နေမျိုးဘေးမှာပင်ဝင်ထိုင်သည်နှင့် စည်သူမွန်ရိပ်ငြိမ်ကြီးမှ မောင်းထွက်လာခဲ့သည်။

လမ်းမကြီးပေါ်ရောက်သည်အထိ တစ်ဦးနှင့်တစ်ဦး စကား မပြောကြ။ မမနွေးထိုင်နေရာဘက်သို့ တစ်ချက်လေးပင်လှည့်မကြည့်။

အောင်နေမျိုးရင်ထဲတွင် စိတ်မကောင်းဖြစ်သွားသည်။ ယနေ့ မမနွေး သူ့အပေါ်ဆက်ဆံရေးသည် မျက်နှာထားတည်လွန်းသည်ဟု ထင်သောကြောင့်ဖြစ်ပါ၏။ ယခု မမနွေး၏မျက်နှာထားပုံစံသည် ဦးလေးစည်မျက်နှာတွင် မိမိတွေ့မြင်နေရသောမျက်နှာထားဖြစ်နေလေပြီကော။ တွေးမိကာ စိတ်မကောင်းဖြစ်နေရပါ၏။

စိတ်ကျန်းမာရေးဆေးရုံသို့သွားသောလမ်းကို အောင်နေမျိုး သိထားသောကြောင့် မမနွေးအား မမေးမြန်းပေ။



နွေးနွေး၏ရင်ထဲတွင်လည်း တနုံ့နုံ့အတွေးနှင့် ဖြစ်ပေသည်။

ဖေဖေနှင့်မေမေအား ကိုရန်နောင်ထွတ်နှင့် မိမိလက်ထပ်ပါ တော့မည်ဟု ကတိပေးခဲ့သည်။ တကယ်တော့ အောင်အောင်နှင့် ဆေးရုံသွားဖို့ကိစ္စ ဖေဖေက ဓွတ်မဟန့်တားမီအချိန်ထိ ဒေါက်တာရန် နောင်ထွတ်ကို မြန်မြန်လက်ထပ်မည်ဟူ၍ လုံးဝခေါင်းထဲတွင် စဉ်းစား မိခြင်းမရှိပါလေ။ တမင်တကာပင် လက်မထပ်လိုသေး၍ အချိန်တွေ ဆွဲလာခဲ့သည်ဖြစ်ပါ၏။

ဖေဖေက အောင်အောင်နှင့်အတူမသွားရဟု တားမြစ်ချက်ပြင်း ထန်လာလေမှ ရုတ်တရက် စိတ်ထဲဖြစ်ပေါ်လာသည့်အတိုင်း ပြောဆို လိုက်ခြင်းသာဖြစ်ပါ၏။

ယခုမှ မိမိဤသို့ အဘယ်ကြောင့် ရုတ်တရက်ကြီးပြောလိုက် သည်ကို ကိုယ့်ဟာကိုယ်ပြန်ဆန်းစစ်မိတော့သည်။

အမိကအကြောင်းအရင်းမှာ အောင်အောင်လေးဆေးပြတ်သွား အောင် ကူသပေးလိုသောဆန္ဒ ပြင်းထန်မှုကြောင့်မှန်း ကိုယ့်ဟာကိုယ် ဆန်းစစ်တွေ့လာရပါ၏။

အောင်အောင်လေးဆေးပြတ်ရေးကိစ္စ၌ လုပ်ဆောင်ဖွယ်တွေ များကြီးရှိနေသည်။ အောင်အောင်လေးနှင့်ပတ်သက်လာလေတိုင်း ဖေဖေနှင့်မေမေက အမျိုးမျိုးသောဟန့်တားချက် တားမြစ်ချက်တွေပြု သည်ကို နွေးနွေးမလိုလား။

ဖေဖေ၏ မျက်နှာထားကြီးတင်းမာပြီး ဒေါသနှင့်ပြောသည်များ ကိုလည်း နွေးနွေးခံနိုင်ရည်မရှိတော့၊ သိပ်ဝမ်းနည်းခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဒဏ်တွေ နွေးနွေးမခံစားလိုတော့ပြီ။

ပြီး ဤအိမ်သို့ အောင်အောင်လေးရောက်လာသည့်နေ့မှစ၍ ဖေဖေနှင့်မေမေ အောင်အောင်လေးအပေါ် ဆက်ဆံရေး၌ မျက်နှာထား တင်းလှသည်ကို နွေးနွေးတွေ့မြင်နေရသည်။

သူ့ခမျာ အိမ်ပေါ်သို့ပင် သိပ်မလာရဲပါလေတော့။ ရေတွင်းမှာပင် ရေချိုးရှာသည်။ အပြင်ထွက်ပြီး ထမင်းဝယ်စားသည်။

ဖေဖေနှင့်မေမေရှေ့တွင် နွေးနွေးကို မျက်နှာချင်းမဆိုင်မိအောင် ရှောင်ရှာရသည်။

အောင်အောင်ကို သိပ်သနားသည်။ သူ့ခမျာ သူစိမ်းသက်သက်ကြီးမဟုတ်။ အောင်အောင်ငယ်စဉ်က နွေးနွေးပင် မောင်လေးလိုထိန်းကျောင်းချီပိုးလာခဲ့သူဖြစ်သည်။

မိမိတို့မိသားစုထဲသို့ ဒေါက်တာရန်နောင်ထွတ် ရောက်မလာသေးမီအထိ အောင်အောင်လေးသည် စည်သူမွန်ရိပ်ငြိမ်မိသားစု၏ ချစ်မြတ်နိုးခြင်းခံခဲ့ရသည်။

ပဲခူးရွှေမှဒေါဘုရားလမ်းရှိ အောင်အောင်တို့၏ အောင်ဂေဟာသည် မိမိတို့ စည်သူမွန်ရိပ်ငြိမ်ထက် နှစ်ဆမကသားနားသည်၊ ခမ်းနားသည်။

အောင်ဂေဟာတွင် အောင်အောင်သည် ဘုရင်ငယ်တစ်ဆူလို နေလာသူဖြစ်သည်။

ယခုမူ အောင်အောင်လေးခမျာ…စည်သူမွန်ရိပ်ငြိမ်၏ ကား



ဒေါင်အလုပ်သမားတန်းလျားကျဉ်းလေးထဲဝယ် သက်သောင့်သက်သာ ရှိနေရရှာသည်။

သူ့ခမျာ ဆေးပြတ်ချင်သည်ရော တက္ကသိုလ်တက်ချင်သည်ရော စိတ်ဆန္ဒပြင်းထန်မှုကြောင့် အနေအထိုင်ချို့တဲ့ရုံမက အင်မတန်ဆင်းချင်ကာ မျက်နှာငယ်စွာနှင့်နေမှန်း သိလေ နွေးနွေးက အောင်အောင့်ကို သနားလေဖြစ်လာရသည်။

ထိုအကြောင်းများကြောင့်ပင် အောင်အောင်လေး မျက်နှာမငယ်ရတော့ပဲ ဖေဖေနှင့်မေမေတို့ မငြိုငြင်စေရန် ရုတ်တရက်ကြီးပင် ဒေါက်တာရန်နောင်ထွတ်ကို လက်ထပ်ပါတော့မည်ဟု နွေးနွေး ကတိပေးလိုက်ခြင်းဖြစ်ကြောင်း ကိုယ့်ဟာကိုယ်ဆန်းစစ်မိသည်။

နွေးနွေးသည် အတွေးတွေတသီကြီးတွေးရင်း ကားကိုသာ မောင်းနေသော အောင်အောင်ဘက်လှည့်ကာ ကြင်နာသောအကြည့်ဖြင့် ကြည့်လိုက်သည်။

ဒီကောင်လေးသည် ဆေးစွဲနေသောဖိုးသမားလေးဟု ဓါတ်မသိသော အဘယ်သူကယုံကြည်ပါလေမည်နည်း။

တကယ်ပင် နုပျိုချောမောရုံမက ယောကျ်ားဆံစွာဖြင့် ကြည့်ကောင်းသောကိုယ်ခန္ဓာအချိုးအဆက်ရှိမေသည်။

နွေးနွေးက အောင်အောင်အား ငေးကြည့်နေစေကာမူ အောင်အောင်က နွေးနွေးဘက်သို့ တစ်ချက်လေးမျှငဲ့စောင်းမကြည့်ပေ။

သူ၏နှုတ်ခမ်းနှစ်ဘက် တင်းတင်းနေအောင်စေ့ထားပြီး မျက်နှာလေးသုန်မှုန်နေသည်ကို မြင်တွေ့ရခြင်းအားဖြင့် ဒီကောင်လေး မိမိကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်နေပြီဟု နွေးနွေးနားလည်လိုက်မိပါ၏။

ဘယ့်နှယ်…မိမိအိမ်ပေါ်ကဆင်းလာပြီး မျက်နှာချင်းဆိုင်တွေ့တွေ့ခြင်း ဒီကောင်လေး ရယ်လို့ ပြုံးလို့နှင့် မိမိကိုနှုတ်ဆက်ပါသေးလျက်၊ ယခု ဘာကြောင့်များ စိတ်ကောက်ပါလိမ့်ဟု နွေးနွေးတွေးကြည့်ရပြန်သည်။

အဲ…ဟုတ်ပြီ။

မိမိအိမ်ပေါ်ကဆင်းလာစဉ်က ဖေဖေ မေမေတို့နှင့် မပြေမလည်ဖြစ်ခဲ့သည်ကို စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒီကောင်လေး မိမိကိုအူယားဖါးယားနှုတ်ဆက်ရာ၌ မိမိက မျက်နှာထားတင်းထားနေမိသည်ကို ဒီကောင်လေးစိတ်မကောင်းဖြစ်သွားပေမည်။

နောက်ပြီး မနေ့ညဦးပိုင်းက တစ်ယောက်ကိုတစ်ယောက်ဖွေ့ပိုက်မိသည်ကို ဒီကောင်လေးအားမြင်သည်နှင့် ရှက်နေသောကြောင့်လည်း မိမိက ရှက်ရှက်နှင့် မျက်နှာလွှဲထားမိခြင်းလည်း အပါအဝင်ဖြစ်နေပါ၏။

နွေးနွေး သူမဘာသာပြုံးလိုက်ပါ၏။

"ဘယ်လိုလဲကွ အောင်အောင်…ငြိမ်ချက်သားကောင်းလှချည်လား"

အောင်နေမျိုးက ဘာမှပြန်မပြော၊ သို့သော် နွေးနွေးပြောလိုက်သောကြောင့် သူ့ကားမောင်းလျက်က ဖင်နေရာရွေ့သွားခြင်းဖြင့် နွေးနွေးပြောသည်ကို သူကြားမှန်းသေချာပါ၏။ ငြိမ်နေသော သူ့ခန္ဓာကိုယ်လှုပ်ရှားသွားခြင်းက သက်သေဖြစ်နေပါ၏။



"ဘယ်လိုလဲအောင်အောင်…တေမိဇာတ်ဖတ်ပြီး အောင်လေးဘုရင်ဖြစ်ရမှာစိုးရိမ်လို့ ဝဇီပိတ်စကားမပြောဘဲနေတာလား"

"မနိုင်းကောင်းပါဘူးဗျာ…တေမိမင်းသားက ဘုရင့်စည်းစိမ်ကို မလိုလားရုံမကဘူး၊ ဘုရင်လုပ်ရမှာကြောက်လို့ စကားမပြောဘဲနေတာပါ၊ ကျွန်တော်ကတော့ ဖွတ်ကျားလေ"

"ဆိုပါဦး…အောင်လေးကဘာကြောင့်ဖွတ်ကျားဖြစ်သွားရတာလဲကွယ်"

"ကိုယ့်ကိုမခေါ်ချင်မှန်းသိလျက်နဲ့ ကိုယ်က ဖွတ်တိုးပြောရင် အလဟာသတွေပိုအထားခံရမှာကြောက်နေတဲ့ ဖွတ်ကျားလေ"

"အလို…အောင်အောင်ကိုစကားမပြောဘဲ ဘယ်သူကနေလို့လဲ"

"တော်ပါတော့မမနွေးရာ…ကျွန်တော့်ကို မြန်မြန်သာဆေးကိုဖြတ်ပေးပါတော့၊ အစိမ်းဖြတ်မကလို့ ဓါးမကြီးနဲ့ပဲပိုင်းဖြတ်…မြန်မြန်သာဖြတ်ပေးပါတော့ဗျာ"

"လောလှချည်လား အောင်အောင်"

နွေးနွေးက အရယ်အပြုံးလေးနှင့်ပြောနေစေကာမူ အောင်နေမျိုးလှည့်မကြည့်ပေ။

"လောရတယ်မမနွေး၊ ကျွန်တော် စည်သူမွန်ရိပ်ငြိမ်ကြီးကို နေ့ထက်တစ်နေ့ ပိုပိုပြီးကြောက်လာပြီ၊ နေ့တိုင်းအချိန်ရှိသရွေ့ ခြောက်အလှန့်ခံနေရတာကိုး။ ကျွန်တော်ဆေးပြတ်ပြီဆိုတာနဲ့ တခြားပြောင်းနေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း…တက္ကသိုလ်ဆက်တက်ရမှာ ဘယ်ပြောင်းသွားလို့ဖြ[...] မလဲ"

"တော်ဒါဆောင်တည်းခိုခန်းတစ်ခုခုမှာ ကျွန်တော်ပြောင်း[...] ပြီး ကျောင်းတက်မယ်"

ရယ်မောနေရာမှ အောင်အောင်၏စကားကြောင့် နွေးနွေးစိ[...] မကောင်းဖြစ်သွားသည်။

"အဲဒီလိုသာပြောင်းနေရင်တော့ မင်းဆေးပြွတ်သွားတာဟ[...] အလကားဖြစ်သွားမှာပဲအောင်အောင်…ပြန်ပြီးဆေးမှီဝဲတဲ့ဘဝ[...] ရောက်သွားမှာပဲ။ အောင်အောင့်မှာ အနားကအထိန်းအကွပ်မရှိသေး[...] တခြားမှာမနေသင့်သေးဘူး"

"စိတ်ချမမနွေး…ဆေးပြန်မချအောင် ကျွန်တော့်ကိုယ်ကို ထိ[...] ရမှာပေါ့…ဘာထူးတာမှတ်လို့…စည်သူမွန်ရိပ်ငြိမ်ကြီးမှာ ကျွန်တေ[...] ဟာ ကိုယ့်စိတ်ကိုယ်နိုင်အောင်ထိန်းတဲ့ အလေ့အကျင့်ရနေပြီပဲဟာ"

"ဘာရယ် အောင်အောင်"

အောင်အောင်၏စကားကို နွေးနွေးက မျက်လုံးလေးပြူး[...] ပြန်မေးမိသည်။ အောင်အောင်၏စကားသည် အနက်အဓိပ္ပါယ်ကျ[...] ဝန်းသွားသောကြောင့်ဖြစ်ပါလေ၏။

ဒီကောင်လေးသည် မနေ့ညဦးက လှေကားရင်းတွင် မိမိန[...] ဖြစ်မျက်ခဲ့သည့်ကိစ္စအပေါ်အခင်ဖြင့် မိမိအပေါ် တစ်မျိုးတစ်မည်[...] လာသည်ကို သူ့ဟာသူချုပ်ထိန်းထားရသည်ဟု ဆိုလိုခြင်းပေလား[...] အနက်အဓိပ္ပါယ်ကောက်မိသည်မို့ "ဘာရယ်" ဟု ပြန်မေးမိသည်



"စည်သူမွန်ရိပ်ငြိမ်ကြီးတစ်ခုလုံးက ကျွန်တော်လာနေတာကို [...]လိုလားကြဘူး၊ မမနွေးကိုယ်တိုင်တောင် ကျွန်တော့်ကို မလိုလား[...]ချင်တော့ဘူးမဟုတ်လား၊ ဒီတော့ ဒီစည်သူမွန်ရိပ်ငြိမ်ကြီးက ကျွန်[...]တော်ထွက်သွားရုံကလွဲပြီး ဘာရှိတော့မှာလဲ"

"အောင်အောင်ကို မမနွေးက မလိုလားတော့ဘူးဆိုတာ… အောင်အောင်ဘာလို့ပြောနိုင်တာလဲ"

"အခုပဲ…မမနွေးမျက်နှာက ကျွန်တော့်အပေါ် တင်းနေတာ ကျွန်တော်မြင်နေတာပဲဟာ"

"အိုကွာ…အဲဒါကတခြားကြောင့်ပါ…အောင်လေးအပေါ် [...]နွေး ဘာမှမျက်နှာထားတင်းစရာမရှိပါဘူးကွာ"

"ဗျာ…တကယ်"

ဒီတော့မှပင် အောင်နေမျိုး နွေးနွေးဘက်သို့လှည့်ကြည့်လာ[...]တော့သည်။ မျက်နှာလေးပြန်ကြည်လင်လာပြီး ပြုံးဖော်ရလာသည်။ [...]က်မှောင်လေးတွေ ကြုတ်မထားတော့၊ နှုတ်ခမ်းစုံကို စေ့မထားပါ[...]တော့။

"ဒါဆို…မမနွေးက ကျွန်တော့်ကို မကြည့်ပေးပေးတာမဟုတ်[...]ဘူးပေါ့နော်…သိပါဘူးဗျာ…မနေ့ညဦးက လှေကားရင်းမှာ မမနွေး[...]ကို ကျွန်တော်ပွေ့ပွေ့ပိုက်ပိုက်ဖြစ်သွားမိတာကြောင့် ကျွန်တော့်ကို [...]နွေး…စိတ်ဆိုးသွားတယ်မှတ်နေတာ"

"တော်စမ်းကွယ်…အဲဒါတွေမပြောနဲ့…မမနွေး [...]ားရှက်[...]တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောနဲ့ဆိုမပြောပါဘူး၊ ကျွန်တော့်စိတ်ထဲ အဲဒါကြောင့် မမနေ့ ကျွန်တော့်ကို စိတ်ဆိုးနေတယ်ထင်လို့ပါ...ကျွန်တော်တော အဲဒီအဖြစ်ကို စိတ်ထဲမှာစွဲနေပြီ...ညကတစ်ညလုံး အိပ်မပျော်ဘူး ဗျာ"

"ဟိုရှေ့ကျရင် ပွင့်နေတဲ့ဘယ်ဘက်ကအပေါက်ထဲ ချိုးဝင်လိုက် တော့"

တော်ပါသေး၏။ အောင်လေးက မနေ့ကဖြစ်တာတွေပြန်နှုးပြ ပြောချိန်မှာပင် စိတ်ကျန်းမာရေးဆေးရုံကြီးဝင်ပေါက်တံခါးကြီးဆီသို့ ရောက်လာသံဖြင့် သက်သာသွားသည်။

ပြောလို့သာပြောရပါ၏။

မနေ့ညက အောင်အောင်လေးအိပ်မပျော်ဖြစ်ရသည့်ဆိုခြင်း နွေးနွေး အကြွင်းမဲ့ယုံကြည်ပေသည်။

အရာရာတွင် အောင်အောင်ထက် အသက်ရော ပညာရေ ရင့်ကျက်နေပြီဖြစ်သည့် မိမိပင်လျှင် မနေ့ညက အိပ်မပျော်ဖြစ်ခဲ့ သည်မဟုတ်ပါလား။

*   *   *



[၁၀]

နွေးနွေးစီစဉ်ထားသည့်အတိုင်း ဆေးရုံတွင် ပြသခွင့်ရပါ၏။

ပထမဆုံး နံပါတ်ဖိုးကြောင့် စိတ်ဝေဒနာရှင် (ရူးသွားသူ) တစ်ဦးကို သံတိုင်တွေအပြင်ဘက်မှ ချောင်းကြည့်ပေါက်မှကြည့်ရ သည်။

ဝေဒနာရှင်မှာ အသက်အစိတ်ခန့်ရှိလောက်သည်။ လူရွယ်တစ် ဦးဖြစ်ရုံမက မြင်ရုံနှင့် တစ်ခါက ဥပမိရုပ်ကောင်းသည့်လက္ခဏာ တွေ့ရသည်။

သူ့တစ်ကိုယ်လုံး ဘောင်းဘီတိုလေးမှလွဲပြီး အဝတ်အစား မကပ် ပေ။

သူ၏ခန္ဓာကိုယ်မှာ တစ်ချိန်ကပြည့်ဖြိုးခဲ့ဟန်တူသော်လည်း ယခုမူ နှိုးပြိုင်းနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအကြည့်တို့မှာ ကျီးကြည့်ကြောင်ကြည့်မျက်လုံးမျိုး လူကောင်းတစ်ယောက်၏အကြည့်မျိုးမဟုတ်ပါလေ။

"ဟေးလားမောင်ရို့ဝါး...ပေါက်စီဝယ်လို့စား...ပိုက်ဆံပ ရလား...တိန်...ပူနောင်...တိန်ပူနောင်" ဟု ပါးစပ်မှရွတ်ဆို၍ အခန်း ပတ်လည်ကို လျှောက်ပြေးနေသည်။

အောင်နေမျိုး ထိုဆေးသမားသတိလက်လွတ်ဖြစ်နေသူကို ငေး ကြည့်နေမိသည်။

"အဲဒီဝေဒနာရှင်ဟာ နည်းပညာတက္ကသိုလ်မှာ စတုတ္ထနှစ်တက် နေသူပဲ အောင်အောင်၊ သူ့မိဘတွေလည်း လူကုံထံထဲကပဲ"

"သူ့ကို ပျောက်အောင်ကုလို့မရဘူးလား မမနွေး...ကျွန်တော် ကိုယ်ချင်းစာသနားလွန်းလို့"

"အဲဒီအခြေအနေရောက်သွားရင် ကုသလို့မရဘူးလားဆိုတဲ့ မေးခွန်းဟာ မမနွေးတို့မှာ အဖြေရခက်တဲ့မေးခွန်းပဲအောင်အောင်... မမနွေးတို့အားလုံး ကြိုးစားပြီး သူ့ကိုကုသပေးနေဆဲပါ"

အကယ်၍သာ

မိမိလည်း ထိုလူကဲ့သို့ဖြစ်သွားလျှင် မေမေရင်ကျိုးရှာမည်၊ ဖေဖေလည်း စိတ်မကောင်းသောကြောင့် အလုပ်ပျက်အကိုင်ပျက်တွေ ဖြစ်သွားမည်ဟု ကိုယ်ချင်းစာတွေးရင်း အောင်နေမျိုးရင်ထဲတွင် လှိုက် လှိုက်လှဲလှဲခံစားမိတော့သည်။ စိတ်မကောင်းဖြစ်ရသည်မှာ အရမ်း ကြီးပင်။

ထိုဝေဒနာရှင်သည် နှုတ်မှပေါက်ကရဆိုပြီး ပတ်လည်ပြေးရာ



မှ မောသွားပြီး အခန်းဒေါင့်တွင်ထိုင်ချလိုက်သည်။ ငေးငေးငေါင်ငေါင် ဖြစ်သွားသည်။

"မာမီရေ...ဒက်ဒီရေ... သားကိုလာမကြည့်ကြတော့ဘူးလား၊ သားအဖြစ်က ဆိုးလိုက်တာ မာမီရာ..."

နွေးကရှင်းပြသည်။

"ကြည့်...အခုလတ်တလော သူ့ရဲ့ပုံမှန်နဂိုစိတ်ပြန်ဝင်လာ တယ်အောင်အောင်...အဲဒါဟာပဲ...မမနွေးတို့အတွက် သူပျောက်ကင်း ရေးမျှော်လင့်ချက်လေးပဲ...ခက်နေတာက သူ့ရဲ့နဂိုသိစိတ်ကဝင်လာ ရင် ခဏပဲ"

"တကယ်ပဲ...ကျွန်တော့်ရင်ထဲမှာခံစားရတယ် မမနွေး...သူ့ လိုသာ ကျွန်တော်ဖြစ်သွားရင် 'အောင်ဂေဟာ'ကြီးတစ်ခုလုံး ပြိုကွဲ ပျက်စီးသွားမှာသေချာတယ်"

"ပုလဲရေ...ဝေးပုလဲ...အခုတော့ ပုလဲက ကိုယ့်ကိုပစ်ပြီး တခြားသူနဲ့တွဲနေပြီပေါ့လေ...ဟုတ်လား၊ တွဲပေါ့ကွာ...မင်းက နဂိုထဲ က ငွေမက်တဲ့မိန်းမပဲဟာ...ဟား...ဟား...ဟား...ဂုဏ်... ဂုဏ်...ဂုဏ်...ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်...ငွေကိုသာရေလိုဖြန်း ရင် တစ်ပြည်လုံးမှာလုပ်သမျှဖြစ်တယ်...ယောက္ခမကြီးက မျက်နှာ ချိုတယ်...ကိုယ့်မယားက စေတနာပိုတယ်...ဟယ်...လောက..."

ဖေါက်သွားပြန်ပြီ။ ထိုဂုဏ်သီချင်းကိုဆိုရင်း...လက်ဟန်ခြေ ဟန်တွေနှင့်ဖြစ်သွားပြန်သည်။

"အင်း...ပြန်ဖေါက်သွားပြန်ပြီ အောင်အောင်...သူ့ဦးနှောက်

www.burmeseclassic.com

www.burmeseclassic.com



ဏ ချိုယွင်းနေပြီလေ…အဲဒါကိုပဲ မမနွေးကို ကြိုးစားကုသပေးနေတာ…ပုလဲဆိုတာက သူနည်းပညာတက္ကသိုလ်ကျောင်းသားဘဝက မေတ္တာမျှခဲ့ဘူးတဲ့ အမျိုးသမီးပဲ။ အဲဒီ သူချစ်ခဲ့သူ ပုလဲကို ပြန်တွေ့မြင်လိုက်ရင် သူနဂိုစိတ်လေးကို ပြန်ရမလားလို့ အဲဒီ မပုလဲဆီမှာသွားပြီး မမနွေးတို့အကူအညီတောင်းသေးတယ်။ မပုလဲမျက်နှာက ပြုံးရုံလေးပြပေးပါ။ ကူညီပါလို့ဆိုတာကို မပုလဲက ခါးခါးသီးသီး အပြတ်ငြင်း ဆိုတယ်…ပုလဲက သူ့အတွက် သူမရဲ့သိက္ခာအကျမခံနိုင်ဘူးတဲ့လေ။ အဲဒါ သင်ခန်းစာပေါ့ကွာ…တကယ်လို့ အောင်အောင်သာ အဲဒီလိုဖြစ်သွားရင်…'ပိုင်း'က လာတွေ့မှာလား''

နွေးနွေးက နောက်သလို နှိုင်းယှဉ်ပြီးပြောလိုက်သည်။

တကယ်တော့ ဒေါက်တာနွေးနွေးသည် အောင်အောင်အား စတင်ကုသနေလေပြီ။ စိတ်ပိုင်းဆိုင်ရာအပိုင်းဖြစ်ပါ၏။

''သွားစို့ မမနွေး…ဒီလူ့ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲ လိပ်လိပ်တက်ရင်ဆို့ရတယ်''

''ရတယ်လေ…နောက်ထပ်လူနာတစ်ယောက်ကို သွားကြည့်ကြစို့''

''တော်ပြီမမနွေး…ဒီတစ်ယောက်ကိုကြည့်တာနဲ့… ကျွန်တော် သိပ်ခံစားရပြီ…နောက်ထပ်ကြည့်ရင် ကျွန်တော်ပါရူးသွားမယ်''

ပြောပြောဆိုဆို ရှေ့မှထွက်သွားသော မမနွေးအား…အောင်နေမျိုးသည် နောက်လူနာကို မကြည့်ချင်တော့သဖြင့် ဘာဘာညာညာမစဉ်းစားဘဲ မကြည့်လိုကြောင်းပြောရင်း ဟန့်တားသဘောဖြင့်



နွေးနွေး၏လက်မောင်းတစ်ဘက်ကို လှမ်းဆွဲလှမ်းဆုပ်ကိုင်လိုက်သည်။

နွေးနွေးက တန့်ခနဲရပ်သွားကာ အောင်အောင်၏မျက်နှာကို မော့ကြည့်သည်။

''ဆောရီး မမနွေး…ကျွန်တော် နောက်ထပ်လူနာမကြည့်ချင်တော့လို့…မသွားဖြစ်အောင်လှမ်းဆွဲဆုပ်ကိုင်မိတာပါ မမနွေး''

အောင်နေမျိုးက ဆွဲထားသောလက်ကို ချက်ချင်းပြန်လွှတ်လိုက်သည်။

နွေးနွေးသည် ဘာမှပြန်မပြောဘဲ သူမ၏ မော့ကြည့်မျက်ဝန်းကို ပြန်ချရင်း-

''ကဲ…ဒါဆို ဗီဒီယိုပြမဲ့နေရာကိုသွားကြမယ်''

အခန်းမှာ ရှည်ပျော့မျော့ဖြစ်သည်။ အလျား(၂၀)ပေ၊ အနံ(၁၀)ခန့်ရှိမည်။ အခန်း၏အလျားထိပ်တွင် တီဗီစက်နှင့် ဗီဒီယိုစက်တွဲတင်ထားသည်။ ဆယ်ခြောက်မီလီမီတာရုပ်ရှင်ပြစက်လည်း ရှိသည်။

ဆရာဝန်ကြီးက ဒဲ့သင့်စောင့်နေပြီး နွေးနွေးနှင့် နှုတ်ဆက်သည်။ နွေးနွေးက ဆရာဝန်ကြီးနှင့် အောင်နေမျိုးကို မိတ်ဆက်ပေးသည်။

''အဲဒါ…နွေးနွေးရဲ့လူနာပါပဲဆရာ''

''အေး…ကောင်းသွားမှာပါ…အခြေအနေက အဆိုးဘက်ရောက်သေးတာ''

ဆရာဝန်ကြီးထွက်သွားသည်။

စက်ခန်းထဲတွင် ထိုင်ခုံများ စီစီရီရီချထားသည်။ ရှေ့တန်းခုံ

www.burmeseclassic.com

www.burmeseclassic.com



တွင် နွေးနွေးနှင့်အောင်နေမျိုးဝင်ထိုင်သည်။ ပရိုဂျက်ကာရုပ်ရှင်ပြစက်နှင့် ပြသသောကြောင့် အခန်းမီးကိုပိတ်လိုက်ပေသည်။ ဇာတ်လမ်းစတင်ပြသည်။

နိုင်ငံခြားရုပ်ရှင်ကားဖြစ်ပါ၏။

အမျိုးသားလူငယ်တစ်ဦးအား သူငယ်ချင်းတစ်စုက ဘိန်းဖြူမိုဝဲခြင်းဖြင့် သိမ်းသွင်းလာပုံ၊ တဖြည်းဖြည်း လူငယ်မှာ ဘိန်းဖြူစွဲလမ်းလာပုံ၊ ဘိန်းဖြူစွဲလာသည်နှင့် ဆေးဆပ္ပလိုင်းလုပ်သောဂိုဏ်းက ထိုလူငယ်အား ဆေးဖြင့်မြှူဆွယ်ပြီး ဒုစရိုက်လုပ်ငန်းတွေအသုံးချပုံ၊ လူငယ်မှာ စွဲနေသောဆေးမရမှာစိုး၍ ခိုင်းသမျှလုပ်ပေးရပုံ၊ ဒုစရိုက်အလုပ်ဝင်လုပ်ပေးရင်း ရဲကလိုက်၍ ထွက်ပြေးရာတွင် နောက်ဆုံးလမ်းပေါ်တွင် ကားတိုက်ခံရပြီး အသေဆိုးနှင့်သေသွားရပုံ၊ သေကာနီး လူငယ်က ပြုံးပြီး ဆေးစွဲနေတာထက် သေသွားတာက ပိုကောင်းတယ်ဟု ပြောခဲ့ပုံများ ပြသထားပေသည်။ ကျန်ခဲ့သောမိဘများ ယူကျုံးမရငိုကြွေးပုံလည်း ပြသပေသည်။

ဇာတ်လမ်းမှာ ရိုးရိုးလေးဖြစ်သော်လည်း လူငယ်ဆေးစွဲကတည်းက လူမှုရေးပိုင်း၊ ကျန်းမာရေးပိုင်း၊ ချစ်သူနှင့်ကွေကွင်းရခြင်းအပိုင်းတွေကို ပီပြင်အောင်ပြသထားသောကြောင့် အောင်နေမျိုးသည် သူ့လက်ရှိဘဝနှင့် နှိုင်းယှဉ်ပြီး တကယ်ပင် ဘိန်းဖြူကို ကြောက်လန့်လာစေပါ၏။

“ကဲ…နောက်တစ်ထုပ်ကြည့်ဦး”

နောက်ဇာတ်လမ်းမှာ အရွယ်ရှိအမျိုးသမီးတစ်ဦး ဘိန်းဖြူစွဲရာ



ဘဝပျက်လာသောဇာတ်လမ်းဖြစ်ပါ၏။

အောင်နေမျိုးသည် အမျိုးသမီးဘဝပျက်ဇာတ်လမ်းမို့ သိပ်စိတ်ဝင်စားပေ။ ထို့ပြင် သူ့လိုလူရွယ်တစ်ယောက် သံတိုင်ကြားတွင်ဆေးစွဲသောကြောင့် ရင်နာဖွယ်ကိုမြင်တွေ့ပြီးခဲ့ခြင်း၊ ပထမကြည့်သောရုပ်ရှင်ဇာတ်လမ်းကလည်း လူရွယ်တစ်ဦး၏ဇာတ်လမ်းကိုပင်ကြည့်ခဲ့ခြင်းကြောင့် ထိုနှစ်ခုနှင့်ပင် ဘိန်းဖြူဆေးသမားဘဝကို ထိထိမိမိကြီး ခံစားရပြီး ရင်နာရပြီ။

မမနွေးက ပိတ်ကားပေါ်ကြည့်ရင်း နိုင်ငံခြားကားမို့ အောင်နေမျိုးအား ဘာသာပြန်ပြနေသည်။

အမှောင်ခန်းဝယ် ပိတ်ကားမှပြန်၍ ရောင်ပြန်ဟပ်သောအလင်းရောင်ဖြင့် မမနွေး၏မျက်နှာသည် ဝင်းပနေသည်။

ဘယ်သောအခါကြည့်ကြည့် မမနွေးသည် လှနေသည်သာ၊ ချောနေသည်သာ။ မမနွေးထံမှ ရေမွှေးနံ့နှင့် ကိုယ်သင်းနံ့လေးရောထွက်လာနေသည်ကို အောင်နေမျိုးငေးကြည့်ရင်း နှစ်ခြိုက်စွာရှူရှိုက်နေမိသည်။

ခက်နေပြီကော။

အောင်နေမျိုးသည် မမနွေးနှင့်ပတ်သက်ပြီး “ခက်နေပြီကော” ဟု သူ့ဟာသူပြန်ဆန်းစစ်နေမိသည်။

ငယ်စဉ်က ထိပ်ပုတ်ခေါင်းပုတ် ရင်းနှီးခင်မင်စွာ မမနွေးနှင့်နေခဲ့ဘူးပါ၏။ ထိုစဉ်က အစ်မကြီးနှင့်မောင်ငယ်၏စိတ်မျိုးသာ။ အောင်လို့နမလိုသာ ဒီစိတ်က ဖုံးသာလဝါရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းအာသာလဝါရှိနေသောစိတ်ကို ပျောက်သွားစေပြီး သူစိမ်းနိုသဏ္ဌာဝါစိတ် ဝင်ရောက်သွားအောင်လုပ်ဆောင်လိုက်သူတို့မှာ ဦးလေးစည်နှင့် ဒေါ်ဒေါ်မွန်တို့ပင်ဖြစ်ပါ၏။

လူ့မနောဆိုသည်က ခက်လှပါ၏။

မစားနှင့်ဆိုမှစားချင်သည်။ မသွားရဆိုမှ သွားချင်သည်။ မကြည့်ရဆိုမှကြည့်ချင်သည်။

ယခု ဤပုံစံဖြစ်သွားခြင်းပါပေ။

မမနွေးကို မချစ်ရဆိုလေမှ အောင်နေမျိုး မမနွေးကို တအားကြီးချစ်မိလေပြီ။

ယခင်က မသိဘာသာရှိသောနှလုံးသားမေတ္တာသည်။ ယခုမူ အောင်နေမျိုးမှာရော မမနွေးမှာရော သူ့ဟာသူ သန္ဓေတည်ရုံမက ကြီးထွားလာလေပြီ။

ပြီး…စည်သူမွန်ရိပ်ငြိမ်တွင် ဦးလေးစည်နှင့် ဒေါ်ဒေါ်မွန်က မိမိအပေါ် မျက်နှာတင်းသလောက် မမနွေးက မိမိဘက်မှရပ်တည်ပေးခြင်း၊ ဂရုတစိုက်ရှိခြင်းတို့ကလည်း အောင်နေမျိုး၏ရင်ထဲနှလုံးထဲက ခုန်စေလာသည်။

မမနွေးကို နှလုံးသားကယိုစိမ့်လာသောအချစ်ဖြင့် အောင်နေမျိုး ချစ်မိလေပြီကော။

ပိတ်ကားရောင်ပြန်ဖြင့် မမနွေးဘက်သို့လှည့်ကြည့်နေရင်း အောင်နေမျိုး သက်ပြင်းကြီးချလိုက်ရာ ဆွက်သက်၏အငွေ့သည် မမနွေး၏ပါးပြင်ပေါ်ကျရောက်သွားတော့သည်။



မမနွေးက ဆတ်ခနဲလှည့်ကြည့်သည်မို့ မျက်နှာချင်းနီးကပ်စွာဆိုင်သွားသည်။

မမနွေး ဟိုဘက်ခြမ်းသို့ ကိုယ်ယို့လိုက်သည်။

"မင်း…ရုပ်ရှင်မကြည့်ဘူးလား အောင်အောင်"

"မကြည့်ဘူး မမနွေး…ကျွန်တော့်စိတ်တွေ တခြားလွင့်နေလို့ ရုပ်ရှင်ကိုအာရုံမရောက်ဘူး"

"ဒီရုပ်ရှင်တွေကြည့်စေချင်လို့ တမင်ခေါ်လာတာ…မင်း အာရုံတွေက ရုပ်ရှင်ဆီမရောက်ဘဲ…ဘယ်ကိုရောက်နေလို့လဲ"

"မမနွေးဆီရောက်နေတာပေါ့"ဟုပြောချင်သော်လည်း မပြောမိအောင် အောင်နေမျိုး ဖွတ်ထိန်းထားလိုက်ပါ၏။

အောင်အောင်က ရုပ်ရှင်တွင် စိတ်မဝင်စားဟုဆိုသဖြင့် နွေးနွေးက ဘာသာပြန်ပြောပြခြင်းမပြုတော့ပဲ…ဒီကောင်လေး ဘယ်တွေအာရုံရောက်နေပါလိမ့်ဟုပင် တွေးနေမိသည်။

ဘာပဲပြောပြော နွေးနွေးကိုယ်တိုင်ပင် သူမ၏အာရုံတို့သည် အောင်လေးအပေါ် ရောက်သွားပေတော့သည်။

ရုပ်ရှင်ဇာတ်လမ်းပြီးဆုံးသွားသည်။ မီးများပြန်လင်းလာသည်။

ပြစက်ကိုင်သော အော်ပရေတာက ဒေါက်တာနွေးနွေးကိုပြောလိုက်သည်။

"နောက်ထပ်တစ်ထုပ်ကျန်သေးတယ်ဒေါက်တာ…ခက်ခဏနားပြီး ပြန်ပြမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ…လူနာအတွက် ဒီလောက်နဲ့လုံလောက်ပါပြီ။ ကဲ…အောင်အောင်…မမနွေးတို့ပြန်ကြစို့တော့"

ထိုပြစ္စကအခန်းထဲမှ နှစ်ယောက်သားထွက်လာခဲ့ကြသည်။ ကားပေါ်တက်မောင်းထွက်လာကြသည်။ အောင်နေမျိုးက ကားမောင်းရင်း သူ့လက်ပတ်နာရီကိုကြည့်သည်။

ည(၈)နာရီ(၄၀)မိနစ်။

"ကျွန်တော် ဗိုက်ဆာတယ် မမနွေး…ညစာ တစ်ဆိုင်ဆိုင်မှာ ဝင်စားကြစို့လား"

နွေးနွေးသည် အောင်အောင်ညစာမစားရသေးမှန်းသိပေသည်။ ညနေထမင်းဆိုလျှင် အိမ်ကြီးပေါ်လာမစားဘဲ သူ့ဟာသူ အပြင်ထွက်စားမှန်းလည်းသိသည်ပင်။

အောင်အောင့်အလိုကျ တစ်ဆိုင်ဆိုင်တွင် နွေးနွေးလိုက်ပါစားသောက်လိုပါ၏။

သို့သော် နွေးနွေးမလိုက်ရဲပေ။

အောင်အောင်ဝင်စားမည်ဆိုလျှင် ဟိုတယ်တစ်ခုခုတွင် ဝင်စားပေမည်။ ထိုဆိုင်မျိုးတွင် ညကြီးမိုးချုပ်မှ အောင်အောင်နှင့်အတူ ဆိုင်တွင်စားသောက်သည်ကို အသိမိတ်ဆွေနှင့်တိုးပြီး အထင်မှားခံရမည်ကို နွေးနွေးစိုးရိမ်သည်။

ထိုသတင်း ဖေဖေနှင့်မေမေ့ဆီသို့ ကြားရောက်သွားနိုင်သည်။ ကိုရန်နောင်ထွတ်ထံသို့လည်း ကြားရောက်သွားနိုင်သည်။

ဖေဖေနှင့်မေမေကြားသိသွားပါက အောင်အောင်လေးအပေါ် အိမ်မှနှင်ထုတ်သည်အထိ ဖြစ်သွားနိုင်သည်။ အောင်အောင်ကိုယ်တိုင်ကလည်း မာနရှိသူမို့ ထွက်သွားမှာသေချာသည်။



ဒါဆိုပါက အောင်အောင်၏ရည်ရွယ်ချက်တွေအားလုံး ပျက်ပြားသွားတော့မည်။ မာနနှင့်ပြန်သွားပြီဆိုကတည်းက ပဲခူးအောင်ဂေဟာသို့ အောင်အောင်ပြန်မည်သာ၊ ဒါဆို တက္ကသိုလ်လည်းမတက်ဖြစ်၊ ဆေးလည်းမပြတ်ပဲ ဒုံရင်သို့ပြန်ရောက်သွားခြိမ့်မည်။

ယင်းအချက်တွေကြောင့် ယခု အတူလိုက်ပါပြီးစားသောက်ရန် နွေးနွေးငြင်းဆိုရတော့သည်။

"သိပ်မိုးချုပ်သွားပြီအောင်အောင်…ဖေဖေနဲ့မေမေ စိတ်ပူနေကြမယ်"

"ပညာပေးရုပ်ရှင်ကား သုံးကားဆက်ကြည့်တာမို့ မိုးချုပ်သွားတာပါလို့ ပြောလည်းရပါတယ် မမနွေးရာ"

နွေးနွေး ခေါင်းခါပြသည်။ "နဂိုအစီအစဉ်ကလည်း သုံးကားလောက်ကြည့်ဖို့ အစီအစဉ်ပဲဟာ"ဟု ထပ်ပြောသော အောင်အောင်၏စကားကို ထပ်၍ငြင်းရပြန်သည်။

အိမ်အပြန်သိပ်နောက်ကျနေလျှင် ဖေဖေနှင့်မေမေသည် ဆေးရုံသို့ ဖုန်းဆက်မေးပေမည်။ ဆေးရုံက ဒေါက်တာနွေးနွေးတို့ ပြန်သွားပါပြီဟု ပြန်ပြောမည်သာ။ ဖေဖေနှင့်မေမေက မိမိပြန်သွားသည်ကို သိနေပါလျက် မိမိက ဇာတ်ထုပ်သုံးထုပ်ကြည့်နေသဖြင့် ကြာသွားပါသည်ဟု ပြောလျှင် ပို၍ပင်သင်္ကာမကင်းဖြစ်ဦးမည်။

"ဒီလိုလုပ်ပါလား အောင်အောင်…မမနွေးကို အိမ်မှာချထား

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပြီး အောင်အောင်ဘာသာ သွားစားလိုက်ပါလား၊ ဒါဆို... အောင်အောင်အဖို့လည်း စိတ်လွတ်ကိုယ်လွတ်စားရမယ်လေ"

"ဟဲ...ဟဲ...သိပ်ကောင်းတဲ့အကြံပါပဲ မမနွေး...ကျွန်တော့် ဦးနှောက် ဆေးမှိုဝဲတာများသွားလို့လားမသိဘူး အဲဒီစိတ်ကူးမျိုးမရ ဘူး...ဟုတ်ပြီလေ...မမနွေးကို အိမ်မှာချထားပေးခဲ့ပြီး ကျွန်တော့် ဘာသာပဲ လွတ်လွတ်လပ်လပ်သွားစားပါ့မယ်...ဟဲ...ဟဲ"

"မင်း...မမနွေးကို ဒီလိုမခနဲ့ပါနဲ့"

"မခနဲ့ပါဘူးဗျာ...မခနဲ့ပါဘူး။ ကျွန်တော့်ဦးနှောက် ညံ့တာ ကိုသာပြောပြတာပါ"

"တော်တော့ အောင်အောင်...မင်းကြိုက်တဲ့ဆိုင်ကိုသာ မောင်း တော့...မမနွေးလိုက်ခဲ့မယ်"

အောင်နေမျိုး ခေါင်းခါပြပါ၏။ ဘာစကားမှလည်းထပ်မပြော တော့ပဲ...အိမ်ကို တိုက်ရိုက်မောင်းလာသည်။ အိမ်ရောက်သောအခါ ဆင်ဝင်အောက်တွင်ကားရပ်ပေးပြီး နွေးနွေးကို ဆင်းစေသည်။

"နက်ဖြန်ကစပြီး မင်းကိုဆေးဖြတ်မယ်...မမနွေး ခွင့်ငါးရက် ယူထားပြီးပြီ၊ မင်းကိုကုဖို့"

"ဟုတ်ကဲ့..."

"မင်း...ဆေးဖြတ်ချိန်မှာ အန်ကယ်ဟိန်းနဲ့...အန်တီချို အနား မှာရှိနေစေချင်ရင်...အခုပဲ မမနွေး ပဲခူးကိုဖုန်းဆက်ပေးမယ်"

"မလိုပါဘူး...ဖေဖေနဲ့မေမေ ကျွန်တော်ဆေးဖြတ်တာကို မမြင်စေချင်ပါဘူး။ ဆေးပြတ်သွားပြီး တက္ကသိုလ်တက်နေတာကို



...သာ မြင်စေချင်တာ...ဖေဖေနဲ့မေမေ့ဆီကို လုံးဝအကြောင်းမကြားပါ ...နဲ့"

"ဝိုင်းဆီကိုကော"

အောင်နေမျိုးက ဆတ်ခနဲပင် မမနွေးကို ကြည့်လိုက်သည်။ ...သော် ဝိုင်းနှင့်ပတ်သက်၍ တစ်ခွန်းမျှမပြောဘဲ အပြုံးတစ်မျိုးဖြင့် ...းလိုက်ပါ၏။

နွေးနွေးက ဆက်၍ ဟာသလေးနှောကာ ပြောလိုက်မိသည်။

"ပြောတတ်ဘူးလေကွာ... မင်းတို့အရွယ်လူငယ်လေးတွေက ...ဒနာတစ်ခုခုဖြစ်လာရင်...ချစ်သူကိုတမ်းတပြီး ခေါ်တတ်ကြတယ် ...ဟုတ်လား၊ ဆေးရုံမှာ မင်းကိုယ်တိုင်တွေ့ခဲ့တဲ့လူနာကိုပဲကြည့်လေ... ...လဲရေ...ပုလဲရေနဲ့ သူ့ချစ်သူကို တမ်းတပြီးအော်နေတာ မင်းလဲ ...ကြားသားနဲ့။ မင်းဆေးဖြတ်တဲ့အချိန်ကျမှ ဝေဒနာခံစားရပြီး ဝိုင်းရေ... ...ဝိုင်းရေလို့ တမ်းတနေမဲ့အစား အခုပဲ ကြိုပြီး ဝိုင်းကိုခေါ်ထားရင် ...ကောင်းမလားလို့ မမနွေးက အကြံပေးတာ"

အိမ်ကြီး၏အောက်ထပ်ဧည့်ခန်းတွင် ဦးလေးစည်နှင့် ဒေါ်ဒေါ် ...ထိုင်နေသည်ကို တွေ့ရသည်။ သမီးနွေးနွေးပြန်အလာကိုစောင့်နေ ...း သိသာပါ၏။

သို့သော် ကားရပ်သံကြားသော်လည်း ထိုင်ရာမှမထကြပဲ... ...ါသူတကိုသာ သံဆွဲတံခါးဖွင့်ခိုင်းသည်။

ဦးလေးစည်ဖြစ်စေ၊ ဒေါ်ဒေါ်မွန်ဖြစ်စေ၊ သံဆွဲတံခါးသွားဖွင့် ...းလျှင် ကားပေါ်မှ ဓိဓိ အောင်နေမျိုးကို နှုတ်ဆက်ရမှာဝန်လေး

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ထိုင်ရာမှမထဘဲ ဒေါ်သူဇာကိုဖွင့်နိုင်းမှန်း အောင်နေမျိုး သိပါ၏။

နွေးနွေးက ပြောဆိုပြီး ကားတံခါးဖွင့်ကာ အောက်သို့ဆင်းရဲ ခြေတစ်ဘက်အချမှာပင် အောင်နေမျိုးက ခေါ်လိုက်သည်။

"အော်...မမနွေး"

"ပြော...အောင်အောင်"

အောင်နေမျိုးက နွေးနွေးကိုမကြည့်ပဲ ရှေ့တည့်တည့်ကိုကြည့်ရင်း စကားကိုတစ်ခွန်းချင်း အလေးအနက်ပြောလိုက်ပါလေ၏။

"တကယ်လို့ ကျွန်တော်ဆေးဖြတ်ချိန်မှာ ဝေဒနာခံစားရပြီး ဝိုင်းရေ...ဝိုင်းရေလို့မတမ်းတပဲ...မမနွေးရေ...မမနွေးရေလို့ ထိ မရသိမ်းမရတမ်းတပြီးခေါ်မိရင် မမနွေးစိတ်ဆိုးမှာလားဟင်"

"အို...ကွာ"

နွေးနွေး ခြေနှစ်ဘက်လုံး ကားပေါ်မှဆင်းလိုက်သည်။ အောင် ရောက်သည်နှင့် တံခါးကိုပြန်ပိတ်လိုက်ပြီး သူမ၏ စည်သူမှန်ရိပ်ပြီ လှေကားကို တစ်ထစ်ခြင်းနင်းကာ တက်သွားပေသည်။

အောင်နေမျိုးကားမောင်းထွက်ခဲ့သည်။

မမနွေး၏ "အိုကွာ"ဆိုသည့်စကားကို အဓိပ္ပါယ်ပေါ် ဘာသာပြန်ရလျှင် "မင်းနဲ့...မမနွေးက ဘာဆိုင်လို့ မင်းက...မမနွေး ကို တမ်းတခေါ်ရမှာလဲ"ဟု အဓိပ္ပါယ်ပေါ်ထွက်လာသည်ပဲလား မပြောတတ်...။

* * *



## [၁၁]

"သမီးပြန်လာတာ စောသားပဲ"

"ဟုတ်ကဲ့ဖေဖေ...လူနာတစ်ယောက်ထဲကိုပဲပြပြီး ဓာတ်ထုပ် ကားပဲကြည့်တယ်၊ ဆရာဝန်ကြီးကတော့ ဓာတ်ကားသုံးကားတောင် တ်ပေးထားတယ်၊ ကျွန်တော့်တစ်ထုပ်မကြည့်တော့တာမို့ ပြန်တာ တာပါ"

နွေးနွေးနားလိုပြီ။ အိပ်ရာထက်တွင် စိတ်ရှိလက်ရှိလဲလျောင်း ချင်ပြီ။ လဲလျောင်းနားနေပြီး ရင်ထဲရှိသမျှတွေ တွေးချင်နေမိသည်။

ယင်းအတွေးကြောမှာပင် သက်တန့်ပေါ်မှာကစားသလို ဟုန်စီးသလို ငြိမ့်ငြိမ့်ညောင်းညောင်းလေးအလိုက်သင့်ပါသွားချင် သည်။

မေမေကပြောလာပါ၏။

"ထိုင်ဦးသမီး၊ ပြောစရာတွေရှိလို့ သမီးကို မေမေတို့စောင့် နေတာ"

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာပြီ။ နွေးနွေးဆိုဖါပေါ်ထိုင်ချလိုက်စဉ်မှာပင် ခြံထဲ
အပြင်သို့မောင်းထွက်သွားသော ကားအင်ဂျင်သံကြားလိုက်ရသည်
အောင်အောင် ညစာစားရန် အပြင်သို့ထွက်သွားခြင်းဖြစ်ပေမည်။

အောင်လေးခမျာ သနားစရာ။ ဒီအချိန်မို့ ... ချုပ်မှ ည
ထွက်စားရသည်။ ဒီအိမ်ရောက်မှ အောင်အောင်အစားမမှန်ဖြစ်ရ
သည်။

"မောင်ရန်နောင်ထွက်လာသွားတယ်သမီး"

"အော်...အော်..."

"သမီးရဲ့ဆေးရုံကိုလိုက်သွားပါလားလို့မေမေကပြောသေ
တယ်၊ သူက လိုက်သွားရင် သမီးရဲ့ကုသရေးမှာ အနှောင့်အယှ
ဖြစ်မှာစိုးလို့...မလိုက်တော့ဘူးတဲ့။ သိပ်အလိုက် သိတတ်ရှာတယ်
ဒါပေါ့လေ...ပညာပြည့်တဲ့လူဆိုတော့...ဘာမဆို အသိတရား ရှိတ
ပေါ့"

နွေးနွေးက မိခင်ပြောသမျှကို နားထောင်ရုံသက်သက် န
ထောင်နေပေသည်။ ကိုရန်နောင်ထွက်နှင့်ပတ်သက်၍ စကားလက်
ကျချင်စိတ် နွေးနွေးတွင်မရှိပေ။

"ဟဲ့...သမီး...မေမေပြောတာကိုကြားရဲ့လား၊ သမီးကြည့်
တာ အရုပ်တစ်ရုပ်ဆိုဖါပေါ်ချထားတဲ့အတိုင်းပဲ"

"နွေး...ဘာပြန်ပြောရမှာလဲ မေမေ...မေမေပြောတာကို န
ထောင်နေတာပဲဟာ"

"အေး...မေမေဆက်ပြောပြမယ်။ အဲ...မောင်ရန်နောင်ထွ



ာ သမီးကို စုံမက်တဲ့နေရာမှာတော့ တကယ့်စံတင်လောက်တယ်၊
သမီးက သူနဲ့လက်ထပ်ဖို့ မေမေတို့စီစဉ်ပါတော့လို့ပြောတယ်လို့ပြော
လိုက်တာနဲ့...သူ့ခမျာဝမ်းသာအားရနဲ့ ထခုန်တော့မတတ်ပဲ။ နောက်
ပြီး...ဘာနားမလည် ညာနားမလည်နဲ့...ဒါဆို ရှေးအပတ်ထဲမှာပဲ
လက်ထပ်လိုက်ကြတာပေါ့တဲ့"

"အို...ဒါတော့မဖြစ်နိုင်တာ မေမေ"

"အင်းပါ...ဒီလောက်လောလို့ဘယ်ဖြစ်မလဲဆိုတာ မေမေသိ
တာပေါ့။ မေမေဆိုလိုတာက မောင်ရန်နောင်ထွတ်...အဖြစ်သည်းတာ
ကို သမီးသိစေချင်လို့ပါ။ မေမေကပြောတယ်...ဝါတွင်းကြီး လက်
မထပ်ရဘူးလို့...အဲဒါ...သူက ဒါတွေသူအယူအကြည်မရှိဘူးတဲ့။
ရှေးဆန်တဲ့ ဗမာအယူအဆတွေပါတဲ့လေ...ဟင်း...ဟင်း...သူက
သမီးကို သိပ်လက်ထပ်ချင်နေပြီကိုလေ"

ဖေဖေသည် ထိုင်နားထောင်နေသော်လည်း တစ်ခွန်းမျှဝင်မပြော
ပေ။ သမီးလက်ထပ်ရေးကိစ္စမှာ မိခင်သာလျှင် ဦးဆောင်စေဆိုသည့်
သဘောနှင့် ဖေဖေ့အနေနှင့် ဝင်မပြောသင့်ဟုယူဆထားပုံရပေသည်။

နွေးနွေးသည် ပါးစပ်ကို လက်ကိုင်ပဝါပိတ်ပြီး သမ်းဝေလိုက်
သည်။

"မေမေကပဲ ရှင်းပြတာပေါ့ သမီးရယ်...ဒီတော့မှ သူက
မျက်နှာအောက်သိုးသိုးနဲ့...ဒါဆိုလဲ ဝါကျွတ်ကျွတ်ခြင်း လက်ထပ်
နိုင်ဖို့ စီစဉ်ပေးပါတဲ့လေ"

"ဒါဆို...မေမေတို့...ရက်သတ်မှတ်ပြီးပြီပေါ့" ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



မေမေ"

"အင်းလေ…ဒီနှစ်မှာ သီတင်းကျွတ်လပြည့်က အောက်တိုဘာဆယ့်ခြောက်ရက်မှ ကျတယ်…လပြည့်ကျော်တစ်ရက်က စပြီး ဝါကျွတ်ပြီလေ။ မောင်ရန်နောင်ထွတ်နဲ့ မေမေ ပြက္ခဒိန်ကြည့်ပြီး ရက်ရွေးကြတော့…အောက်တိုဘာလဆယ့်ရှစ်ရက်နေ့ဟာ ရက်ရာဇာ ကျတယ်။ အဲဒီနေ့မှာ…သူ့ဘက်က ကြီးမိဘတွေနဲ့ မေမေတို့ဘက်က လူကြီးမိဘတွေ…နောက်ပြီး ဖိတ်ကြားတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေနဲ့ စေ့စပ်ကြောင်းလမ်းပွဲလုပ်ဖို့ သတ်မှတ်လိုက်တယ်။ ဒါတောင် မောင်ရန်နောင်ထွတ်က ဈေးဆစ်သေးတယ်၊ အဲဒီနေ့မှာပဲ တစ်ခါတည်း လက်ထပ်လိုက်ရင်ပြီးရောတဲ့လေ။ အဲဒါကို မေမေကမလိုက်လျောပါဘူး။ မိန်းကလေးဘက်က ဂုဏ်ရှိဖို့ တန်ဖိုးရှိဖို့အတွက် စေ့စပ်ကြောင်းလမ်းပွဲအရင်လုပ်ရမယ်လေ၊ အဲဒီနောက်မှာ လက်ထပ် မင်္ဂလာပွဲရက်ရွေးပြီး လုပ်ရမယ်မဟုတ်လား။ ဒါကြောင့်…နိုဝင်ဘာလဆယ့်ကိုးရက် မြန်မာရက်ဆိုရင် တန်ဆောင်မုန်းလပြည့်နေ့မှာ မင်္ဂလာပွဲကျင်းပဖို့ ရက်ကောင်းရက်မြတ်ရွေးပြီး ဆုံးဖြတ်လိုက်တယ်"

"ဒါဆိုလဲ ပြီးရောပေါ့မေမေ၊ မေမေပြောချင်တာ ဒါပဲမဟုတ်လား၊ သမီးပင်ပန်းလာလို့နားချင်ပြီမေမေ"

"ဟော…ညည်းဟာက…"

ဒေါ်အေးမွန် အာမေဋိတ်သံကြီးနှင့်အတူ သမီးနွေးနွေးကို မကျေနပ်သောအကြည့်ကြီးနှင့်ကြည့်လိုက်သည်။

ဘယ့်နှယ်…ဖအေနဲ့မအေက သမီးအတွက် လူတော်လူကောင်း



ရှာရည်မွန်နဲ့လက်ထပ်ရေး အားတက်သရောပြောသည်။ လုပ်ဆောင်နေသည်၊ စီစဉ်နေသလောက် သမီးကိုကြည့်ရသည်က ကာယကံရှင် သတို့သမီးလောင်းဖြစ်နေပါလျက် လက်ထပ်ရေးတွင် အားတက်သရောမရှိ။ တက်ကြွမှုမရှိ၊ ထမင်းစားရေသောက်လုပ်နေကျ အလုပ်တဲ့သို့ အေးတိအေးစက်ကြီး ဖြစ်လွန်းနေတော့လည်း ဒေါ်အေးမွန်ဆောင်းခနဲဒေါသထွက်ပါတော့သည်။

"နေပါဦးမိနွေး…ညည်းကိုကြည့်ရတာ မောင်ရန်နောင်ထွတ်နဲ့လက်ထပ်ဖို့ကိစ္စမှာ ဘယ်လိုမှအားတက်သရောရှိပုံမရဘူး။ အဲဒါကဘာအချိုးလဲ မိနွေး"

"အော်…မေမေရယ်…မိန်းမတစ်ယောက်နဲ့ယောကျ်ားတစ်ယောက်လက်ထပ်ထိမ်းမြားတယ်ဆိုတာ လောကကြီးမှာ အသစ်အဆန်းကိစ္စတစ်ခုမှမဟုတ်တာ၊ ဖေဖေနဲ့မေမေက နွေးကို ကိုရန်နောင်ထွတ်နဲ့လက်ထပ်ပေးချင်တယ်၊ နွေးက ကိုရန်နောင်ထွတ်ကိုလက်ထပ်ပါမယ်လို့ဆိုမှတော့…နောက်ထပ်ဘာမှမကျန်တော့တာပဲဟာ"

"ညည်းပြောပုံက ပေါ့ရွှတ်ရွှတ်နိုင်လှချည်းလား မိနွေး"

"အော်…မေမေရယ်…ပေါ့ရွှတ်ရွှတ်ပဲဖြစ်ဖြစ်…အလေးနက်ပဲဖြစ်ဖြစ်…တကယ့်လိုရင်းက ကိုရန်နောင်ထွတ်နဲ့ မနွေးနွေး လက်ထပ်ကြလေသတည်း၊ ဗြာကြလေသတည်းသာအဓိကလိုရင်းမဟုတ်လား၊ နွေးနွေး ကိုရန်နောင်ထွတ်ကို လက်ထပ်မယ်ဆိုတာနဲ့…မိဘဖြစ်တဲ့ ဖေဖေနဲ့မေမေ့မှာ လုံလောက်ပါပြီ…မေမေ"

"အေး…လုံလောက်ပြီဆိုလဲ လုံလောက်တယ်ပဲထားပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်ထောင်တစ်ခုဟာ ဆောက်တည်ပြီးတဲ့နောက်...ဇ
သက်ပန်တည်တန့်ခိုင်မြဲဖို့ဆိုတာက သူကလဲ ကိုယ့်ကိုချစ်မှ...ကိုယ်
ကလဲ သူ့ကိုချစ်မှ မြဲတယ်ဟေ့...အခု ငါကြည့်ရတာ...မောင်ရန်နောင်
ထွတ်ကတော့ ညည်းကိုတော်တော်လိုလိုလားလားနဲ့ချစ်ရှာပုံပဲ...ညည်း
ကသာ...ဟင်း...ငါသိတယ်မနွေး...ညည်းဘာတွေဖြစ်နေတယ်
ဆိုတာ...ငါသိတယ်''

''မနွေးကဘာတွေဖြစ်နေလို့...မေမေက ဘာတွေသိနေတာလဲ
မေမေ''

ဒေါ်အေးမွန်က လင်တော်မောင် ဦးစည်သူကို လှမ်းကြည့်
လိုက်ပါ၏။ စစ်ကူတောင်းချင်သလားမသိ။

သို့သော် ဦးစည်သူသည် သမီးလင်ယူရေးကိစ္စ၌ သမီးကွယ်
ရာ၌သာ ဇနီးကိုအကြံပေးမည်။ လိုချင်သောပုံစံကိုပြောမည်။ သမီး
ရှေ့မှာတော့ ဖခင်မို့ ဘာမှမပြောလို့၊ ထို့ကြောင့် ဇနီး၏ လှမ်းအကြည့်
ကို မျက်နှာလွှဲနေလိုက်သည်။

ဒေါ်အေးမွန်က နွေးနွေးဘက်ပြန်လှည့်လိုက်သည်။

''မနေ့ညက ငါတို့အပြင်သွားနေတုန်း တန်းလျားကို ညည်း
သွားတယ်မဟုတ်လား''

''သွားတယ်မေမေ...အဲဒါဘာဖြစ်လဲ...ဒီကနေ့ ဆေးရုံသွား
ဖို့ကိစ္စရယ်...ဆေးဖြတ်ဖို့ကိစ္စရယ်...အစီအစဉ်တွေ အောင်အောင်
ကိုသွားပြောတာ''

''နောက်ပြီး ညည်းနဲ့ဟိုကောင်လေး...လှေကားရင်းမှာ လုံး



လားထွေးလားဖြစ်ကြတယ်ဆို...''

''အိုး...မေမေ ဘာတွေပြောနေတာလဲ''

''ပြောရမယ် မိနွေး...ပြောကိုပြောရမယ်...မသူဇာက သူမြင်
သမျှ ငါ့ကိုပြန်ပြောပြတယ်။ ဒီမလောက်လေးမလောက်စားကောင်
လေးကို အရောမဝင်နဲ့လို့ မိဘက တစ်တွတ်တွတ်ပြောနေတဲ့ကြား
က...ဟင်း...ငါမပြောလိုက်ချင်ဘူး...မိနွေး''

''ဒီလိုတော့ အရှမ်းမပြောနဲ့မေမေ...အဲဒီတန်းလျားလှေကား
အတက်အဆင်းကို နွေးအလေ့အကျင့်မရှိဘူး၊ ပြန်အဆင်းမှာ ခြေချော်
ပြီး လှေကားထစ်က ကျသွားတယ်။ အောင်အောင်က စေတနာနဲ့
လာထူပေးတာ...နွေးကအထူမခံဘဲ တွန်းပစ်လို့ နောက်ပြန်လဲကျ
ရာမှာ...နွေးပါ အားလွန်ပြီး သူ့အပေါ်မှာထပ်လဲတာ...အဲဒါအဖြစ်
မှန်ပဲ။ အောင်အောင်နဲ့ မနွေးဟာ တစ်သက်လုံး မောင်နှမလိုနေခဲ့
ကြတာပါမေမေ''

''ဒါတွေပြောမနေနဲ့...ဟိုတုန်းကဟာက ဟိုတုန်းကပဲ...အခု
က...အခုပဲ''

နွေးနွေး ထိုင်ရာမှဆတ်ခနဲထလိုက်သည်။ ရှက်ခြင်း၊ ဒေါသ
ဖြစ်ခြင်း၊ ခံပြင်းခြင်းစိတ်တွေတက်လာသောကြောင့် ဖြူဝင်းသော
အသားရောင်လေးပင် ပန်းနုရောင်ပြောင်းလာပါ၏။

''အောင်အောင့်ကို...နွေးက အရောဝင်ချင်လို့ဝင်တာမဟုတ်ဘူး၊
ဒီအိမ်ကိုအောင်အောင်ရောက်တဲ့နေ့ကစပြီး...မေမေတို့ဆက်ဆံတာနဲ့
မျက်နှာထားတာတွေ တင်းလွန်းနေတယ်။ မာကျောလွန်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နွေးအနေနဲ့ ငယ်ငယ်ထဲက ခင်မင်သူတွေမို့ စိတ်လက် မခြောက်ခေလို့…ဒီကောင်လေးကို ဖါဖါထေးထေးဆက်ဆံတာ။ ဒီကောင်လေးက နန်းတော်ပေါ်ကဆင်းလာပြီး တင်းကုတ်မှာလာနေသလိုနေရတာကို နွေး သနားတယ်မေမေ"

"ဩ…ဩ…ညည်းက သနားလိုက်ပြန်သတဲ့လား မိနွေး"

မေမေ၏မျက်နှာပေးနှင့် ပြောဆိုသံတို့မှာ အထေ့အငေါ့နှင့်အောက်ကလိအာမျိုးဖြစ်နေပေသည်။ ပြီး…အောင်အောင်နှင့်မိမိကို သမုတ်သောအဓိပ္ပါယ်သက်ရောက်နေသည်။

နွေးနွေးသည် ရဲတင်းစွာပင် မိခင်ကိုပြန်ကြည့်ပြီး ပြောလိုက်ပါ၏။

"မေမေ…မေမေ့ကို…နွေးနောက်ဆုံးတစ်ခုပဲပြောမယ်။ ကိုရန်နောင်ထွတ်နဲ့ နွေး…ဆေ့စပ်ကြောင်းလမ်းတာရော…မင်္ဂလာပွဲနဲ့ လက်ထပ်ဘို့ကိစ္စရော…မေမေ့စိတ်ကြိုက်စီစဉ်တာကို နွေးလက်ခံထားပါပြီ။ ဒါဆို…မေမေကျေနပ်သင့်ပါပြီ။ နွေးဟာ…ဆယ်ကျော်သက်ရွယ် မလိမ်မိုး မလိမ္မာအရွယ်မဟုတ်တော့ပါဘူး…ဒီတော့…နွေးရဲ့ဘဝနဲ့ နွေးရဲ့ခန္ဓာကို မေမေတို့ယူပါ။ အပိုင်ယူပါ။ နွေးပေးအပ်ပါတယ်…ဒါပေမဲ့ နွေးရဲ့စိတ်နဲ့ နှလုံးသားရေးမှာတော့ နေရာတကာမှာ မေမေတို့ဝင်မချုပ်ကိုင်ပါနဲ့ မေမေ၊ နွေးလည်း အသည်းနှလုံးနဲ့ဖွဲ့စည်းထားတဲ့လူသားတစ်ယောက်ပါ…နွေးဟာ သက်မဲ့အရုပ်လေးတစ်ရုပ်မဟုတ်ပါဘူး မေမေ"

နွေးနွေးသည် ပြောလည်းပြောသည် လက်ဝါးနှင့်မျက်နှာအုပ်



ငိုလည်းငိုသည်။ ပြီး ချာခနဲလှည့်ကာ အိမ်ပေါ်သို့ပြေးတက်သွားသည်။

"ဟဲ့…မိနွေး…ပြန်လာစမ်း ဒီကို…"

ဒေါ်အေးမွှန်က အာဏာနှင့်ခေါ်သော်လည်း နွေးနွေးသည် နောက်ပြန်တစ်ချက်မကြည့်တော့ပဲ…အပေါ်ထပ်သို့တက်မြဲတက်သွားသည်။

"အောင်မာ…မိန်းမကိုက ပညာလေးပြည့်စုံလာတော့…မအေကိုတောင် ကြီးကြီးကျယ်ကျယ်စကားတွေခံပြောတယ်။ မိဘစေတနာကို နားမလည်တဲ့မိန်းမ…"

ဦးစည်သူက ဇနီး၏ပုခုံးကို လက်ဝါးဖြင့် ငြင်သာစွာပုတ်ပြီး ပြောလိုက်ပါ၏။

"တော်တော့မမွှန်…သမီးကို ဘာတစ်ခွန်းမှနောက်ထပ်မပြောနဲ့တော့…သမီးပြောသွားတဲ့အထဲမှာ မှန်သင့်သလောက်မှန်တာတွေပါတယ်"

"ဘာတွေမှန်ရမှာလဲကိုစည် သူကိုယ်တိုင်က ကောင်ဆိုးလေးအပေါ်မှာ ယိုင်နေသလားမှမသိတာ"

"အေး…သမီးက ဒီကောင်လေးအပေါ်မှာ ယိုင်ချင်လဲယိုင်ခယ်…အဲဒါကို…ကျုပ်သေချာစဉ်းစားကြည့်တယ်။ သမီးဟာ…ရွယ်အထိ ဘယ်ယောကျ်ားလေးနဲ့မှ အနီးကပ်ဆက်ဆံခွင့်မရခဲ့ဘူး၊ အား…အောင်နေမျိုးကျတော့ နှစ်ယောက်စလုံး အရွယ်မရောက်ခင်ကလေးဘဝကတည်းက ခြံချင်းကပ်နေခဲ့ပြီး…သူ့မောင်လေးလို ချိုမိုး

www.burmeseclassic.com

www.burmeseclassic.com



သိန်းကျောင်းရောက ကစားပေါ်ကစားဘက် သံယောဇဉ်စိတ် ငယ်စဉ်ကတည်းက ရှိခဲ့တယ်...အသီးသီးအရွယ်ရောက်လာတော့လည်း ကောင်းလေးကရုပ်ချောတယ်၊ ကြည့်ကောင်းတယ်၊ သမီးအပေါ်မှာ အောင်ငယ်တစ်ယောက်လို နူးဆိုးလေးတွေနဲ့ဆက်ဆံတယ်။ ဒါကိုပဲ... သမီးကကြည်နူးသာယာတာမျိုးဖြစ်မယ် မမွန်။ သွေးသားတစ်စက်မှ မတော်စပ်လေ့တော့...အဲဒီကြည်နူးသာယာစိတ်ဟာ...အချစ်ကိုရှာဘက်ကို ကူးချင်လဲကူးသွားနိုင်တယ်။ အဲဒီတော့...သမီးကို နောက်ထပ်...ဒီကောင်လေးနဲ့ ပတ်သက်ပြီး...ဘာတစ်ခွန်းမှမပြောနဲ့တော့။ သမီးဟာ အရွယ်အားဖြင့်ရော...ပညာအားဖြင့်ရော ပြည့်စုံနေပြီ...မိဘအုပ်ထိန်းခြင်းတရားဥပဒေအရ ကင်းလွတ်နေပြီ။ ဘာမဆို သူ့ဟာသူ...ဆုံးဖြတ်ပိုင်ခွင့်ရှိနေတယ်။ လုပ်ပိုင်ခွင့်ရှိနေတယ်''

''အို...သူ ထင်ရာလုပ်ရဲလုပ်ကြည့်စမ်းပါလား...သေခန်းပြတ်...အမွေပြတ်ပဲ ကိုစည်''

''မင်း ဒီလိုဖွတ်မပြောနဲ့မမွန်...ကျုပ်ပြောတာ သဘောပေါက်စမ်းပါ။ သူနောက်ဆုံးပြောသွားတဲ့စကားကို ကျုပ်တို့မိဘက အလေးအနက်စဉ်းစားရမယ်...သူ့ဘဝနဲ့ခန္ဓာကို မေမေအပိုင်ယူပါတဲ့...သူ့စိတ်နဲ့ သူ့နှလုံးသားကို မချုပ်ချယ်ပါနဲ့တဲ့...အဲဒါ...မိဘအလိုကျ ရန်အောင်ထွတ်ကိုလက်ထပ်ပါ့မယ်...ပေါင်းသင်းပါ့မယ်...ဒါပေမဲ့ ရန်အောင်ထွတ်ကို သူ့နှလုံးသားနဲ့ပြန်ချစ်လိုက်ပါဆိုတာတော့ မဖြစ်နိုင်ဘူး...သူ့စိတ်နဲ့သူ့နှလုံးသားကတော့ သူချစ်ချင်တဲ့သူကို ချစ်မှာပဲဆိုတဲ့သဘောပဲ မမွန်''



''အောင်မာ...မိန်းမက ကြီးကျယ်လို့''

''ဒီမယ်...မမွန်...သမီးဟာ အရွယ်ပိုင်းနဲ့ ပညာပိုင်းမှာ ရင့်ကျက်တဲ့အရွယ်ရောက်နေပေမဲ့...နှလုံးသားကျတော့-တကယ့် ဆယ့်ခြောက်နှစ်ရွယ်အရိုင်းသက်သက်ပဲရှိသေးတယ်။ တော်ကြာ ဦးနှောက်စဉ်းစားဆုံးဖြတ်တာကို ပစ်ပယ်ပြီး...နှလုံးသားဆန္ဒအတိုင်း ထင်ရာစွတ်လုပ်သွားမှ ကျုပ်တို့ ဟုတ်ပေ့ဖြစ်ကျန်ခဲ့မယ်။ မမွန်က အမွေပြတ်လုပ်လဲ ဘာအရေးလဲ...ကောင်လေးဘက်က ကျုပ်တို့ထက်...ဆယ့်လေးငါးဆချမ်းသာသူတွေပဲဟာ...အဲဒါ မင်း သဘောပေါက်စမ်း...မင်းသဘောပေါက်...''

* * *

www.burmeseclassic.com



## [၁၂]

BURMESE CLASSIC

စိတ်ကျန်းမာရေးဆေးရုံမှ နှစ်ယောက်သား ကားမောင်းပြန်ခဲ့ ... ၌ ကိုယ့်အတွေးနှင့်ကိုယ်...ကိုယ်စီတွေးလာသောကြောင့် သတိမထ... မိလိုက်သောအကြောင်းတစ်ခုရှိပါ၏။

ထိုအကြောင်းမှာ ဆေးရုံမှ အောင်နေမျိုးနှင့် ဒွေးဒွေးတို့ထွ... လာကတည်းက နောက်မှ တခြားတစ်စီးက နောက်ယောင်ခံလို... လာခြင်းဖြစ်တော့သည်။

မမဒွေးကိုချထားခဲ့ပြီး အောင်နေမျိုးသည် ညစာစားရန်ပြ... မောင်းထွက်လာသည်။ ကာမွေမီးပွိုင့်နှင့် မနီးမဝေးရှိ ဂိုး(လ်)ဒ... အဲရီးဟိုတယ်ဟု မီးချောင်းအိမ်တွင် စာလုံးအနီဖြင့် ဆိုင်းဘုတ်ရေးထ... သော ဟိုတယ်ခြံဝန်းထဲသို့ အောင်နေမျိုးမောင်းဝင်ခဲ့သည်။ ခြံထဲ... ပင် ကားရပ်၊ တံခါးပိတ်သော့ခတ်ပြီး ဟိုတယ်ဆိုင်ထဲသို့ဝင်ခဲ့သည်...

သီးသန့်ခန်းတစ်ခုထဲသို့ အောင်နေမျိုးဝင်ထိုင်သည်။ အ...



...ာင်ရှပ်အင်္ကျီ၊ လိပ်ပြာကောင်နက်ကတိုင်တတ် ဘောင်းဘီနက်နှင့် ...းပွဲထိုးရောက်ရှိလာသည်။

''ဘယ်လိုအရက်မျိုးသုံးဆောင်မလဲဆရာ။ ဟင်းလျာက ...ော့...ဘာတွေဆောင်ရွက်ပေးရမှာလဲခင်ဗျာ''

သာမန်အားဖြင့် အောင်နေမျိုးအရက်ကို ကြိုက်လည်းမကြိုက် ...သောက်လည်းမသောက်ပေ၊ ယနေ့တော့ အရက်ကိုကြမ်းကြမ်းသောက် ...ြီး ကြမ်းကြမ်းပင်မူးပစ်ချင်သည်။

''ဘလက်လေဘယ်(လ်) လေးပက်ယူခဲ့ဗျာ...ဆော်ဒါအေးပါ ...ပါ...ရေခဲမလိုချင်ဘူး...''

''ရပါတယ်ဆရာ...အမြည်းကကော...သီဟိုစေ့လှော်၊ ဒိန်ခဲ၊ ...တ်အူချောင်းကြော်...''

''အဲဒီသုံးမျိုးလုံးယူခဲ့ဗျာ''

''ထမင်းစားဖို့ ဟင်းလျာကကောဆရာ''

''အဲဒါ နောက်မှမှာမယ်...အရက်နဲ့ဆော်ဒါအေးသာ အခုယူ ...ခဲ့ပါ''

စားပွဲထိုးထွက်သွားပြီး ငါးမိနစ်အတွင်းမှာပင် မှာသမျှအား လုံး ...င်ပန်းတွင်ထည့်ကာ ရောက်လာပါ၏။ အောင်နေမျိုးက ထမင်း ...းဖို့ ဆက်မှာသည်။ ဝက်သားပေါင်း၊ ကြက်သားလုံးကြော်နှင့် ...ါးမန်းတောင်ဟင်းချို။

စားပွဲထိုးပြန်ထွက်သွားသည်နှင့် အရက်ထဲဆော်ဒါရောကာ ...သောက်စပြုတော့သည်။ သီဟိုစေ့လှော်ဝါးသည်၊ ဒိန်ခဲစားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားစားရင်း အရက်ကိုသောက်သည်။

"ဟေး…ကိုမျိုး"

လှပချောမောသော အသက်နှစ်ဆယ်ကျော်ခန့် လှယဉ်ကျေး မယ်တစ်ဦးဝင်ရောက်လာကာ "ဟေး…ကိုမျိုး"ဟု နှုတ်ဆက်သည် ပြီး ရယ်ကာမောကာ အောင်နေမျိုး၏ဘေးမှ ကုလားထိုင်ကိုဆွဲကာ နီးကပ်စွာထိုင်လိုက်သည်။

အောင်နေမျိုး အရက်နှစ်ငုံသာငုံရသေးသောကြောင့် မမူးသေး ပါ။ သို့သော် ယင်းလှယဉ်ကျေးအမျိုးသမီးချောကို အောင်နေမျိုး လုံးဝမသိပါလေ။ အောင်နေမျိုးက အမျိုးသမီးကိုသေချာကြည့်သည်။

လှသည်ချောသည်တော့အမှန်။

သို့သော် ဆေးရောင်စုံချယ်ထားသောပန်းချီကား၏အလှမျိုး သာဖြစ်သည်။ ဆံကေသာထုံးဖွဲ့မှုရော မျက်နှာတွင်ချယ်သမှုတွေရော အလှပြင်ဆိုင်မှပြင်ပေးလိုက်သည်မှန်း သိသာထင်ရှားသည်။

"ဟွန်း…ကြည့်လှချည်လား ကိုမျိုး"

"ဟုတ်ကဲ့…တစ်ခါမှမမြင်ဘူးသေးတဲ့လူမို့ ကြည့်တာပါ… တခြားဘာအကြောင်းမှမပါပါဘူး။ ဘယ်လိုကြည့်ကြည့် ခင်ဗျားကို ကျုပ်မသိဘူး"

"ဟွန်း…ကိုမျိုးကပြောချရော့မယ်။ တကယ်တော့ ကိုမျိုးဟာ ရိုစီကိုသိပါတယ်နော်…တစ်ခါမှမမြင်ဘူးပေမဲ့ ရိုစီကို ကိုမျိုးသိ ပြီးသားပါ။ ကိုမျိုး စည်သူမွန်ရိပ်ငြိမ်ကြီးကိုရောက်ခါစက ရိုစီ ကိုမျိုး ဆီ ဖုန်းဆက်ဖူးတယ်လေ"



"သြ…သြ…သြ"

အောင်နေမျိုး အမှတ်ရသွားပါ၏။

"ဒါဆို…ရန်ကုန်ပုလဲဖြူအဖွဲ့က ရိုစီပေါ့"

"ဟုတ်ပါသတဲ့ရှင်…ကိုမျိုး ရှေ့တော်မှောက်ရောက်လာတာ… ပုလဲဖြူအဖွဲ့ဝင် လှကညာတစ်ပါး ရိုစီ မဖုရားလေးပါတဲ့ရှင်"

"ဒါဆို မရိုစီနဲ့ကျွန်တော် အသိအကျွမ်းဖြစ်သွားပြီပေါ့…ကဲ အခု ကျွန်တော်…ဘလက်လေဘယ်သောက်နေတယ်…မရိုစီ ဘာသောက်မလဲ၊ ဘာစားမလဲ၊ ကြိုက်တာမှာပါ…ကျွန်တော် ဒကာခံ မှာပါ"

"ဟင်း…ဟင်း…ဟင်း"

ရိုစီက မရယ်ချင်ပါပဲလျက် တမင်လုပ်ရယ်ကာ 'မ'သံပြု လိုက်ပေသည်။ တစ်နည်းဆိုမူ မြူဆွဲယ်သံပြုလိုက်ခြင်းဟု ဆိုနိုင် သည်။

ပြီး…သူမ ပေါ့(စ်)အိတ်ထဲမှ စီးကရက်ဘူးထုတ်၊ တစ်လိပ်ယူ၊ သိပ်တန်ဖိုးကြီးသော ဂတ်(စ်)မီးခြစ်ဖြင့် မီးညှိရှူဖွာပေသည်။

"ရိုစီ အရက်မသောက်ပါဘူး ကိုမျိုး လိုင်းအပူးမခံဘူးလေ… အခု ကိုမျိုးလိုင်းပူးပြီး အရက်သောက်တာကိုတောင် ရိုစီကအံ့သြနေ တာ။ ဘာလို့များ…ဖီလင်သိပ်ကြမ်းတဲ့အရက်လိုင်း ဝင်ပူးနေတာလဲ။ ကိုယ့်မှာ သိပ်သိမ်မွေ့နူးညံ့တဲ့ ဖီလင်လိုင်းရှိနေသားနဲ့"

"ဘာလုပ်တော့မှာလဲ ရိုစီ…ကျွန်တော်က ဆေးဖြတ်တော့မှာ ပဲဟာ…ဘာဖီလင်တွေမှမလိုချင်တော့ဘူး။ အခုအရက်သောက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကလဲ…မြန်မြန်မူးသွားပြီး မြန်မြန်အိပ်ပျော်ချင်လို့…ဘာလိုင်းမှပွားတာ မဟုတ်ဘူး”

စားပွဲထိုးက မှာယူထားသောဟင်းလျာများနှင့် ထမင်းဖြူအုပ်ကိုပါ လင်ပန်းတွင်ထည့်ယူဝင်ရောက်လာသည်။

“ဟင်…မမရီစီရောက်နေပါလား”

စားပွဲထိုးက ရီစီအား ခါးလေးညွှတ်ပြီး အရိုအသေမေးကာ နှုတ်ဆက်သည်ကို အောင်နေမျိုးတွေ့ရသည်။

“အေးကွဲ…ဟောဒီကိုမျိုးဟာ မမတို့ရဲ့လေးစားအပ်တဲ့ ပုဂ္ဂိုလ်မို့ မမကိုယ်တိုင်လာတွေ့တာ…မင်းတို့ဆရာလဲပါလာတယ်။ သူ ဟောဒီ ကိုမျိုးနဲ့လာစကားပြောလိမ့်မယ်။ မင်းတို့ဆရာ စားရင်းသောက်ရင်း ဘယ်လိုအပျင်းပြေ အချိန်ဖြုန်းတတ်မှန်း မင်းတို့သိပါတယ်နော်”

“သိပါတယ် မမရီစီ…အခုပဲ ကျွန်တော်ယူလာခဲ့ပေးပါ့မယ်”

သူတို့အချင်းချင်း ဘာတွေပြောမှန်း အောင်နေမျိုးနားမလည်။ မှာထားသောဟင်းလျာများနှင့် ထမင်းရောက်လာပြီမို့ ထမင်းမစားခင် အရက်ကိုသောက်ပြန်သည်။

စားပွဲထိုးပြန်ဝင်လာသည်။ သူ၏လက်ထဲတွင် ကတ်ဘုတ်ပြား တစ်ခုပါလာသည်။ ကတ်ဘုတ်ပြားတွင် ကျပ်ဝိုင်းခန့်စက်ဝိုင်းမှ စတ်ဝိုင်းတွေပတ်ချာလည်ဝိုင်းထားသည်။ စက်ဝိုင်းပုံစံတွေပါရှိသည်။ ယင်းကပ်ဘုတ်ပြားကို စက်ဝိုင်းတွေဘက်မှ မျက်နှာစာပြုပြီး အခန်းနံရံတွင် ချိတ်လိုက်သည်။

ပြီးနောက်…လက်ဖြင့်ပစ်ပေါက်ရသည်။ ပန်းပွားတတ် မြား



ဘူးကို မရီစီလက်သို့ပေးအပ်သည်။

အောင်နေမျိုးက ထိုစားပွဲထိုးအား နောက်ထပ်အရက်နှစ်ပတ်နှင့် ဆော်ဒါအေးယူလာရန်ထပ်မှာလိုက်သည်။

စားပွဲထိုး အခန်းပေါက်အထွက်တွင် ဝင်လာသူနှင့်မျက်နှာချင်းဆိုင်ဖြစ်နေသဖြင့် ဝင်လာသူက စားပွဲထိုးရင်ပတ်ကို ဆောင့်တွန်းလိုက်သည်။ စားပွဲထိုးမှာ နောက်လန်သွားပြီး ချက်ချင်း ဘေးသို့ရှောင်ကာ ဝင်လာသူအား ခါးကိုင်းဦးညွှတ်အရိုအသေပြုသည်ကို အောင်နေမျိုးလှမ်းမြင်တွေ့ပါ၏။

ဝင်လာသူသည် အသက်(၃၀)ကျော်ခန့် အနောက်တိုင်းဝတ်စုံအဖိုးတန်ကို နက္ကတိုင်မှအစ သေသပ်စွာဝတ်ဆင်ထားသူဖြစ်ပါ၏။

“ဟော…ကိုမိုက်…လိုက်လာပြီလား”

ရီစီက မတ်တတ်ထကာ ထိုဝင်လာသူအား အရိုအသေပေးရင်း နှုတ်ဆက်သည်။ ရီစီနှင့် စားပွဲထိုး အရိုအသေပေးမှုကြောင့် ဘေးမှလူကပင် ထိုလူကို ရိုသေရမလိုဖြစ်သွားသည်။ သို့သော် အောင်နေမျိုးက ဒါမျိုးတွေကို မဖြုံပါလေ။ ဝင်လာသူက စားပွဲထိုးကိုပြောလိုက်သည်။

“မင်းသွားတော့…ငါမခေါ်ရင် ပြန်မလာနဲ့တော့…လိုရင်ငါခေါ်မယ်…”

“ဟုတ်ကဲ့ပါဆရာ…”

အောင်နေမျိုးက စားပွဲထိုးကို လှမ်းပြောလိုက်သည်။

“မဟုတ်ကဲ့နဲ့ဦး ကိုယ့်လူ…ကျုပ်မှာထားတဲ့အရက်နှစ်ပက်

www.burmeseclassic.com



ရယ်...ဆော်ဒါအေးရယ်...ပဲငံပြာအကြည်ရည်ရယ် ရေတ်သီးစိမ်း ရယ် လာမှိုဦးလေဗျာ"

စားပွဲထိုးက ဥရောပဝတ်စုံနှင့်လူကို လှမ်းကြည့်ပြီး ပြန်လာ ပေးပို့ရမှာလားဆိုသည့်အဓိပ္ပါယ်သက်ရောက်ေ ႏးစေသည်။

ဥရောပဝတ်စုံလူက "ပြန်လာပို့"ဟု အဓိပ္ပါယ်ဖြင့်ခေါင်းညိတ် ပြမှ စားပွဲထိုး ကျိုကျိုရှိုရှိုထွက်သွားသည်။

အောင်နေမျိုးက ဥရောပဝတ်စုံလူအား ရှိစီတို့၏ ပုလဲဖြူခေါင် ဆောင်မှန်း ရိပ်စားမိပါ၏။ ပုလဲဖြူအဖွဲ့သည် ဤတာမွေက ပိုး(လ် ဒင်းဟော်တယ်အသေးစားလေးအထိ ဩဇာသက်ရောက်နေပါလား လည်း အောင်နေမျိုးရင်ထဲက အမှတ်အသားထားလိုက်ပေသည်။

"အဲဒါ...ကိုမျိုးပဲ ကိုမိုက်...ဒါက ပုလဲဖြူအဖွဲ့ခေါင်းဆောင် ကိုစောမိုက်ကယ်ပါ ကိုမျိုး"

အောင်နေမျိုး သံမှန်ဖြင့်ပြန်ပြောပါ၏။

"အနောက်တိုင်းယဉ်ကျေးမှုအရပေါ့ဗျာ...တွေ့ရတာ ဝမ်းသာ ပါတယ်ပေါ့...မြန်မာလိုဆိုရင်တော့...မင်္ဂလာပါပေါ့ဗျာ...ကဲ... ညစာထမင်းသုံးဆောင်ပါဦးလား ကိုစောမိုက်ကယ်"

"ကယ်ရီအွန်...ဆက်စားပါ ကိုအောင်နေမျိုး၊ ကျုပ်စိတ်ရှည် ရှည်နဲ့စောင့်ပါ့မယ်...ကိုအောင်နေမျိုးနဲ့ ညှိနှိုင်းစရာလေးရှိလို့...ဆေ ရုံဝကစောင့်ပြီး...ဒီကိုတောက်လျှောက် နောက်ကလိုက်လာတာပါ"

စားပွဲထိုးက ပို့သောအရက်နှစ်ပတ်ကို ထပ်သောက်ပြီး ထမင်းစားတော့သည်။



တကယ်တော့ အောင်နေမျိုးအရက်သောက်လေ့သောက်ထမရှိ သကြောင့် ယခု ခြောက်ပတ်နှင့် မူးတော့မူးပေပြီ။ ဘာပဲဖြစ်ဖြစ် ထမင်းကိုတော့ စားနေကျအတိုင်း အောင်နေမျိုးဆက်စားနေသည်။

စောမိုက်ကယ်က ထိုင်ရင်း အောင်နေမျိုးထမင်းစားနေသည်ကို စောင့်ရင်း...အပျင်းပြေသဘောဖြင့် မြားဘူးထဲမှ မြားတစ်စင်းကောက် ယူကာ နံရံတွင်ချိတ်ထားသော စက်ဝိုင်းဘုတ်သို့ ပစ်ပေါက်လိုက် သည်။

ပစ်ပေါက်သောမြားသည် စက်ဝိုင်း၏ဗဟိုအလယ်တည့်တည့် ဘူး(လ်)အိုင်းပစ်မှတ်ကို တိကျစွာဝင်စိုက်သည်ကိုတွေ့ရသည်။

စောမိုက်ကယ်သည် မြားပေါက်ကျွမ်းကျင်ပြီး လက်ဖြောင့်သူ ဟု သတ်မှတ်ရပေမည်သာ။

ရှိစီက ဩဘာပေးဂုဏ်ပြုသည့်အနေနှင့် လက်ခုပ်လေးတီး ကာ ထောပနာပြုပါ၏။

တကယ်တော့...စောမိုက်ကယ်သည် သူ၏အရည်အသွေးကို ပြကာ သွယ်ဝိုက်သောနည်းဖြင့် အောင်နေမျိုးအား ခြိမ်းခြောက်ပြခြင်း သာ။

နောက် မြားတစ်စင်း စောမိုက်ကယ် ပစ်ပေါက်ပြပြန်သည်။ ဗဟိုစက်ဝိုင်းသို့ပင် ဝင်စိုက်ပြန်ရာ ရှိစီကထပ်မံလက်ခုပ်တီးထောပနာ ပြုပြန်သည်။

အောင်နေမျိုးသတိထားမိသည်မှာ မြားနှစ်စင်းစလုံး ကတ်ဘုတ် ဗဟိုစက်ဝိုင်းသို့ ဝင်စိုက်စေကာမူ မြား၏အမြီးပိုင်းသည် အောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ကျလာသည်ကို သတိထားလိုက်မိပါ၏။

စောမိုက်ကယ်သည် မြားပေါက်ရာလက်ဖြောင့်သော်လည်
ပစ်ပေါက်ရာ၌ အားပျော့သည်။ ပစ်ပေါက်ချက်မပြင်းမှန်းသိသာသည်

“တွေ့လား…ကိုမျိုး…ကိုမိုက်က မြားပစ်ရာမှာရော…
ပေါက်ရာမှာရော သေနတ်ပစ်ရာမှာရော ပစ်တိုင်း ဘူး(လ်)အိုင်း
ထိတာချည်းပဲ”

“ဟုတ်ကဲ့ မရှိစီ…ဆပ်ကပ်ပွဲတွေမှာလည်း အဲဒီလိုမြားပေါ
ဓါးပေါက်ခန်းမျိုး တစ်ခန်းအနေနဲ့ထည့်ပြတတ်ကြပါတယ်။ ကလေ
တွေကတော့ အဲဒီဓါးပေါက် မြားပေါက်ခန်းကို စိတ်မဝင်စားတတ်
ကြပါဘူး၊ အလေးအနက်လဲမထားတတ်ကြဘူး၊ ကလေးတွေနှစ်သ
တာက ကျားနဲ့ဖက်သတ်တာတို့၊ ဆင်ကြီးရှိခိုးတာတို့ကိုသာ နှစ်သ
တတ်ကြတယ် မရှိစီ”

ရှိစီက ဘာမှပြန်မပြောမိ စောမိုက်ကယ်၏ တဟဲဟဲရယ်သ
ထွက်လာသည်။

“ဟဲ…ဟဲ…တစ်ခါတလေမှာတော့ ကလေးတွေစိတ်ဝင်စ
အောင် အလေးအနက်ထားအောင်လုပ်ရတဲ့ကိစ္စက မလွယ်လှဘူ
ကိုအောင်နေမျိုး…တကယ့်အရသာရှိတာကိုကျွေးတာတောင် ငြင်းချ
ငြင်းတတ်တာမျိုးလား…ကဲ…ကိုအောင်နေမျိုးနဲ့ ကျွန်တော်ဆွေးနွေ
လို့ရပြီလား၊ ရှင်ဆွေးနွေးကြစို့”

“ကျွန်တော့်မှာ ကိုမိုက်ကယ်နဲ့ဆွေးနွေးစရာ ဘာတစ်ခုမှမ
ဘူးဗျာ…ဒါပေမဲ့…ယဉ်ကျေးမှုနဲ့ လူမှုရေးအရ ကိုစောမိုက်ကယ်



က ကျွန်တော့်ဆီတမင်ခြေရာခံလိုက်လာပြီး ဆွေးနွေးချင်တာဆိုရင်
တော့ ဆွေးနွေးလေဗျာ…ကျွန်တော်ကြိုးစားပြီးနားထောင်ပါ့မယ်”

“ကနေ့ညနေပိုင်းက ကိုအောင်နေမျိုး ဆေးဖြတ်ဖို့အတွက်
ဒေါက်တာမနွေးနွေးနဲ့ စိတ်ကျန်းမာရေးဆေးရုံကိုသွားခဲ့ပါတယ်နော်”

“ခင်ဗျား တယ်သိပါလား ကိုစောမိုက်ကယ်…ကျွန်တော်ဆေး
ဖြတ်မှာကို ရန်ကုန်မှာ အပြင်လူဘယ်သူမှမသိဘူးမှတ်နေတာ”

“ကဲပါလေ…တိုတို့နဲ့လိုရင်းပဲ…ခင်ဗျား ဆေးမဖြတ်ပါနဲ့…
ကိုအောင်နေမျိုး…အဲဒါကို ကျုပ်တို့ခွင့်မပြုပါဘူး”

“ရင့်လှချည်လားဗျာ…ကျွန်တော်ဆေးဖြတ်တာ မဖြတ်တာ
ဟာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ကိုယ်ပိုင်ကိစ္စပဲဟာ…ဘယ်
သူ့ခွင့်ပြုချက်မှယူဖို့မှမလိုတာ”

“ဒါက ဒီလိုရှိပါတယ် ကိုမျိုး…ရှိစီတို့ပုလဲဖြူအဖွဲ့မှာ ကိုမျိုး
လိုလူတစ်ယောက်ပါဝင်နေနေတာဟာ ပုလဲဖြူအဖွဲ့ရဲ့ အင်အားတစ်
ခုပါပဲ။ ဆေးရဲ့အရသာကို ကိုမျိုးခံစားသူပဲ။ ပြီး…ကိုမျိုးက သိပ်ချမ်း
သာတဲ့လူပဲ၊ ကိုမျိုးအတွက် ဆေးဖိုးကုန်ကျငွေဟာ ကင်းခြေများ
ခြေတစ်ချောင်းကျိုးတာလောက်ပါ။ အဲဒီတော့…ဘာလို့ဆေးဖြတ်
မှာလဲ…တကယ်လို့ ကိုမျိုးက ဆေးမဖြတ်တော့ဘူးဆိုရင် ရှိစီက
ဒီညအဖို့ ကိုမျိုးအတွက် ပျော်ရွှင်စရာဗိမာန်လေးတစ်ခု တည်ဆောက်
ပေးမယ်လေ…”

“မရဘူး ရှိစီ…ကျွန်တော့်ကို ဆေးသမားလို့အများယူဆတဲ့
ဘဝက ကျွတ်ချင်တယ်၊ ကျွန်တော်တက္ကသိုလ်ဆက်တက်ချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ယူချင်တယ်၊ အဲဒီကြီးမားတဲ့ရည်ရွယ်ချက်တွေကြောင့် ကျွန်တော် ဆေးဖြတ်တာ''

''အဆုံးအဖြတ်မစောနဲ့ ကိုအောင်နေမျိုး၊ ခင်ဗျားဆေးဖြတ်တာကို ပဲခူးကမစ္ဆတာရှောင်းကလဲ သဘောမတူဘူး၊ သူ ကျွန်တော့်ဆီသတင်းပို့ထားတာက ခင်ဗျားဆေးဆက်သောက်ရင် ကျွန်တော်တို့အဖွဲ့က ဆက်ပြီးဆပ္ပလိုင်းလုပ်ပေးပါတဲ့…ခင်ဗျားဟာ ပုလဲဖြူအဖွဲ့ဝင်ဖြစ်ပါစေတဲ့။ ခင်ဗျားဆေးဖြတ်တာကို မစ္ဆတာရှောင်းအဖွဲ့ကရော ကျွန်တော်တို့အဖွဲ့ကရော လုံးဝလက်မခံပါဘူး''

''အပိုင်ကြီးပါလား…ကိုစောမိုက်ကယ်… ကျုပ်ပြောပြီပဲ… ဆေးဖြတ်တာ ဆေးမဖြတ်တာဟာ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပဲ။ ဘယ်သူကမှ ကျုပ်ကိုတားဆီးလို့မရနိုင်ဘူး ကိုစောမိုက်ကယ်''

စောမိုက်ကယ် ဦးခေါင်းတညိတ်ညိတ်ဖြင့် ဆရာကြီးဂိုက်ဖမ်းကာ မြားတစ်ချောင်း၏အချွန်ပိုင်းဖြင့် မေးစေ့ကို အယားဖျောက်နေသည်။

''အင်း…ခေါင်းမာသားပဲ။ အဲဒီလိုခေါင်းမာတာမျိုး ဒီတစ်ခါပဲတွေ့ဘူးသေးတယ်။ ကဲ…ခင်ဗျားတကယ်ပဲဆေးဖြတ်ဖို့ဆုံးဖြတ်လိုက်ပြီလား…မပြင်တော့ဘူးလား ကိုအောင်နေမျိုး''

''ဒီနေ့ ဆေးရုံကိုသွားတာဟာ ပဏာမလေ့လာချက်ပဲ၊ နက်ဖြန်ဆိုရင် ကျုပ်ဆေးဖြတ်ပြီး ဖြတ်တာမှ အစိမ်းဖြတ်…ကျုပ်ဆုံးဖြတ်ချက်ကို ဘယ်လိုမှမပြင်ဘူး ကိုစောမိုက်ကယ်''

''အေးပေါ့လေ…ကျုပ်ကိုယ်တိုင် အဖွဲ့ခေါင်းဆောင်အနေနဲ့



လိုက်လာပြီး ဆေးမဖြတ်ဖို့ပြောတယ်။ ရိုစီကလည်း ဆေးမဖြတ်ရင် ခင်ဗျားကို ပျော်သွားအောင်ပြုစုမယ်လို့တောင်ပြောတယ်…ဒါမှ ခင်ဗျားကဆုံးဖြတ်ချက်မပြင်ဘူးဆိုရင်တော့ ခြွင်းချက်တစ်ခုတော့ ကျုပ်တို့ကပေးရမှာပေါ့''

''ဆိုပါဦး…ဘာခြွင်းချက်လဲ''

''ဥပမာပေါ့ဗျာ…မြန်မာပြည်တက္ကသိုလ်တွေက ဆရာဝန်ဘွဲ့ရသူတွေ၊ အင်ဂျင်နီယာဘွဲ့ရသူတွေ…အိုဗျာ…နောက်ဆုံး ရိုးရိုး ဝိဇ္ဇာ သိပ္ပံဘွဲ့ရသူတွေပဲဖြစ်ဖြစ်…နိုင်ငံခြားမှာသွားအလုပ်လုပ်မယ်ဆိုရင် ကိုယ်ရထားတဲ့ဘွဲ့နဲ့ညီမျှတဲ့ တန်ကြေးကို သက်ဆိုင်ရာမှာ လျော်ကြေးပေးမှ…သက်ဆိုင်ရာက နိုင်ငံခြားသွားခွင့်ပြုတယ်လေ…အဲ…သဘောကတော့ အဲဒီသဘောပါပဲ။ ခင်ဗျား ကျုပ်တို့အဖွဲ့ကထွက်ပြီး ဆေးဖြတ်မယ်ဆိုရင် လျော်ကြေးတော့ပေးသွားပေါ့ဗျာ။ ဒါဆို ကျုပ်တို့က ခွင့်ပြုရမှာပေါ့''

''မကြီးကျယ်လွန်းဘူးလား ကိုစောမိုက်ကယ်''

''အေးဗျာ…ကြီးတော့လဲ ကျယ်စမြဲပေါ့…ကျုပ်တို့အဖွဲ့ ဟိတ်ဟလဲသိပ်ကြီးတယ်လေ…ခင်ဗျားကို လျော်ကြေးသတ်မှတ်တဲ့ငွေကလဲ များလှပါဘူး၊ သိန်းလေးဆယ်ထဲပါ''

''ဘာ…သိန်းလေးဆယ် ဟုတ်လား''

''ဒီနေ့ကစပြီး…တစ်လအတွင်းမှာ သိန်းလေးဆယ်ပေးရမယ်။ အကယ်တန်း ကျုပ်တို့ပုလဲဖြူအဖွဲ့ရမှာက သိန်းနှစ်ဆယ်ထဲပါ…ကျန်တဲ့သိန်းနှစ်ဆယ်က ပဲခူးက မစ္ဆတာရှောင်းအဖွဲ့ကိုပေးရမှာပါ''

''ဩ…ဩ…ပဲခူးကမစ္ဆတာရှောင်းကိုတောင် ပေးရဦးမှာတဲ့

www.burmeseclassic.com

www.burmeseclassic.com



လား ခင်ဗျားတို့ဟာက ရိုက်စားကြီးပါလားဗျာ…နောက်ပြီး မစွတာ ရှောင်းနဲ့လဲ ဘာမှမဆိုင်ဘူး''

''ဆိုင်ပါတယ် ကိုအောင်နေမျိုး…ခင်ဗျားကို မစွတာရှောင် တို့အဖွဲ့က ဂုဏ်ပြုတဲ့ညက ခင်ဗျား ရှောင်းနဲ့ သူ့တပည့်နှစ်ယောက် ကို ရှောင်းတို့မှာ သိပ်နစ်နာသွားပါတယ်၊ ရှောင်းရဲ့နှာခေါင်းက သွေး ထွက်ခဲ့တယ်…ဘခက်နဲ့အောင်စိမ်းနှစ်ယောက်လဲ နာရီဝက်ကြာအောင် နာနုပ်ပေးမှ သတိပြန်ရတယ်။ အဲဒီခြံကြီးရဲ့ခြံတံခါးကို ခင်ဗျားကားနဲ့ တိုက်ဖွင့်လို့ ပျက်စီးသွားတာကို ပြန်ပြင်ရတယ်။ အဲဒါတွေအားလုံး အဖွဲ့ဝင်တွေရှေ့မှောက်မှာဖြစ်ခဲ့တာမို့…ရှောင်းဟာ ခေါင်းဆောင်သိက္ခာ နဲ့ အဖွဲ့သိက္ခာတော်တော်ကျဆင်းသွားတယ်။ ဒါပေမဲ့ ရှောင်းက သဘောထားကြီးရှာပါတယ်။ ခင်ဗျားကို ဖွေမယူပါဘူးတဲ့…ခင်ဗျား ဆက်ပြီး ဆေးမှိုဝဲမြဲမှိုဝဲမယ်ဆိုရင် ဖြစ်ခဲ့သမျှအားလုံးကို ခွင့်လွှတ် မယ်တဲ့။ အဲ…ခင်ဗျားဆေးဖြတ်မယ်ဆိုရင်တော့…သူ့အတွက် နစ် ကြေးသိန်းနှစ်ဆယ်လိုချင်တယ်တဲ့…အဲဒါပါပဲ ကိုအောင်နေမျိုး''

အရက်လဲသောက်ထားသည်ကြောင့်ရော စောမိုက်ကယ်၏ စကားတွေကြောင့်ရော အောင်နေမျိုး သွေးဆူလာသည်။

''ကျုပ်က တစ်ပြားမှမပေးဘူးဆိုရင်ကော''

''ဘယ်ကောင်းမလဲဗျာ…ဒီနေ့ကစပြီး ကိုအောင်နေမျိုးအတွက် ဆိုးဆိုးဝါးဝါးတွေရင်ဆိုင်လာရမှာပေါ့''

''ကျုပ်ကိုခြိမ်းခြောက်တာလား''

''စဉ်းစားပါ ကိုအောင်နေမျိုး ခင်ဗျားကိုအချိန်တစ်လပေးထား တာပဲ။ သေသေအေးအေးနဲ့စဉ်းစားပေါ့ဗျာ။ ပဲခူးကမစွတာရှောင်းက



ကျုပ်ကိုပြောပါတယ်၊ ကိုအောင်နေမျိုးမှာ မာန်ရှိတယ်တဲ့…အတိုက် အခိုက်အသက်အပုတ်လဲ ရင်တယ်တဲ့…ဖြုန်းခနဲဒေါသလည်း ကြီး တယ်တဲ့…အဲဒီတော့ တစ်လအထိပေါ့ဗျာ…ဟုတ်လား။''

အောင်နေမျိုး ထိုင်ရာမှထရပ်လိုက်သည်။ အရက်အရှိန်ကြောင့် ယိုင်သလိုဖြစ်သွားသော်လည်း ချက်ချင်းပြန်မတ်လိုက်သည်။

အင်္ကျီအိတ်ထဲမှ ငါးရာတန်ရှစ်ရွက်ကို စားပွဲပေါ်တင်ထားလိုက် သည်။ သူ၏စားသောက်ခများအတွက် ထားရှိလိုက်ခြင်းပင်။

ပြီး စားပွဲရှိ ကတ်ဘူးထဲမှ မြားသုံးစင်းကို ကောက်ယူကာ ကတ်ဘုတ်ဆီသို့ ပစ်ပေါက်လိုက်သည်။ တစ်စင်းပြီးတစ်စင်း ဆက် ပေါက်ခြင်းဖြစ်ပေသည်။

မြားသုံးစင်းလုံး ကတ်ဘုတ်ပြားစက်ဝိုင်း၏ ဗဟိုချက်ဘူး(လ်) ကိုဝင်စိုက်ကြသည်။ စောစောက စောမိုက်ကယ်ပစ်ပေါက်ထား သော မြား(၂)စင်းမှာ အောက်သို့ပြုတ်ကျသွားသည်။ အောင်နေမျိုး ပေါက်သောမြား(၃)စင်းသာ စက်ဝိုင်းဘူး(လ်)အိုင်းထဲတွင် နိုင်မြဲ စိုက်ဝင်နေပါ၏။

''ကျုပ် ငွေသိန်းလေးဆယ် လုံးဝမပေးပါဘူး…ကဲ…နှစ် ယောက်စလုံး ဖွတ်နိုက်ဗျာ''

အောင်နေမျိုး ဟိုတယ်ခန်းမှထွက်သွားသည်။ ရှီစီက မြားသုံး စင်းစိုက်ဝင်နေသည်ကိုကြည့်ပြီး ပြောလိုက်ပါ၏။

''ဒါတောင် သူအရက်မူးနေတာ ကိုမိုက်''

စောမိုက်ကယ်က ပုခုံးတွန့်ပြလိုက်ပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## [၁၃]

နွေးနွေးမှာလည်း ဒုက္ခ။

ဆေးရုံမှအပြန် မေမေနှင့် အခြေအတင်ပြောခဲ့ပြီး မိမိအိပ်ခန်း ခုတင်ပေါ်ပစ်လှဲချသော်လည်း အိပ်၍မရ။

ခြံထဲသို့ဝင်ရောက်လာမည့် ကားအင်ဂျင်စက်သံကိုသာ နား စွင့်နေမိသည်။

သူ ညစာစားရာသို့ မိမိမလိုက်သဖြင့် အောင်အောင်စိတ် မကောင်းဖြစ်သွားမှန်းသိပါ၏။

တကယ်တန်းပြောရလျှင် အောင်အောင်ခေါ်သော ညစာစား သို့ နွေးနွေးလိုက်ချင်ပါ၏။

သို့သော် မိမိအနေနှင့် ဖေဖေနှင့်မေမေကျေနပ်အောင် ထိ သိမ်းနေရမည်။



မိဘကိုသာ နွေးနွေးအဓိကထားသည်မဟုတ်လား။

ဒီကြားထဲကပင် အောင်အောင်ကို နွေးနွေးသိပ်သနားသည်။ ဒီကောင်လေး စည်သူမွန်ရိပ်ငြိမ်တွင် အပင်ပန်းခံ အဆင်းရဲခံကာ မျက်နှာငယ်စွာဖြင့် အဘယ်ကြောင့် ဆက်နေသည်ကိုလည်း ယခုမှပင် နွေးနွေးကျကျနန ရေရေလည်လည်သဘောပေါက်ခဲ့ပြီ။ အဖြေမှန် ပေါ်ပေပြီ။

"တကယ်လို့ ကျွန်တော်ဆေးဖြတ်ပြီး ဝေဒနာသိပ်ခံစားရချိန် မှာ ဝိုင်းရေ…ဝိုင်းရေလို့မတမ်းတပဲ…မမနွေးရေ…မမနွေးရေ တမ်း တခဲ့ရင် မမနွေး ကျွန်တော့်ကို စိတ်ဆိုးမှာလားဟင်"

ဒါပဲဖြစ်ပါ၏။

ဒီကောင်လေးက မိမိကို မေတ္တာရှိနေပြီး ချစ်နေပြီဖြစ်ကြောင်း ပေါ်ထုတ်ဖွင့်ဟပေပြီ။

ဒီကောင်လေး ဒီအိမ်တွင် ဒီလောက်အပင်ပန်းခံမျက်နှာငယ် မျက်နှာအောက်ချနေခြင်းတို့သည် မိမိအပေါ်တွင် ယိုစိမ့်လာသော နှလုံးသားမေတ္တာကြောင့်သာဖြစ်ပေမည်။

သူ၏ရင်ထဲက ချစ်မေတ္တာကို အတိအလင်း နိဒါန်းပျိုးရုံရှိသေး မိမိက-

"အိုကွာ"

ဟုပြောကာ ကောင်လေးကို ကျောပေးအိမ်ပေါ်တက်လာခြင်း ဖြင့် ကောင်လေးဘယ်လိုအဓိပ္ပါယ်ကောက်လေမှန်းမသိ။

တကယ်တော့…ကောင်လေးက မိမိကိုချစ်ကြောင်း နိဒါန်း အစလေးဖွင့်လိုက်သည်နှင့် မိမိမှာ ရင်ခုန်သွားသည်။ နှလုံးခုန်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ထူပူဖိန်းရှိန်းသွားသည်။

ဒီကြားထဲ ဧည့်ခန်းထဲမှ ဖေဖေနှင့်မေမေကလည်း လှမ်းကြည့်နေသဖြင့် မိမိစိတ်တွေမှာ မလုံမလဲဖြစ်သွားရသည်။

ထို့ကြောင့် ကောင်လေး၏အချစ်ဖွင့်ဟချက်ကို ဘာပြန်ပြောလို့ ပြောရမှန်းမသိဘဲ "အိုကွာ"ဟုပြောကာ အိမ်ပေါ်သို့ပြေးတက်ခဲ့မိသည်။

"ခက်တယ်…အောင်လေးရယ်…မမနွေးမှာ သိပ်ကိုခက်လှပါတယ်ကွယ်"

အိပ်ရာထက်တွင် ဘယ်လူးညာလိမ့်ဖြစ်နေစဉ်မှာပင် လှေကားမှတက်လာသော ဖေဖေနှင့်မေမေ၏ခြေသံကို ကြားရသည်။

နွေးနွေးသည် အိပ်ခန်းတံခါးကို ကျောပေးကာ တုံးလုံးလေးဟိုဘက်လှည့်ငြိမ်နေလိုက်သည်။ အိပ်ပျော်ဟန်ဆောင်နေလိုက်ခြင်းပါပေ။

အကယ်၍ မိမိမအိပ်ပျော်သေးသည်ကို မေမေတွေ့မြင်သွားလျှင် အိပ်ခန်းထဲဝင်လာပြီး ဒီကောင်လေးကို အရောမဝင်နဲ့ စသည့်ရှည်လျားစွာသောစကားတွေပြောပေဦးမည်။ နွေးနွေးအဖို့ ထိုစကားတွေသည် နားမထောင်ချင်ဆုံးသောစကားတွေသာဖြစ်ပါ၏။

နွေးနွေးထင်သည့်အတိုင်းပင် ကျွီခနဲ မိမိအခန်းတံခါးဖွင့်သံကြားရသည်။ ပြီး မေမေ့အသံထွက်လာသည်။

"ကြည့်…ကိုစည်…မိနွေးအဝတ်အစားခေါင်မလဲပဲ…အိပ်နေပြီ"

ထိုအသံကြားရပြီး တံခါးပြန်ပိတ်သံကိုပါ ကြားရသည်။ ထို



နောက် ဖေဖေနှင့်မေမေ သူတို့အိပ်ခန်းသို့ ဆက်လျှောက်သွားသောခြေသံကြားရသည်။

ဆက်လက်၍ နွေးနွေးမျက်စိစုံမှိတ်ခါ အိပ်ပျော်အောင် ကြိုးစားသည်။

လုံးဝအိပ်၍မရပါလေ။

ခြံထဲသို့ မောင်းဝင်လာမည့် အောင်အောင်၏ကားစက်သံကိုသာ နားစွင့်ထားနေမိသည်။

ခြံထဲရှိ ပုဇဉ်းရင်ကွဲကောင်လေးတွေ၏ အော်သံပင်မကြားရတော့ပြီ။ ပုဇဉ်းကောင်လေးတွေ အော်ရင်း ရင်ကွဲနာကျ သေသွားကြပြီလားမသိ။ အိပ်ရာဘေး စာကြည့်စားပွဲပေါ်ရှိ နာရီကိုလှမ်းကြည့်မိသည်။

ည(၁၁)နာရီ (၄၀)မိနစ်ရှိပြီ။ အောင်အောင်၏ကားစက်သံမကြားရသေး။ ဒီအချိန်အထိတော့ စားသောက်ဆိုင်များမဖွင့်တော့ဘန်ရာ။ ဒီကောင်လေးဘယ်တွေကိုများ သွားနေပါလိမ့်။

ပဲခူးကိုများပြန်သွားလေသလား၊ ပဲခူးကိုသွားလျှင်လည်း ပဲခူးသို့ရောက်လောက်ပြီ။ အောင်အောင်ရောက်သွားလျှင် ဘယ်နည်းနှင့်မဆို အောင်အောင်၏မေမေ အန်တီချို့ကတော့ ဒီအိမ်ကိုဖုန်းဆက်မည်သာ။ ဒါဆို ဒီကောင်လေး ဘယ်တွေလျှောက်သွားနေပါသလဲ။ ကောင်လေးစိတ်တွေညစ်ပြီး ကားကို ဗရမ်းဗတာမောင်းသောကြောင့် ကားတွေဘာတွေတိုက်မိနေလေသလား။

စိတ်ပူစိုးရိမ်ရပါလားအောင်လေးရယ်။

နွေးနွေးရင်မှာ ဘလောင်ဆူပါ၏။ ထိုင်ရမလိုလို ထရမလိုလို

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ထိုအခိုက်မှာပင်

ခြံထဲသို့မောင်းဝင်လာသော ကားစက်သံကြားရသည်။

ငေါက်ခနဲ နွေးနွေးထထိုင်သည်။ ခုတင်ပေါ်မှဆင်းသည်။ ပြတင်းပေါက်မှ ကားဂိုဒေါင်တန်းလျားဆီသို့ လှမ်းကြည့်သည်။

မျှော်လင့်သည့်အတိုင်း ဟုတ်နေပါ၏။

ကားမီးအကြီးကိုပိတ်ပြီး ရှေ့မီးအသေးနှစ်လုံးကိုသာ ဖွင့်မောင်းဝင်လာသောအောင်အောင်၏ကားကို လှမ်းမြင်ရသည်။

သို့သော်…

ကားသည် လမ်းအတိုင်းဖြောင့်ဖြောင့်ဝင်မလာဘဲ ဟိုဘက်ကပ်သွားလိုက် ဒီဘက်ကပ်သွားလိုက် မြွေလိမ်မြွေတွန့်မောင်းလာသည်ကို တွေ့ရသည်။

တန်းလျားခြေရင်းအထိမောင်းသွားပြီး ကားကိုရပ်လိုက်သည်။

ဦးမော်ကြီးအခန်းမှ မီးလင်းလာပြီး ဦးမော်ကြီး တန်းလျားပေါ်မှ ပြေးဆင်းလာသည်။ ဦးမော်ကြီးလည်း အောင်အောင့်ကိုစောင့်နေသည့်ပုံစံပင်။

"ဟေ့…ကိုရင် ကားကို ဂိုဒေါင်ထဲမသွင်းဘူးလား၊ ငါသွင်းပေးရမလား"

"နေပလေ့စေဗျာ"

ညက တိတ်ဆိတ်နေသည်လည်းဖြစ်ပြန် နွေးနွေးကိုယ်တိုင်က နားစွင့်နားထောင်သည့်မို့ ဦးမော်ကြီးနှင့် အောင်အောင်စကားပြောသံများကို နွေးနွေးကြားရသည်။ ခြံမီးရောင်ဖြင့် မြင်လည်းမြင်ရသည်။



"အခုညပိုင်း မိုးရွာတတ်ဝယ်ကွာ၊ တစ်ညလုံး ဒီရင့်ကားမိုးမိရင် မနက်ကျ အနှီးရခက်လိမ့်မယ်"

"ခက်ပလေ့စေဗျာ…လောကကြီးမှာ ရုပ်ဖြစ်တစ်ခုဖြစ်လာ ရင်မိုးမိခံရမယ်…နေပူမိခံရမယ်…လေအတိုက်ခံရမယ်။ အဲဒါဆန်းသလား…အဲ…ရုပ်ဖြစ်တွေထဲမှာ လူဆိုတဲ့ရုပ်ဖြစ်ကတော့…မိုးမိနေပူ လေတိုက်ခံရရုံမကဘူး၊ တစ်ပါးသူရဲ့မုန်းတီးခြင်းခံရမယ်…အဲဒါယာမလေ ဦးမော်ကြီးရဲ့…ဟိုဗျာ…ကိုသန်းလှိုင်ဆိုသွားတဲ့ သီချင်းလေ…"မနွကန္တာလျှောက်လှမ်းရသလို…ဘဝင်မှာဆူသမို့…ကြင်နာသူက စိမ်းနဲ့ပြီ"တဲ့"

"ဟာ…ကိုရင့်ဟာက ဘာဆိုင်လဲ"

ဦးမော်ကြီးက ပြောရင်း ကားတံခါးဖွင့်ကာ ဒယီးဒယိုင်နှင့်အောင်နေမျိုးကို ကားအပြင်တွဲခေါ်ထုတ်သည်။

ဘလက်လေဘယ် နိုင်ငံခြားအရက်သည့် သောက်စဉ်နှင့် အနံ့ရောအရသာရောကောင်းသည်။ ချက်ချင်းတစ်ရှိန်ထိုးကြီးမူးသည်မျိုးလည်းမဟုတ်။ တဖြည်းဖြည်း လေတိုက်လေ မူးလေဖြစ်သည်။ အောင်နေမျိုး အလေ့အကျင့်မရှိဘဲ သောက်ခဲ့သည်။ မော်တော်ကားမောင်းလာစဉ် လေတဟူးဟူးအတိုက်ခံရသည်။

အောင်နေမျိုး မူးပြီပေါ့။

ဦးမော်ကြီးက တွဲခေါ်နေပေသည်။

"ဘယ်လိုလဲ ကိုရင်…ဒီရောက်လာကတည်းက တစ်ခါမှကိုရင်အရက်သောက်တာမရှိခဲ့ပါဘူး၊ ဒီညကျမှ ဘယ်သူတွေက အပွဲ့ကျပြီး အရက်တိုက်လွှတ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ…စိတ်ညစ်လို့အရက်သောက်တယ်…အရက်သောက်တော့ သိပ်စိတ်ညစ်တယ်ပေါ့…ဦးမော်ကြီးရာ"

"အေး…ကောင်းရောပေါ့ကွာ"

ရုတ်တရက်တော့ အောင်လေးအရက်သောက်လာသည်ကို နွေးနွေးစိတ်ဆိုးမိသည်။

သို့သော်…ချက်ချင်းပင် နွေးနွေးပြန်လည်သုံးသပ်ကြည့်သည်။

ညဦးက အောင်အောင်သည် ဆေးဖြတ်ရန်အတွက် အားတက်သရော ပဏာမကုသရေးကိုရော ကျေနပ်လက်ခံပြီးသားဖြစ်ခဲ့သည်။ နက်ဖြန်ဆေးဖြတ်ရန် သဘောတူပြီးသားလည်းဖြစ်ပါ၏။ နောက်ပြီး ဒီအိမ်ရောက်ကတည်းက တစ်ခါမှ အရက်သောက်သည်မျိုးမရှိခဲ့။

ကေန္တ မိမိက သူနှင့်အတူ စားသောက်ဆိုင်ကိုမလိုက်သည်က အစ မိမိက 'အိုကွာ'ဟုပြောသည့်အဆုံးတွင် ဒီကောင်လေး တစ်အားစိတ်ညစ်ခါ အရက်သောက်ခြင်းဖြစ်သည်။

"ဟော့…ဟော့…လဲကျပြီကွ"

လှေကားထစ်ပေါ်အတက်တွင် ဦးမော်ကြီးရော သူရော လဲကျသွားသည်ကို နွေးတွေ့ရသည်။

"ငါက မင်းခန္ဓာကိုယ်အတွာဘောကြီးကို မနိုင်ဘူးကွ၊ မင်းက အကောင်ထွားထွား…ငါက အကောင်ညှက်ညှက်ဆိုတာလဲ မင်းထည့်တွက်ပြီး မင်းကိုယ်တိုင်အားစိုက်ပြီး လှေကားထစ်ကိုတက်လေကွာ"

နွေးနွေးမနေနိုင်ပါလေတော့။ သူမ၏ရေချိုးခန်းနှင့်တွဲလျက်သားထားရှိသည့် အရေးပေါ်ကြောင်လိမ်လှေကားရှိရာကို လှမ်းခဲ့သည်။ ရေချိုးခန်းတံခါးဖွင့်ကာ ကြောင်လိမ်လှေကားမှ အောက်သို့ဆင်းခဲ့



သည်။ အိမ်အောက်မြေကြီးပေါ်သို့ခြေနင်းမိသည်နှင့် အောင်အောင်၏ အရက်မူးသံနှင့် ညည်းတွားသီဆိုသောသီချင်းသံကြားရသောကြောင့် နွေးနွေးရပ်တန့်ပြီး နားစွင့်လိုက်သည်။

ဘယ်သောအခါမှ
ကိုယ်ကချစ်ရတဲ့သူ မဖြစ်ချင်ပါပြီ
သူချစ်ကိုသာ မျှော်ကာစောင့်စားတော့မည်။

နွေးနွေးသည် ခြေလှမ်းတရွေ့ရွေ့ဖြင့် အိမ်ဘေးသို့ပတ်ခါ တစ်လှမ်းချင်းလှမ်းခဲ့သည်။

ယခုလို ဤအချိန်မှိုးချုပ်ညဥ့်နက်သန်းခေါင်ကြီး မိမိဆင်းလာခြင်းသည် မှန်ကန်မှုမရှိကြောင်း နွေးနွေး၏ဦးနှောက်က သတိပေးနေသည်။ သို့တစေ နွေးနွေးလှမ်းမြဲလှမ်းလာပါ၏။ ဘယ်သောအခါမှ ကိုယ်ကချစ်ရတဲ့သူမဖြစ်လိုပါပြီဟုလည်း နွေးနွေးက သူမဘာသာ တိုးတိုးလေးပြန်ဆိုကြည့်မိသည်။

ဟုတ်ပေပြီ။

အောင်အောင်သည် မိမိကိုရည်ညွှန်းပြီး ဤသီချင်းကိုညည်းတွားသီဆိုခြင်းဖြစ်ရမည်။ အောင်အောင်လေးကိုယ်တိုင် ရင်တွင်းခံစားချက်ရာနှုန်းပြည့်နှင့် ဆိုနေသောကြောင့်လားမသိ၊ ကြားရသူ နွေးနွေးအား ရင်ဆို့စေသည်။ ရင်ထဲတွင် လှိုက်မောမှုခံစားရသည်။

"နွေကန္တာလျှောက်လှမ်းရသလို…
ဘဝင်မှာဆူသမို့…ကြင်နာသူကစိမ်းခဲ့ပြီ"

နွေးနွေး နောက်ပြန်မဆုတ်တော့ပဲ ရှေ့သို့သာဆက်လျှောက်ခဲ့သည်။ အံ့ဩစရာပါပေ။ ခါတိုင်းလိုဆိုပါက ဤလိုညမျိုးဆိုလျှင် နွေးနွေးဘယ်တော့မှ ဘယ်တုန်းကမှ တစ်ယောက်တည်းခြံထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဓာင်းရဲ့ပါလေ။ ဆရာဝန်ဆိုသော်လည်း မိန်းသားမို့ နာနာဘာ တချွေသရဲကိုတော့ ကြောက်သည်သာ။ နောက်ပြီး ခြံကျယ်ကြီးထဲ တွင် မြွေပါးကင်းပါးအန္တရာယ်တွေရှိနိုင်မှန်းလည်း နွေးနွေးသိသည် ပင်။ လက်နှိပ်ဓါတ်မီးလည်းပါသည်မဟုတ်။

ယခုတော့ နွေးနွေးတွင် ဘယ်ကသတ္တိတွေ ဘယ်လိုမိမိထံသို့ ရောက်လာသည်မသိ အိမ်အောက်နောက်ဖေးမှ အိမ်ဘေးကိုပတ်၍ မှောင်ထဲလျှောက်ခဲ့သည်။

"ဟ...ကိုရင်က သီချင်းဆိုတာ ဘယ်ဆိုးလို့လဲ...အသံထဲ ကောင်း...အဆိုလဲကောင်းသကွ၊ မင်းဆိုသံ ငါနားထောင်ပြီး ငါ့ရင် ထဲမှာ တစ်မျိုးကြီးဖြစ်လာပါလားကွ...ဆက်ဆိုကွာ...ဆက်ဆို"

"ဒီမှာ ဦးမော်ကြီး..."

"ဆက်ဆိုလေ ကိုရင်...ပြောစရာရှိတာကို သီချင်းဆိုပြီး ပြောလေကွာ"

"သီချင်းဆိုတယ်ဆိုတာ အနုပညာတစ်ခုဗျ။ အနုပညာဆိုတာ ကလဲ ဇွတ်ဖန်တီးယူရင် မပီပြင်ဘူးသင်္ဘာ။ တကယ်ရင်ထဲကခံစား လာပြီး ထွက်ပေါ်လာတဲ့အနုပညာကသာ ပီပြင်တာဦးမော်ကြီးရဲ့"

"နို့...ဒါဆို...အခု ကိုရင်ရဲ့ရင်ထဲမှာခံစားနေရလို့...ကိုရင် သီချင်းသံက ဒီလောက်ပီပြင်နေတာလားကွာ"

"အားပါးပါး...သိပ်ကိုရင်ထဲမှာခံစားရတာပေါ့ဗျာ...ရေ ရေလည်လည်ကြီးကိုခံစားနေတာလေ။ ကျုပ်ဘဝင်တွေဆူနေတယ် ဗျာ။ မြေမနိုင်ရေဆိုင်ဝဲကြီးဟာ ကျုပ်ရင်ထဲမှာ ပင်လယ်သမုဒ္ဒရာ ကြီးဖြစ်နေတယ်ဗျ...တောက်...ကျွန်တော်သေရင်ကောင်းမယ်ဗျာ ဒီမယ် ဦးမော်ကြီး..."



"ပြောလကွာ"

"ကျွန်တော့်နာမည်...အောင်နေမျိုးတဲ့ ဦးမော်ကြီးသိရဲ့လား"

"ဟ...ကိုရင်နဲ့အခုမှသိရတဲ့သူစိမ်းမှမဟုတ်တာ၊ နာမည်တွေ ဘာတွေပြောပြပြီး မိတ်ဆက်ဖို့မှမလိုတာ"

"မိတ်ဆက်နေတာမဟုတ်ဘူးဗျ...အောင်နေမျိုးဆိုတဲ့ ကောင် ဟာ ဖြုတ္တာဦးခေါင်း စနေဂြိုဟ်ကောင်ဖြစ်နေလို့...အဲဒီအောင်နေမျိုး ဆိုတဲ့ အယုတ်တမာကောင်အကြောင်း ပြောပြမလို့...အောင်နေမျိုး ဆိုတဲ့လူတစ်ကောင်မွေးလာတာဟာ အားလုံးအတွက် မကောင်းဘူးဗျ၊ ပဲခူးက ဖေဖေနဲ့မေမေ့အတွက်လည်းမကောင်းဘူး...ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်အတွက်လဲမကောင်းဘူး၊ မမနွေးအတွက်လည်းမကောင်း ဘူး၊ ဒေါက်တာကိုရန်နောင်ထွတ်အတွက်လဲမကောင်းဘူး၊ အောင်နေ မျိုးက ဂြိုဟ်ကောင်လေ ဂြိုဟ်ကောင်။ ဂြိုဟ်ကောင်မှ ရိုးရိုးတောင် မဟုတ်ဘူး။ စနေဂြိုဟ်ကောင်ဗျ...အားလုံးကိုမွှေပစ်တဲ့စနေဂြိုဟ်လေ"

"ဟာ...ကိုရင်စနေဂြိုဟ်ကလဲ မွှေလိုက်တာ တစ်ဆွေတစ်မျိုး လုံးကုန်ပါရောလား။ ကိုရင်အရက်သိပ်မူးနေတယ်။ ပြောချင်ရာ လျှောက်ပြောနေတယ်"

"ကျွန်တော်မူးလို့ပြောတာဟုတ်လား...ဒါဆို ကျုပ်မေးမယ်... ဦးမော်ကြီးကော အရက်သောက်ဘူးတယ်မဟုတ်လား...ဖြေဗျာ"

နွေးနွေး အိမ်ကြီး၏ဥပစာရှေ့သို့ ရောက်လာပြီး ရပ်တန့်နေမိ သည်။ အောင်အောင်ပြောလိုက်သောစကားအခွန်းတိုင်းသည် နွေးနွေး ရင်ထဲတွင် နင့်ခနဲ...နင့်ကနဲခံစားရပါလေတော့သည်။ နွေးနွေးငို ချင်လာသည်။

ငိုမချမိအောင် စိတ်ကိုထိန်းရင်း အောင်အောင်ရှိရာ တန်းလျား

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ဆက်သွားသင့်မသွားသင့်ကိုလည်း စိတ်ကိုထိန်းပြီး ချင့်ချိန်နေမိသည်။ အောင်အောင်လေးအပေါ် ကြင်နာမှု၊ သနားမှုတွေ ဖွတ်လွှမ်းမိုးလာသောကြောင့် ဤအိမ်ရှေ့အထိ ရောက်လာသော်လည်း အောင်အောင်ရှိရာတန်းလျားအထိ သွားဖို့ကျတော့ မဝင့်မရဲဖြစ်နေသည်။

"ပြောလေဗျာ…ဦးမော်ကြီးအရက်သောက်မူးတယ်မဟုတ်လား…"

"အေး…သောက်မူးတယ်…ဒါပေမဲ့ သူ့ဓြေးအလစ်မှာ ခိုးသောက်တာမျိုးပါ"

"အလစ်မှပဲသောက်သောက်…လမ်းလယ်ခေါင်မှာပဲ ဖြောင်သောက်သောက်…အရက်ဆိုတာ…သောက်ရင်မူးတာပဲမဟုတ်လား"

"ဒါတော့ ကိုရင်ပြောမှတဲ့လား၊ အရက်ဆိုတာ သောက်ရင်မူးတာပဲပေါ့ကိုရင်"

"အင်းပါ…ကျွန်တော်ပြောချင်တာက…အရက်ဆိုတာ သောက်မိမှတော့ မူးရောပေါ့ဗျာ။ ဒါပေမဲ့ အခု ကျွန်တော်ပြောနေတာတွေဟာ အရက်မူးပြီး သတိလက်လွှတ်လျှောက်ပြောနေတာမဟုတ်ဘူးဗျ၊ သတိတွေအားလုံးရှိတယ်။ အဲ…တစ်ခုပဲရှိတယ်…အရက်မမူးတဲ့လူကတော့ ပြောချင်ပေမဲ့…မပြောသင့်တာကို မျိုသိပ်တယ်။ ပေါက်ကွဲစရာကို ကိုယ့်ရင်ထဲမှာပဲ ကျိတ်ပြီးအပေါက်ကွဲခံတယ်။ အရက်မူးတဲ့လူကျတော့…ရင်ထဲမှာမမျိုသိပ်ဘူး…နှုတ်ရဲ့အာရဲဖွင့်ပြီး ဖြောင်ပေါက်ကွဲတယ်လေဗျာ…ကွာတာက အဲဒါပဲကွာတယ်…ဒီကောင်သိပ်မူးနေတာဆိုပြီး မစင်ကျွေးကြည့်ပါလား…ဘယ်လောက်မူးနေတဲ့အမူးသမားဖြစ်ဖြစ်…ချီးကျွေးရင်မစားပါဘူးဗျ။ ဒါကြောင့် အခု ကျွန်တော်ပြောနေတာတွေဟာ…အရက်မူးပြီး ပေါက်ကရတွေ ပြောနေတာမဟုတ်ဘူး၊ ရင်ထဲနှလုံးထဲက အစစ်အမှန်ပေါက်ကွဲတာတွေကို ပြောနေတာ"



"ထားပါတော့…ထားပါတော့…ဒါပေမဲ့ ကိုရင့်ဘဝမှာ ဘာတွေပေါက်ကွဲစရာရှိလို့လဲ…ကိုရင့်ဘဝက သိပ်ချမ်းသာတယ်။ အရွယ်သိပ်ကောင်းတယ်…ရုပ်လဲသိပ်ကြည့်ကောင်းတယ်…ကဲ… ဘာလိုသေးလဲ…ကိုရင်က ဘာလို့သေချင်ရမှာလဲ…ဘာလို့ စနေဂြိုဟ် ဖြစ်ရမှာလဲ၊ အဲဒါတော့…ငါသဘောမပေါက်ဘူး ကိုရင်"

"လောကကြီးမှာ ငွေချမ်းသာတိုင်း အသက်နုပျိုတိုင်း ရုပ်ချောကြည့်ကောင်းတိုင်း ပြီးပြည့်စုံသတဲ့လား…ဟင်း…ဟင်း…ဒီမှာ ဦးမော်ကြီး…ဦးမော်ကြီးမှာ ချစ်သူရှိလားဟင်"

"ဟာကွာ…ဒီအရွယ်ကြီးရောက်နေပြီ…ပုံဆိုးပန်းဆိုး ငါ့အတ္တဘောကြီးကိုမေးတာလားကိုရင်…"

"အိုဗျာ…ပုံဆိုးပန်းဆိုး…အရွယ်ရင့်အတ္တဘောကြီးမှာပဲ ဖြစ်ဖြစ်…ပုံကျပန်းကျ အရွယ်နု ရုပ်ချောငွေပေါ်အတ္တဘောလေးမှာပဲဖြစ်ဖြစ်…အတ္တဘောတစ်ခုဖြစ်လာရင် နှလုံးသားလေးတစ်ခုတော့ ရင်ထဲမှာပါလာစမြဲမဟုတ်လား။ ကျုပ်မေးတာဖြေလေ…ဦးမော်ကြီးမှာ ချစ်သူရှိလားလို့"

"ငါ့မှာ…ချစ်သူ…ဟုတ်လား။ အဲ…ပြောရရင်တော့ ရယ်ရောပေါ့ကွာ…ငါငယ်ငယ်တုန်းက မင်းအရွယ်လောက်ပေါ့ကွာ…ငါ့မှာ ချစ်သူရှိခဲ့ဘူးတယ်ကွ…ဟာ…အလကားပြောတာ…ငါ့မှာ ချစ်သူမရှိပါဘူးကွာ"

"ဘာလဲဗျ…ဦးမော်ကြီးစကားက…ငါ့မှာ ချစ်သူရှိခဲ့ဘူးတယ်

www.burmeseclassic.com

www.burmeseclassic.com



လဲပြောတယ်။ ငါ့မှာချစ်သူမရှိဘူးလဲပြောတယ်…ဘယ်လိုကြီးလဲ"

"အဲဒါက ဒီလိုလေကွာ…ငါ မင်းအရွယ်လောက်က ရွာ နှင်းမြဆိုတဲ့ကောင်မလေးတစ်ယောက်ကို ငါသိပ်ချစ်ခဲ့မိတယ်ကွ။ ဒါ ပေမဲ့…ငါကသာ နှင်းမြကိုတစ်ဘက်သတ်ချစ်တာပါ။ နှင်းမြက ငါ့ မချစ်ဘူးကွ။ ငါ့ကဖွင့်ပေကပ်ပြီး ချစ်မှန်းသိတော့ ရွာက သူကြီးသာ ငပြုံးနဲ့ မြန်မြန်ယူပစ်လိုက်ရောကွ။ သူမိဘတွေက သူကြီးသားငပြုံး လက်ထပ်ပေးလိုက်တာလေ။ အဲဒီကတည်းက ငါရွာကထွက်လာ ခုချိန်ထိ ငါရွာကိုမပြန်ရောဘူး"

"ကောင်းတယ်…ဒီလိုပဲဖြစ်ရမယ်…ဦးမော်ကြီး ဆက်န ထောင်…ကျွန်တော် သီချင်းဆက်ဆိုမယ်…"

အရှင့်ကိုယ်ပွား တည်ထားကိုးကွယ်၊
ကိုးကွယ်အပ်သော လှမ်းစေတီအနီး
ပန်းရေဆီမီး ကောင်းမှုတွေနဲ့
တောင်းဆုခြွေခဲ့ဘူးပါသည်…

တဲ့…ဦးမော်ကြီးရေ့၊ အဲဒီအပိုဒ်က ကိုယ်ကချစ်ပါလျက် ကိုယ့်ချစ်သူက ကိုယ့်ကိုပြန်မချစ်လို့ ဘုရားမှာကောင်းမှုကုသိုလ် ပြုပြီး ဆုတောင်းတာလေ။ ဒီမယ်…မနှင်းမြက ဦးမော်ကြီးကို ပယ်ပြီး သူကြီးသားနဲ့လက်ထပ်သွားတော့ ဦးမော်ကြီးရင်ထဲမှာ မသွားဘူးလား"

"ဟ…ဆွေးသလားမမေးနဲ့…အရမ်းကိုထိခိုက်တာ ကို ကိုယ်ကိုယ်တောင် သတ်သေချင်တယ်။ ဒါကြောင့် အဲဒီကတည် ရွာကထွက်ပြေးလာခဲ့တာလို့…ငါပြောသားပဲ"

"ဦးမော်ကြီးညွှတ်တာပဲ…အဲဒီလို ကိုယ့်ချစ်သူကပစ်ပယ်ပြီး



တခြားလူကိုယူသွားရင် ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ လူ ပျော့လူညံ့တွေအလုပ်ဗျ"

"နိုး…ခုနက ကိုရင်ပဲသေချင်တယ်ဆို"

"ဘာဆိုင်လဲ…ကျွန်တော်သေချင်တာက ကျွန်တော်နဲ့မတ် သက်သူမှန်သမျှ…ကျွန်တော့်မိဘအပါအဝင် စိတ်ဆင်းရဲစေတာမို့… သေချင်တယ်လို့ပြောတာ…ဟွန်း…ချစ်သူကစွန့်ပစ်ခြင်းခံရတဲ့အတွက် ဆိုရင်တော့…ခုနက ကျွန်တော်ဆိုတဲ့သီချင်းလို ဘုရားမှာ…ကိုယ်ချစ် သူကို ကိုယ်ကပြန်ပြီး မုန်းပစ်နိုင်ဖို့…အမုန်းခွန်းအားတွေပေးသနား ပါလို့ ဆုတောင်းပြီး ပြန်မုန်းပစ်လိုက်မယ်…ကဲ…ဆက်နားထောင်"

"ဖြစ်လေရာဘဝတိုင်းမှာ နွယ်တစ်မျှင် မြက်တစ်ပင်လို… သံယောဇဉ်ကို အလွယ်တကူဖြတ်နိုင်တဲ့လူ ဖြစ်လိုပါသည်လို့ ဘုရား မှာဆုတောင်းတာလေ၊ ကိုယ်ကချစ်ပါလျက် ကိုယ့်ကိုပြန်မချစ်တဲ့ ချစ်သူကို နွယ်တစ်မျှင်၊ မြက်တစ်ပင်လို ဖြတ်ပစ်လိုက်သလို လွယ် လွယ်လေးဖြတ်နိုင်တဲ့လူဖြစ်ရပါလို၏လို့ ဆုတောင်းတာဗျ"

"ဟ…ဒါက စိတ်လိုက်မာန်ပါပြောတော့သာလွယ်တာ… လက်တွေ့မှာတော့ မလွယ်ပါဘူးကိုရင်ရာ။ နှင်းမြနဲ့တုန်းက ငါတော် တော်ခံလိုက်ရတယ်၊ ရင်ထဲနှလုံးထဲကချစ်မိပြီဆိုမှတော့…မုန်းပစ် ဖို့ ဘယ်လွယ်မလဲကွာ၊ ဘယ်ဘုရားကမှလဲ ဘယ်သူ့ကိုမှ အမုန်း ခွန်းအားပေးမသနားပါဘူး ကိုရင်ရာ…ဘုရားကိုယ်တော်မြတ်ကိုယ် တော်တိုင်က မေတ္တာခါတ်နဲ့…အောင်ခြင်းရှစ်ပါးတွေဘာတွေ အောင် မြင်ခဲ့တဲ့အရှင်ဘုရားပဲဟာ"

အောင်နေမျိုး ငြိမ်သွားသည်။ ငိုသံပါကြီးနှင့် ဦးမော်ကြီးကို ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးမော်ကြီး…ရင်ထဲနှလုံးထဲက တကယ်စိမ့်ယိုပြီး ချစ်မိပြီဆိုမှတော့…ဘယ်မှာလာပြီး မုန်းပစ်လို့ရမှာလဲနော်…ကိုယ့်ချစ်သူကိုမမုန်းရက်နိုင်လို့…ဘုရားဆီမှာ အမုန်းခွန်အားတွေပေးသနားပါလို့ စစ်ကူတောင်းတဲ့သဘောပဲရှိတာ…တကယ့်ရင်ထဲနှလုံးထဲကတော့ ချစ်သူကို မုန်းလို့မှမရတာပဲဗျာ"

ယောက်ျားပီသလှပါသည်ဆိုသော

ရန်သူနှင့်တိုက်ခိုက်ရာတွင် သတ္တိအပြည့် စွမ်းရည်အပြည့်ရှိသော

ဘာမဆို ရှေ့သို့သာဇွတ်တိုးပြီး နောက်ဆုတ်လေ့မရှိသော…

ထိုထိုသော အောင်နေမျိုးသည် ပြောရင်းငိုချလိုက်သည်။

"ဟော့…ဟော့…မငိုနဲ့ ကိုရင်…ယောက်ျားပဲဟာ"

နွေးနွေး၏ ခြေလှမ်းတို့သည် သုတ်ခနဲ တန်းလျားဆီသို့ လှမ်းလိုက်တော့သည်။

သို့သော်…

နွေးနွေးလက်မောင်းကို တစ်စုံတစ်ယောက်က ဆွဲထားလိုက်သည်။

နွေးနွေး ချာခနဲလှည့်ကြည့်လိုက်သည်။

"ဟင်…ဖေဖေ"

"အေး…ဖေဖေပါပဲသမီး"

* * *



## [၁၄]

ဖေဖေဦးစည်သူကို နွေးနွေး အံ့ဩစွာ ငေးကြည့်နေမိသည်။ ဖေ၏မျက်နှာမှာ တင်းမာခြင်းမရှိဘဲ ကရုဏာသက်သောမျက်နှာ ျ်ရှိနေပါ၏။ နွေးနွေးသည် ဖေဖေ၏ရင်ခွင်တွင် မျက်နှာအပ်ခါ ချလိုက်သည်။

သိမ့်သိမ့်ခါငိုကြွေးခြင်းဖြစ်ပါ၏။

ဖေဖေက သမီးသိမ့်ခါနေသောကျောပြင်ကို တယုတယပွတ် ပေးရှာသည်။

ဖေဖေ၏နှစ်သိမ့်မှုကြောင့် နွေးနွေးသိမ့်သိမ့်ခါအရှိန် တဖြည်း ည်း လျော့နည်းလာသည်။

"စိတ်တင်းထားပါသမီး၊ လောကကြီးမှာ လူလိမ္မာတစ်ယောက် ွက် အလုပ်တစ်ခုလုပ်ပြီဆိုရင် အချက်နှစ်ချက်ကို စဉ်းစားရလေ့ ယ်…ဖေဖေ ဥပမာတစ်ခုပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



''တရားသူကြီးတစ်ယောက်ဟာ လူသတ်တရားခံတစ်ဦးကို သေစားသေစေလို့အမိန့်ချလိုက်တယ်။ တကယ်စဉ်းစားကြည့် အဲဒီ တရားသူကြီးက အဲဒီတရားခံကို ဟိုစဉ်က တစ်ခါမှမြင်ဘူးတာလဲ မဟုတ်၊ တစ်ယောက်ကိုတစ်ယောက် ဘာအာဃာတနဲ့ ဘာရန်ငြိုးမှလဲ မရှိ…ဒါပေမဲ့ တရားသူကြီးက မနောက်လုံးဝမပါဘဲ…ဝင်ကန့်ပဲ အမိန့်ချမှတ်လိုက်ရတယ်…စီရင်ချက်ချလိုက်ရတယ်၊ တကယ်တော့ ဘယ်တရားသူကြီးကမှ လူတစ်ယောက်ကို သေစေချင်မှာတဲ့လဲသမီး။ ဒါပေမဲ့…လုပ်ထုံးလုပ်နည်းနဲ့ တာဝန်အရ စီရင်ချက်ချရမှာပဲ… သက်သေတွေ အထောက်အထားတွေ တရားခံအပေါ်မှာခိုင်လုံနေတာကိုး။ အဲဒါ…တရားသူကြီးဟာ ကိုယ်လုပ်ချင်တာကို လုပ်တာ မဟုတ်ဘူး၊ လုပ်သင့်တာကိုသာလုပ်လိုက်ရတာ…အဲဒါကို သမီး သဘောပေါက်စေမိပါ။ ဒီတရားသူကြီးကို ဘယ်သူကမှ အပစ်တင်လို့ မရဘူး၊ ကဲ့ရဲ့လို့မရပါဘူးသမီး၊ သူ့ကိုအပစ်တင်ခွင့်…ကဲ့ရဲ့ခွင့်လဲ လုံးဝမရှိဘူး''။

''အောင်အောင့်ကို နွေးသိပ်သနားတယ်မေမေ…လောကကြီး မှာ အောင်အောင်ဆိုတဲ့ကောင်လေးရောက်မလာရင် ကောင်းမှာ…ဒါ မှမဟုတ် နွေးရောက်မလာရင်လဲ ကောင်းမှာ''

''အင်း…လူ့သဘာဝပေါ့သမီး၊ ကိုယ်ဆန္ဒရှိတဲ့အတိုင်း ကိုယ် လုပ်ချင်တဲ့အတိုင်း မလုပ်ရပဲ ယိန်းသိမ်းချုပ်တီးရတဲ့အခါ စိတ်၏ဆင်း ရဲခြင်းကိုယ်၏ဆင်းရဲခြင်းလောက်တော့ ခံစားရစမြဲပေါ့။ ဒါလဲ တ အောင့်တစ်ဖောခံစားရတာပါ။ တော်ကြာ ပြီးပြီးပျောက်ပျောက်ဖြစ် သွားလေ့ရှိတာပဲ။ ကဲ…သမီး…တန်းလျားဆီမသွားနဲ့တော့…ဒီ



ခါပြန်တက်ပါသမီး၊ မေမေတစ်ရေးနိုးလာပြီး ဖေဖေ့ကိုမတွေ့ရင် ဘူးဝါးဝါးတွေဖြစ်ကုန်မယ်''

ဦးစည်သူသည် နွေးကို ညင်သာစွာ ကြောင်လိမ်လှေကားဆီ သို့ခေါ်ဆောင်လာခဲ့သည်။

ဦးစည်သူ၏အတွေးအခေါ်အယူအဆမှာ သမီးနွေးနွေးသည် သက်ပြည့် ပူညာပြည့်ဖြစ်စေကာမူ နှလုံးသားလေးမှာ တကယ့် ဆိမ်းအရိုင်းသက်သက်လေးသာရှိသေးသည်။ ပြီး အောင်နေမျိုးနှင့် နွေးသည် ငယ်စဉ်လေးကတည်းက တစ်ဦးနှင့်တစ်ဦး သံယောဇဉ် ကြသည်။ ငယ်စဉ်ကတော့ ဤ၂၈မဏ္ဍာမျိုးရှိခဲ့သည်မှန်သော်လည်း ယောက်စလုံး အရွယ်ရောက်ပြီး နိုးခပ်မှုရှိလာလျှင် မိန့်ဝင့်မ၏ နှလုံး ရေးရာဘက်သို့ ကူးပြောင်းသွားနိုင်မည်ဟု တွက်ဆကာ ရွှေတ် မှ မနီးစပ်စေဖို့ ဟန့်တားခဲ့ခြင်းသာဖြစ်ပါ၏။ ယခု…ဦးစည်သူ၏ မှာ အစိုးရိမ်စိတ်ကြီးသည့်နှင့်အမျှ ဟန့်တားပိန်ပိန်အားကြီးသွား ကပင် နွေးနွေးနှင့် အောင်နေမျိုးအတွက် လိုသည်ထက်ပိုမိုစောစီး အချိန်၌ နှလုံးသားကိုယ်စီပေါက်ကွဲသွားစေခြင်းဖြစ်တော့သည်။

''မေမေ''

''ပြောပါသမီး''

''နွေးမှာ ဆေးတွေအသင့်ရှိပါတယ်…အမူးပြေဆေးတို့… ဆေးတို့ပါမေမေ…အောင်အောင်အမူးလွန်ပြီး တစ်ခုခုဖြစ်သွားမှာ စိုးရိမ်တယ်။ သူ့ကို အမူးသက်သာအောင် နွေးဆေးတိုက်ဆေးတိုက် ပေးချင်တယ်။ မေမေပါလိုက်ခဲ့ပါ''

ဦးစည်သူက သမီးကို ရှေ့ကတက်စေပြီး ကြောင်လိမ်လှေကား

www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်ပါရင်း ပြန်လည်ပြောပြပါ၏။

"ဖေဖေလဲ အရက်သောက်ဖူးပါတယ်သမီး၊ အရက်လဲမူးခဲ့ဘူး ပါတယ်၊ ဒါပေမဲ့... ဘယ်ဆရာဝန်နဲ့မှ အမူးပြေအောင်မလုပ်ခဲ့ပါ ဘူး၊ အခု အောင်နေမျိုး အရက်မူးပုံကလဲ တစ်ခုခုဖြစ်သွားနိုင်တဲ့အခြေ အနေမျိုးမရှိပါဘူးသမီး...တစ်ခဏကြာရင် သူ့ဟာသူ အိပ်ပျော်သွား မှာပါ။ အိပ်ရာကနိုးတာနဲ့...ခေါင်းအုံခေါင်းမူး နည်းနည်းပါးပါးဖြ တာကလွဲပြီး ပကတိ လူကောင်းဖြစ်သွားမှာပါ။ နောက်ထပ်တစ်မှာ လောက်စောင့်ကြည့်ပါ။ ဒါမှ သူ မအိပ်မစက် ဆက်ပြီးသောင်းကျန် နေမယ်ဆိုရင်တော့ သမီးသွားပြီး ကုသမှုအပိုင်းလုပ်ပေးပေါ့...ဖေ အပေါ်လိုက်ခဲ့ပါ့မယ်...ဒါဆို...သမီးကျေနပ်ပါတယ်နော်"

နွေးနွေးက ကျေနပ်စွာပင် ခေါင်းညိတ်ပြပါ၏။ ဖေဖေပြော သည်မှာ တရားနည်းလမ်းကျနေသောကြောင့်ပါပေ။

ဖေဖေပြောသည်မှာ မှန်နေပါ၏။

တစ်နာရီအတွင်းမှာပင် အောင်အောင်ငြိမ်သွားသည်။ အော အောင်အား ဦးမော်ကြီးက အိပ်ရာခုတင်တွင် လှဲအိပ်စေပြီး ခြ ထောင်ချပေးနေသည်ကို နွေးနွေးလှမ်းမြင်နေရသဖြင့် စိတ်အေးသွ ပေတော့သည်။

* * *



[၁၅]

ယနေ့ အောင်အောင်လေးကို ဆေးဖြတ်ရမည်။

နွေးနွေးက ဆေးဖြတ်ရန် ကြိုတင်ပြင်ဆင်မှုတွေအားလုံး လုပ်ဆောင်ထားသည်။ ဘာလိုသေးသလဲဟုလည်း အထပ်ထပ်စစ်ဆေးသည်။

အိမ်အောက်ထပ်မှ အခန်းတစ်ခန်းကို ဆေးဖြတ်ရန် သီးသန့်ခန်းအဖြစ်ရွေးချယ်သတ်မှတ်လုပ်ဆောင်ထားသည်။

ဆေးဖြတ်ခန်းထဲတွင် သံထည်ပစ္စည်းဘာမျှမရှိစေရ၊ ဖန်သား၊ ကြွေသားနှင့်လုပ်သော အသုံးအဆောင်ပစ္စည်းဘာမျှမရှိစေရ။ သောက်ရေခွက်ပင် ပလတ်စတစ်ပျော့စားခွက်ဖြစ်စေသည်။

ခုတင်တွင် ခြင်ထောင်တိုင်မတပ်စေရ၊ ခြင်ထောင်ကို နံရံကြိုးညှိဖြင့် ခြင်ထောင်ဆင်ပေးသည်။ အေးမမှီဝဲရတော့သဖြင့် ဆေးသားခန်းတွင် ဖန်ကွဲ၊ ကြွေကွဲနှင့် ခြင်ထောင်တိုင်တို့ကို လက်နက်အဖြစ်အသုံးပြုမှာစိုးရိမ်သောကြောင့် ကြိုးတင်ကာကွယ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးဆေး၊ သောက်ဆေးအားလုံးလည်း အဆင်သင့်ထားပြီးဖြစ်ပါ၏။

ဖေဖေဦးစည်သူနှင့် မေမေဒေါ်အေးမွန်က ဆေးဖြတ်သည့်ကိစ္စတွင် ဘာတစ်ခွန်းမျှဝင်မပြောပေ။ ဦးစည်သူသည် ညက သမီး၏ အဖြစ်အားလုံးသိခဲ့ပြီးနောက် ဇနီးဒေါ်အေးမွန်အား နားလည်သဘောပေါက်ရန် အားလုံးပြောထားပြီးဖြစ်သည်။

နံနက်ပိုင်းကော်ဖီသောက်ပြီးနောက် ဦးစည်သူက ဦးမော်ကြီးမောင်းသောကားဖြင့် အလုပ်တိုက်သို့သွားသည်။ မေမေဒေါ်အေးမွန်လည်း ဖေဖေနှင့်လိုက်ပါသွားသည်။ ဒေါ်သူဇာနှင့် မိဝါကိုမှာချင်သည်များ အားလုံးမှာကြားထားခဲ့သည်။

တန်းလျားမှ အောင်အောင်ကို ဆေးဖြတ်ရန်ခေါ်ချိန်တန်လေပြီ။

နွေးနွေးကိုယ်တိုင်သွားမခေါ်ရဲ။ မနေ့က မိမိက ''အိုကွာ'' ဟု ငြင်းဆန်စကားပြောခဲ့သောကြောင့် ယခု မိမိကို အောင်အောင်တွေ့လျှင် အပစ်တင်စကား၊ ခနဲ့စကားတွေပြောသည်ကို နားမထောင်ရဲဖြစ်နေသည်။

ထို့ပြင် တန်းလျားခန်းတွင် နှစ်ယောက်ထဲတွေ့ဆုံပါက အောင်အောင်လေး မိမိအပေါ်ကို ခွတ်ကြမ်းလိုက်မည်ကိုလည်း နွေးနွေးတွေးပြီး ကျောတွန့်မိသည်။

ခက်နေသည်မှာ မိမိကိုယ်တိုင်က မပြတ်သားချင်။ တော်ကြာ ကိုယ့်ရင်ထဲရှိသည့်အတိုင်း အောင်လေးကို မမနွေးချစ်ပါတယ်ဟု ပြန်လည်ဖွင့်ဟမိမှာစိုးသည်။ ဒေါက်တာရန်နောင်ထွက်နှင့်လက်ထပ်



...ည်ဟုလည်း ဖေဖေနှင့်မေမေကို ကတိပေးထားပြီးပြီ။

''ကလင် ... ကလင် ... ကလင် ...''

နွေးနွေး တယ်လီဖုန်းကိုင်လိုက်သည်။ တစ်ဘက်မှ အမျိုးသား...တစ်ခုထွက်လာသည်။

''အမိန့်ရှိပါ ... စည်သူမွန်ရိပ်မြိမ်မှ ပြန်ပြောနေပါတယ် ...''

''ဟုတ်ကဲ့ ... အဲဒီက အောင်နေမျိုးနဲ့စကားပြောချင်လို့ပါ''

''ဒါဆို ... ခဏကိုင်ထားပါ ... အောင်လေးကိုခေါ်ပေးပါ့ မယ်''

''ဟဲ ... ဟဲ ... အောင်လေးတဲ့လား၊ ဒါဆို အခုပြောနေတာ...တ်တာနွေးနွေးဆိုသူထင်တယ် ... ဒေါ်သူဇာတို့ မဝါတို့ကတော့...င်နေမျိုးကို 'အောင်လေး'လို့ခေါ်ကြတာမှမဟုတ်တာ၊ နောက်...ဒေါ်အေးမွန်ကလဲ စောစောကပဲ ဦးစည်သူနဲ့အတူ ကိုမော်ကြီး...င်းတဲ့ကားနဲ့ ထွက်သွားကြတာ ... 'အောင်လေး' လို့ခေါ်တာ...တ်တာနွေးနွေးပဲဖြစ်ရမှာပေါ့နော်''

''အော် ... အော် ... ရှင်က တယ်သိနေပါလား ... ဟုတ်တယ် ...င်လေး' လို့ခေါ်တာ လောကကြီးမှာ ကျွန်မတစ်ယောက်ပဲရှိတယ်၊ ...ပြီး ... ရှင်က ဘယ်သူလဲ၊ ရှင်က ကျွန်မတို့မိသားစုအကြောင်း...ုံးသိနေလား''

''ဟိုတုန်းကတော့ ကိုယ်နဲ့မဆိုင်တာမို့ စည်သူမွန်ရိပ်မြိမ်...ကြောင်း ဘာမှမသိခဲ့ပါဘူး ... ကျွန်တော်တို့အဖွဲ့က သိဖို့လည်းမလို...အဲ ... အောင်နေမျိုး ... ပဲခူးကနေပြီး ... ဒီစည်သူမွန်ရိပ်မြိမ်ကို...လာတော့ အဲဒီအိမ်ကြီးရဲ့မိသားစုအကြောင်း သိရှိထားဖို့ လိုအပ်...နဲ့ ... ရှာဖွေလေ့လာစုံစမ်းလို့ သိလာတာပါ''

www.burmeseclassic.com

www.burmeseclassic.com



''ရှင်တို့အဖွဲ့က ဘာအဖွဲ့လဲ''

''အဲဒါတော့ မပြောပါရစေနဲ့ ဒေါက်တာ…ကျွန်တော်တို့အ
က ဒေါက်တာနွေးနွေးရဲ့လုပ်ငန်းနဲ့ ဆန့်ကျင်ဘက်အဖွဲ့တစ်ဖွဲ့
ဒေါက်တာမှတ်ထားရင်လုံလောက်ပါတယ်။ ကဲ…အောင်နေမျိုး
အော်… အောင်လေးနဲ့ စကားပြောပါရစေ ဒေါက်တာ၊ သူ့ကို ပုလဲ
အဖွဲ့က စောမိုက်ကယ်က စကားပြောချင်လို့ပါဆိုရင် သူသိပါတ
ဒေါက်တာ''

''ဟိုက်''

နွေးနွေး အာမေဋိတ်သံထွက်သွားသည်။ စိတ်ကျန်းမာ
ဆေးရုံမှ ဆရာဝန်ဖြစ်နေသောကြောင့် ပုလဲဖြူအဖွဲ့၊ ပလေးမက်(
အဖွဲ့၊ စိန်ရဲတင်းအဖွဲ့ စသည့် ဘိန်းဖြူအဖွဲ့တွေမှ လူနာတွေ
ဆေးရုံလာရောက်တက်ဘူးသောကြောင့် ဒေါက်တာနွေးနွေးက ထိုအ
တွေ၏အမည်တွေကိုရော၊ ထိုအဖွဲ့တွေရဲ့အကြောင်းကိုရော နွေး
ကြားဘူးထားသည်။

ထိုအဖွဲ့တွေသည် သူတို့အဖွဲ့ဝင်တစ်ဦးဦး ဆေးဖြတ်မည်
မကျေနပ်မလိုလားသူများဖြစ်ကြသည်။ သူတို့အဖွဲ့ဝင်တစ်ဦး ဆေး
ပြီး ဆေးရုံမှပြန်ဆင်းလျှင် ဆေးပြန်မှီဝဲဖို့ ကြိုးစားသည်။ ဒါမှမ
ထိုဆေးဖြတ်သူကို အသက်အန္တရာယ်အထိ ပေးတတ်ကြကြောင်း
နွေးသိထားသည်။

''ဘုရား…ဘုရား…ဘုရား…အောင်လေးက ပုလဲဖြူ
ဝင်တောင်ဖြစ်နေပြီလား''

မဝါကိုပင်စေလွှတ်ပြီး အောင်နေမျိုးကိုခေါ်နိုင်းလိုက်သေ



ယ်လီဖုန်းလာနေကြောင်း ပြောခိုင်းခြင်းဖြစ်ပါ၏။

ချက်ချင်းပင် အောင်နေမျိုးရောက်လာသည်။

တံခါးဝမှ ဆီးကြိုနေသောနွေးနွေးကို အောင်နေမျိုးက တစ်ချက်
လှမ်းကြည့်သော်လည်း အောင်လေးမျက်နှာတွင် အရယ်အပြုံး
ဝမရှိ၊ တယ်လီဖုန်းဆီသာ တန်းသွားပြီး ဖုန်းကိုကောက်ကိုင်လိုက်
ည်။

အောင်အောင်က အခုလိုမပြုံးမရယ် ခပ်တည်တည် ခပ်စိမ်း
ကြီးနေသည့်အတွက် နွေးနွေးရင်ထဲဆို့နင့်ကာ ဝမ်းနည်းချင်ရသည်။

''ပြောပါ…ကျွန်တော်…အောင်နေမျိုးပါ''

နွေးနွေး…ယဉ်ကျေးမှုအရ အောင်အောင် ဖုန်းပြောနေခြင်း
တွက် တခြားသို့ရှောင်မသွားပါလေ။ တမင် ထိုင်၍နားထောင်ပေ
ည်။ အောင်လေးပြောသည်ကိုသာကြားရပြီး ဟိုတစ်ဘက်မှအသံ
နွေးနွေး မကြားနိုင်ပေ။

''ဆောရီးပဲ ကိုစောမိုက်ကယ်…နောက်ထပ် ဆေးသွင်းပြီး
ရက် တစ်လိပ်မှထပ်မလိုတော့ဘူး…လက်ကျန်ရှိနေတာတွေကို
င် ဒီနေ့မနက်ပဲ အားလုံးကျွန်တော်မီးရှို့ဖျက်ဆီးပစ်လိုက်ပြီ။
တော်…ဒီနေ့ကစပြီး ဆေးဖြတ်ပြီလေ''

''မဆိုင်ပါဘူး…မိဘချမ်းသာတာမို့ ရာသက်ပန်ဆေးကိုမှီဝဲ
ပါဆိုတဲ့စကားက မဟုတ်သေးပါဘူးဗျာ…အခု ကျွန်တော်ဆေး
တာ မိဘတွေတားမြစ်လို့ဖြစ်တာလဲမဟုတ်ဘူး…ကျွန်တော်
ဆန္ဒနဲ့ ကျွန်တော်ဖြတ်တာ''

''ဘာမှမဆိုင်ဘူး…ဒေါက်တာမမနွေးရဲ့ပယောဂ လုံးဝမပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခင်ဗျားအနေနဲ့ မမနွေးကို ထိခိုက်စကားတစ်လုံးမှပြောစရာ ဘူး…မမနွေးက ကျွန်တော့်ကို မောင်နှမလိုခင်မင်လို့ ကျွန်တော့် ဆန္ဒအတိုင်းဖြစ်ပေးတာ၊ မမနွေးကို ခင်ဗျားတို့အဖွဲ့က အပစ် စရာမလိုဘူး၊ အာဃာတထားစရာမလိုဘူး ကိုစောမိုက်ကယ်"

"ဒီမယ်…ကျွန်တော် လူကောင်းတစ်ယောက်ပြန်ဖြစ်ချင်တ ဗျာ…ဆေးသမားဘဝနဲ့ ကျွန်တော်ဘယ်လောက်ပဲချမ်းသာ ချမ်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကျွန်တော့်ကို ပစ်ပယ်တာကို ကျ တော်ရှမ်းခဲပြင်းတယ်၊ အရမ်းခံစားရတယ်။ ဆေးသမားဘ လောကမှာ အရှုံးချည်းပဲဗျ။ ကျန်းမာရေး၊ လူမှုရေး၊ ပညာ ဘာသာရေး…အိုဗျာ…အားလုံးဆုံးရှုံးတယ်…အိုဗျာ…နောက် ကုန်ကုန်ပြောမယ်…ဆေးသမားဘဝကြောင့် ကျွန်တော့်ရဲ့နှလုံးသား ရေးရာအထိ ဆုံးရှုံးမှုကိုရင်ဆိုင်ရတယ်၊ အရမ်းစိတ်နာတယ်ဗျာ"

နွေးနွေးသည် စူးခနဲစိုက်ခနဲ အောင်လေးကို လှမ်းကြည့်လို ပါ၏။

အောင်အောင်လေး၏စကားများထဲမှ အချက်နှစ်ချက်သည် န နွေး၏နှလုံးသားကို စူးဝင်စေသည်။

ပထမအချက်မှာ…ပုလဲဖြူအဖွဲ့က အောင်အောင်လေး ခြင်းမှာ ဒေါက်တာနွေးနွေး၏ပယောဂဟု စွပ်စွဲသည်ကို သူ၏ အပေါ် အန္တရာယ်ရှိမည်စိုး၍ မမနွေး၏ပယောဂမဟုတ်ကြောင်း အော လေးက ဖွတ်စုံခံကာကွယ်ပြောခြင်း၊

ဒုတိယအချက်မှာ ဆေးသမားဘဝမို့ သူ၏အဓိကဆုံးရှုံး မှာ နှလုံးသားကိစ္စဟုဆိုခြင်းတို့အချက်နှစ်ချက်ကို နွေးနွေးရင်ထဲ



စိုက်ခနဲခံစားလိုက်ရပါ၏။

နွေးနွေးသည် အဆင်ခြင်ကင်းစွာနှင့်ပင် တယ်လီဖုန်းပြောနေသော အောင်အောင်လေးကို မျက်စိမမှိတ် ငေးကြည့်နေမိတော့သည်။

ညက အရက်မူးသောဒဏ်ကြောင့်လား၊

စိတ်နှလုံးဆင်းရဲဒဏ်ကြောင့်လား၊

နှစ်ခုစလုံးသောဒဏ်ကြောင့်လား၊

မျက်ကွင်းလေးတွေညိုနေသည်။ မျက်တွင်းကလေးများ ချိုင့်နေသည်။ ဆံပင်တွေဖယိုဖရဲနှင့် လှိုင်းတွေထနေပြီး နဖူးပြင်ထက်ဝယ် ဆံစလေးတွေကျနေသည်။ နေ့စဉ် ရိတ်နေကျမုတ်ဆိတ် ပသိုင်းတွေကို မရိတ်သောကြောင့် ထိုနေရာမှတွင် ငုတ်စိလေးတွေ စိမ်းလဲ့ရောင်ပြေးနေသည်။

ဘယ်အချိန်ကြည့်ကြည့် အောင်လေးသည် အလွန့်ကိုကြည့်ကောင်းသောလုလင်ပျိုငယ်တစ်ဦးဖြစ်နေပါ၏။ ယခုလို စိတ်ထောင်းကိုယ်ကြေဖြစ်နေသည်ကပင် အောင်လေးသည် တစ်မျိုးကြည့်ကောင်းနေပြန်သည်။

"အဲဒါ ကျွန်တော့်ကို ခြိမ်းခြောက်စကားတွေပြောနေတာလား ကိုစောမိုက်ကယ်"

"ဩ…ဩ…ဒါဟာ ခင်ဗျားတို့ရဲ့ထုံးစံသတ်မှတ်ချက်စည်းမျဉ်းဟုတ်လား…အဲဒီ ခင်ဗျားတို့ရဲ့ချမှတ်ထားတဲ့စည်းမျဉ်းကို ဘယ်တိုင်းပြည်…ဘယ်အစိုးရက အသိအမှတ်ပြုထားလို့လဲဗျာ"

"ဒါတော့ မတတ်နိုင်ဘူးဗျာ…ခင်ဗျားတို့ရဲ့စည်းမျဉ်းဆိုတာ ခင်ဗျားတို့အဖွဲ့ထဲမှာပဲရှိနေမှာပေါ့…ကျုပ်ကတော့…ခင်ဗျားတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာထုံးခုံ၊ ဘာစည်းမျဉ်းကိုမှ အသိအမှတ်မပြုဘူး၊ ရင်ဆိုင်စရာကြုံလာရင် ရင်ဆိုင်လိုက်မှာပဲ…ရိုင်းရိုင်းပြောရရင် ဝက်ဖြစ်မှတော့…ဟိုဟာကိုမရှုံဘူး၊ မရှောင်ဘူး၊ နောက်မဆုတ်ဘူးပေါ့ဗျာ"

"စဉ်းစားဖို့လဲမလိုဘူး…ခေါင်းမာတာလဲမဟုတ်ဘူး၊ ကျွန်တော့်ဆုံးဖြတ်ချက်ကိုလဲ မပြင်ဘူး…ခင်ဗျားတို့ထုံးစံကိုလဲ ကျုပ်မလိုက်နာနိုင်ဘူး၊ ကျုပ်အပေါ်မှာ ဘာစည်းမျဉ်းမှလဲမရှိဘူး"

"ရတယ်လေ…ကျုပ်က မြွေပွေးလေဗျာ…ဒီပြင်မြွေတွေလိုအမြီးမရှည်ဘူး…တိုတိုတုတ်တုတ်ပဲ…ကိုယ့်နေရာမှာ ကိုယ်ခွေနေတာ…ဒါပေမဲ့…ကျုပ်အဆိပ်ပြင်းတယ်နော့…ကျုပ်ကို မထိသရွေ့ငြိမ်နေမှာပဲ…ကျုပ်ကိုထိလာရင်တော့…ယင်ကောင်တောင်မလွတ်အောင် ကျုပ်ကပေါက်မှာ…အဲဒါ ကျုပ်ရဲ့နောက်ဆုံးသဘောထားပဲ"

နေမျိုးအောင်က ဖုန်းကိုပြန်ချပြီး ချက်ချင်းမသွားသေးဘဲ အောက်ငုံ့ကြည့်ပြီး တစ်ခုခုကို အလေးအနက်စဉ်းစားသလိုရှိနေသည်။ ပုလဲဖြူအဖွဲ့နှင့်ရင်ဆိုင်ဖို့ကိစ္စပင်ဖြစ်ဟန်တူပါ၏။

ထို့နောက် တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်လိုက်သည့်အလား သူ၏လက်ဝဲလက်ဖဝါးကို ညာလက်သီးဖြင့်ထိုးပုတ်ရင်း တန်းလျားသို့ပြန်သွားရန် ခြေလှမ်းလိုက်သည်။

နွေးနွေးကို လုံးဝမကြည့်။ တံခါးပေါက်သို့သာ တည့်တည့်ကြီးလျှောက်သွားသည်။

"အောင်လေး…."

"ဟုတ်ကဲ့…ပြောပါခင်ဗျ"

"ဆေးဖြတ်ရမယ်နော်…ဒီအိမ်အောက်ထပ် သီးသန့်ခန်းမှာမမနွေးအားလုံးပြင်ထားပြီးပြီ"

"ဘယ်အချိန်လဲ"

"အခုပဲပေါ့…ဆေးဖြတ်ဖို့ အောင်လေးကို မမနွေးစောင့်နေတာ"

"ဒါဆို…အခုပဲဖြတ်လေ…ကျွန်တော်ကသိပ်ဖြတ်ချင်နေ သူပဲ"

"ကော်ဖီသောက်ဦးလေ…လာ… ထမင်းစားခန်းသွားကြစို့"

"ပြီးပြီ…တန်းလျားမှာ ကျွန်တော် အိပ်ရာထမျက်နှာသစ်ပြီးကတည်းက သောက်တာ"

အောင်အောင် ပြန်ပြောသမျှမှာ သံပြတ်နှင့် တုံးတိတိသာလျှင်ဖြစ်နေသည်။

နွေးနွေးမှာ သက်ပြင်းချမိရပါ၏။

"အောင်အောင် အခုမနက်မှာကော…ဆေးစီးကရက်သောက်ထားသေးလား"

"မသောက်ထားဘူး၊ ဆေးဖြတ်မယ်မှန်းသိလို့"

"ညကကော"

"အဲဒါတော့ မမှတ်မိဘူး၊ သောက်မိတယ်ထင်တာပဲ"

"ဘယ်မှတ်မိမလဲ…အောင်အောင်ညက အရက်တွေသောက်ပြီး မူးနေတာကိုး"

နွေးနွေး လွှတ်ခနဲပြောလိုက်မိခြင်းဖြစ်ပါ၏။ ပြောပြီးမှ ဟိုက်ခနဲဖြစ်သွားသည်။

အကယ်၍သာ အောင်အောင်က

"ဟုတ်တယ်…မနေ့ညက ကျွန်တော် ဘာလို့အရက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သောက်တယ်မှတ်သလဲ…မမနွေးကို ကျွန်တော်သိပ်ချစ်လို့ဖွင့်ပြော ချင်တာတို့ မမနွေးက "အိုကွာ" ဆိုပြီး လက်မခံလို့"

ဟုပြောကာ ထပ်မံ၍ ချစ်မေတ္တာတောင်းခံမှုတွေ ဆက်ပြော လာပါက မိမိအဖို့ သီးသီးခါးခါးကြီးငြင်းနိုင်မည်တဲ့လား။

မသေချာပါလေတော့။ မစွမ်းရင်းရှိနေပြီမို့ ကန့်ခင်းငြီသွား ပေတော့မည်။ မိမိမပြောဖြစ်လိုက်သည်ကပင် တော်ပေသေးသည် ဘာကြီးပဲဖြစ်ဖြစ် ကိုရန်နောင်ထွတ်အား မိမိလက်ထပ်ပါတော့မည် ဟု ကတိစကားလွှန်ထားပြီမဟုတ်လား။

"ကဲ…ဒါဆိုလာ…ဟောဒီသီးသန့်ခန်းမှာ အောင်လေးဝင် နေရမယ်…တံခါးကို အပြင်က မမနွေးသော့ခတ်ထားတယ်…အဲ တံခါးနားမှာ မမနွေးအမြဲရှိနေမယ်၊ အောင်အောင်အတွက် ထိုးဆေး သောက်ဆေး၊ အားဆေးတွေအားလုံး အဆင်သင့်ပဲ…အခန်းထဲမှာ မဂ္ဂဇင်းတွေ ဂျာနယ်တွေ စာစောင်တွေထားတယ်၊ အောင်အောင်ပျင်း ရင် ဖတ်နေပေါ့"

အောင်နေမျိုး တစ်ခွန်းမှပြန်မပြောဘဲ ဖွင့်ပေးထားသောအခန်း ထဲသို့ ဝင်ရောက်လိုက်လေသည်။ အခန်းထဲရှိ ခုတင်ဘေးရောက် သွားမှ နွေးနွေးရှိရာသို့ ပြန်လှည့်ကြည့်သည်။

နွေးနွေးကလည်း အခန်းတံခါးပြန်မပိတ်သေးပဲ အောင်လေး ကို ငေးကြည့်နေပေသည်။

"မမနွေး"

"ပြောလေ…အောင်လေး"

တစ်ခုခုပြောမည်ပြုပြီးမှ မပြောတော့ဘဲ ချုပ်တည်းထားလိုက်



သောအမူအရာရှိနေပေသည်။ ထို့နောက်မှ ခြောက်ကပ်စွာရယ်ရင်း…

"အော်…ဆေးဖြတ်တာဟာ…အချုပ်ခန်းထဲ ဝင်ရသလိုပါလား လို့ပါ…ဟဲ…ဟဲ…"

ဟန်လုပ်ရယ်မှန်းသိသာသည်။ အောင်လေးမျက်ဝန်းစုံ ရီဝေ နေသည်။ မျက်နှာလေးညှိုးနေသည်။

သိပါ၏။ သိပ်ကိုသိပါ၏။

နှစ်ဦးစလုံးကိုယ်စီ၏ရင်တွင်း၌ အသိကိုယ်စီသိနေကြသည်။

"အင်းပေါ့ကွာ…အစိမ်းဖြတ်ဆိုတော့လဲ ဒီလိုပဲဖြတ်ရမှာပေါ့၊ ဆေးမှိုဝဲချိန်ရောက်လာလို့ သွေးသားကတောင်းခံလာတဲ့အခါ မမနွေး က ဆေးဝါးအကူအညီနဲ့ ထိန်းပေးပြီး ပြတ်အောင်ဖြတ်တဲ့နည်းပဲ… ဒီအခန်းသော့ပိတ်ထားတာက သွေးရူးသွေးတန်းဖြစ်လာတဲ့အခါ ထွက် မပြေးနိုင်အောင်ပါကွယ်"

"ကောင်းပါတယ်…ဒီဆေးဖွဲတာကို အစိမ်းဖြတ်ပြီးရင် နောက် တစ်ခုထပ်ပြီး ကျွန်တော်အစိမ်းဖြတ်စရာကျန်သေးတယ်"

"ဘာကွဲ့…နောက်ထပ်အစိမ်းဖြတ်ဟုတ်လား"

"နောက်ထပ်ဖြတ်မဲ့အစိမ်းဖြတ်ကျတော့…မမနွေးရဲ့ အကူ အညီမယူတော့ပါဘူး…ကျွန်တော့်ဘာသာ တစ်ယောက်တည်းဖြတ် မှာပါ…ကျွန်တော့်ရင်ထဲနဲ့…နှလုံးထဲကတွယ်တဲ့…နှောင်ကြိုးတစ်ခု ကို အစိမ်းဖြတ်ဖြတ်မှာလေ…"

နွေးကောင်းကောင်းသဘောပေါက်ပါ၏။ သို့သော် အောင်လေး ကို ငေးကြည့်ရုံမှလွဲပြီး ဘာတတ်နိုင်လေမည်နည်း။

အောင်နေမျိုး ခြေပစ်လက်ပစ် ခုတင်ပေါ်ထိုင်ချလိုက်မှ နွေး

www.burmeseclassic.com

www.burmeseclassic.com



နွေးက အခန်းတံခါးကိုပိတ်ခါ သက်ပြင်းကြီးချရင်း သော့ခတ်သည်။

အောင်နေမျိုး ဆေးပေါက်ချိန်မှာ အတော်ကြီးနောက်ကျပြီးမှ ပေါက်တော့သည်။ မနွေးညက အရက်မူးပြီး စီးကရက်တွေလည်း သောက်ထားပုံရသည်။

နွေးနွေးသည် ချောင်းကြည့်ပေါက်မှ အခန်းထဲရှိ အောင်လေးကို မကြာခဏချောင်းကြည့်သည်။ ကြည့်လိုက်တိုင်း ခုတင်တွင် ခြေတွဲလဲချထိုင်ကာ ငေးငေးငိုင်ငိုင်နှင့် ငူငူငေါင်ငေါင်ရှိနေသည်ကို ချည်းတွေ့ရပါ၏။ ဆေးကိုမတောင့်တသေးမီ မနွေး၏မေတ္တာကို တောင့်တရင်း ငေးငိုင်နေခြင်းဖြစ်ရှာပေမည်။

"မမနွေးရေ…ထမင်းစားရင်ရပြီ"

နံနက်(၁၁)နာရီတွင် ဒေါ်သူဇာထလာပြီးပြောသည်။

"မဆာသေးဘူးဒေါ်သူဇာ…ဆာရင်ပြောမယ်လေ"

ဒေါ်သူဇာပြန်ထွက်သွားသည်။

နွေးနွေးချောင်းကြည့်ပေါက်မှ မျက်နှာအပ်ကြည့်ရင်း…အောင်လေး…ထမင်းစားတော့မလားဟင်ဟု မေးလိုက်သည်။

"မစားချင်သေးဘူး"

"အခုကော အောင်လေးဘယ်လိုခံစားနေရလဲ"

အောင်နေမျိုး ခုတင်ခြေတွဲလဲထိုင်ရာမှ ထရပ်သည်။ ချောင်းကြည့်ပေါက်ရှိရာသို့ လျှောက်လာသည်။ ချောင်းကြည့်ပေါက်တွင် ဒူးကွေးပြီး မမနွေးနှင့် မျက်နှာချင်းဆိုင် ဟိုဘက်ဒီဘက်မျက်နှာချင်းဆုံမိသည်။

"ကျွန်တော် ဘယ်လိုခံစားနေရတယ်ဆိုတာ မမနွေးတကယ်



သိချင်သလားဟင်"

"အင်းပေါ့…သိချင်လို့မေးတာပဲဟာ"

"ကျွန်တော် မမနွေးကို အရမ်းကြီးချစ်မိနေပြီဗျာ။ ငယ်ထိပ်အထိတက်အောင်ချစ်နေပြီ၊ အထွတ်အထိပ်အထိလေ။ အဲဒါကို ကျွန်တော်အရမ်းခံစားနေတယ်မမနွေး"

"အို့ကွာ…မမနွေးမေးတာက ဆေးဒဏ်ကို ဘယ်လိုခံစားနေရလဲလို့မေးတာ…"

"မေမေက ကျွန်တော့် ဒီကိုမပို့ခင် ကတိတွေအသန်တန်တောင်းတယ်…စည်သူမွန်ရိပ်မြိုင်ရောက်သွားရင် ကျွန်တော်…မမနွေးနဲ့ ဘယ်လိုမှမပတ်သက်ရဘူးတဲ့လေ။ အဲဒီကတိပေါ့…ကျွန်တော် ဆေးဖြတ်ချင်လွန်းလို့နဲ့ တက္ကသိုလ်တက်ချင်လွန်းလို့ မေမေတောင်းတဲ့ကတိကို ကျွန်တော်ပေးခဲ့တယ်။ ဒီရောက်တော့လဲ…ကျွန်တော် ပေးခဲ့တဲ့ကတိအတိုင်း မမနွေးကို ကျွန်တော် အတတ်နိုင်ဆုံး မပတ်သက်မိအောင်ရှောင်ပါတယ်…ထိန်းပါတယ်။ ဒါပေမဲ့…အဲဒီလိုရှောင်ရင်း…ထိန်းရင်းကပဲ မမနွေးကို ကျွန်တော် ချစ်သည်ထက် ပိုပိုပြီးသာချစ်လာတယ်။ မမနွေးကို တမင်ရှောင်၊ ကျွန်တော့်စိတ်ကို တမင်ထိန်းတာကပဲ သတိအမြဲထားတာဟာ…မမနွေးကို တမင်ချစ်လာဖို့ ဖန်တီးသလိုဖြစ်သွားသလားမသိဘူး"

"အောင်အောင် ဘာတွေပြောနေတာလဲ။ အဲဒီစကားမျိုးတွေ မမနွေး နောက်ထပ်မကြားပါရစေနဲ့တော့လား…မဖြစ်နိုင်တာတွေ မပြောနဲ့ကွာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ကျွန်တော် ဆေးဖြတ်မယ်၊ တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကဘွဲ့ရအောင်ယူမယ်။ ဘွဲ့ယူပြီး ဖေဖေ၊မေမေတို့လုပ်ငန်းမှာ ကျွန်တော် ဝင်လုပ်မယ်။ အားလုံး ကျွန်တော်လုပ်တတ်တယ်။ ဖေဖေ ခရီးရက် ရှည်သွားရင် ကျွန်တော်ပဲဝင်လုပ်ပေးနေတာ။ ဘွဲ့ရဖို့ လေးနှစ်ဆိုတာ လဲ…ဖင်လှည့်ခေါင်းလှည့်နဲ့ပြီးသွားမှာပါ…ကျွန်တော့်ကို လက်ထပ် လို့ မမနွေး စိတ်ရောလူရော မဆင်းရဲစေရဘူး၊ မမနွေး အခုအနေထက် အောက်မကျစေရဘူး။ သာရင်တောင်ပိုသာဦးမှာ၊ အဓိကအရေးကြီးဆုံး က မမနွေးက ကျွန်တော့်ကို ပြန်ချစ်ဖို့ပါဗျာ"

မောလောက်ပါ၏။ ပန်းလောက်ပါ၏။ သာလိကာစကားပြော သလို ဒရစပ်ပြောရှာသည်။

အောင်အောင် ရင်ထဲနှလုံးထဲက စိမ့်ယိုထွက်လာသောစကား အမှန်အကန်တွေမှန်းလည်း နွေးသိပါ၏။

အောင်အောင့်ကို မမနွေးချစ်ပါသည်ကောကွယ်ဟုသာ ဖွင့် ပြောလိုက်ချင်မိတော့သည်။

သို့သော်…မဖြစ်။ ဖေဖေနှင့် မေမေအား ကတိစကားလွှန်ထား ပြီးလေပြီ။ ခေါက်တာရန်နောင်ထွက်သည် ဖေဖေနှင့်မေမေ၏ နေ့တ် သား လ,နတ်သားဖြစ်နေသည်။ နွေးနွေးအဖို့ ရှောင်လွှဲ၍မရနိုင်တော့ ပြီ။

နွေးနွေးသည် ချောင်းကြည့်ပေါက်မှ မျက်နှာခွါလိုက်သည်။ အောင်အောင့်မျက်နှာလေးက ချောင်းကြည့်ပေါက်မှာပင်ရှိနေပါ၏။

နွေးနွေး ညှော်ခန်းဆိုဖါဘွင် သွားထိုင်ပေသည်။

အောင်နေမျိုးကလည်း သူ့ထွက်ကိန်းနှင့်သူဖြစ်သည်။ မမနွေး စေ့စပ်ကြောင်းလမ်းထားသည်ဆိုရုံမျှနှင့် မိမိအားလျှော့စရာမဟုတ်။



ခုစပ်ထားပြီးမှပျက်တာတွေ အများကြီးရှိသည်။ စေ့စပ်ရုံနှင့် အပျို အအိုဖြစ်သွားသည်မဟုတ်။

မမနွေးကို ကြည့်ရသည်မှာ မိမိကို ရင်ထဲကချစ်ပါလျက်နှင့် နောက်စေခိုင်းရာကို လုပ်ဆောင်နေသည်ဟု တစ်ထစ်ချယုံကြည် သည်။ မမနွေးကို အောင်နေမျိုး မျှော်လင့်ချက်မလျှော့။

ယင်းသို့ ကိုယ့်ဘက်က ကိုယ်စဉ်းစားရင်း…အောင်နေမျိုး၏ နှာကိုယ်တွင် ဟိုနားကစစ်ခနဲ…ဒီနားကစစ်ခနဲဖြစ်လာသည်။ နားက နာကျင်ကျင်…ဒီနားကနာကျင်ကျင်မျိုးလည်းဖြစ်လာသည်။ ဆေးထည့်စီးကရက်အရှမ်းသောက်ချင်လာသည်။

ဆေးပေါက်ပြီမှန်း ကိုယ့်ဟာကိုယ်သိပါ၏။

"မမနွေး…မမနွေး…ကျွန်တော့်တစ်ကိုယ်လုံး… တစစ်စစ် ကျင်ကျင်တွေဖြစ်လာပြီမမနွေး…"

"လာပြီအောင်အောင်…လိုအမ်တဲ့ဆေးယူလာပေးမယ်"

နွေးနွေးသည် ဆေးစပေါက်စဉ် ကုသရသည်။ ထိုးဆေး ဘက်ဆေးယူကာ အရက်ပြန်ဆွတ်ဂွမ်း၊ ဆေးပိုက်ထဲဆေးသွင်း သည်အားလုံးယူကာ အခန်းတံခါးသော့ဖွင့်ဝင်ခဲ့သည်။

ခုတင်ထက်တွင် အောင်နေမျိုး ပက်လက်လှဲစေသည်။ အကြော းထိုးမည်။ လက်သီးဆုပ်ထားစေပြီး သင့်တော်သောအကြောကို သည်နှင့် ဆေးအပ်ထိုးသွင်းတော့သည်။

"အဲဒါဖြတ်ဆေးလား မမနွေး၊ ဒီဆေးထိုးရင် ဖိုးမသောက် တော့ဘူးလား"

"အဲဒီလိုတော့မဟုတ်ဘူးအောင်…ဖိုးမချရလို့ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဆေးတောင်းပြီး နာကျင်တာတွေ…ကိုက်ခဲတာတွေ ခံနိုင်ရည်ရှိအောင် ထိုးပေးတဲ့ဆေးပဲ… အောင်အောင်ကိုယ်တိုင်က စိတ်အားတင်းပြီး ခန္ဓာ ကိုယ်က ဘယ်လောက်တောင်းခံပါစေ တင်းခံနိုင်ဖို့ပဲ အောင်အောင် ဒီနေ့နံနက်ဖြန်မှာတော့ အောင်အောင် ပြင်းပြင်းထန်ထန်တွေခံစား လိမ့်မယ်။ အဲ…တတိယနေ့ကျရင်တော့ ခံစားမှုကျဆင်းမှာပါ။ အဲ ခံစားမှုတွေကို တတ်နိုင်သလောက် မမနွေးက ကုသရေးပိုင်းဆေး ခံနိုင်ရည်ရှိအောင် ထိုးပေးတာ၊ ဆေးသောက်စေတာ။ အစိမ်းဖြစ် ဆိုတော့…ရက်တိုတိုနဲ့ပြတ်သွားအောင် အောင်အောင်မှာခံစားရတာ ပိုပြင်းထန်တာပေါ့ကွာ''

ဆေးထိုးမှုပြီးအသွားတွင် အောင်နေမျိုးသည် သူ့လက်တစ် ဘက်ဖြင့် နွေးနွေးလက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်။

နွေးနွေးက ချက်ချင်းရှုန်းမထွက်ပေ။

''မမနွေး…အောင်လေးကို ဆေးတိုက်ရဦးမယ်…လွ နော်…ဆေးသောက်ဖို့''

အောင်နေမျိုးလွှတ်ပေးပေသည်။ နွေးနွေးက အနီရောင်ဆေး လေးတွေကို သောက်စေသည်။

''အဲဒါ…စိတ်ငြိမ်ဆေးနော်…တစ်ခဏကြာရင် အောင်အော ရဲ့ဦးနှောက်ရော ခန္ဓာကိုယ်ရော ထိုင်းမှိုင်းလာပြီး အိပ်ပျော်သွား ဝေဒနာခံစားရတာ သက်သာတာပေါ့…ကဲ…အောင်အောင် အိပ် မှာလှဲအိပ်လိုက်''

အောင်နေမျိုး လှဲအိပ်လိုက်သည်။

''ကျွန်တော့်အဖြစ်က…နန်းကျဘုရင်လိုလို…တောင်



အကျဉ်းသားလိုလိုပဲနော်…မမနွေး''

''ကုသချိန်မှာတော့ ဒီလိုပဲပေါ့ကွယ်…ကဲ…အိပ်တော့နော်''

နွေးနွေးသည် ဆေးပုလင်း ဆေးထိုးအိတ်တို့ကိုယူကာ အပြင် ဘက်ပြန်ထွက်လာပြီး တံခါးပြန်ပိတ်ထားလိုက်သည်။ မကြာမီ အောင်လေးအိပ်ပျော်သွားမည်သာ။

တံခါးဖွင့်အပြင်ထွက်သည်နှင့်ကြက်မွေးတစ်ချောင်းဖြင့် ဖုံခါ သန့်ရှင်းရေးလုပ်နေသော ဒေါ်သူဇာကို တွေ့ရပေသည်။

ဒေါ်သူဇာသည် မေမေပေးအပ်ခဲ့သော စောင့်ကြည့်တာဝန်ကို ထမ်းဆောင်နေမှန်း နွေးနွေးသဘောပေါက်ပါ၏။

အပြင်ဧည့်ခန်းဆိုဖါတွင် နွေးနွေးပြန်ထိုင်သည်။ ဒေါ်သူဇာ မီးဖိုဘက်သို့ ပြန်ထွက်သွားပါ၏။

''ကလင်…ကလင်…ကလင်''

ဖုန်းမြည်သံထွက်လာသည်။ ပုလဲဖြူအဖွဲ့ကဖြစ်စေ၊ ဖေဖေ့ထံ မှဖြစ်စေ၊ ရန်နောင်ထွတ်ဆီမှဖြစ်စေ လာသောဖုန်းတစ်ခုခုဖြစ်ပေမည်။ ဘယ်ကလာသောဖုန်းဖြစ်စေ…နွေးနွေးနားထောင်ရမှာကြောက်နေ သည်။ ထိုင်မြဲထိုင်နေမိပါ၏။

ဒေါ်သူဇာပြေးထွက်လာပြီး ဖုန်းကိုင်သည်။ ပြီးနောက် နွေးနွေး ကိုလှမ်းပြောသည်။

''ဒေါက်တာရန်နောင်ထွတ် မနွေးနွေး''

နွေးနွေး မလွဲသာသည့်မို့ သွားရောက်ဖုန်းကိုင်ပြီး မြန်လည် သံပြုလိုက်သည်။

''နွေးသိပ်ပင်ပန်းနေလား။ ဆေးဖြတ်တာအခက်အခဲရှိသလား၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လာပြီးအကူအညီပေးရမလား''

''ရပါတယ်…လိုအပ်ရင် နွေးဖုန်းဆက်ခေါ်ပါ့မယ်…အ
တော့ လွယ်ပါတယ်…အခုဟာက နွေးရဲ့အစွမ်းတစ်ခုတည်းနဲ့ သူ
သနလုပ်နေတာပါ…ကိုရန်နောင်ထွတ်''

''ဒါဆိုပြီးရောနွေး…ကိုယ်ကတော့ စိုးရိမ်မိတယ်လေ၊ ဆေ
သမားဆေးပေါက်လာရင် အဆင်ချင်မရှိဘူး၊ အဲဒီအခါမှာ ဒီကော
က သားရေပေါ်အိပ် သားရေနှားစားတွေဖြစ်မှာစိုးလို့ပါ''

''ဘာတွေပြောနေတာလဲ…ကိုရန်နောင်ထွတ်စကား
ကလေးကလားဆန်လိုက်တာ…နွေးရဲ့သိက္ခာကိုပါထိပါးလာသလား''

''ဆောရီးပဲနွေး…စိုးရိမ်လွန်လို့ပြောမိတာ တောင်းပန်ပါ တယ်''

နွေး ဖုန်းပြန်ချလိုက်သည်။ ဒေါ်သူဇာက အနီးမှာပင်ရပ်
ရှိပါ၏။ နွေးနွေးက အောင်နေမျိုး၏အခန်းချောင်းကြည့်ပေါ
အတွင်းသို့ချောင်းကြည့်သည်။

အောင်အောင် အိပ်ရာထက်တွင် ပက်လက်အနေအထား
ပြီး မျက်လုံးအစုံက မျက်တောင်မခတ်။ မျက်နှာကျက်ကို စူး
ကြည့်နေသည်။ စိတ်ငြိမ်ဆေးတိုက်ထားသော်လည်း မအိပ်သေ
တစ်ခုခုကို အာရုံပြင်းစွာ စဉ်းစားနေပုံရသည်။ တစ်ခုခုတွင် အ
သိပ်ပြင်းထန်နေလျှင် ရုတ်တရက်စိတ်ငြိမ်ဆေးမတိုးပေ။

''မနွေး''

''ပြောစရာရှိပြော…ဒေါ်သူဇာ''

နွေးနွေး ဆိုဖါတွင် ပြန်ထိုင်သည်။ ဒေါ်သူဇာကံ အ
လာရပ်ပါ၏။



''ဒေါ်သူဇာကို မနွေးဘယ်လိုမှမအောက်မေ့ပါနဲ့နော်…ဒီအိမ်
ကြီးမှာ ဒေါ်သူဇာက စေတဲ့ကျွန်…ထွန့်တဲ့နွားပါ။ ဆရာကြီးနဲ့ ဆရာ
ကြီးကတော်ခိုင်းတာမှန်သရွေ့ လုပ်ပေးရသူပါ''

''ဒါကို…နွေးနားလည်သားပဲ၊ ဒေါ်သူဇာကို အပစ်မှမတင်
ဘာ''

''အေး…ဒါဆို သာခုပါပဲမနွေး၊ ဒေါ်သူဇာကိုယ်တိုင်လဲ စိတ်
ကောင်းပါဘူး၊ မောင်အောင်နေမျိုးကို ဒေါ်သူဇာကိုယ်တိုင်က ခင်လဲ
ခင်၊ သနားလဲသနားလို့ပါ။ မိဝါကဆို…အစ်ကိုအောင်နေမျိုးကို သနား
လိုက်တာတဲ့။ အစ်ကိုအောင်နေမျိုးဟာ ခင်မင်စရာ လေးစားစရာလူ
ပါတဲ့''

နွေးနွေး ဒေါ်သူဇာကို မျက်လုံး ှန်မော့ကြည့်သည်။ ဒေါ်သူဇာ
နှင့် မိဝါတို့က အောင်အောင့်ကို သနားသည်ဆိုခြင်းမှာ ဘာတွေသိ
နေပြီး ဘာတွေသနားခြင်းပေနည်း။

''အောင်အောင်ကို ခင်မင်တယ်ဆိုတာတော့…ဟုတ်ပါပြီ…
ဘာလို့သူ့ကိုသနားတာလဲ''

''မော်ကြီးက မောင်အောင်နေမျိုးရဲ့အဖြစ်အပျက်တွေ မီးဖိုထဲ
သမင်းလာစားတိုင်း ပြောပြတယ်လေ''

''ဦးမော်ကြီးက အောင်အောင့်အကြောင်း ဘာတွေပြောလို့လဲ
ဒေါ်သူဇာ''

''တန်းလျားမှာ သူနဲ့အတူနေတဲ့ မောင်အောင်နေမျိုးကို သိပ်
သနားတာပဲတဲ့…ဒီအိမ်ကဆရာကြီးကို ပဲခူးလိုက်ပို့ဘူးလို့ ပဲခူးက
အောင်နေမျိုးတို့အိမ် သူရောက်ဘူးတယ်တဲ့…ခြံကြီးက သိပ်ကျယ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး နှစ်ထပ်တိုက်ကြီးကပဲနေတာ…နန်းတော်လိုအရမ်းထယ်ဝါခ…
နားတာတဲ့။ အဲဒီပဲခူးအိမ်ကြီးမှာဆိုရင် မောင်အောင်နေမျိုးက ဘုရင်…
နေတာတဲ့။ အခု ဒီအိမ်ကျမှ မောင်အောင်နေမျိုး တန်းလျားခန်း…
လာနေတာကို သိပ်သနားတာတဲ့''

''အော်…ဒါတော့…အောင်အောင်က သူ့ဆန္ဒနဲ့သူ…
ဂိုဒေါင်တန်းလျားမှာနေတာကို ဒေါ်သူဇာလဲသိသားနဲ့''

''ဟုတ်ပါတယ် မမနွေး…အဲဒါကိုသာ သနားစရာကော…
နေတာပါ…တကယ်တော့…သူက မနွေးကို တမင်ရှောင်တဲ့သ…
နဲ့ သွားနေတာ…ဒီကြားထဲကပဲ…အောင်နေမျိုးက မနွေးကို …
ရှိနေပြီတဲ့လေ''

''ကြည့်စမ်း…ဒါတွေကိုတောင် ဒေါ်သူဇာက သိနေသ…
ဘယ်လိုသိတာလဲ ဒေါ်သူဇာ''

''ဒေါ်သူဇာကို စိတ်မဆိုးပါနဲ့။ ဒေါ်သူဇာက မနွေးမသိ…
တွေကို သိအောင်ပြောပြတဲ့သဘောပါ။ ဒါတွေကို ဒေါ်သူဇာသိ…
လဲ မော်ကြီးကပြောပြလို့သိရတာပါ''

''မနွေး…စိတ်မဆိုးပါဘူး။ ဦးမော်ကြီးက ဒီဖြင့်ဘာ…
ပြောသေးလဲဟင်''

''မနေ့ညက…ကောင်လေး အရက်တွေမူးလာတယ်တဲ့၊ …
ထဲမှာ ကယောင်ကတမ်းတွေပြောတယ်တဲ့။ ကျွန်တော့်အ…
ကိုမခွဲပါနဲ့ မမနွေးရယ်တဲ့။ ကျွန်တော် 'ပိုင်း' ကိုလဲမချစ်ဘူး၊ …
ကိုမှလဲမချစ်ဘူး၊ မမနွေးကိုမှချစ်တာပါတဲ့''

နွေးနွေး မျက်နှာလက်ဝါးအုပ် သိမ့်သိမ့်လေးငိုမိပြန်ပြီ…

''ကျွန်တော်သေးဖြတ်မယ်…ဘွဲ့ယူမယ်၊ ကျွန်တော့်ကို မမနွေး
…ခင့်ပါတဲ့၊ ကျွန်တော့်ကိုပဲ မမနွေးလက်ထပ်ပါတဲ့''

''သွားပါတော့ ဒေါ်သူဇာ…နွေးကိုအဲဒါတွေထပ်မပြောပါနဲ့''

ဒေါ်သူဇာ နွေးနွေးအပါးမှထွက်သွားသည်။ ပြီး…ဆက်မသွား
…နွေးနွေးကို တစ်ခုထပ်ပြောလိုက်ပြန်သည်။

''အင်း…ဒေါ်သူဇာ ရင်ထဲမှာမထားတော့ဘူး၊ နောက်တစ်ခု
… မနွေးသိထားရင် ကောင်းမလားလို့ ဒေါ်သူဇာပြောချင်တယ်၊
…ညနေက မနွေးတို့ဆေးရုံသွားတုန်း ဒေါက်တာရန်နောင်ထွတ်
…က်လာတယ်။ ဆရာကြီးနဲ့ ဆရာကြီးကတော်ကလဲ…အိမ်ပေါ်ထပ်
…ရှိနေတယ်။ အဲဒီအချိန်မှာ မိဝါက ပန်းခြံထဲမှာ ဘုရားပန်းခူးနေ
…ယ်။ ဒေါက်တာရန်နောင်ထွတ်က ပန်းခြံထဲ ပန်းခူးနေတဲ့ မိဝါဆီ
…သွားတယ်။ ပြီး…မိဝါရဲ့ပါးလေးတစ်ဘက်ကို ဒေါက်တာရန်နောင်
…တ်က ဆွဲလိမ်တာ ဒေါ်သူဇာကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်တယ်
…နွေး''

နွေးနွေးသည် ဒေါ်သူဇာပြောသောစကားတွင် အာရုံရောက်
…သဖြင့် ငိုရှိုက်ခြင်းပင် ရပ်တန့်သွားသည်။

''မိဝါက မငယ်တော့ဘူး…အသက်ဆယ့်ခွန်ကျော်သွားပြီ၊
…ချောကောင်းကောင်းဖြစ်နေပြီ၊ ရုပ်လေးကလဲ ဖြူဖြူသန့်သန့်နဲ့ ကိုယ်
…ည်လေးကလဲ တော်တော်ဖွံ့လာပြီ။ ဖီးဖီးလိမ်းလိမ်းဆိုရင် တကယ့်
…ချော၊ အပျိုချော''

''အဲဒါ…ဘာဖြစ်လဲ ဒေါ်သူဇာ''

''အဲဒါဘာဖြစ်လဲဆိုတာ…ဒေါ်သူဇာပြောလို့ ဘယ်ကောင်းပါ့

www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ မနွေးအနေနဲ့ သိထားသင့်တယ်ထင်လို့ ဒေါ်သူဇာကပြော တာ။ ညကအိပ်ရာထဲမှာ မိဝါကို ဒေါ်သူဇာမေးကြည့်တယ်။ ပန်းခြံ ထဲမှာ ဒေါ်သူဇာတွေ့မြင်တာကစပြီးမေးတာ။ မိဝါကငြင်းပါဘူး ဒေါက်တာရန်နောင်ထွတ်ဟာ အိမ်မှာလူလစ်ရင် မိဝါကို ခေါင်းပုတ် လိုက် ပုခုံးကိုင်လိုက်၊ လည်ကုပ်ကိုညှစ်လိုက်လုပ်လေ့ရှိတယ်တဲ့ မနေ့ကလဲ မိဝါရဲ့ပါးပြင်လေးဟာ ပန်းပွင့်လေးနဲ့တူတယ်ဆိုပြီး မိဝါ ရဲ့ပါးကို မနာအောင်ဆွဲလိမ်တယ်တဲ့၊ နောက်ပြီး…မိဝါကို ငါးရာတန် အသစ်တစ်ချပ်ပေးတယ်တဲ့။ မိဝါ အလှပစ္စည်းလေးတွေဘာတွေဝယ် ဖို့တဲ့…အဝတ်ဝယ်ဖို့လဲ နောက်ထပ် အများကြီးပေးဦးမယ်လို့ ပြော တယ်တဲ့။"

"ဘုရား…ဘုရား…"

ကိုရန်နောင်ထွတ်တွင် ဒီအကျင့်မျိုးရှိပါလားဟု နွေးနွေး ဘုရား တ,မိပါ၏။

ဒါဆို မိဝါကိုယ်တိုင်က အောင်အောင်ကိုခင်ပါသည်။ သနား ပါသည်ဆိုသောစကားနှင့် ဆက်စပ်ပြီး ရင်ခုန်စွာ နွေးနွေးဆက် ကြည့်သည်။

"နေပါဦး ဒေါ်သူဇာ…ခုန မိဝါ…အောင်အောင့်ကိုခင်တယ် သနားတယ်လို့ပြောတယ်၊ အောင်အောင်ကကော…မိဝါကို ထိပ် ခေါင်းပုတ်…အရောဝင်လုပ်သလားတဲ့"

"ဝေးသေးရဲ့မနွေး၊ အဲဒါကိုတောင် မိဝါက မကျေမနပ်ပြော သေးတယ်။ ဒီအိမ်ကြီးက…ကိစ္စရှိလို့ မောင်အောင်နေမျိုးကို ခေါ်စမ်းလို့ မိဝါကိုခိုင်းရင် မိဝါက ဝမ်းသာအားရ တန်းလျှော



ပြေးသွားတယ်။ ဒါပေမဲ့ မောင်အောင်နေမျိုးက မိဝါကို ပြောလေ့ရှိ တယ်တဲ့"

"အေး…ပြောစရာရှိရင် ဝရန်တာကပြော…ငါ့အခန်းထဲမဝင် နဲ့…လို့တဲ့။ တစ်ခါတလေ ငါ့ကိုအောက်ကနေလှမ်းခေါ် အပေါ်ထိ တက်လာစရာမရှိဘူးလို့လဲပြောတတ်တယ်တဲ့"

"အဲဒါပေါ့…မနွေး။ မောင်အောင်နေမျိုးက အသက်ငယ်ပေ မဲ့ မိဝါကိုရောရောနှောနှောမနေတာကိုတောင် မိဝါက မကျေနပ် ဘူး၊ မိဝါတို့အရွယ်ဆိုတာက စိတ်ကစားတယ်၊ မောင်အောင်နေမျိုး က အသက်ကလဲ မိဝါနဲ့ သိပ်မကွာ၊ ရုပ်လေးကလဲ ချောဆိုတော့ မိဝါစိတ်ဝင်စားမှာပေါ့…ဒါပေမဲ့ ကောင်လေးက အသက်ငယ်ပေမဲ့ သိက္ခာစောင့်တယ်မနွေး"

နွေးနွေးသည် ကျိတ်၍ကျေနပ်စွာပြုံးမိသည်။

"အား…ကျွတ်…ကျွတ်…"

အောင်အောင်၏ မချိမဆန့်စုတ်ထိုးသံ နွေးနွေးကြားရသဖြင့် ဖြတ်ခနဲထကာ ချောင်းကြည့်ပေါက်သို့သွားပြီး ချောင်းကြည့်စဉ်မှာပင် ဒေါ်သူဇာလည်း မီးဖိုဘက်သို့ပြန်သွားသည်။

အောင်လေး အခြေအနေဆိုးပေပြီ။ တစ်ကိုယ်လုံး မြွေလိုတွန့် လိမ်နေသည်။ ဖိုးကိုမမှီဝဲရသဖြင့် ခန္ဓာကိုယ်သွေးသားက ဖိုးကို အပြင်းအထန်တောင်းခံပေပြီ။

လက်သီးဆုပ်ဖြင့် မွေ့ရာကိုထိုးသည်။ တစ်ချက်တစ်ချက်တွင် ဒိုက်နာလေထိုးလေအောင့်သူကဲ့သို့ ကော့တက်သွားသည်။ နှုတ် ကလည်း တကျွတ်ကျွတ် နာကျင်ပုံဖြင့် ညည်းတွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး အစိမ်းဖြတ်၏ တိုက်ခိုက်မှုဒဏ်ကို ခံရလေပြီ။

တန်တော့ ဒီကောင်လေး သူ၏မမနွေးအကြောင်းတွေးရင်း မအိပ်မစက်နှင့် ထိုးဆေးသောက်ဆေးတွေပျယ်သွားခြင်းပေလားမသိ။

မမနွေး…ကျွတ်ကျွတ်…မမနွေး။

မိခင်ကိုမတ။ ဝေဒနာပြင်းထန်တိုင်း…မမနွေးကိုသာတ,နေ ရှာသည်။

နွေးနွေးသည် စားပွဲပေါ်တွင် အသင့်ပြင်ထားသော ထိုးဆေး တစ်မျိုးကိုယူကာ ဆေးထိုးပိုက်တွင် ဆေးသွင်းလိုက်သည်။ ချက်ချင်း အိပ်ပျော်စေနိုင်သော ထိုးဆေးဖြစ်ပါ၏။ အကယ်၍ ခုထက်ပိုမို မပြင်းထန်ပါက ဤဆေးကိုထိုးရန် မလိုပေ။ ဆေးထိုးပိုက်ကိုင်ပြီး တံခါးဖွင့်ဝင်ခဲ့သည်။

"မမနွေးရေ…ဒုန်း…"

"မမနွေးရေ…ဒုန်း…"

အောင်အောင်အရှိန်ပိုတက်နေသည်။ မျက်နှာတစ်ခုလုံးနီရဲနေ သည်။ မျက်လုံးအကြည့်တွေကလည်း ကျီးကြည့်ကြောင်ကြည့်ဖြစ်နေ သည်။

ဒုန်းခနဲ…ဒုန်းခနဲ…နံရံကိုလက်သီးနှင့်ထိုးသောကြောင့် လက် ချောင်းများမှ နီရဲသောသွေးတွေထွက်လာသည်။

"အို…အို…အဲဒီလိုမလုပ်နဲ့လေ"

လက်ချောင်းမှသွေးတွေကျသောအခါ နံရံကို ခေါင်းနှင့်တိုက် ပြန်သည်။

"အား…ဒုက္ခပါပဲအောင်လေးရာ"



အောင်နေမျိုးရှိရာပြေးကပ်သွားသည်။ အတင်းဆွဲထားသည်။ အိပ်ခန်းမှာ ပျဉ်ကာဖြစ်သောကြောင့် တော်သေးသည်။ အုတ်ကာဆို လျှင် ခေါင်းကွဲပေမည်။

"မလုပ်နဲ့ အောင်အောင်…မလုပ်နဲ့…ဦးနှောက်ကြောတွေ ထိခိုက်သွားမယ်"

နွေးနွေးအတင်းဆွဲရာဘက်သို့ ပါရှိလာသည်။ ဘာမပြော ညာ မပြော အောင်နေမျိုးသည် မမနွေးကို တအားကြီးဖက်ထားသည်။

"အို…မမနွေးရယ်…ကျွန်တော့်ကိုပစ်ထားတယ်"

ရင်း မြွေပတ်သလို…ပတ်ပြီး ကျစ်ကျစ်ပါဖက်ထားခြင်း ဖြစ်တော့သည်။

နွေးနွေးရင်တွေ အရမ်းခုန်ရပြီ။ ရင်ခုန်သည့်ကြားကပင် လှိုက် ဖိုရသည်။ တရှိန်းရှိန်းတမြမြခံစားရသည်။ တစ်ဘက်တွင် တစ်ကြိမ် ခံစားရမှုမျိုးဖြစ်ပါ၏။ အောင်အောင်၏အပွေ့အဖက်တွင် နွေးနွေး မိန်းမောနေမိသည်။

သိစိတ်က ဆေးကုသခြင်းဖြစ်နေသော်လည်း မသိစိတ်က အပွေ့အပိုက်တွင် ကြည်နူးနစ်မြောနေသည်။

"အယ်…ကွာ"

သိစိတ်လေးပြန်ဝင်လာသည်နှင့် မိမိကိုယ်တိုင်ပင် အောင်အောင် လေးအား ပြန်လည်ဖက်တွယ်ထားမှန်းသိရတော့သည်။

"အောင်လေးကို ဆေးထိုးပေးမယ်နော်၊ အိပ်ရာပေါ် ခဏ လှောက်လိုက်"

"ဟင့်အင်းဗျာ…ဒီအတိုင်းပဲထိုးပါ၊ အခုထိုးမှာ အသားဆေး

www.burmeseclassic.com

www.burmeseclassic.com



ပဲ…ကြိုက်တဲ့နေရာထိုးပါ မမနွေး”

“မရဘူးကွာ…ဆေးထိုးမဲ့နေရာကို ရွေးရတယ်။ အရက် ပြန်သုတ်ရတယ်၊ ပြောစကားနားထောင်ကွာ၊ နားမထောင်ရင် မမနွေး စိတ်ညစ်တယ်”

“မမနွေး…စိတ်မညစ်နဲ့…ကဲ…ထိုး”

ကျစ်ကျစ်ပါ ရစ်ပတ်ဖက်ထားသည်ကိုလွှတ်ပြီး ခုတင်တွင် အားလျားမှောက်ပေးသည်။

နွေးနွေးက ဆေးထိုးပေးပါ၏။

“နာလားဟင်”

“နာမှန်းလဲမသိဘူး၊ မနာမှန်းလဲမသိဘူး…ကျွန်တော်သိတာ မမနွေးကိုချစ်တယ်ဆိုတာတစ်ခုပဲသိတယ်”

ဆေးထိုးပြီးသည်နှင့် ပက်လက်လှန်ကာ သူ့ရင်ပတ်ပေါ်သို့ နွေးနွေးကိုဆွဲယူပွေ့ပိုက်ထားလိုက်ပြန်သည်။

“မင်း…ကဲတယ်”

“မမနွေး ကျွန်တော့်ကိုချစ်ပါတယ်နော်”

“မသိဘူး”

“ဟာဗျာ…”

“ကဲ…ကိုယ်တော်လေး အပိုတွေကဲမနေနဲ့…မင်းလက်မှာ သွေးတွေ…မမနွေးဆေးထည့်မယ်”

“ကျွန်တော့်ကို မမနွေးချစ်ပါတယ်နော်”

“အဲဒါတွေနောက်မှပြော…အခုလက်ကဒဏ်ရာဆေးထည့် မယ်၊ ပတ်တီးစည်းမယ်”



အောင်နေမျိုးမငြင်းပေ။ မမနွေးပြောသမျှ လိုက်နာပေသည်။ အရာတိုင်း၌ လွှမ်းမိုးသည်မှာ စိတ်ပင်ဖြစ်နေပေရော့သလား။

စောစောက ဆေးဝေဒနာတက် ဆေးပေါက်ပြီး နံရံကိုလက်သီးနှင့်ထိုး ဦးခေါင်းနှင့်တိုက်အောင် ဝေဒနာတက်နေသော အောင်နေမျိုးသည် ယခု မမနွေးက စိတ်တူသဘောတူ အပွေ့ခံ အဖက်ခံရှိလာသည်ကြောင့် စိတ်ချမ်းသာပြီး ဝေဒနာဆေးရှိန်ကျသွားလေသလား မပြောတတ်။

ဒေါက်တာနွေးနွေးအဖို့ သုတေသနပြုရသည်မှာ မိမိကုသမှု အစွမ်းထက်၍လား၊ ကောင်လေးကို ပွေ့ပိုက်လိုက်လျှောခြင်းကြောင့် ဝေဒနာရှိန် ကျသွားခြင်းလား ဝေခွဲမရလေပြီ။

“မနွေး…ရ…ထမင်းပွဲကထမင်းတွေ ဟင်းတွေ အေးကုန်ပြီ”

ဒေါ်သူဇာ၏အသံကြားမှ နှစ်ဦးသားဖက်ထားခြင်းမှ ခွါလိုက်ကြသည်။ နွေးနွေးသည် တွန့်ကြေသွားသောသူ၏ အဝတ်အစားများကို ဆွဲချ၊ လက်ဝါးဖြင့်သတ်၊ ပြန်ဆန့်ပြီး ပြန်ပြောလိုက်ပါ၏။

“ပြန်နွေးထားပါ ဒေါ်သူဇာ…အခုပဲ နွေးလာခဲ့ပါ့မယ်”

“ဒေါ်သူဇာကြီး ချောင်းကြည့်နေသလားမသိဘူးနော်”

“သိပ်သေချာတာပေါ့ အောင်လေး”

“ဒါဆို ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်ကိုပြန်တိုင်မလားပဲ”

တိုင်ချင်တိုင်၊ ပြောချင်ပြော။ မတတ်နိုင်တော့ပြီ။ မိမိကိုယ်တိုင်က အောင်လေးအပေါ်တွင် အတိအပ ကဒွန်းခင်းငြိလိုက်ပေပြီကိုး။

မေမေပြန်မေးလည်း မိမိအနေနှင့် ဟုတ်ပါသည်ဟု ဝန်ခံမည်။

www.burmeseclassic.com

www.burmeseclassic.com



အမိကမှာ မေမေတို့စိစဉ်သည်ကို မိမိကတိအတိုင်း လိုက်နာလျှင်ပြီးရောဟုသာ မှတ်လိုက်သည်။

"မင်းခဏလှဲနေဦး အောင်လေး၊ မမနွေး အပြင်ခဏထွက်ဦးမယ်"

အောင်နေမျိုးသည် မမနွေးထွက်သွားသည်ကိုလိုက်ကြည့်ရင်း ယခုအခြေအနေအထိ မမနွေးက မိမိကို "ချစ်ပါတယ်"ဟု နှုတ်မှဖွင့်မပြောသေးပါလားဟု တွေးမိလိုက်သည်။

"မမနွေး…မမနွေး"

"ဘာလဲ…ဘာကဲဦးမလို့လဲ"

"ကျွန်တော့်ကိုချစ်ပါတယ်နော်…ချစ်တယ်မဟုတ်လား"

နွေးက မျက်စောင်းလေးထိုးလိုက်သည်။

"အဲဒါ…မေးနေရသေးလား…မမနွေးတစ်ကိုယ်လုံး… မင်းမွေ့ဟယ်…ဖက်ဟယ်နဲ့…မမနွေးမှာ အရုပ်လေးတစ်ရုပ်လိုဖြစ်သွားတာ"

"အဲဒါနဲ့မဆိုင်ပါဘူး မမနွေးရာ…ဒါက…ကျွန်တော့်ကိုဆေးဖြတ်ချိန်မှာ ကျွန်တော်စိတ်ဓါတ်မကျအောင် မမနွေးက အောင့်အည်းပြီးလိုက်လျောတာဖြစ်ချင်ဖြစ်မှာ"

စိတ်ဆောင်သောကြောင့် အောင်လေးမျက်လုံးဖွတ်ဖွင့်ကာပြောနေသော်လည်း နွေး၏ထိုးဆေးရှိန် အပတ်လည်လာပြီမို့ မျက်တောင်စင်းနေပြီ၊ အာလေးလာပြီ။ ဆေးစွမ်းပြပြီကို နွေးနွေး သတိထားကြည့်ကာ ပြုံးလိုက်သည်။

"အေးပါ…မမနွေးဖြေမှာပါ။ ဒါပေမဲ့ အခုမဖြေသေးဘူး။



အခုဖြေရင် မင်းစိတ်ထဲမှာ ဆေးဖြတ်နိုက်မို့ မင်းစိတ်ချမ်းသာအောင်ဖြေတာလို့ သံသယဖြစ်မယ်။ နောက်သုံးရက်ဆိုရင် မင်းဆေးပြတ်ပြီ။ အဲဒီကျမှ မမနွေးနှုတ်က အဖြေပေးမယ်"

"ဟာဗျာ…မမနွေးက ဈေးကိုင်လိုက်တာ"

ပြောရင်းပင် အောင်နေမျိုးသည် ခုတင်ပေါ်လှဲချရင်း မျက်လုံးစုံမှိတ်သွားတော့သည်။

နွေးက ပြန်လှည့်လာပြီး အိပ်ပျော်သွားသောအောင်လေးကို ခဏချောင့်ကြည့်သည်။

…က်နှာတွေမနီမြန်းတော့…ပုံမှန်မျက်နှာလေးပြန်ဖြစ်သွား ပြီ။ နဖူးပြင်ဘွင် ချွေးဥလေးတွေစို့နေသည်ကို သူမ၏လက်ကိုင်ပဝါဖြင့် သုတ်ပေးသည်။

အောင်လေးအိပ်နေပုံမှာ တကယ့်အပြစ်ကင်းသောကလေးငယ်ကဲ့သို့ မျက်နှာလေးမှာ အပြစ်ကင်းလှသည်။

နွေးနွေး…သက်ပြင်းတစ်လုံးချလိုက်သည်။

ပြီး…အောင်လေး၏ပါးပြင်ချောမွတ်မွတ်လေးနှင့် နဖူးပြင်လေးကို နွေးနွေးငုံ့ကာမွေးမွေးပေးလိုက်သည်။

"ဒါဟာ…မမနွေးရဲ့ တိတ်တခိုးအဖြေပါပဲအောင်လေးရယ်… မမနွေး တစ်သက်မှာ ဒီတစ်ခါပဲ နှလုံးသားကယိုစီးမိတဲ့အချစ်မျိုးနဲ့ အောင်လေးကိုသာချစ်မှုးတာပါ"

အော်…ဆူးကြားထဲက ဘူးသီးလိုပါလား။

ရှေ့တိုးလည်းစူး…နောက်ဆုတ်လည်းစူး…ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



[၁၆]

အစိမ်းဖြတ်ကြီးသည် (၃)ရက်နှင့်တော့မပြတ်၊ (၄)ရက်မြောက်နေ့ကျမှ အောင်မြင်စွာပြီးဆုံးသွားသည်။

တန်းလျားစံမင်းသား အောင်နေမျိုး တန်းလျားသို့ပြန်လည်ကြွမြန်းလာပြီး…ရွှေအိမ်စံမင်းသမီး မမနွေးက အိမ်ကြီးမှာပင်ကျန်ခဲ့သည်။

(၄)ရက်လုံးလုံး ချစ်သူနှစ်ဦး ပွေ့ပွေ့ပိုက်ပိုက်နေခဲ့ကြသော်လည်း နှစ်ယောက်စလုံး၏စောင့်ထိန်းမှုကြောင့် လွန်ကဲခြင်းမဖြစ်ကြပါလေ။

အောင်နေမျိုး ဆေးပြတ်ပြီး အိမ်ကြီးပေါ်မှဆင်းလာသည့်နေ့ကစ၍ ဒေါက်တာရန်နောင်ထွတ် ခါတိုင်းကဲ့သို့ပင် အိမ်ကြီးဆီ အဝင်အထွက်ရှိလာသည်။

နွေးနွေးသည် သူမ၏မိဘများက ဒေါက်တာရန်နောင်ထွတ်နှင့် လက်ထပ်ရန် နေ့ကောင်းရက်သာရွေးနေပြီဖြစ်ကြောင်း အောင်အောင်လေးကိုမပြောရက်သဖြင့် လုံးဝမပြော။



အောင်နေမျိုး ဆေးပြတ်ပြီး တန်းလျားသို့ပြန်သွားသည့်နေ့မှ စပြီး နွေးနွေးသည် သံပတ်ပေးအရုပ်တစ်ရုပ်လိုဖြစ်သွားတော့သည်။

ဆေးရုံသွားချိန်သွားသည်။ အိမ်တွင် စားချိန်တန်စားသည်။ ဘာကိုမျှ အရသာခံမစား။ ပေါ့သည်ငံသည်၊ ချိုသည်၊ ချဉ်သည် ဘာမျှမပြော။

ဖေဖေနှင့်မေမေ တီဗီကြည့်ရှိန်ဝင်ကြည့်သည်။ နဂိုက ဟာသကိုနှစ်သက်သော်လည်း ယခု မိုးဒီ၊ မော့(စ်)၊ ဇာဂနာ၊ အရိုင်း၊ ငှက်ပျောကြော်တို့သည် နွေးနွေးပြုံးရယ်အောင် မစွမ်းဆောင်နိုင်တော့၊ နွေးနွေးက တီဗီထဲကအရုပ်ကိုကြည့်သည်။ စိတ်ကတော့ တခြားရောက်နေသည်။ အိပ်ရာဝင်လျှင် အိပ်ဆေးကိုငုံပြီး ရေနှင့်ပင်မသောက် ဒီအတိုင်းအရည်ပျော်မျိုချပြီး အိပ်လိုက်သည်။

ဖေဖေကပြောသည်။

"တကယ်တော့ ကောက်ညှင်းပေါင်းကို ဒီတိုင်းစားလည်း အဟာရဖြစ်တာပဲ၊ သူ့အရသာနဲ့သူရှိနေတာပဲ။ ဒါပေမဲ့ လူတွေက နှမ်းထောင်းလေးဖြူးတယ်၊ အုန်းသီးဖတ်လေးတွေထည့်တယ်။ အဲဒီနှမ်းထောင်းဖြူး၊ အုန်းသီးဖြူးတာဟာ ဥပမာပေးရရင် အချစ်ဆိုတာပဲ။ တကယ့်အရေးပါတာက နှမ်းထောင်းနဲ့ အုန်းသီးမပါလဲ ဘာဖြစ်လဲ စားလို့အဟာရဖြစ် သူ့ဟာသူအရသာရှိနေတာပဲ။ အဓိကအရေးကြီးတာက ကောက်ညှင်းပေါင်းဟာ ကောက်ညှင်းအကောင်းစား၊ ဆံကြော်တွေ စပါးလုံးတွေမပါဖို့သာ အဓိက"

ဖေဖေ၏ ဖီလော်ဆိုဖီကြီးက ရှင်းလိုက်လေခြင်း။

ချစ်သောသူနှင့်တွေ့ကွင်းရခြင်းသည် ဒုက္ခ။

www.burmeseclassic.com

www.burmeseclassic.com



မချစ်သောသူနှင့် ပေါင်းသင်းရခြင်းသည် ဒုက္ခ

ဟူ၍ ဗုဒ္ဓမြတ်ရှင်ဟောကြားသည်ကို ဖေဖေသတိမမူလေရော့သလား၊ နှလုံးသားအချစ်၊ နှလုံးသားမေတ္တာသည် နှမ်းထောင်းမဟုတ်ကြောင်း၊ အုန်းသီးဖြူးမဟုတ်ကြောင်း ဖေဖေ အလေးအနက်သတိထားစေချင်လိုက်ပါဘိ။

သို့စေကာမူ နွေးနွေးသည် ဖေမေ့ကိုဖြစ်စေ၊ မေမေ့ကိုဖြစ်စေ၊ ဒေါက်တာရန်နောင်ထွတ်ကိုဖြစ်စေ၊ ဘာစောဒက စကားတစ်ခွန်းတလေမျှမပြောတော့ပေ။

သူတို့ပြောသမျှ နွေးနွေးခေါင်းညိတ်သည်။ ပြုံး၍နားထောင်နေလိုက်သည်။

တကယ်တော့…ဖေဖေ…မေမေတို့တွင် မောဟနှင့် အဝိဇ္ဇာတွေ အတ္တတွေဖုံးလွှမ်းနေရှာပါလားဟု နွေးနွေးက တရားနှင့်ပင်ဖြေလိုက်တော့သည်။

*    *    *



[၁၇]

''ဝေး…အစ်ကိုအောင်''

နက်ဖြန် တနင်္လာနေ့တွင် တက္ကသိုလ်တွေဖွင့်မည်။

ယနေ့ တနင်္ဂနွေနေ့တွင် ပဲခူးမှ ဖေဖေနှင့်မေမေတို့ ကားဖြင့်ရောက်လာရာ…'ဝိုင်း'လည်း ဖေဖေမေမေတို့ကားနှင့် လိုက်ပါလာပြီး ကားပေါ်မှ မဆင်းသေးမီ 'ဝိုင်း'က တန်းလျားပေါ်မှ အောင်နေမျိုးကို ဝမ်းသာအားရလှမ်းအော်ခေါ်လိုက်ခြင်းဖြစ်ပေသည်။

တန်းလျားပေါ်မှပြေးဆင်းလာသောအောင်နေမျိုးကို မိခင်ဒေါ်ချိုချိုအောင်က ဆီးကြိုပွေ့ပိုက်ထားသည်။ ဦးအောင်ဟိန်းက ဆေးကုသွားသောသားကို တစိမ့်စိမ့်ကြည့်နေပါ၏။

ဦးစည်သူ၊ ဒေါ်အေးမွှန်နှင့် နွေးနွေးတို့လည်း အိမ်ကြီးပေါ်မှဆင်းလာကြသည်။

ဖေဖေနှင့် မေမေကို ဦးလေးစည် ဒေါ်ဒေါ်မွှန်နှင့် မမနွေးတို့ နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မချိုလေကွာ…သူ့သားကို ပထမဆုံးတွေ့ချင်တယ်ဆိုတာနဲ့ တန်းလျားဘက်ကိုအရင်မောင်းပို့ပေးရတာ စည်သူ။ ဒီကောင်ဆေးပြတ်သွားပြီလို့ ဖုန်းကကြားကတည်းက ငါနဲ့မချို သိပ်လာချင်နေတာ။ နွေးနွေးက ချက်ချင်းမလာနဲ့ဦး…ဒီကောင် ဆေးပြတ်တာအသားကျမှလာခဲ့ပါဆိုလို့ စောင့်နေရတာ"

"ကြည့်စမ်း…အစ်ကိုအောင်ပိန်သွားလိုက်တာ၊ နားထင်လေးတွေတောင် ချိုင့်သွားတယ်။"

ဝိုင်းက အောင်နေမျိုး၏နားထင်ကို သူမ၏လက်ချောင်းလေးများဖြင့် တယုတယစမ်းကြည့်မည်ပြုသည်ကို နွေးက လှမ်းကြည့်နေသဖြင့် အောင်နေမျိုးက စကားရောဖွဲ့ရောဖြင့် မသိမသာ နောက်သို့ခြေလှမ်းဆုတ်လိုက်သည်။

"ဆေးဖြတ်တယ်ဆိုတာ…တော်တော်ခံရတယ်ဝိုင်း…ဒါတောင် မမနွေးက အားဆေးတွေထိုးပေး…ဒရစ်(ပ်)တွေသွင်း…အားဆေးလုံးတွေပေးထိုး ပေးသောက်လို့…ဒီအခြေအနေရောက်တာ"

ဝိုင်းသည် လက်ချောင်းလေးတွေကို မသိမသာ ပြန်ရုပ်သိမ်းလိုက်ပါ၏။

နွေးနွေး ချက်ချင်းသတိထားလိုက်မိသည်။ မိမိအထင်လွဲမည်စိုး၍ အောင်လေးက ဝိုင်း၏ယုယမှုကို တမင်ရှောင်လိုက်မှန်း။

နွေးနွေးဆက်စပ်တွေးကြည့်သည်။ မိမိနှင့် ဒေါက်တာရန်နောင်ထွတ် နှစ်ယောက်တည်းအတူရှိနေသည့်အခါမျိုး၊ ကားနှင့် နှစ်ယောက်အတူထွက်သွားသည့်အခါမျိုးတွင်လည်း အောင်လေးသည် ယနေ့မိမိခံစားရလိုမင့် ခံစားရရှာပေမည်ဟူ၍။



နွေးနွေးသည် လူကြီးဝိုင်းမှခွါခဲ့ပြီး အောင်လေးနှင့် ဝိုင်းရှိရာသို့ လှမ်းလာသည်။

"ဟော…မမနွေး…မမနွေးကတော့ ဘယ်အခါမှာကြည့်ကြည့် အမြဲလှနေတာပဲနော်"

"ဝိုင်းလဲ…ဘယ်တော့ကြည့်ကြည့် လှတာပါပဲကွယ်။ ဝိုင်းကအသက်ငယ်တော့ ပိုပြီးတောင်နုပျိုသေးတာ။ ဝိုင်းကော…ကျောင်းတက်ဖို့ အားလုံးအဆင်သင့်ဖြစ်ပြီလားဝိုင်း"

"အားလုံးအဆင်သင့်ပါပဲမမနွေး"

"ဘယ်အဆောင်မှာနေခွင့်ရလဲ"

"ပထမတော့ အဆောင်မှာနေဖို့ပဲ မမနွေး။ ကိုသီဟရဲ့မိဘတွေက ကမာရွတ်မှာ သူတို့တိုက်အိမ်ကြီးရှိနေသားနဲ့…ဘာလို့ ဝိုင်းကိုအဆောင်မှာနေမှာလဲ…သူတို့အိမ်မှာပဲလာနေရမယ်…ဝိုင်းအတွက်သီးသန့်အခန်းပေးမယ်တဲ့လေ။ ဖေဖေနဲ့မေမေကလဲ ကိုသီဟရဲ့မိဘတွေနဲ့ ဆွေမျိုးအရင်းလို အရမ်းခင်နေတာမို့…မငြင်းသာဘဲ…ဖေဖေမေမေက သဘောတူလိုက်တာမို့…ဝိုင်း…အဲဒီကမာရွတ်က ကိုသီဟတို့တိုက်မှာပဲနေရမှာပေါ့မမနွေး"

"ကောင်းတာပေါ့ဝိုင်း…အဆောင်မှာနေတယ်ဆိုတာက ရန်ကုန်မှာ နေဖို့မရှိတဲ့ နယ်ကကျောင်းသူကျောင်းသားတွေအတွက်ပဲ၊ အဆောင်မှာဆို အစားဆင်းရဲတယ်၊ အနေမလွတ်လပ်ဘူးလေ…နို့…ဒါတိုင်း ဝိုင်းကျောင်းတက်ဖို့ကျတော့ကော"

"ကိုသီဟက သူ့အိမ်ကကားနဲ့ ဝိုင်းကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးမှာတဲ့"

www.burmeseclassic.com



ဝိုင်းသည် စကားပြောလျှင် ပို၍ချစ်စရာကောင်းသည်။ နွေး နွေးမေးသမျှကို ကျောင်းသူလေးက ဆရာကို တရိုတသေပြန်ဖြေသည့် အနေအထားလေးနှင့် ပြန်ဖြေသည်။ ဝိုင်းသည် မာန်မာနမရှိသော မိန်းကလေးမှန်းသိသာပါ၏။

ဝိုင်းဝတ်ဆင်ထားသော စိန်တစ်လုံးချင်းနားကပ်၊ စိန်လော်ကတ် စိန်လက်စွပ်တို့နှင့် ကြုံဆစ်လက်ကောက်လေးတွေကပင် သိန်းသုံးဆယ် ဖိုးလောက် ရှိအုံ့သဖြင့် ဝိုင်း၏မိဘများ တော်တော်လေးချမ်းသာ ကြောင်း သိသာနိုင်သည်။

"နေပါဦးဝိုင်းရဲ့…ဝိုင်းပြောတဲ့ ကိုသီဟဆိုတာကို မမနွေး တစ်ခါမှမကြားဘူးပါလား။"

ဝိုင်းကမဖြေမီ အောင်နေမျိုးကဖြေပါ၏။

"ကိုသီဟဆိုတာ ပဲခူးကဘော်ဇာ..သူဌေးမိဘရဲ့သားပဲ မမနွေး။ အခု ရန်ကုန်မှာ စက်မှုလုပ်ငန်းတွေနဲ့ ပိုပြီးတောင်ချမ်းသာနေသေး။ ကိုသီဟကတော့ အခုနည်းပညာတက္ကသိုလ်မှာ စတုတ္ထနှစ်တက် နေတယ်။ ကျွန်တော်နဲ့ အသက်အရွယ်တူလောက်ပဲ။ သူက ဆယ် ခြောက်နှစ် ဆယ်တန်းအောင်စကေးနဲ့ နည်းပညာတက္ကသိုလ်စတုတ္ထနှစ် ရောက်နေတာ"

"ဒါဆို…အဲဒီမောင်သီဟက…အခုဝိုင်းနဲ့ ဘာလို့အတူလိုက် မလာတာလဲကွယ်"

ဝိုင်းကဖြေပါ၏။

"ပဲခူးကလာကြတုန်းက ဝိုင်းရဲ့ဖေဖေနဲ့ မေမေလဲ အိမ်ကကား နဲ့လိုက်လာတယ်မမနွေး။ ရန်ကုန်ရောက်တော့ ဝိုင်းဖေဖေနဲ့ မေမေ ကိုသီဟတို့အိမ်ဝင်တယ်။ ဘုရားတွေဖူးချင်တယ်ဆိုတာနဲ့ ကိုသီဟ



လိုက်ပို့ပေးတယ်။ ဝိုင်းက သူတို့နဲ့လိုက်မသွားဘဲ အစ်ကိုအောင် ဆေး ဖြတ်ပြီးသားကို မြင်ချင်လို့ ဘဘဟိန်း မေမေချိုတို့ကားနဲ့လိုက်လာ တာပါ"

"ဟုတ်တယ် မမနွေးရဲ့ ကိုသီဟက…ဝိုင်းအတွက်ဆိုရင် အသက်ပင်သေသေဆိုတဲ့ပုံစံလေ…ဝိုင်းကို မာဒဂ်ဇွဲ မင်းကုသခွဲမျိုး နဲ့ပေါ့"

"အစ်ကိုအောင်နော်…ဝိုင်းကို မစနဲ့"

"ဘာစ၊လို့လဲ…တို့က မမနွေးအဖြစ်မှန်သိအောင် ပြောပြ တာပဲဟာ"

"ဘာအမှန်လဲ၊ ဟွန်း…ဝိုင်းက ကိုသီဟကို ကိုယ့်အစ်ကိုတစ် ယောက်လိုသာခင်တာ၊ အခု မမနွေးနဲ့အစ်ကိုအောင် ခင်ကြသလို… မောင်နှမလိုသာခင်သာ…"

ဝိုင်း၏စကားကြောင့် နွေးနွေးရော…အောင်နေမျိုးရော ရင်ထဲ တွင် ဒိုင်းခနဲဖြစ်သွားကြပါ၏။

ပထမအစတုန်းကတော့ ဝိုင်းပြောသလိုမှန်ပါ၏။

ယခုမူ ဟိုတုန်းကလိုမဟုတ်ကြတော့ပြီကိုး။

ဝိုင်းစကားကြောင့် နှစ်ယောက်စလုံး မျက်နှာမထားတတ်ဖြစ် သွားကြသည်။

တော်ပါသေး၏။ ဒေါ်ချိုချိုအောင်က ဝင်ရောက်ပြောလိုသော ကြောင့်။

"ကွယ်…သားကလဲ…ဝိုင်းကို သွားမစပါနဲ့၊ တော်ကြာ… ဝိုင်းငိုချလိုက်မှ ဟုတ်ပေ့ဖြစ်သွားမယ်။ သူ့ခမျာ အဖေအမေနဲ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဖူးတောင်လိုက်မသွားဘဲ သားမ်ကိုတမင်လာတာ။ သူနေရမဲ့ ကမာ
ရွတ်တိုက်ကိုတောင် ဆင်းမနေခဲ့ဘူး"

အန်တီချို၏ပြောပုံတွင် အဓိပ္ပါယ်တစ်ရပ်ကို ညွှန်းနေသည်ဟု
နွေးနားလည်လိုက်သည်။

သားအောင်နေမျိုးနှင့် နွေးနွေးကို နွေးနွေးမိဘတွေက လုံး
သဘောမတူမှန်း အန်တီချိုသိထားသည်။ အန်တီချိုကလည်း သူ့သား
ကို နွေးနွေးနှင့်သဘောမတူ ဝိုင်းနှင့်သာဖြစ်မြောက်သွားစေချင်သည်
ဆိုသည့်သဘောကို ညွှန်းနေပါ၏။

"ဒီမယ်...အစ်ကိုအောင်"

"ပြော...ဝိုင်း"

"အပြန်ကျရင် ကမာရွတ်အိမ်ကို အစ်ကိုအောင့်ကားနဲ့ ဝိုင်းကို
လိုက်ပို့နော်၊ ဖေဖေနဲ့မေမေက ဘုရားဖူးပြီးတာနဲ့ ပဲခူးကိုတန်းပြန်မှာ"

"ဟုတ်တယ်သား...ဝိုင်းကို သားပြန်လိုက်ပို့ပေးလိုက်ပါ
မေမေတို့က သဃ်န်းကျွန်းဘက်ကနေ ပဲခူးကိုပြန်မှာမို့ ကမာရွတ်
မရောက်တော့ဘူး"

အောင်နေမျိုးက မမနွေးကိုလှမ်းကြည့်သည်။ မမနွေးက ခေါင်း
ညိတ်ပြပါ၏။

"အေးပါ...ဝိုင်းကို ကိုယ်လိုက်ပို့ပေးမှာပါ"ဟု ပြောလိုက်ရ
တော့သည်။

ပြီး အားလုံး စည်သူမွန်ရိပ်ငြိမ်ကြီးပေါ်သို့ သွားကြပေတော့
သည်။

* * *



## [၁၈]

အောင်နေမျိုး တက္ကသိုလ်ပထမနှစ်တက်သည်မှာ တစ်လပင်
ကျော်ပြီ။

တက္ကသိုလ်ကျောင်းသားဘဝသည် တကယ်ပျော်စရာကောင်း
သည်။ တက္ကသိုလ်တက်နိုင်ပြီဆိုသည်နှင့် လူတစ်လုံးသူတစ်လုံးအဖြစ်
လူရာဝင်လာသည်။ အရပ်ထဲမှာဖြစ်စေ၊လူ့ပုံလယ်မှာဖြစ်စေ တက္ကသိုလ်
ကျောင်းသား၊ ကျောင်းသူပါဟုဆိုလျှင်ပင် ဂုဏ်တင့်လှသည်။ လူတွေ
က အလိုလိုခင်မင်ကြသည်။ မျက်နှာပွင့်လှပါ၏။ ဘွိုင်အင်ဂဲ(လ်)
မဟုတ်တော့...လေဒီအင်ဂျင်တဲ(လ်)မင်းဖြစ်လာပေသည်။

အောင်နေမျိုး တက္ကသိုလ်တွင်ပျော်ပါ၏။

လေးနှစ်ကြာ ဘွဲ့ရပြီးလျှင် အောင်နေမျိုးအဖို့ သဲဖြူခြင်း ရာဇ
မတ်ကာ၍ မမနွေးကိုလက်တွဲကာ လက်ထပ်ဖို့ ရည်ရွယ်ချက်ပြင်း
ထန်လှသည်။

တက္ကသိုလ်တက်သူများတွင် ဘတ်(စ်)ကားနှင့်တက်သူတွေရှိ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားကို ဒရိုင်ဘာမောင်းပြီး လာပို့လာကြိုတွေရှိသည်

အောင်နေမျိုးကျတော့ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင် ကျောင်းပရဝုဏ်အရိပ်အောက်တွင် ကားသော့ပိတ်ရပ်ထား၊ ကျော ဆင်းလျှင် ကိုယ့်ဟာကိုပြန်မောင်းလာဘာဝနှင့် အဆင့်အမြင့်ဆုံးဖြစ်ပါ

ထိုစဉ်အတွင်းမှာပင် ပဲခူးမှသူငယ်ချင်း ပြုံးမောင်မောင်ထံ စာတစ်စောင် အောင်နေမျိုးထံရောက်လာသည်။

**သူငယ်ချင်းအောင်နေမျိုး**

*မင်း…ဆေးပြတ်သွားပြီဆိုတဲ့သတင်းကြားရတာ ငါအရ ဝမ်းသာတယ်။ ဆေးဖြတ်တယ်ဆိုတာက အလွန်ခက်ခဲတဲ့ကိစ္စပြ တစ်ရပ်ပဲသူငယ်ချင်း။*

*မင်းမှာက ကျောထောက်နောက်ခံ ဒေါက်တာနွေးနွေးရှိနေ အနီးကကြည့်ရှုပြုစုပြီး ဆေးဖြတ်နိုင်ခွင့်ရရတာ။ ငါလိုကောင်အတွ တော့ ဆေးဖြတ်ဖို့ကိစ္စမှာ မလွယ်ကြောကြီးပါကွာ။*

*တစ်နေ့တစ်ချိန်မှာတော့ ငါလည်းဆေးဖြတ်ချင်တယ် သူငယ ချင်း၊ စိတ်ကျန်းမာရေးဆေးရုံမှာဖြစ်ဖြစ် တက်ပြီးဖြတ်ရမှာပေါ့၊ အ အချိန်ကျရင် မင်းရဲ့ဒေါက်တာ မမနွေးအကူအညီ အမှန်တကယ် အပ်မှာပဲ။ အဲဒီအခါကျရင် ငါ့ကို ကူညီပါသူငယ်ချင်း။*

*ငါ့အဖို့ကတော့ ဒီဆေးဝဲသြဃထဲမှာ တဝဲလည်လည်ပေါ့ကွာ မင်း ငါနဲ့အတူ ပဲခူးမှာရှိတုန်းကတော့ ငါမှီဝဲသမျှ ကုန်ကျဆေး တွေကို မင်းကကူညီ ငွေကုန်ခံလို့မသိသာခဲ့ဘူးကွာ။*

*မင်းရန်ကုန်ထွက်သွားတော့ ငါ့မှာ ဆေးမှီဝဲဖို့ ငွေကြေးအခ အခဲတွေဖြစ်လာတယ်။ ဆေးသမားဟာ ဆေးမှီဝဲနိုင်ဖို့ ပိုက်ဆံလို ရင် ဘာမဆိုလုပ်တဲ့အတိုင်း အိမ်ကပစ္စည်းတွေ ငါခိုးရောင်းတယ်*



*ရတဲ့ပိုက်ဆံနဲ့ဆေးချတယ်။*

*ဒါပေမဲ့ တစ်ခါခိုးရောင်း၊ တစ်ခါဆေးချရုံနဲ့ ပြီးသွားတာမှ မဟုတ် တာ။ နေ့စဉ် ငါ့ခန္ဓာကိုယ်က အချိန်ကျရင် ဆေးတောင်းခံတယ်။ ဒီတော့ ငါက အိမ်ကပစ္စည်းခိုးရောင်းပြန်ရော၊ ငါခိုးရောင်းတာများပြီ။*

*အမေငိုတယ်ကွာ။*

*အမေငိုတော့ ငါစိတ်မချမ်းသာတာအမှန်ပဲ၊ ဒါပေမဲ့ အချိန်ကျရင် ဆေးလိုတော့ အမေ့ပစ္စည်းကိုပဲ ခိုးရပြန်တယ်။*

*မင်းသိတဲ့အတိုင်း ငါ့မှာက အဖေရှိတော့တာမှမဟုတ်တာ။ အမေကပဲ အိမ်ဆိုင်လေးဖွင့်ပြီး ကုန်ခြောက်ဆိုင်နဲ့တွဲပြီး မုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲရောင်းနေတာ၊ နေ့တိုင်းရောင်းရသမျှပိုက်ဆံ ငါကခိုး နေတော့ အမေမှာ အရင်းငွေတဖြည်းဖြည်းလျော့နည်းလာတယ်။ လင် လည်းမရှိတဲ့မုဆိုးမ၊ သားကလဲ ဆေးသမားသူခိုးဆိုတော့ ကြာတော့ အမေ့မှာ အရင်းပြုတ်တော့တာပဲ သူငယ်ချင်း။ အမေဟာ စိတ်ထောင်း ကိုယ်ကြေနဲ့ ငါ့သားမိုက်ကို မဆုံးမတော့ဘဲ ကြိတ်မှိတ်ခံရင်း နှလုံး ရောဂါနဲ့ အိပ်ရာထဲဘုံးဘုံးလဲရာက လွန်ခဲ့တဲ့အပတ်ကပဲ အမေသေ သွားရှာပြီ သူငယ်ချင်း။*

*ငါ့ရင်ထဲ တကယ်မချိတာပါ။*

*ရှေ့လျှောက် ငါတစ်ကောင်ကြွက်ဘဝနဲ့ ဆေးဖြတ်မှဖြစ်တော့ မယ်…အလုပ်လုပ်ရတော့မယ်။*

*အေး…ဒါပေမဲ့ ဆေးသမားဆိုတော့ ဘယ်သူကမှ ငါ့ကို အလုပ် ပေးဖို့ မယုံကြည်ကြဘူး အောင်နေမျိုး။*

*ဒါတွေက ငါ့အကြောင်းကြုံကြိုက်လို့ ရေးပြနေတာပါ။*

*ငါတကယ်ရေးချင်တဲ့အကြောင်းက မင်းအတွက် ငါအတူး*

www.burmeseclassic.com

www.burmeseclassic.com



သတိပေးစရာရှိလို့။

မင်းကို ပဲခူးကအဖွဲ့ခေါင်းဆောင်ရှောင်းက လုံးဝမကျေနပ်ဘူး ကျေနပ်စရာလဲ မရှိဘူးလေကွာ။ နောက်ဆုံးပွဲမှာ မင်းက သူတို့ကို အလဲထိုးသွားတယ်မဟုတ်လား။

မင်းဆေးဖြတ်တာလဲ သူတို့မကျေနပ်၊ သူတို့ခံလိုက်ရတာကိုလဲ မကျေနပ်တော့…သူတို့ချင်း ရန်ကုန်ကပုလဲဖြူအဖွဲ့ကို မင်းနဲ့ပတ်သက် ပြီး အကူအညီတောင်း လွှဲအပ်လိုက်တယ်။

မင်းသတိမပေါ့စေနဲ့ အောင်နေမျိုး…ငါသိသလောက်တော့ ရန်ကုန်ကပုလဲဖြူအဖွဲ့ဟာ အင်အားတောင့်တယ်။ ပရိယာယ်များတယ် ရက်စက်တယ်…မင်းလို မိဘကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသား ဆေးဖြတ်လိုက်တာဟာ သူတို့အဖွဲ့မှာ နစ်နာတယ်တဲ့။

ငါလိုကောင်ဆေးဖြတ်တာမျိုးကျတော့…သူတို့က ဂရုစိုက်စရာ မဟုတ်ဘူးပေါ့ကွာ။ အခုဆို…ငါဟာ သူတို့ခိုင်းဖတ်ဖြစ်သွားပြီ သူတို့ဆီက ငါနေ့စဉ်ဆေးမှတ်မှန်ရဖို့ သူတို့ခိုင်းတာမှန်သမျှ ငါလုပ် ပေးရတယ်။ အခုကကတော့ ဆေးဖြန့်ဖြူးရေးနဲ့ ဘော်ဒီဂတ်လုပ်မျိုး အလုပ်ပေါ့ကွာ။

"အေး…ငါနောက်ဆုံးပြောချင်တာနဲ့ သတိပေးချင်တာ ပုလဲဖြူအဖွဲ့ကို ကြပ်ကြပ်သတိထားပါ။ မင်းကို အန္တရာယ်ပေး သူတို့ကြိုးစားနေတယ်။ ပဲခူးက မွေတာရှောင်းက မင်းဆေးဖြတ် သူ့အတွက် ငွေသိန်း(၂၀)ပေးရမယ်လို့ ပုလဲဖြူအဖွဲ့ကို လှမ်းပြော တယ်။ ကြပ်ကြပ်သတိထားပေတော့ သူငယ်ချင်း။

ပြုံးမော



ဟုရေးပို့သောစာဖြစ်ပေသည်။ ထိုစာဖတ်ပြီး ပြုံးမောင်အတွက် စိတ်မကောင်းဖြစ်ရသည်။ သူငယ်ချင်းပြုံးမောင်ကို ကူညီချင်သည်။ သို့သော် ပြုံးမောင်ကို ငွေအားဖြင့်ကူညီပါက ပေးပို့သမျှငွေကို ဆေး အဖွဲ့ကပင် ယူလိုက်မည်မှာသေချာသည်။ ပြုံးမောင်အား အကောင်း ဆုံးကူညီခြင်းမှာ ဆေးဖြတ်ရာတွင် ဘယ်လောက်ကုန်ကုန် ကူညီမည် ဟုသာ အောင်နေမျိုးဆုံးဖြတ်သည်။

ပြုံးမောင်ဆေးပြတ်သွားလျှင် ဖေဖေ့၏လုပ်ငန်း၌ အလုပ်တစ် နေရာ ပြုံးမောင်ကိုပေးမည်ဟုသာ ဆုံးဖြတ်ရတော့သည်။

တကယ်တော့ သူငယ်ချင်းပြုံးမောင်၏ သတိပေးချက်တွေမှာ နောက်ကျနေပြီ။ အောင်နေမျိုးက ဤရန်ကုန်မှ ပုလဲဖြူခေါင်းဆောင် စောမိုကကယ်နှင့် ကိုယ်တိုင်တွေ့ဆုံပြီးလေပြီ။

ဘယ်နည်းနှင့်မဆို ပုလဲဖြူအဖွဲ့အား မိမိကရင်ဆိုင်ယှဉ်ပြိုင် ရတော့မည်သာ။

မိမိက တစ်ယောက်တည်း။ ပုလဲဖြူအဖွဲ့က အများနှင့်အုံကောင်း သည်။ ကိစ္စမရှိ။

အောင်နေမျိုး ခေါင်းမာပြီဆိုလျှင် သုံးဆယ့်တစ်ဘုံတွင် ဘယ် ဘုံကိုပဲရောက်သွားပါစေ အသေခံ၍ ရင်ဆိုင်ယှဉ်ပြိုင်မည်သာ။

ဒီလိုနှင့်ပင် သိပ်မကြာလိုက်ပါခြေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



[၁၉]

ယနေ့ညနေ (၃)နာရီတွင် အောင်နေမျိုး ကလပ်(စ်)ကျောင်း ချိန်တွေပြီးသွားသည်။

ဝိုင်းကိုသွားကြိုရန် သူ့မော်တော်ကားရပ်ထားရာသို့လာခဲ့သည်

ဝိုင်းကျောင်းတက်ရေးအစီအစဉ်မှာ ပြောင်းသွားသည်။ စတုတ္ထ နှစ် အင်ဂျင်နီယာကျောင်းသား ကိုသီဟနှင့် ပထမနှစ်ကျောင်းသ ဝိုင်းတို့မှာ အချိန်ဇယားဘယ်လိုမှ ညှိနိုင်းမရ၊ အချိန်မကိုက်ဖြစ်နေ သည်။

ဒီတော့ ပထမနှစ်သမားခြင်း အောင်နေမျိုးနှင့် အချိန်ခြင်းကိုက် ညီနေသောကြောင့် ဝိုင်းက အောင်နေမျိုးအား အကူအညီတောင်းသည် မငြင်းနိုင်သောကိစ္စမို့ အောင်နေမျိုးကူညီပြီး ဝိုင်းကျောင်းတက်ကျောင်း ဆင်း အပို့အကြိုတာဝန်ယူလိုက်ရသည်။

"ဟဲလို...ကိုအောင်နေမျိုး ကျန်းမာပါတယ်နော်။ မတွေ့ တာတစ်လတောင်ကျော်သွားပြီ"



ကားတံခါးသော့ဖွင့်နေစဉ် နှုတ်ဆက်သံကြောင့် အောင်နေမျိုး လှမ်းကြည့်သည်။

ဇောမိုက်ကယ်နှင့် ရိုစီဖြစ်နေပါ၏။

ထုံးစံအတိုင်း ဇောမိုက်ကယ်က အနောက်တိုင်းဝတ်စုံနှင့် သေ သသပ်သပ်ဝတ်ထားသည်။ ရိုစီကလည်း ထုံးစံအတိုင်း လှန်ကဲသော အလှတွေပြင်ဆင်ထားသည်။

ဒီကွဲကောင်တွေဟ စိတ်မှမှင်ယှပြီး သူတို့နှစ်ယောက်ကို အောင် နေမျိုး စိုက်ကြည့်နေမိသည်။

"ကြည့်လှချည့်လား...ကျုပ်က ကိုအောင်နေမျိုးကို နေကောင်း လားလို့ နှုတ်ဆက်နေတယ်ဗျာ...ကိုအောင်နေမျိုးက ပြန်မဖြေဘဲ စီကိုစိုက်ကြည့်နေတာလား...ရိုစီကို ခင်ဗျားစိတ်ဝင်စားသွားပြီလား။ စီက ကိုအောင်နေမျိုးကသာ သူ့ကိုစိတ်ဝင်စားရင်...ဟဲ...ဟဲ..."

ရိုစီက ညသံလေးနှင့် ဖြည့်စွက်ပြောပါ၏။

"ရိုစီကတော့...ကိုမျိုးကိုစိတ်ဝင်စားပြီးသားပါနော်။ ပဲခူးက ဓွတာရှောင်းက ကိုမျိုးဓါတ်ပုံပေးပို့ကတည်းက ဓါတ်ပုံကိုကြည့်ပြီး စီကသဘောကျနေတာ...ဒါတောင် ဓါတ်ပုံက အပေါ်ပိုင်းကိုယ် တစ်ပိုင်းပုံရယ်ပါ။ အခုလို အပြင်မှာ တစ်ကိုယ်လုံးရုပ်ကိုမြင်ရတော့ မျိုးကို ရိုစီတအားမိုက်သွားတယ်လေ..."

"ဟဲ...ဘယ်နှယ့်လဲ ကိုအောင်နေမျိုး...ရိုစီက ခင်ဗျားကို တ်ခေါ်နေတယ်လေ"

"စိတ်ဝင်စားစရာတော့ကောင်းပါတယ်...ဒါပေမဲ့... ဆေးပြင်း မှမကြာသေးဘူး၊ နောက်ထပ် အေအိုင်ဒီအက်(စ်)ဖြစ်မှာ ကြောက် ယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်...အဲဒီလိုတော့မပြောပါနဲ့ ကိုမျိုး လာလေ...ရှိစီ တစ်ကိုယ်လုံးကြိုက်တဲ့နေရာက သွေးဖေါက်ပြီးစစ်ကြည့်၊ သန့်သန့် သိပ်သန့်။ သိလား...သန့်သန့်လေးမှ တကယ့်သန့်သန့်လေး"

"ကဲပါလေ အခုနေတော့...ရှိစီနဲ့ ကိုအောင်နေမျိုးဆက်ဆံရေး က စိမ်းနေပါသေးတယ်၊ ရင်းနှီးသွားအောင် ကားတစ်ပတ်လျှောက် စီးစို့"

"ကျွန်တော် မအားသေးဘူး ကိုစောမိုက်ကယ်"

"ဟုတ်တယ်...ကိုမျိုးတကယ်မအားသေးတာ ကိုမိုက်။ ကိုမျိုး က ဝိုင်းဆိုတဲ့ကောင်မလေးကို သွားကြိုပြီ...သူ့အိမ် ကမာရွတ်ကို ပြန်ပို့ပေးရဦးမှာလေ ကိုမိုက်"

"ဟ...ဒါဆို ခင်ဗျားက ဖွံ့လှချည်လားဗျာ။ ခင်ဗျားလို ကုသိုလ်မျိုးကတော့ ထူးတယ်၊ မိန်းကလေးတွေက ခင်ဗျားကိုတွေ့ တာနဲ့ ပစ်ကျလာတာပဲ။ ရှိစီ အင်မတန်လူရွေးတဲ့သူတောင် ခင်ဗျား ကျတော့...မဆွတ်ခင်က ညွတ်နေတယ်လေ"

"ကျွန်တော့်ကိုချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကဲ... ကျွန်တော်သွားမယ်"

"ရှိစီရေ...သူသွားမယ်တဲ့...ကဲ ရှိစီလဲကားပေါ်တက်"

ပြောပြောဆိုဆို စောမိုက်ကယ်က အောင်နေမျိုး၏ကားနောက် တံခါးကိုဖွင့်ပြီး နောက်ကူရှင်တွင်ဝင်ထိုင်လိုက်သည်။ ရှိစီကလည်း ကားရှေ့တံခါးဖွင့်ကာ အောင်နေမျိုးနှင့် ယှဉ်တွဲထိုင်လိုက်သည်။

"ဒါက ဘာသဘောလဲ၊ ဘာလုပ်ကြတာလဲ"

"ခင်ဗျားနဲ့ကျွန်တော်...နောက်ဆုံးဆွေးနွေးဖို့ အချိန်ရောက်



ပြီလေ...ခင်ဗျားကို ကျုပ်အချိန်တစ်လပေးခဲ့သားပဲ...အခု တစ်လ တောင်ကျော်သွားပြီ"

"ကျွန်တော် အခုမအားဘူး...ဝိုင်းကိုကြိုရမယ်"

"ကြိုပါ...ဝိုင်းကိုဝင်ကြိုပါ၊ ဝိုင်းကိုပါခေါ်သွားပြီး အထက် တန်းဟိုတယ်တစ်ခုမှာ လန့်(ချ်)စားကြရင်း ဆွေးနွေးကြတာပေါ့။ အခုဖိုင်နယ်ဆွေးနွေးပြီးမှ ကျုပ်အတည်ယူမှာပါ။ အဲဒီတော့မှ ပွဲကြမ်း သင့်လဲကြမ်းကြတာပေါ့။ ကျုပ်အခုဖိတ်ခေါ်တဲ့ ဆွေးနွေးပွဲကိုတော့ ကိုအောင်နေမျိုးလက်ခံဆွေးနွေးသင့်တယ်လေ"

အောင်နေမျိုးစဉ်းစားပြီး ယခုဖိုင်နယ်ဆွေးနွေးပွဲကို လက်ခံသင့် သည်ဟု ဆုံးဖြတ်ပါ၏။

"ကောင်းပြီလေ...ဒါဆို...မရှိစီ နောက်ကူရှင်မှာသွားထိုင်ပါ။ ဝိုင်းကရှေ့မှာထိုင်နေကျ"

"ရှိစီ နောက်မှာလာထိုင်"ဟု စောမိုက်ကယ်ထံမှ အမိန့်သံ ထွက်လာသဖြင့် ရှိစီသည် မကျေမနပ်နှင့် တံခါးဖွင့်ဆင်းပြီး နောက် တွင်သွားထိုင်ပေးသည်။

"ဒါဆို...ကိုအောင်နေမျိုးမောင်းတော့ဗျာ"

အောင်နေမျိုးမောင်းထွက်လာခဲ့သည်။

ဝိုင်းက ကလပ်(စ်)ဗြိုးသဖြင့် ထွက်စောင့်နေရှာပေသည်။ ဝိုင်း ရှေ့တွင် ကားရပ်လိုက်သည်။

"တက်လေ...ဝိုင်း"

ဝိုင်းက ကားထဲတွင် လူစိမ်းနှစ်ဦးပါလာသဖြင့် ကြည့်နေသည်။ အောင်နေမျိုးက ကားပေါ်တက်ရန် ဝိုင်းကိုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း မိမိဘေးတွင်တက်ထိုင်ပြီးမှ အောင်နေမျိုး မောင်းထွက်လာခဲ့သည်။

''ဝိုင်းနဲ့ရှိစီတို့ကို မိတ်ဆက်ပေးဦးလေ''

''နောက်ကအမျိုးသမီးက မရှိစီတဲ့၊ အမျိုးသားကတော့ ကိုစောမိုက်ကယ်တဲ့၊ ပဲခူးက ကိုယ့်သူငယ်ချင်း ပြုံးမောင်မောင်က တဆင့်သိကြရတဲ့မိတ်ဆွေတွေဆိုပါတော့ ဝိုင်း''

''တို့ကတော့...ဝိုင်းကိုသိနှင့်နေပြီးသားပါ၊ ကိုအောင်နေမျိုးမိတ်ဆွေမှန်သမျှ တို့မိတ်ဆွေပဲပေါ့ကွာ''

ဝိုင်းက နောက်လှည့်ကြည့်သည်။ စောမိုက်ကယ်က ဝိုင်းကိုပြုံးပြသည်။ ဝိုင်းက ပြန်ပြုံးမပြဘဲ ရှေ့သို့ပြန်လှည့်သည်။ ဝိုင်းစိတ်ထဲတွင် ပဲခူးကပြုံးမောင်မောင်မှတဆင့် သိကျွမ်းသည့်မိတ်ဆွေဟု ကြားရကတည်းက ဤစုံတွဲသည် မနိပ်သောစုံတွဲဟု သိလိုက်သည်။

''ကိုယ်ကို ဟိုတယ်ကြီးတစ်ခုမှာ လန့်(ချ်)စားဖို့...ကိုစောမိုက်ကယ်က ဖိတ်ထားတယ်...ဝိုင်းကို ကမာရွတ်အိမ်ပို့ထားခဲ့ပြီး ကိုယ်လိုက်သွားဦးမယ်''

စောမိုက်ကယ်ထံမှ အသံထွက်လာပြန်သည်။

''ဝိုင်း...လိုက်ခဲ့ပါလို့ ကိုယ်က စေတနာနဲ့ဖိတ်ကြားပါတယ် ဝိုင်း''

''အစ်ကိုအောင်တစ်ယောက်ထဲဖြစ်နေတယ် ဝိုင်းလိုက်ခဲ့မယ် အစ်ကိုအောင်''

အောင်နေမျိုးစိတ်ထဲတွင် ဝိုင်းကိုလိုက်လည်းလိုက်စေချင်သည် မလိုက်လည်း မလိုက်စေချင်။ ဝိုင်းလိုက်စေချင်သည်မှာ မိမိဘေးတွင်



အဖော်တစ်ယောက်ပါစေချင်သည့်တစ်ကြောင်း။ ဝိုင်းကို ကမာရွတ်အိမ်မှာထားခဲ့လျှင် ဝိုင်းက ဒီလူတွေနှင့်ပေါင်းသင်းသည်မှာ မိမိဆေးပြန်ချသည်ဟု ထင်မည်စိုး၍တစ်ကြောင်း လိုက်စေချင်သည်။

မလိုက်စေချင်သည်ကတော့ ဝိုင်းကဲ့သို့ အင်မတန်သန့်စင်ငယ်ရွယ်သေးသည့် အပျိုမလေးအား အကျင့်ပျက်ရှိစီတို့ စောမိုက်ကယ်တို့နှင့် မရောနှောစေလိုသောကြောင့်ဖြစ်ပါ၏။

သို့သော် ဝိုင်းကို ကမာရွတ်အိမ်ပြန်မပို့ဖြစ်ဘဲ စောမိုက်ကယ်ညွှန်ပြသောလမ်းအတိုင်းသာ ဆက်မောင်းခဲ့ရာ ရှစ်မိုင်ခွဲရှိ ဟိုတယ်ကြီးတစ်ခုသို့ ရောက်ရှိလာသည်။

စောမိုက်ကယ် ရှေ့ဆောင်ပြီး သီးသန့်ခန်းတစ်ခုထဲသို့ဝင်ခဲ့ကြသည်။

စောမိုက်ကယ်နှင့် ရှိစီကတစ်ဘက်။

အောင်နေမျိုးနှင့် ဝိုင်းကတစ်ဘက်စီတွင် မျက်နှာချင်းဆိုင်ထိုင်ကြသည်။

စားပွဲထိုးဝင်ရောက်လာသည်။

''အော်...ကိုအောင်နေမျိုး...ဝီစကီလား၊ ဘရန်ဒီလား၊ ရှန်ပိန်လား''

''ကျွန်တော် ဘာမှမသောက်ဘူး''

''မဟုတ်သေးဘူးလေ...သောက်ထားတော့ ဆွေးနွေးတဲ့နေရာမှာ အားမနာဘူး၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ကောင်းတာပေါ့''

''ရတယ်...ဘာမှမသောက်ဘဲ...ကျွန်တော် အားမနာတမ်းပွင့်ပွင့်လင်းလင်းဆွေးနွေးမှာပါ''

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားကတော့...စံပဲနော်...ပြတ်တယ်ဟော့ဆိုရင်... အရက်
ရောဆေးရော...တစ်ချီတည်းအပြတ်ပဲ''

စောမိုက်ကယ်က သူ့အတွက် ဂျမီကာရမ်တစ်လုံးမှာလိုက်
သည်။ အရက်ပြင်းဖြစ်ပါ၏။ ခပ်ကြမ်းကြမ်းဆွေးနွေးရမည်မို့ ခ
ပြင်းပြင်းအရက်သောက်ခြင်းဖြစ်ဟန်တူပါ၏။

အရက်ရောက်လာသည်နှင့် စောမိုက်ကယ် ခွက်ဆင့်သော
သည်။ နှစ်ခွက်သောက်ပြီးနောက် သူ့အိတ်ထဲမှ မောင်းပြန်ဓါးလု
ကိုထုတ်ခါ ခလုတ်နှိပ်၊ ဓါးသွားချွန်းပေါ်စေသည်။ ထိုဓါးချွန်ဖြ
ဝက်အူချောင်းပန်ကန်ထဲမှ ဝက်အူချောင်းဖတ်ကို ထိုးစိုက်ခါ ပါးစ
တွင်းထည့်စားလိုက်သည်။

စောမိုက်ကယ် သမားဂုဏ်ပြလေပြီ။ သူ့ကိုယ်ရည်သွေးပြ
ပြလေပြီ။

ယခင်အကြိမ်က မြား၊ အခုအကြိမ်မှာတော့ ဓါးဖြစ်သွားသည်
စောမိုက်ကယ်ကိုယ်ရည်သွေးပြကွက်တွေမှာ ကလေးဆန်သည်
အောင်နေမျိုးမှတ်ချက်ပြုမိသည်။

ဝိုင်းလို ဘာမှမတွေ့ကြဲ့...နားမလည်သူလေးမှာတော့... စော
မိုက်ကယ်၏ လူပေါ်ဆန်သောကိုယ်ရည်သွေးပြချက်နှင့်ပင် ထိတ်လ
စိုးရိမ်နေရှာပေပြီ။

''ဆေးပြတ်တဲ့လူတွေများလာလေ...ကျုပ်တို့ဆပ္ပလိုင်းလု
ငန်းမှာထိခိုက်လာလေပဲဗျ။ အခုတလော ဆေးဖြတ်ပေးတဲ့နေရာ
ပေါက်တာနွေးနွေးဟာ တော်တော်အစွမ်းထက်နေတယ်''

''ဒါက...သူ့တာဝန်ကို သူကျေပွန်အောင်ထမ်းဆောင်တာ
လေဗျာ''



''အင်းပေါ့လေ...သူက သူ့တာဝန်ကျေပွန်အောင် ထမ်းဆောင်
သလိုပဲ...ကျုပ်တို့ကလဲ ကျုပ်တို့တာဝန်ကျေပွန်အောင် လုပ်ဆောင်
ရမှာပေါ့''

အောင်နေမျိုး ဘာမှပြန်မပြော။

''သူကုသပေးလို့ ဆေးပြတ်တဲ့လူကို ကျုပ်တို့က ဆေးပြန်မှီ
ဝဲလာအောင် ပြန်လုပ်ရတယ်။ အဲဒီလိုပြန်လုပ်တဲ့နေရာမှာ နည်းအမျိုး
မျိုးကိုတော့သုံးရတာပေါ့ဗျာ။ ချော့တန်ချော့ပေါ့...ချော့လို့မရတော့
လဲ...အကြမ်းနည်းပေါ့။ ဒါမှလဲ ကျုပ်တို့ဆပ္ပလိုင်းလုပ်ငန်းကျမသွား
အောင်ပေါ့''

စားပွဲထိုးက စောမိုက်ကယ်မှာထားသော ဟင်းလျာမျိုးစုံ လာချ
ပေးသည်။ အောင်နေမျိုးက အငွေ့ထနေသော ငါးမန်းတောင်ပာင်းချို
ကို ခွန်းခပ်မြည်းကြည့်သည်။ ချိုတော့ချိုပါ၏။ သို့သော် ပူလွန်း
သေးသည်။

''ကိုအောင်နေမျိုးကို ကျွန်တော်သိပ်အံ့သြတယ်...ခင်ဗျား
ဘာချမ်းသာတာ ဆယ်သက်ထိုင်စားမကုန်အောင် ချမ်းသာမှန်း ကျုပ်
တို့သိတယ်။ ခင်ဗျားဆေးချချင်သလိုချ။ ခင်ဗျားတို့ချမ်းသာမှုမှာ ကင်း
ခြေများ ခြေတစ်ချောင်းကျိုးလောက်ပဲရှိတာ...ဒါတောင် ခင်ဗျားက
ခင်မတန်အရသာရှိပြီး ဗိလင်ကောင်းလှတဲ့ဆေးအရသာစည်းစိမ်ကို
ဖြတ်ပစ်လိုက်တာကို ကျုပ်တို့အံ့သြတာပါ''

''ကျွန်တော်ကတော့...ကျွန်တော်ဆေးဖြတ်နိုင်တာကိုပဲ ဂုဏ်
ယူတယ်ဗျာ...ကျွန်တော့်ဘဝမှာ ကန်းနေတဲ့မျက်လုံးပြန်မြင်လာတယ်။
နောဂတ်ရှေ့လျှောက် ကျွန်တော့်ဘဝပြန်ကောင်းသွားမှာကို ယုံကြည်
ပ်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

စောမိုက်ကယ်က သူ၏မောင်းပြန်ဓါးဦးချွန်ကို စားပွဲပေါ်ဒေါက်ခနဲစိုက်ချလိုက်သည်။ ဓါးချွန်စိုက်သွားပြီး ဓါးရိုးသည် ဟိုဘက်ဒီဘက်လှုပ်ယမ်းနေသည်။ ဓါးစိုက်အားပျော့သောကြောင့် ဓါးရိုးလှုပ်ယမ်းနေသည်ကို အောင်နေမျိုး သတိထားမိသည်။

"နေပါဦး...ကျုပ်တို့ဆေးသမားတွေဟာ ကန်းနေတယ်...အနာဂတ်အတွက် မျှော်လင့်ချက်မရှိဘူးလို့ဆိုလိုတာလား...ဒါဆိုရင်တော့...ခင်ဗျားစကားတွေက ကျုပ်တို့ကိုစော်ကားရာရောက်သွားပြီ ကိုအောင်နေမျိုး"

အောင်နေမျိုးက ဟိုဘက်ဒီဘက်ယမ်းနေသော စားပွဲစိုက်ဓါး ကို သူ၏လက်မထိပ်လက်ညှိုးထိပ်တော့ကာ တစ်ချက်တောက်လိုက်သည်နှင့် စားပွဲစိုက်ဓါးမှာ တိုးလုံးလဲကျသွားပေသည်။

အောင်နေမျိုး စကားပြန်ပြောပေသည်။

"ကျုပ်ဆိုလိုတာမဟုတ်ဘူး ကိုစောမိုက်ကယ်...အတိအလင်းကြီးကိုပြောတာ။ ကမ္ဘာ့လူဦးရေနဲ့ကြည့်ကြည့်...မြန်မာ့လူဦးရေနဲ့ကြည့်ကြည့်...ဆေးမမှီဝဲတဲ့လူတွေက လူများစုပါ။ ဆေးမှီဝဲတဲ့လူ လက်တစ်ဆုပ်စာလေးရှိတာပါ။ တကယ့်လူနည်းစုလေးပါ။ အဲဒီ လူများစုအုပ်စုကြီးက ဆေးသမားလူနည်းစုကို ဝိုင်းပယ်ထားတယ် တရားဥပဒေကလည်း ဆေးသမားလူနည်းစုကို လွှမ်းမိုးထားတယ် လူချင်းတူပေမဲ့...လူကောင်းတွေက ဆေးသမားဆိုရင်...အနာ ကိုရှောင်သလို ရှောင်ကြတယ်...ဝိုင်းပယ်ထားတယ်။ ဒါကြောင့် ကျုပ်ရဲ့အနာဂတ်ခရီးမှာ လူကောင်းတွေထဲပြန်ရောက်ချင်တယ်။ လူ



ဝင်တဲ့လူတစ်ယောက်ဖြစ်ချင်တယ်၊ ဒါကြောင့် တိခနဲ ကျုပ်ဆေးဖြတ်တာ"

စောမိုက်ကယ် မေးရိုးကြီးများထောင်ထလာသည်။ အောင်နေမျိုး၏စကားလုံးတိုင်းသည် သူ့အရိုက်ကို အထိုးခံရသလိုရှိနေသည်။

စောမိုက်ကယ် အံကြီးကြိတ်ထားသည်။ လည်စလုတ်ကြီး ထလိုက် ကျလိုက်ဖြစ်နေသည်။

ရိုစီက အလွန်အကင်းပါးစွာဖြင့် အခြေအနေကို နားလည်လိုက်သည်။

အကယ်၍ ဤပွဲတွင် စောမိုက်ကယ်က ဒေါသဖြင့် ဝုန်းဒိုင်းထကျဲလျှင် အရည်အသွေးမည့်သော အောင်နေမျိုးကလည်း ပြန်၍တန်ပြန်မည်သာ။ တကယ်ပင် နှစ်ယောက်ပွဲချကြမည်ဆိုပါက စောမိုက်ကယ်ပင် ခံသွားရမည်ဟု ရိုစီတွက်ဆသည်။ လက်တွေ့အားဖြင့်လည်း ပဲခူးမှာတုန်းက မစ္စတာရှောင်းခံလိုက်ရသည်ကို ရိုစီသိထားပြီးဖြစ်သည်။

ယခု ပဏာမပွဲမှာပင်ကြည့်။ စောမိုက်ကယ်စားပွဲတွင် ထိုးစိုက်သောဓါးကို အောင်နေမျိုးက လက်ညှိုးလက်မလေးနှင့် ဇယ်တောက်သလို ဖွဖွလေးတောက်ရုံဖြင့် ဓါးမှာ တုံးလုံးလဲကျသွားသည်။

ရိုစီရယ်သွမ်းသွေးနှင့် ဝင်ပြောလိုက်သည်။

"ဟင်း...ဟင်း...ကိုမိုက်နဲ့ ကိုမျိုးနှစ်ယောက်ပြောနေလိုက်ကြတာ ဇင်ပေါ်မှာ စကားရည်လုပွဲတက်ပြောတာကျနေတာပဲ။ ငွေးနွေးတဲ့လိုရင်းလဲ မရောက်ဘူး။ ကဲ...ကိုမျိုးကို ရိုစီက လိုရင်းကိုပဲ မေးတော့မယ်နော်...ကိုမျိုးဖြေမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြေသင့်တာဆို…ကိုယ်ဖြေမယ်လေ"

"ကိုမျိုး…ဆေးပြန်ကိုင်မလား၊ ရှိစီက ဆပ္ပလိုင်းလုပ်ဖို့အသင့်ပဲ"

"မကိုင်ဘူး၊ ဘယ်တော့မှပြန်မကိုင်ဘူး"

"သေချာရဲ့လားကိုမျိုး…တော်ကြာမှ နိုင်ငံခြားအလုပ်သွားလုပ်တဲ့လူလိုဖြစ်နေမယ်နော်။ သွားတုန်းကတော့ နိုင်ငံခြားကိုအထင်တကြီးနဲ့သွားတာပဲ…ဟိုရောက်မှ လူချင်းလဲမတူ၊ ဘာသာချင်းလဲမတူ၊ အစားအသောက်ခြင်းလဲမတူ၊ ဓလေ့စရိုက်ခြင်းလဲမတူ၊ လူမှုဆက်ဆံရေးမှာလဲ အဆင်မပြေနဲ့…ကြာတော့ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ပြေးတဲ့လူတွေလိုဖြစ်နေဦးမယ်။ အဲဒီတော့…ကိုမျိုး ထပ်ပြီးအချိန်ယူပါ…စဉ်းစားပါ…အခုဆေးဖြတ်လိုက်တာ…သိပ်ဂုဏ်လုပြီထင်နေပေမယ့် တော်ကြာ…"

ရှိစီ၏စကားမဆုံးမီ အောင်နေမျိုးက သံပြတ်နှင့် အပြတ်ပြောသည်။

"နောက်ထပ် စဉ်းစားစရာဘာမှမလိုဘူး ရှိ့စ်…တို့ဆေးဖြတ်ကတည်းက ဘုရင့်နောင်ဖေါင်ဖျက်နည်းနဲ့ဖြတ်တာ၊ ဒီဘက်ကမ်းကိုရောက်တာနဲ့ ဖေါက်တွေဖျက်ပြီးပြီ…ဟိုဘက်ကမ်းကို ဘာမှပြန်ကူးစရာမရှိတော့ဘူး…ဒါပဲ"

ရှိစီမတတ်နိုင်။ ပုခုံးကိုသာတွန့်ရပါ၏။

စောမိုက်ကယ်က ဒေါသကိုမျိုချကာ လေအေးနှင့်ပြန်ပြောသည်။

"ရပါတယ်…ရပါတယ်။ ဖြတ်ချင်ဖြတ်ပေါ့ဗျာ။ ဒါဆိုလည်း ကျုပ်တို့အဖွဲ့ရဲ့သတ်မှတ်ချက်ကိုတော့…ကိုအောင်နေမျိုးက လိုက်နာပေါ့ဗျာ"



"ဘာလဲ…ဆေးဖြတ်ရင် ခင်ဗျားတို့အဖွဲ့ကို ကျုပ်က သိန်းလေးဆယ်ပေးရမယ်ဆိုတဲ့သတ်မှတ်ချက်လား"

"ဟုတ်ပါ့…ကိုအောင်နေမျိုး မှတ်ဉာဏ်တကယ်ကောင်းသားပဲ။ မှတ်မိသားပဲ။ ဒါပေမဲ့ ကျုပ်တို့က သူတောင်းစားလိုတောင်းတာမျိုးမဟုတ်ဘူးနော်။ ကျုပ်တို့အဖွဲ့အတွက်…ရန်ပုံငွေအလှူခံတာ။ အဲ…နောက်ပြီး…ကျုပ်တို့က ပဲခူးကမစ္စတာရှောင်းအဖွဲ့ကိုလည်း သိန်းနှစ်ဆယ်ပြန်လှူရဦးမှာပါ။ ပဲခူးမှာ ခင်ဗျားသူငယ်ချင်း ပြုံးမောင်မောင်လိုလူကျတော့ ဆေးမှီဝဲဖို့ မစ္စတာရှောင်းအဖွဲ့က ဆေးအလကား ဆပ္ပလိုင်းလုပ်ရတယ်လေ…ဒီရန်ပုံငွေတွေထဲက ဆပ္ပလိုင်းလုပ်ရတာ။ ဒါကြောင့် ခင်ဗျားဆီက ရန်ပုံငွေအလှူခံတာပါ"

"ဘာရန်ပုံငွေလဲ…ခင်ဗျား ကျုပ်ကို ဘလက်မေးငွေညှစ်နေတာပဲဟာ…ပြုံးမောင်မောင်ကိုလဲ ခင်ဗျားတို့ နှိုင်းချင်တာတွေနှိုင်းပြီး…နှိုင်းစေခုအနေနဲ့ပေးတာ"

"သိပ်မအော်နဲ့လေ…ကျုပ်က တောထဲမှာကျားဟိန်းတာ တောင်ကြောက်တတ်တဲ့လူမဟုတ်ဘူး…"

ပြောပြောဆိုဆို စောမိုက်ကယ်က စားပွဲပေါ်တွင် တုံးလုံးလဲကျနေသော ဓါးမြှောင်ကို ကောက်ကိုင်လိုက်သည်။

အောင်နေမျိုးကလည်း အရက်ပုလင်းလည်ပင်းကို ဆွဲကိုင်လိုက်သည်။

စောမိုက်ကယ်က လက်ထဲမှဓါးကို မျက်နှာကျက်ဆီမော့ကြည့်ပြီး ပစ်ပေါက်လိုက်ရာ…ဓါးသည် မျက်နှာကျက်တွင် စိုက်ဝင်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှာ မျက်လုံးလေးပေကလပ်ဖြစ်နေပြီး အောင်နေမျိုးက အရက်ပုလင်းကိုပြန်ချထားရင်း

"ဘာလဲ…ခါးပေါက်ပြတာနဲ့ပဲ ကျုပ်က ခင်ဗျားကို သိန်းလေးဆယ်ပေးပါ့မယ်…ခါးလေးကိုင်းပြီးပြောမယ်ထင်နေသလား"

"ဒါက ခင်ဗျားသဘောပါ"

"စိတ်ချ…တစ်ပြားမှမပေးဘူး။ လာ…ဝိုင်း သွားမယ်…"

အောင်နေမျိုးက ဝိုင်းလက်ကိုဆွဲကာ ထစေပြီး စားပွဲပေါ်မှ ခက်ရင်းချွန်တစ်ချောင်း ကောက်ယူကာ ချိန်ပင်မချိန်ဘဲ မျက်နှာကျက်သို့ ပစ်ပေါက်လိုက်သည်။

အံ့ဩလောက်သည်။ အောင်နေမျိုးပစ်ပေါက်သောခက်ရင်းချွန်များသည် စောမိုက်ကယ်ပေါက်၍စိုက်နေသော ခါးနှင့် တစ်ထွာခန့်အကွာ မျက်နှာကျက်တွင် စိုက်ဝင်နေပါ၏။

ဝိုင်းလက်ကိုဆွဲပြီး အောင်နေမျိုး ထိုအခန်းမှထွက်လာခဲ့သည်။ ကားဆီသွားပြီး မောင်းထွက်လာခဲ့ပါ၏။

"မှတ်ထားဝိုင်း…သရဲဆိုတာ ကြောက်တဲ့သူကိုသာ ခြောက်တာ၊ မကြောက်တဲ့သူကျတော့ သရဲခြောက်တာဟာ ဇာတ်ခုံပေါ်က လူရွှင်တော်ရယ်စရာလုပ်ပြနေတာလို့ပဲ ထင်တာ"

သီးသန့်ခန်းထဲတွင် စောမိုက်ကယ် ရှိစီနှင့် စားသောက်ဖွယ်တွေ ကျန်ခဲ့ပေတော့သည်။

* * *



[၂၀]

ယနေ့ တနင်္ဂနွေနေ့။ ကျောင်းတွေရုံးတွေအားလုံးပိတ်သည်။

နံနက်(၉)နာရီခွဲသောက်အတွင်း စည်ပင်သာယာ့မွှန်ရိပ်ငြိမ်ကြီးခြံအတွင်းသို့ ကောင်းပေ့ဆိုသောကားတွေ တစ်စီးပြီးတစ်စီးဝင်ရောက်လာသည်ကို ဝရံတာမှ အောင်နေမျိုးမြင်နေရသည်။

ဘာများလုပ်ပါလိမ့်။ ဘုန်းကြီးဆွမ်းကျွေးပြီး မိတ်ဆွေများ ဖိတ်လေသလား။

ဒေါက်တာရန်နောင်ထွန်း၏ကားဝင်လာသည်။ ကားပေါ်မှ ရန်နောင်ထွန်း၏ဖခင်ကြီးသည်။ အကောင်းစားမြန်မာဝတ်စုံနှင့် မိခင်မှာလည်း အကောင်းစားဝတ်စုံနှင့် ပဝါခြုံ စိန်တွေစီပြီး ကားပေါ်မှ ဆင်းလာသည်။

ထိုအခါကျမှ ဦးမော်ကြီးသည် အိမ်ကြီးမှ တန်းလျားသို့ပြန်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ…ဦးမော်ကြီး…အိမ်ကြီးပေါ်မှာ ဘုန်းကြီးဆွမ်းကျွေးလား။ ဘုန်းကြီးတွေကြွလာတာလဲ မမြင်ပါလား"

"အိမ်ကြီးပေါ်မှာ ဘာတွေလုပ်နေတယ်ဆိုတာ မင်းသိရင် စိတ်ထိန်းနိုင်မလားကိုရင်"

"ဘာပြောနေတာလဲ ဦးမော်ကြီး"

"အေး…ငါလဲ…အခုမှသိလာတာ။ ငါ့ကို အိမ်ကြီးပေါ်မှာ ဘာဟီရခေါ်ခိုင်းမှသိလာတာ…ကဲ…စိတ်ကိုထိန်းပြီး နားထောင်…ကနေ့ အိမ်ကြီးပေါ်မှာ…ဒေါက်တာရန်နောင်ထွတ်နဲ့…ဒေါက်တာနွေးနွေး…နှစ်ဘက်မိဘအစုံ၊ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးတွေရှေ့မှောက်မှာ စေ့စပ်ကြောင်းလမ်းပွဲလုပ်တာပဲ ကိုရင်…"

"ဘာဗျ…"

"စေ့စပ်ကြောင်းလမ်းရုံမကဘူး…မင်္ဂလာရက်ကိုပါ ဒီပွဲမှာ…သတ်မှတ်မှာ"

အောင်နေမျိုးအဖို့…မဟာပထဝီမြေကြီးသည် အိုးထိန်းစက် လို လည်သွားပေပြီ။

နေဆယ်စင်းတစ်ပြိုင်တည်းထွက်လေပြီ…

"ဒုန်း"

ပြင်းထန်သောလက်သီးချက်သည် နံရံကိုထိုးချလိုက်သည်။ နံရံက ပျဉ်ကာမို့ တော်သေးသည်။ အုတ်ကာနံရံသာဆိုပါက အောင်နေမျိုး လက်ချောင်းငါးချောင်းသွင်သွင်ကျိုးလောက်သည်။

"ဒုန်း…ဒုန်း"

"ဟာ…ကိုရင်…ဒီလိုမလုပ်နဲ့လေ…"



အောင်နေမျိုး ဦးခေါင်းနှင့်နံရံကို ပစ်ဆောင့်နေသောကြောင့် ဦးမော်ကြီး ကမန်းကတမ်းထဆွဲရတော့သည်။

"ဘာလို့ ကိုယ့်ခေါင်းအကွဲခံမလဲ ကိုရင်…ဒီကိစ္စဟာ…တစ်နေ့မှာ ဒီလိုပဲဖြစ်လာမယ်ဆိုတာ ကိုရင်တင်ကြိုနားလည်ထားရမယ်လေ"

"ညာတယ်ဗျာ…မမနွေး ကျွန်တော့်ကိုညာတယ်…အခု ကျွန်တော့်မှာ နှလုံးသားတစ်ခုလုံး ပြုတ်ကျဆုံးရှုံးသွားပြီ။ မျှော်လင့်ချက်အားလုံး ဆုံးရှုံးသွားပြီ…"

"ဒီလိုလဲမတွက်နဲ့ဦးလေ ကိုရင်…လက်ထပ်တာမဟုတ်သရွေ့ မျှော်လင့်ချက်ရှိနေတာပဲ"

"ဘယ်လို…ဘယ်လို…မျှော်လင့်ချက်…ဟုတ်လား"

"ကိုရင်နဲ့…နွေးနွေးအကြောင်း မှသူဇာက ငါ့ကိုအားလုံးပြောပြတယ်၊ ဆေးဖြတ်တုန်းက ကိုရင်နဲ့ နွေးနွေး တကယ်တန်းချစ်သွားကြပြီတဲ့။ နွေးနွေးကလဲ ကိုရင့်ကိုတကယ်ချစ်တာတဲ့။ မနေ့ကစပြီး နွေးနွေးဟာ မနက်စာရော…ညစာရော မစားဘူးတဲ့၊ ငိုနေတယ်တဲ့။ သူ့ခမျာ…မိဘကိုမလွန်ဆန်ချင်တဲ့သဘောပါကွာ။ ကိုရင်ဆက်ကြိုးစားရင် မျှော်လင့်ချက်အများကြီးရှိပါသေးတယ်"

အောင်နေမျိုး ခေါင်းဖော်လာသည်။

မိမိနှင့် မမနွေး တကယ်ချစ်ကြတာပဲ။ မမနွေးကို ခိုးပြေးရင်ပြီးတာပဲဟူသောအမြင်နှင့် တွက်ကိန်းခေါင်းထဲဝင်လာသည်။ နှစ်ဦးသဘောတူ ညားပြီးသွားလျှင် သူတို့ဘာတတ်နိုင်တော့မည်လဲ။ မမနွေးကိုခိုးပြေးပြီး ညားပြီးမှ မိမိကျောင်းပြန်တက်လည်းရသွားပဲ။

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုးဖြေသာလိုက်သည်။ ဝရန်တာထွက်ပြီး အခြေအနေကို ကြည့်သည်။

နံနက် (၁၁) နာရီ နောက်ပိုင်းတွင် ပွဲလာပရိသတ်များ၏ မော်တော်ကားများအလျှိုလျှိုပြန်ထွက်သွားကြသည်။ ကားတန်းကြီး၏နောက်ဆုံးကားထွက်သွားသည်အထိ မမနွေးပါမသွားသည်ကိုတွေ့ရသည်။ ရန်နောင်ထွတ်နှင့် သူ့မိဘတွေလည်း ကားနှင့်ပါသွားသည်ကိုတွေ့မြင်ရသည်။ ပြီး…ဦးလေးစည်ကိုယ်တိုင်မောင်းပြီး ဒေါ်ဒေါ်မွှန်နှင့် ယှဉ်တွဲကာ ကားတန်းနောက်ဆုံးမှာ လိုက်ပါသွားသည်ကိုလည်းတွေ့ရသည်။

ဖိနပ်ပင်မစီးနိုင်ဘဲ အောင်နေမျိုး အိမ်ကြီးဆီသို့အပြေးအလွှားလာခဲ့သည်။

"မမနွေး…မမနွေး"

ပိတ်ထားသောသံဘာဂျာတံခါးကို ကိုင်လှုပ်ပြီး အောင်နေမျိုးအော်ခေါ်သည်။

"လာပြီ…မမနွေးလာပြီ အောင်လေး…တမင်တကာ အောင်လေးနဲ့တွေ့ချင်လို့…မမနွေး လိုက်မသွားတာ"

နွေးနွေးက တံခါးဖွင့်ပေးလိုက်သည်။ မြင်းရိုင်းတစ်ကောင် လိုအောင်နေမျိုးအထဲသို့ တိုးဝင်လိုက်သည်။ ပြီး နွေးနွေး၏ပုခုံးနှစ်ဘက်ကိုဆုပ်ကိုင်ကာ ရှေ့တိုးနောက်ငင်လှုပ်ယမ်းလိုက်သည်။

"ဘာတွေဖြစ်ကုန်တာလဲ မမနွေး…ဒီမှာ ကျွန်တော်သေတော့မယ်ဗျ။ ကျွန်တော့်ရင်ထဲက မီးဟုန်းဟုန်းတောက်ပြီး အသည်းတွေနှလုံးတွေ ပြုတ်ကျတော့မယ်ဗျ"



"မမနွေးကို…သိပ်မကြမ်းပါနဲ့လား…အောင်လေး… မမနွေးသိပ်နာကျင်နေပြီ"

အောင်နေမျိုး လက်နှစ်ဘက်ရုပ်သိမ်းပေးလိုက်ပါ၏။

"အိုဗျာ…ကျွန်တော့်ကို သတ်ပြီးမှ မမနွေးတို့ဧစပ်ပါလား၊ ကျွန်တော်သေမှ မမနွေးတို့လက်ထပ်ကြပါလား၊ ကျွန်တော့်ဘဝသေသွားပြီဗျ"

"အိုကွယ်…အောင်လေးရယ်"

နွေးနွေးပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာသည်။ အောင်နေမျိုးသည် မမနွေးအား ကျောမှရစ်သိုင်းဖက်လိုက်သည်။ နွေးနွေးကလည်း ပြန်လည်ရစ်သိုင်းဖက်ပါ၏။ ပါးချင်းကပ်ထားကြသည်။ နှစ်ဦးစလုံး၏ မျက်ရည်တွေ ရောထွေးသွားသည်။

ဒေါ်သူဇာက သူမအားပေးအပ်ထားသောတာဝန်ကို လျစ်လျူရှုလိုက်ပြီး မီးဖိုဘက်ထွက်သွားတော့သည်။ ဒေါ်သူဇာမကြည့်ရက်ပြီ။ ဒေါ်သူဇာကိုယ်တိုင် မျက်ရည်ကျလာရသည်။

"ထွက်ပြေးကြစို့…မမနွေး…ဒီအိမ်ကလွတ်သွားရင် ပြီးတာပဲ၊ ကျွန်တော့်ဖေဖေနဲ့မေမေက မမနွေးကို ဆီးကြိုမှာပါ။ ဝမ်းမြောက်ဝမ်းသာနဲ့ ဆီးကြိုမှာပါ"

နွေးနွေးက အောင်လေး၏နဖူးဆံမျှားကို ယုယစွာသပ်ပေးသည်။

"ထိုင်ကြစို့အောင်လေး…ထိုင်ပြီး စကားပြောကြပါစို့"

"ဟင့်အင်းဗျာ…အခု…ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွှန်မရှိဟုန်းထွက်ပြေးကြပါစို့။ မမနွေးကို တစ်သက်လုံး စိတ်ချမ်းသာကိုယ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာ ကျွန်တော်ထားနိုင်ပါတယ်ဗျာ"

"အဲဒီလိုမဖြစ်သေးပါဘူးကွာ"

"ဘာဗျ…မမနွေးက ခုထက်ထိ မဖြစ်သေးပါဘူးပဲလား"

အောင်နေမျိုး လှူချင်းခွါလိုက်သည်။ နွေးနွေးကို မကျေနပ်သောအကြည့်ဖြင့်ကြည့်သည်။

"အဲဒီလိုမကြည့်ပါနဲ့ အောင်လေး၊ ဒီလိုစိမ်းကားတဲ့အကြည့်နဲ့ အကြည့်ခံရတာ…မမနွေးအသည်းခိုက်ခံစားရတယ်။ သေချင်တယ်၊ မမနွေးသေချင်တယ်"

"ကျွန်တော်က ပိုပြီးတောင်သေချင်တာ"

"ဒါဆိုလဲ…အားလုံးပြောင်းဖွင့်ပြောပြီး စေ့စပ်ကြောင်းလမ်းတာကို ဖျက်လိုက်ပေါ့"

"မဖျက်နိုင်ဘူး…အောင်အောင်…မမနွေးအနေနဲ့…ကိုရဲနောင်ထွတ်ကို လက်ကိုလက်ထပ်ရမှာ"

"ဗျာ…ဒါဆို…အောင်နေမျိုးဆိုတဲ့ငနွားက… ငုတ်တုတ်ထိုင်ပြီး အသည်းကွဲခံရမှာလား"

နွေးနွေးက ဆိုဖါတွင် ထိုင်လိုက်သည်။

"လာ…ထိုင်…"

"လုပ်မနေနဲ့ တော်ကြာ ဦးလေးစည်နဲ့ ဒေါ်ဒေါ်မွန်တို့…ဒေါက်တာရန်နောင်ထွတ်တို့ရောက်လာမှ ဟုတ်ပေ့ဖြစ်ကုန်မယ်…မမနွေးအဝတ်အစားတွေ ဘာမှယူမနေနဲ့…ပဲခူးမှာလည်း စတိုးဆိုင်ကြီးတွေအများကြီး…ဝယ်ချင်တာအားလုံးရတယ်။ လာဗျာ…အချိန်ရတုန်းလစ်ကြပါစို့"



"ဟင့်အင်း…မမနွေး ဘယ်ကိုမှမလစ်ဘူး…ဒီအိမ်ကနေပြီး ဘယ်ကိုမှမသွားဘူး"

အောင်နေမျိုး မျက်နှာကြီးနီပြီး ရှေ့သို့တစ်လှမ်းချင်းတိုးလာသည်။ နွေးနွေးထိုင်နေရာရှေ့တည့်တည့်တွင်ရပ်လိုက်သည်။ နွေးနွေးက ထိုင်စေရန် ပုတ်ပြသောဆိုဖါတွင် မထိုင်ပေ။

"ဒါဆို…အခုစေ့စပ်ပွဲကို မမနွေးကိုယ်တိုင်က လက်ခံတယ်ပေါ့…ဟုတ်လား"

"ပြီးတောင်ပြီးသွားပြီပဲကွယ်"

"ဒါဆို…ဒေါက်တာရန်နောင်ထွတ်ကိုပဲ မမနွေးက လက်ထပ်မယ်ပေါ့ ဟုတ်လား"

"မလွဲသာတော့ဘူးလေ…မရှောင်သာတော့ဘူး၊ သူ့ကိုပဲ မမနွေးလက်ထပ်ရမှာပဲ"

အောင်နေမျိုး မေးရိုးကားတက်လာသည်။ သူ၏နှုတ်ခမ်းဒေါင့်စွန်းလေးတွေ ဆတ်ဆတ်တုန်နေသည်။ စွတ်အတင်း ဒေါသကို ကြိတ်မှိတ်မျိုသိပ်ထားကြောင်း သိသာစေသည်။

"ဒါနဲ့ မမနွေးက ကျွန်တော့်ကို အရမ်းချစ်တယ်ဆို"

"အကြိမ်ကြိမ်လဲပြောခဲ့ပြီးပြီ။ ထပ်ပြီး ဘုရားမှာကျမ်းကျိန်သစ္စာဆိုပါဆိုလည်း အချိန်မရွေး အောင်လေးတစ်ယောက်ကိုသာအရမ်းချစ်တာ၊ ဘယ်သူ့ကိုမှ အဲဒီလိုမချစ်ဘူးဆိုတာ ကျမ်းကျိန်ပြောဆိုဖို့အသင့်ပဲ"

"ဒါနဲ့များတောင်ဗျာ"

"ဒီမှာအောင်လေး…ကိုယ်လုပ်ချင်တာကို လုပ်လိုက်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



'ဆန္ဒ'ပါ။ ကိုယ်လုပ်ချင်တာကိုလုပ်ဖို့ မသင့်တော်လို့ တခြားသင့်တော်တာကိုလုပ်လိုက်ရတာဟာ 'ကျင့်ဝတ်'ပါ။ မမနွေး အောင်လေးကို အရမ်းကြီးကိုချစ်ပါတယ်၊ နောက် ဘယ်တော့မှ ဒီအချစ်မျိုးပေါ်ပေါက်မှာလဲမဟုတ်ပါဘူး''

''တော်ဗျာ…အာလူးတွေ…မဆလာတွေ''

''ချစ်တယ်ဆိုတာက ဆန္ဒ၊ လက်ထပ်တယ်ဆိုတာက 'ကျင့်ဝတ်'ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဆိုတဲ့သာဓကတွေ အများကြီးပါ။ မမနွေး ဆန္ဒနောက်မလိုက်လျောဘဲ ကျင့်ဝတ်ကိုသာ ကျင့်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ''

''ဖြန်း''

''အို…အမေ့''

အောင်နေမျိုးက နွေးနွေးပါးကိုရိုက်ပစ်သည်။ နွေးနွေးခမျာ ဆိုဖါပေါ်မှပြုတ်ကျပြီး ကြမ်းခင်းကော်ဇောတွင် လဲကျသွားသည်။

''ရိုက်…ရိုက်…သေအောင်ရိုက်…မမနွေး အရိုက်ခံမယ် ကျေကျေနပ်နပ် အရိုက်ခံမယ်…အောင်လေး…''

နွေးနွေးက လူးလဲထပြီး ထပ်အရိုက်ခံရန် အောင်နေမျိုးရှေ့တွင် ရပ်လိုက်သည်။

''ရိုက်တယ်ဗျာ''

အောင်နေမျိုး ထပ်မံရိုက်ရန် လက်ရွယ်သည်။

သို့သော် ဒေါ်သူဇာက နောက်မှနေပြီး အောင်နေမျိုး၏ဦးခေါင်းနောက်စေ့ကို စားပွဲပေါ်ရှိ ဖန်သားထုပန်းအိုးကောက်တိုင်ရိုက်ချလိုက်သည်။



''မလုပ်နဲ့ ဒေါ်သူဇာ…အောင်လေးကိုမလုပ်နဲ့…''ဟု တားမြစ်သော်လည်း မရဘဲ ဒေါ်သူဇာက ရိုက်ချလိုက်သည်။

အောင်နေမျိုး ခွေခနဲလဲကျသွားသည်။ ရုတ်တရက်ပြန်မထ နိုင်။ နွေးနွေးက ထိုင်ချကာ သူမ၏ပေါင်ပေါ်သို့ ဆွဲတင်ပြီး အောင်လေး…အောင်လေးနှင့်ခေါ်ပြီး လှုပ်နှိုးသည်။

ဟက်တက်ကွဲမသွား။ နောက်စေ့တွင် ဖူးယောင်တက်လာသည်။

''အောင်လေး…အောင်လေး…ဒုက္ခပါပဲ''

အောင်နေမျိုး မျက်စိပြန်ပွင့်လာသည်။ သတိရသည်နှင့် လူးလဲထကာ ဘာတစ်ခွန်းမှထပ်မပြောတော့ပဲ…တံခါးပေါက်မှ ပြေးထွက်သွားပေတော့သည်။

''အောင်အောင်…အောင်လေး…မမနွေး ပြောပြဦးမယ်လေ''

နွေးနွေးက နောက်မှပြေးလိုက်သွားသည်။ နွေးနွေး…မြေကြီးပေါ်ချ…တန်းလျားဆီပြေးသွားစဉ်မှာပင် အောင်နေမျိုးသည် သူ့ကားနှင့် တစ်ရှိန်ထိုးမောင်းထွက်သွားပေတော့သည်။

''မနွေး…မနွေး…သတိထားပါ''

ဒေါ်သူဇာက သွေးရူးသွေးတန်း မော်တော်ကားနောက်သို့ လိုက်ပြေးနေသည့်နွေးနွေးကို ချုပ်ကိုင်ထားလိုက်သည်။

''သွားပြီ…ဒေါ်သူဇာ…အောင်လေး…နွေးကို တကယ်စိတ်ကုန်သွားပြီ။ စိတ်နာသွားပြီ''

နွေး သိမ့်သိမ့်ခါငိုချလိုက်တော့သည်။

''ကောင်းပါတယ် မနွေး၊ ဒီကောင်လေး မနွေးကိုစိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာသွားတာပဲကောင်းပါတယ်။ စိတ်မနာ စိတ်မဆိုးဘဲ အမြင်တန်နေရင်သာ မနွေးအတွက် မကောင်းတာပါ။ မနွေးနဲ့ဒေါက်တာရဲ့နောင်တွတ်က မလွဲမသွေလက်ထပ်ကြရမှာမဟုတ်လား။ မနွေးစိတ်ထဲက ယတိပြတ် ဒေါက်တာရန်နောင်တွတ်ကို လက်မထပ်ဘူးလို့ဆုံးဖြတ်နိုင်ရင်တော့...တစ်မျိုးပေါ့လေ"

"အို...ဒေါ်သူဇာရယ်...မနွေး ဘာလို့များလူဖြစ်လာရတာလဲ။ လူလာဖြစ်တာတောင် မေမေနဲ့ မေမေရဲ့သမီးလာဖြစ်ရတာလဲ။ လူတွေအောင် လိုက်နာရတဲ့ 'ကျင့်ဝတ်'ကို မနွေးမုန်းတယ်။ မေမေ့မေမေ့ကိုလဲ မနွေးမုန်းတယ်"

မျက်နှာလက်ဝါးအုပ်ငိုယိုပြီး နွေးနွေးသည် အရှုံးမလေးဝါးစပ်မှပြေးရင်း သူမ၏အိပ်ခန်းဆီသို့ ပြေးတက်သွားပေတော့သည်။

* * *



[၂၁]

ညက အရက်တက်မိုးလင်းကာနီးမှ နွေးနွေးအိပ်ပျော်သွားသည်။ တစ်ညလုံး အောင်နေမျိုးပြန်လာလေမလားဟု ကားစက်သံအားထောင်နေခဲ့သည်။ ဒီကောင်လေး စိတ်ညစ်ညစ်ဖြင့် အရက်တွေဘာတွေတော့ သောက်ချင်သောက်မည်။ သို့သော် သူ့တန်းလျားခန်းသို့ပြန်လာမည်ဟု ထင်မိသည်။

ပြန်လာလျှင် ကားစက်သံကိုလည်းကောင်း ကောင်လေး၏အမုန်းခွန်အားပေးသနားပါသီချင်းညည်းသံကိုလည်းကောင်း ကြားရမည်ဟု နားစွင့်နေခဲ့မိသည်။

နံနက်(၈)နာရီကျမှ နွေးနွေးပြန်နိုးလာသည်။ နိုးသည်နှင့် လှုပ်ထကာ ပြတင်းပေါက်မှ တန်းလျားဆီလှမ်းကြည့်သည်။ ကားရပ်ထားသည်ကိုလည်းမတွေ့၊ ဝရန်တာတွင်ထွက်ရပ်သည်ကိုလည်း မမြင်ပါလေ။

www.burmeseclassic.com



ဦးမော်ကြီးသာလျှင် ကားရေဆေးနေသည်ကိုမြင်ရသည်။

မျက်နှာသစ်ရုံလေးသစ်ပြီး နွေးနွေးအောက်ထပ်ဆင်းလာကာ ဦးမော်ဆီသို့သွားသည်။

"ပြောပါမနွေး...ဘာခိုင်းမလဲ"

"ခိုင်းစရာမရှိပါဘူး၊ ညက အောင်အောင် ဒီမှာပြန်မအိပ်ဘူး လားဆိုတာ မေးချင်တာပါ"

"မအိပ်ဘူးမနွေး။ ဦးလေးလဲ သူ့ကို တော်တော်ညဥ့်နက် အောင် စောင့်သေးတယ်။ ပြန်မလာဘူး။"

"ဦးလေးကို သူဘယ်မှာအိပ်မယ်ဆိုတာကောပြောသွားသေး လား"

"လုံးဝပြောမသွားဘူးမနွေး"

"သူ့ကို ရှာပေးပါလား ဦးလေး"

"ဘယ်လွယ်မလဲ...ရန်ကုန်မှာ ကိုယ်ပိုင်ကားမောင်းပြီး သွား ချင်ရာလျှောက်သွားတဲ့လူကို ဦးလေး ခြေလျင်သမားက ဘယ်ရှာ ရမလဲ။ အဲ...ဦးလေးအကြံပေးမယ်...ကိုရင်ဟာ ရန်ကုန်မှာ အပေါင်း အသင်းမရှိဘူး၊ အဲ...ဝိုင်းကိုတော့ ခင်ခင်မင်မင်ပေါင်းတယ်၊ ပြီး ဝိုင်းကို သူ့ကားနဲ့...ကျောင်းပို့ အိမ်ပို့လုပ်ပေးတယ်။ ဝိုင်းကတော့ ကိုရင်ဘယ်မှာနေတယ်ဆိုတာကို သိလောက်တယ်။ ဒါပေမဲ့... ကိုရင် ကိုတွေ့တောင်...ကိစ္စကလွယ်မှမလွယ်တာ မနွေး"

"ဘယ်လိုမလွယ်တာလဲဟင်"

"ကိုရင့်ကိုတွေ့ပြီဆိုပါတော့...ဦးလေးခေါ်လို့လဲ ပြန်လိုက် လာတယ်ဆိုပါတော့...မနွေးနဲ့ ဒေါက်တာရန်နောင်ထွက်ရဲ့ နေ့



ဲ့နဲ့ မင်္ဂလာပွဲဟာ ပျက်သွားမတဲ့လား"

နွေးနွေးအဖြေရအခက်ဆုံးသော မေးခွန်းပုစ္ဆာဖြစ်နေပါ၏။ ညှိုး ငယ်စွာ နွေးနွေးပြန်ဖြေသည်။

"အဲဒီလိုသဘောနဲ့ အောင်လေးကိုရှာခိုင်းတာမဟုတ်ပါဘူး၊ ဘယ်နေလဲ၊ ကောင်းကောင်းမွန်မွန်နေရဲ့လား၊ နေထိုင်ကောင်းရဲ့ လား၊ ဘာတွေဖြစ်နေလဲဆိုတာ သိချင်လို့ရှာခိုင်းတာပါ"

"ဒါဆိုရင်တော့...ကိုရင့်ကို ဦးလေးမရှာလည်းမရှာချင်ဘူး၊ တွေ့လည်းမတွေ့ချင်ဘူး မနွေး"

"ဘာလို့"

"သနားလို့ပေါ့ကွယ်၊ သနားလို့။ မနေ့က မနွေးနဲ့ ဒေါက်တာ ရန်နောင်ထွက်တို့ အိမ်ကြီးပေါ်မှာစေ့စပ်ပွဲလုပ်မှန်းလဲသိရော...ကိုရင် ဟာ နံရံကိုလက်သီးနဲ့ထိုးတယ်။ ခေါင်းနဲ့တိုက်တယ်၊ ဦးလေးမနဲ ဆွဲထားရတယ်၊ နောက်ပြီး အင်မတန်ယောကျ်ားပီသပြီး နေရာတိုင်း ယောကျ်ားသတ္တိရှိတဲ့ကိုရင်ဟာ မနေ့ကငိုလိုက်တာလေ...မြင်ရက် စရာမရှိဘူး"

"တော်ပါတော့ ဦးလေးရယ်...မပြောပါနဲ့တော့..."

နွေးနွေးငိုရပြန်လေပြီကော။

ဦးမော်ကြီးက သက်ပြင်းကြီးချကာ နွေးနွေးကို ကရုဏာသက် ပြောပါ၏။

"ဘာပဲဖြစ်ဖြစ်...မနွေးကို ဦးလေးချီးကျူးပါတယ်။ မိဘ ပေါ်ငှဲညာတာ၊ မိဘစကားနားထောင်တာ...မနွေးကို ဘယ်လိုသမီး မယောက်ယောက်ကမှ မီနိုင်မှာမဟုတ်လို့ပါ။ ဘာလို့လဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုရင့်ကို မနွေးတကယ်သိပ်ချစ်မှန်း ဦးလေးသိတယ်လေ…ကိုရင်က လဲ မပြောနဲ့တော့…မနွေးကိုအရမ်းချစ်ပဲ။ ဦးလေးအမြင်နဲ့ပြောရရင် ကိုရင်ဟာ မိဘအရမ်းချမ်းသာတယ်။ တစ်ဦးတည်းသောသားဖြစ် တယ်၊ ရုပ်ချောတယ်၊ အရွယ်က အရွယ်ကောင်းယောကျ်ားပီတယ် စိတ်သဘောထားကောင်းတယ်၊ တက္ကသိုလ်ကဘွဲ့ယူဖို့ စိတ်အား ထက်သန်နေတယ်…အဲဒီလောက် အဘက်ဘက်ကမြင့်သင့်တဲ့ကိုရင် လိုလူကို ဘယ်သမီးရှင်ကဖြစ်ဖြစ် ဘယ်အမျိုးသမီးကဖြစ်ဖြစ် သဘော တူယူထိုက်တဲ့ကိုရင်ပါ"

"တော်ပါတော့ ဦးလေးရယ်…မနွေးရှိခိုးပြီး တောင်းပန်ပါ တယ်"

"အင်းလေ…မနွေးကရှာပေးဆိုရင် ရှာပေးပါ့မယ်…ဝိုင်းနဲ့ သွားတွေ့လိုက်ရင် သိရမှာပါ"

"နွေးနွေးက ဦးမော်ကြီးကို ကျေးဇူးတင်စကားပြောပြီး အိမ် ကြီးသို့ပြန်လာရာ တံခါးဝတွင်ရပ်စောင့်နေသော မေမေနှင့်တိုးမေ တော့သည်။

"သမီးငိုလာပြန်ပြီထင်တယ်…သမီးငိုရလွန်းလို့ ပင်ပန်းလာ ပါပြီကွယ်။ သမီးဖေဖေလဲ တော်တော်စိတ်မကောင်းဖြစ်ရှာတယ် ဒီကောင်လေးကို ဒီလောက်ကြီးတောင် သံယောဇဉ်တွယ်ရသလား ကွယ်"

"ဒါတွေပြောနေဖို့ အချိန်မဟုတ်တော့ပါဘူးမေမေ။ မေမေ တို့စီစဉ်စရာတွေသာ ဆက်စီစဉ်ပါ။ အခြေအနေတွေက ပြောင်းလို့ မရနိုင်တော့တာ။ တစ်ခုပဲ သမီးစိတ်ပူတာပါ။ ကောင်လေးက ငယ်



သေးတော့ မိုက်ရူးရဲစိတ်နဲ့ သူ့ကိုယ်သူပြန်အန္တရာယ်ပြုမှာကို သမီး စိုးရိမ်တာပါ"

"အင်း…သမီးနဲ့ဒီကောင်လေး မေတ္တာရှိနေတာကို…မောင်ရန် နောင်ထွတ်လဲ…ရိပ်မိပုံပဲ။ ဒါပေမဲ့…တော်ရှာပါတယ်…လုံးဝ မသိ ချင်ဟန်ဆောင်နေရှာတယ် သမီး"

နွေးနွေးသည် သူမ၏မေမေကို ကျေ့ရှောင်ကာ အိမ်ပေါ်ပြန် တက်ပြီး အဝတ်အစားလဲကာ တာဝန်အတိုင်း ဆေးရုံသို့လာခဲ့သည်။ နွေးနွေးလှုပ်ရှားပုံတို့မှာ စက်ရုပ်တစ်ရုပ်လှုပ်ရှားနေသောအသွင်သာ ရှိနေပါ၏။

ဆေးရုံရောက်တော့လည်း ယခင်ကလို သွက်သွက်လက်လက် မရှိဘဲ သူမ၏ဆရာဝန်ခန်းထဲရှိ အလုပ်စားပွဲမှာပင် ငူငူငိုင်ငိုင်ထိုင်နေ သည်။

(၁၀)နာရီခွဲခန့်တွင် အခန်းထဲသို့ မင်းစေလေးဝင်လာသည်။

"ဝိုင်းဆိုတဲ့အမျိုးသမီးတစ်ယောက်က ဒေါက်တာနဲ့တွေ့ချင် ပါတယ်တဲ့"

"ဝိုင်း…ဟုတ်လား၊ လွှတ်ပေးပါ…ချက်ချင်းပဲလွှတ်ပေးပါ"

မင်းစေထွက်သွားပြီး ဝိုင်းချက်ချင်းရောက်လာပါ၏။

"မမနွေး"

"ဝိုင်း…လာ…ထိုင်…ထိုင်"

ဝိုင်း စားပွဲရှေ့ညှိကုလားထိုင်တွင် ဝင်ထိုင်သည်။

"အစ်ကိုအောင်အကြောင်းပြောချင်လွန်းလို့…ဝိုင်းလာခဲ့တာ ပါမမနွေး"

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းငိုထားပုံရသည်။ ဖီးဖီးလိမ်းလိမ်းလည်းမရှိ။ လမ်းထွက်ကြည့်ကောင်းရုံသာဝတ်ဆင်ထားသည်။

"မနေ့က အစ်ကိုအောင် ဝိုင်းဆီရောက်လာတယ်။ အရက်တွေသောက်ထားတယ်။ ဝိုင်းကို သူ့ကားနဲ့လိုက်ခဲ့ပါဆိုလို့…ဝိုင်းလိုက်သွားတယ်။ သူကားမောင်းနေတာ ဦးတည်ချက်မရှိဘဲ မောင်းရင်း မမနွေးနဲ့ သူ့အကြောင်းတွေရင်ဖွင့်တော့တာပဲ"

"ဘာတွေ အောင်အောင်ကရင်ဖွင့်လဲဝိုင်း"

ဝိုင်းကမပြောမီ မျက်ရည်တွေကျလာသည်။

"**အစ်ကိုအောင်က**ပြောတယ်၊ သူ မမနွေးကိုသိပ်ချစ်တာတဲ့။ ဒါပေမဲ့…**မမနွေးက** ဂုဏ်မက်တယ်တဲ့။ သူ့မှာငွေကြေးချမ်းသာပေမဲ့…ဒေါက်**တာဦးရန်နောင်**ထွတ်လို ဂုဏ်မရှိဘူးတဲ့…မမနွေးနဲ့ ဒေါက်တာဦးရန်**နောင်ထွတ်**တို့ စေ့စပ်ကြောင်းလမ်းလိုက်ကြပြီတဲ့၊ သူက မမနွေးကို **အတန်တန်**တောင်းပန်ပြီး သူ့ကိုလက်ထပ်ဖို့ပြောတာကို မမနွေးက **ဦးရန်နောင်**ထွတ်ကိုပဲ လက်ထပ်မယ်လို့ ခွတ်ပြောတယ်တဲ့။ သူတအား**ဒေါပွပြီး** စိတ်မထိန်းနိုင်လို့ မမနွေးကို ပါးရိုက်ခဲ့တယ်တဲ့။ သူရိုက်လိုက်တဲ့ဒဏ်…မမနွေးသိပ်ခံလိုက်ရသလားမသိဘူးတဲ့။ ဝိုင်းက မမနွေးကို သွားကြည့်ပေးပါတဲ့။ မမနွေးအရိုက်ခံရတဲ့ဒဏ်ရာ ဘယ်လိုရှိတယ်ဆိုတာ ညနေကျရင်ပြောပြပါတဲ့…သူထပ်လာခဲ့မယ်တဲ့"

နွေး ဝိုင်းရှေ့တွင်လည်းကောင်း၊ တာဝန်ချိန်ကြီးမို့လည်းကောင်း မငိုမိအောင် ခွတ်ထိန်းထားပါ၏။

"မမနွေး သူ့ရိုက်ချက်ကြောင့် ဘာမှမဖြစ်ပါဘူးဝိုင်း။ အင်း



ပေါ့လေ…သူ့အမြင်မှာတော့ မမနွေးဟာ ဂုဏ်မက်တယ်ပေါ့။ ဒါထက်…အောင်အောင် အခုဘယ်မှာလဲဟင်"

"ဝိုင်းမေးပါတယ်။ ဒါပေမဲ့ အစ်ကိုအောင်က သူဘယ်မှာနေတယ်ဆိုတာမပြောဘူး"

"ဝိုင်း မမနွေးကိုမရှက်ပါဘူး၊ အစ်ကိုအောင်ကို…ဝိုင်းရင်ထဲက ချစ်မိပါတယ်။ ဒါပေမဲ့ အစ်ကိုအောင်က ဝိုင်းကို ပြန်မချစ်ပါဘူး။ ညီမလေးလို အခင်မင်ဆုံးသူငယ်ချင်းတစ်ယောက်လိုသာ သူက သဘောထားတာပါ"

"အဲဒါကို မမနွေးအကဲခတ်မိပါတယ်။ တကယ်တော့လည်း အောင်အောင်ဟာ ဝိုင်းနဲ့အသင့်တော်ဆုံးပါ။ အရွယ်မှာရော…မိဘချင်းခင်မင်တာရော ဝိုင်းက ရုပ်ချောတာရော…လိမ္မာတာရော…သူ့အပေါ်မှာ အနွံအတာခံတာရော သဘောကောင်းတာရော အားလုံးပေါ့လေ…သိပ်လိုက်ဘက်နေတာ"

"အခု မမနွေးပြောသွားတဲ့အချက်တွေအားလုံးဟာ…ယပ်တောင်တစ်ခုမှာ အနားကွတ်ထည့်ပေးတဲ့သဘောလောက်ပါ။ အဓိကကျတာက ယပ်တောင်ချပ်ကြီးလေ။ အဓိကက အစ်ကိုအောင်က ဝိုင်းကိုပြန်မချစ်တာပဲလေ မမနွေး။ ပထမ ဝိုင်းထင်နေတာက အစ်ကိုအောင်နဲ့ မမနွေးဟာ အစ်မနဲ့မောင်လေးလို ခင်မင်ကြတာလို့ ထင်နေတာ…အခုအစ်ကိုအောင်ကိုယ်တိုင်က မမနွေးနဲ့သူ ချစ်သူတွေပါလို့ ဖွင့်ပြောမှ အော်…ဒီလိုကိုးလို့သိရတာပါ။ အဲဒီလိုသိလိုက်ရတော့ ဝိုင်းဝမ်းနည်းသွားတာအမှန်ပါ။ ဒါပေမဲ့…ဝိုင်း ကိုယ့်ဟာကိုယ်ပြန်ဆန်းစစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြန်ဆန်းစစ်တာလဲဝိုင်း"

"ဝိုင်း အစ်ကိုအောင်ကိုချစ်မိတာဟာ ဥပမာပေါ့လေ…ပန်းဥယျာဉ်ကြီးထဲရောက်သွားပြီး ဝင်ဝင်ချင်း…ပထမဆုံးတွေ့ရတဲ့ ပန်းပွင့်ကြီးဟာ သိပ်နှစ်သက်စရာကောင်းပါလားဆိုတာမျိုးပါ…ဆဲ…ပန်းဥယျာဉ်ထဲဆက်လျှောက်သွားတော့…ပထမဆုံးတွေ့ရတဲ့ ပန်းပွင့်မျိုးဥယျာဉ်ထဲမှာ…အများကြီးရှိနေတာပဲလို့ပဲ မြင်လာပါတယ်။ အစ်ကိုအောင်ဟာ…ဝိုင်းနှစ်သက်ခဲ့တဲ့ ပထမဆုံးပန်းပွင့်လေ။ အဲဒီပန်းပွင့်မှာ ဝိုင်းဆိုင်းသူရှိနေမှတော့…ဝိုင်းက…ဥယျာဉ်ထဲက ဒုတိယအနှစ်သက်ဆုံးပန်းကို ထပ်မြင်တဲ့သဘောရှိပါတယ် မမနွေး"

ဝိုင်း၏စကားမှာ အလွန်အဓိပ္ပါယ်လေးနက်နေကြောင်း နွေးနွေးခန့်မှန်းနိုင်ပေသည်။

"ကဲပါလေ…ဝိုင်း မမနွေးဆီကိုတမင်လာခဲ့တာ…အဓိက ဒီအကြောင်းမဟုတ်ပါဘူး၊ မမနွေးကို အစ်ကိုအောင်နဲ့ပတ်သက်ပြီး အကြံပေးချင်တာရှိလို့ပါ"

"ပြောပါဝိုင်း…ဘယ်လိုအကြံလဲ"

"အစ်ကိုအောင်ဟာ အခြေအနေအရ ရန်ကုန်မှာဆက်မနေသင့်တော့ဘူး မမနွေး…ပုလဲဖြူဆိုတဲ့ ဆေးအဖွဲ့တစ်ခုက အစ်ကိုအောင့်အပေါ် သဲသဲမဲမဲဖြစ်နေပြီ"

ပုလဲဖြူအဖွဲ့က အောင်အောင့်အပေါ် သဲမဲနေပြီဆိုသည်ကိုကြားလိုက်ရသည်နှင့် နွေးနွေးတကယ်ပင် ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။ အောင်အောင့်ကို ချစ်လွန်းသောစိတ်ကြောင့် ထိုင်းမှိုင်းတွေဝေသည်များပင် ပျောက်သွားသည်။ ပုလဲဖြူအဖွဲ့အကြောင်း နွေးနွေး



သိထားသူမို့ အောင်အောင်၏အသက်အန္တရာယ်ကို နွေးနွေးအရမ်းစိုးရိမ်လာတော့သည်။

"မနေ့က အစ်ကိုအောင်ကားနဲ့ ဝိုင်းလိုက်အလာမှာ…နောက်က အိုပယ်ကားဟောင်းတစ်စီးလိုက်လာပြီး အစ်ကိုအောင့်ကားကို ကျော်တက်တယ်…နောက်ပြီး အဲဒီကားကြီး ဖင်ရမ်းပြီး အစ်ကိုအောင့်ကားကို လွင့်သွားအောင်တိုက်ဖို့ ကြိုးစားတယ်…အစ်ကိုအောင်က ကားမောင်းသိပ်ကျွမ်းကျင်လို့ လွတ်အောင်ရှောင်ရင်း လမ်းဘေးကို ထိုးဆင်းချလိုက်လို့ တိုက်တော့မတိုက်မိဘူး၊ ဒါပေမဲ့…အစ်ကိုအောင်ရော ဝိုင်းရော…ကားထဲမှာ တော်တော်ကသိကအောက်ဖြစ်သွားတယ်။ ဝိုင်းက ဘေးကထိုင်တဲ့လူဆိုတော့…တိုက်တဲ့ကားထဲကို လှမ်းကြည့်လိုက်တယ်။ ကားထဲမှာ ပုလဲဖြူခေါင်းဆောင် စောမိုက်ကယ်နဲ့ မရှိစီကို ဝိုင်းတွေ့လိုက်တယ်။ ဒါဟာ ပုလဲဖြူအဖွဲ့က ကြံစည်တာ"

ဝိုင်းက ဟိုတယ်တွင် စောမိုက်ကယ်နှင့် အောင်နေမျိုးအခြေအနေတွေ တင်းမာသည်တို့ကိုလည်း မြင်ခဲ့သည့်အတိုင်း နွေးနွေးကို ထပ်ဆင့်ပြောပြသေးသည်။

"အစ်ကိုအောင်က စိတ်သိပ်ကြီးတယ် မမနွေး။ စောမိုက်ကယ်ကို သူလုံးဝအလျှော့မပေးဘူး၊ ပြိုင်ပြီးတင်းမာတယ်။ အဲဒီတော့ အစ်ကိုအောင်အတွက် ရန်ကုန်မှာဆက်မနေတော့ပဲ ပဲခူးပြန်တာကောင်းမယ်၊ ပဲခူးမှာဆိုတော့…အစ်ကိုအောင်ရဲ့မိဘအရှိန်အဝါရော တပည့်တပန်းတွေရောရှိတယ်။ အစ်ကိုအောင်မှာလည်း လူယုံသူငယ်ချင်းအပေါင်းအသင်းတွေရှိတယ်။ ပဲခူးမှာဆို အစ်ကိုအောင်ကိုသူတို့ လုပ်ကြံဖို့မလွယ်ဘူး၊ ရန်ကုန်မှာတော့ အစ်ကိုအောင်မှာ ဘာသူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းမှမရှိဘူး။ ဘာအသိုင်းအဝိုင်းမှလဲမရှိဘူး၊ ဝိုင်းက အစ်ကိုအောင်ပဲခူးပြန်ဖို့ပြောပါတယ်…သူက…မမနွေးနဲ့ဝေးတဲ့နေရာကို ဘယ်တော့မှမသွားဘူး။ မမနွေးနဲ့ဝေးသွားရင် မမနွေးကို သူပြန်ရဖို့ မျှော်လင့်ချက်တွေအားလုံး ဆုံးရှုံးသွားမှာတဲ့၊ ဒါကြောင့် ရန်ကုန်မှာပဲနေပြီး ဘာမဆိုရင်ဆိုင်ယှဉ်ပြိုင်မယ်တဲ့…။ အစ်ကိုအောင် သိပ်ခေါင်းမာတယ်…မမနွေး။ အစ်ကိုအောင့်ကိုဖျောင်းဖျပြောနိုင်သူဟာ မမနွေးတစ်ယောက်ပဲ။ မမနွေးပြောရင်တော့ သူ့မှာနာခံတဲ့စိတ်လေးရှိပါတယ်။ ဒါကြောင့် သူ့ကို ပဲခူးပြန်နိုင်းပါ မမနွေး''

နွေးနွေးသည် ဝိုင်း၏အကြံပြုချက်ကို လိုလိုလားလားပင် ခေါင်းညိတ်လိုက်ပါ၏။

''ကောင်းပြီဝိုင်း…မမနွေး အောင်အောင်ကိုတွေ့အောင်ရှာပြီး ပဲခူးပြန်ဖို့ ဖျောင်းဖျပေးပါ့မယ်''

* * *



## [၂၂]

နှုတ်ဆက်ထွက်ခွါသွားသောဝိုင်းလေးကို နွေးနွေးသနားမိသည်။

ရုပ်၊ အရွယ်၊ သဘောမနော၊ မိဘ၏ကြွယ်ဝမှုအားလုံးပြည့်စုံပြီး အောင်အောင်ကိုချစ်နေရှာသူလေးဖြစ်သည်။

နွေးနွေးသည် ဝိုင်းကို ကိုယ်ချင်းစာမိသည်။

နွေးနွေးကိုယ်တိုင်က အောင်အောင့်ကို သိပ်ချစ်သည်မဟုတ်ပါလား။

အော်…နှလုံးသားအချစ်ဆိုသည်မှာ ခက်လှသည်။

ခန္ဓာကိုယ်ကို သံကွန်ခြာနှင့်အုပ်ပြီး ကြိုးတုတ်ထားလျှင် ထွင်းဖေါက်နိုင်ခြင်းမရှိသည်မှာ မှန်သည်ပဲထား။

နှလုံးသားအချစ်ကိုတော့ သံကွန်ခြာအုပ်ပြီး သံမဏိကြိုးဖြင့်တုတ်ထားစေကာမူ နှလုံးသားမှ ယိုစီးစိမ့်ထွက်လာသည်တို့က သံကွန်ခြာကိုဖေါက်ထွင်းထွက်နိုင်သည်သာ။

နွေးနွေးသည် ယနေ့အဖို့ တာဝန်ထမ်းဆောင်လိုစိတ်မရှိသဖြင့် အလားတူဆရာဝန်များထံ အကူအညီတောင်းကာ သူမ၏ အလုပ်စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ငှုဝေါင်တွေဝေစွာထိုင်နေမိသည်။ ညနေ အလုပ်ဆင်းကာနီးမှ စားပွဲပေါ်မှ တယ်လီဖုန်းအော်မြည်လာသည်။

အောင်အောင်ပင် ဖုန်းဆက်သူဖြစ်ရမည်။ အောင်အောင်သည် အိမ်ကိုဖုန်းဆက်လျှင် ဖေဖေ မေမေတို့နှင့် ပက်ပင်းတိုးမည်စိုးရိမ်ကာ မိမိဆေးရုံဖုန်းကို ဆက်ခြင်းဖြစ်နိုင်သည်။

နွေးနွေး ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို…အမိန့်ရှိပါ…ဒေါက်တာနွေးနွေး ပြောနေပါတယ်"

"ဟုတ်ကဲ့…ဒေါက်တာနွေးနွေးဆိုရင် အခုချက်ချင်း ဆေးရုံကြီးရဲ့အင်မာဂျင်စီခန်းကိုလာခဲ့ပါ။ ဒီမှာ မော်တော်ကားတိုက်မိပြီး ဒဏ်ရာသိပ်ပြင်းထန်တဲ့လူနာတစ်ဦးရောက်နေလို့ပါ"

"ကျွန်မက စိတ်ရောဂါအထူးကုဆရာဝန်မို့…ကျွန်မနဲ့မဆိုင်ပါဘူး။ အဲဒီက တာဝန်ကျဆရာဝန်တွေနဲ့သာ သက်ဆိုင်ပါတယ်"

"ဟုတ်ပါတယ်…ဒေါက်တာနွေးနွေး။ အခု လူနာကိုကုသပေးဖို့ခေါ်တာမဟုတ်ပါဘူး၊ လူနာကို ဒီအင်မာဂျင်စီက ဆရာဝန်တွေက အစွမ်းကုန်ကုသပေးနေပါတယ်။ ဒါပေမဲ့ လူနာက…မမနွေး…မမနွေးနဲ့…တမ်းတမ်းတတအော်နေလို့ မမနွေးဆိုတာ ဘယ်သူလဲသိအောင် သူ့အင်္ကျီအိတ်တွေထဲမှာ စာရွက်စာတမ်းတွေရှာကြည့်တော့ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်၊ အမျိုးသားမှတ်ပုံတင်တွေမှာ အမည်အောင်နေမျိုး၊ အဘ ဦးအောင်ဟိန်း…"

"ဟုတ်ကဲ့…ကျွန်မ အခုချက်ချင်းလာခဲ့ပါမယ်။ ဒါဆို…ကျွန်မသိပါပြီ"

နွေးနွေးဖုန်းကိုပြန်ချထားသည်။



ဆရာဝန်ကြီးထံသွားကာ ခွင့်တောင်းသည်။

ဖေဖေ့ထံသို့ ဖုန်းဆက်ကားမှာလျှင် ကြန့်ကြာနေမည်စိုးသဖြင့် ဆေးရုံရှေ့တွင် အသင့်တွေ့သောတက္ကစီကားကို ငှားပြီး ဆေးရုံကြီး၏ အရေးပေါ်သို့ အမြန်ဆုံးပေးပို့ခိုင်းသည်။

ဟက္ကစီကားသမားက မောင်းလာစဉ် လမ်းတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက တက္ကစီကားကို လက်တားသည်။ တက္ကစီကားသမားက ရပ်ပေးသည်။

"ကျွန်တော်တို့ခုံတွဲလိုက်ပါရစေ…မြို့ထဲရောက်ရင် တော်ပါပြီ။ ကားခကို ကြိုက်သလောက်ပေးပါမယ်"

တက္ကစီသမားက ခေါင်းညိတ်သည်။ လက်တားသူအမျိုးသားက ဒရိုင်ဘာနှင့်အတူ ရှေ့မှထိုင်ပြီး အမျိုးသမီးက နောက်ကူရှင်တွင် နွေးနွေးနှင့်အတူထိုင်သည်။

ခရီးကြုံလမ်းကြုံလိုက်တာပဲလေဟု နွေးနွေးဘာမှမပြောပေ။ ပြောနေလျှင် အချိန်ပို၍ကြာမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါ၏။ တက္ကစီကားသမားတွေတွင် ဒီအလေ့အထမျိုးရှိတတ်သည်ကိုး။

တက္ကစီကားသည် ကုက္ကိုင်းလမ်းကြီးအတိုင်း ဆက်မမောင်းဘဲ တက္ကသိုလ်ရိပ်သာလမ်းသို့ ကွေ့ချိုးမောင်းသည်။ နွေးနွေးမနေနိုင်တော့…တက္ကစီသမားကိုမေးရတော့သည်။

"ဘယ်ကိုမောင်းနေတာလဲရှင်…ဗဟန်းဘက်ကသွားရင် ဆေးရုံကြီးနဲ့ ပိုနီးတာမဟုတ်လား"

ကားမောင်းသမားက ဘာမျှပြန်မပြောဘဲ မောင်း၍မောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျောက်"

ရှေ့မှအတူထိုင်လိုက်ပါလာသူက သူ့အိတ်ထဲမှမောင်းပြန်ဓါး ကိုထုတ်ယူကာ ဖျောက်ခနဲအသံနှင့် ဓါးသွားလေတ်ဖွင့်လိုက်သည်။ ပြီး နွေးနွေးရှိရာသို့ နောက်ပြန်လှည့်ပြောလိုက်ပါ၏။

"ဆေးရုံကြီးသွားဖို့မလိုပါဘူး ဒေါက်တာ…ဘာလို့လဲဆိုတော့ အောင်နေမျိုးဆိုတဲ့ကောင်ဟာ ကားလဲမတိုက်၊ ကားလဲမမှောက် ဆေးရုံကိုမရောက်လို့ပဲ။ ဒီကောင်က ကားမောင်းသိပ်ကျွမ်းတာ၊ တခြားကားက သူ့ကားကိုဝင်တိုက်တာတောင် လွတ်အောင်ရှောင် နိုင်တယ်။ နောက်ပြီး ဒီကောင်သိပ်မာကျောတယ်၊ သိပ်ခေါင်းမာတယ်၊ ကျန်းမာရေးအရမ်းကောင်းပြီး သိပ်ကြံ့ခိုင်တယ်၊ လှုပ်ရှားမှုလဲ သိပ် သွက်တယ်၊ ဒီကောင်မလွယ်ဘူး"

"ဒါ…ဒါဆို…ရှင်တို့က"

"ကျုပ်က ဓောမိုက်ကယ်လေ…နောက်ကအမျိုးသမီးက ရိုစီ တဲ့၊ ပုလဲဖြူအဖွဲ့လေ…"

"ဒါဖြင့် ခုနက ကျွန်မကိုဖုန်းလှမ်းဆက်တာ"

"ကျုပ်ပဲပေါ့ ဒေါက်တာ၊ ဒီဓာတ်လမ်းမှာ ကျုပ်ဒါရိုက်တာ ပေါ့"

"ဒီမယ် ကားဆရာ ရပ်ပေးပါ၊ ကျွန်မဆင်းမယ်"

"ဟဲ…ဟဲ…ဒီကားဆရာကလဲ…ကျုပ်ရဲ့ဓာတ်ကောင်ပဲ ဟာ ကျုပ်အောင်နေမျိုးဆေးရုံရောက်နေပြီလို့ ဖုန်းဆက်တာနဲ့…ဒေါက်တာ အူလျားဖါးလျားပြေးဆင်းလာမယ်၊ တွေ့တဲ့တက္ကစီကားငှားမယ်၊ ဒီ တွေ့ဆင်းလာတာနဲ့တွေ့မယ်တက္ကစီကားကို ကျုပ်စီစဉ်ထားတာလေ"



"ဒါဆို…အောင်လေးနဲ့မြှားပြီး အကွက်ဆင်…ကျွန်မကိုဖမ်း တာလဲ"

"ဩ…အောင်လေးတဲ့လား၊ ဒေါက်တာက ချစ်စနိုးခေါ်တာ ထင်တယ်။ ဟဲ…ဟဲ…ဒါပဲပေါ့ဒေါက်တာ…သူရဲ့ကောင်းကို အမိ ဖမ်းနည်းဟာ သူ့ချစ်သူကို အရင်ဖမ်းပြီး လာရွေးခိုင်းတဲ့နည်းဟာ ဟောင်းပေမဲ့ မရိုးဘူးဒေါက်တာ…မယ်အိုဓာကိုဖမ်းထားတော့ ဓါး နဲ့ထိုး ဓါးကျိုးအောင်လှူစွမ်းကောင်းတဲ့ သူ့ချစ်သူကိုဖျတ္တဟာ ကွမ်း တစ်ယာရေတစ်မှုတ်နဲ့ မာန်လျှော့ရတယ်မဟုတ်လား"

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့၊ အောင်နေမျိုးကို ကျုပ်တို့အမျိုးမျိုးကြံစည် တာ…မအောင်မြင်ဘူး…ဒီကောင်က သိပ်စွမ်းလွန်းနေတယ်။ ဒါ ကြောင့် သူသိပ်ချစ်တဲ့…ဒေါက်တာနွေးနွေးနဲ့ မျှားခေါ်ဘို့လေ"

"ဒါဆိုရင် ရှင့်ဓာတ်လမ်း အံချော်သွားပြီ။ ဘာလို့လဲဆို တော့…ကျွန်မက မကြာခင် ဒေါက်တာရန်နောင်ထွတ်နဲ့လက်ထပ် တော့မှာ…အောင်လေးနဲ့ဘာမှမဆိုင်တော့ဘူး"

ဓောမိုက်ကယ်က တဟဲဟဲရယ်ရင်း ရိုစီဆိုသည့်အမျိုးသမီးကို ပြောလိုက်သည်။

"ကဲ…ဒီကိစ္စ ရိုစီကဆက်ရှင်းပြလိုက်ပါ။ ကိုယ်ရှင်းပြရတာ မောသွားပြီ။"

"ဟုတ်တယ်…နွေးနွေး…ပထမတုန်းက ကိုမျိုးရဲ့ချစ်သူဟာ ဗိုင်း'လို့ ရိုစီတို့အားလုံး မှတ်ယူတာ၊ ဒါပေမဲ့…တကယ်အတွင်း သူကျစုံစမ်းသိရတာက ကိုမျိုးရဲ့ချစ်သူဟာ ဗိုင်းမဟုတ်ဘူး၊ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးဆိုတာကို အနိုင်အမာသိလာရတယ်''

''အနိုင်အမာ…ဟုတ်လား''

''အင်းပေါ့…အခုတလော…ကိုမျိုးဟာ အရက်နှစ်ခါတောင် သောက်တယ်…အရက်မူးတိုင်း သူတမ်းတာလေ့ရှိတာက…မမနွေး… မမနွေးတဲ့လေ…အရက်မူးကျွဲခိုးပေါ်နည်းနဲ့…ကိုမျိုးချစ်သူဟာ မမနွေ မှန်း အနိုင်အမာသိလာရတာပေါ့။ ဒါကြောင့် ကိုမျိုး…ရိစိတွေး ရောက်လာအောင် သူသိပ်ချစ်တဲ့…မနွေးနွေးကို ထောင်ချောက်ပြ ဆင်ပြီး ဖမ်းလိုက်ရတာလေ''

မတတ်နိုင်ပါလေတော့။

အောင်လေးကို သိပ်ချစ်သောစိတ်နှင့်ပင် မိမိမှာ ထောင်ချော ထဲဝင်မိခဲ့လေပြီကော။

* * *

## [၂၃]

''ဒါကြောင့် ဘုရားဟောတာ…အသေဝနာစ ဗာလနံ၊ လူမိုက် ကိုရှောင်ကြဉ်ရမယ်တဲ့။ ဘုရားဟောသိပ်မှန်တယ်။ ငါတို့မိသားစု ဟာ မင်းလို လူမိုက်ကိုမရှောင်ကြဉ်နိုင်လို့ အခု ဒုက္ခတွေ့ရတာ''

ဦးစည်သူမျက်နှာကြီး ဒေါသကြောင့်ရဲရဲနီနေသည်။ လက်သီး သက်မောင်းတန်းကာ ရှေ့မှအောင်နေမျိုးကို ပယ်ပယ်နယ်နယ်ပြောနေ သည်။

ဒေါ်အေးမွန်က တရှုံ့ရှုံ့ငိုနေသည်။

အောင်နေမျိုး အရက်သောက်ထားသဖြင့် ရီဝေမှိုင်းသော ကြည့်ဖြင့် ဦးစည်သူကိုကြည့်ပြီး ပြောသမျှခံနေပေသည်။

အောင်နေမျိုးသည် မမနွေးအား ပါးရိုက်ခဲ့ပြီး ပဲခူးသို့ပြန်ရန် ထွက်လာခဲ့သည်။ မြေနီကုန်းအရောက်တွင် တည်းခိုခန်းဆိုင်း ကြီးတစ်ခုတွေ့သဖြင့် ပဲခူးသို့လည်းမပြန်လိုသေးသောကြောင့် တည်းခိုခန်းရှေ့မှာပင် သူကားကိုရပ်ထားပြီး တည်းခိုနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းရှေ့တွင် သူကားရပ်ထားသည်ကို ဦးမော်ကြီးက ရှာဖွေတွေ့ရှိသွားခြင်းဖြစ်သည်။

စောမိုက်ကယ်က ဒေါက်တာနွေးနွေးကိုဖမ်းသွားပြီးနောက် စည်သူမွန်ရိပ်ငြိမ်ဆီသို့ ဖုန်းဆက်သည်။

ဒေါက်တာနွေးနွေးကို ဘေးမသီရန်မခပြန်ရလိုလျှင် အောင် မျိုးကိုယ်တိုင်လာရွေးရမည်ဟု ဖြစ်ပါ၏။

ဤမှာပင် ဦးမော်ကြီးက အောင်နေမျိုးကို အကျိုးအကြောင်း ပြောပြပြီး ဦးစည်သူ၏ရှေ့မှောက်သို့ ခေါ်ဆောင်လာခြင်းပင်။

"ဒီမယ်...ဦးလေးစည်...ကျွန်တော့်ကို သားသမီးခြင်းမစာ ပြောလို့ ဝပြီဆိုရင် လိုရင်းဖြစ်တဲ့...မမနွေးကိစ္စကို ဦးလေးစည်ကိုယ် တိုင်ပြောပြပါလား"

"ပြောစရာလိုသေးလား...မင်းကြောင့် ငါ့သမီးကို သူတို့ သွားကြတယ်လေ"

"သူတို့ဆိုတာ...ဘယ်သူတွေလဲ"

"ဘယ်သူတွေရှိရမလဲ...မင်းရဲ့အပေါင်းအသင်းတွေပေါ့ သူတို့က သူတို့ဟာ ဘယ်သူဘယ်ဝါပါလို့ ထုတ်မပြောတာ"

"ကျွန်တော့်အပေါင်းအသင်းတွေလို့...ဦးလေးစည်က ဘာ တပ်အပ်ပြောတာလဲ...ဦးလေးစည်ရဲ့လုပ်ငန်းပြိုင်ဘက်...ဦးလေး အပေါ်မှာ မကျေနပ်တဲ့လူတွေကော မဖြစ်နိုင်ဘူးလား။ ကျွန် အပေါင်းအသင်းတွေလို့...ဘယ်လိုအထောက်အထားသက်သေ ဦးလေးစည်ထုတ်ပြောနိုင်တာလဲ"

"နားထောင်...ငါ့ဆီကို ဖုန်းဆက်တယ်...ဒေါက်တာနွေး



ကို ပြန်လွှတ်ပေးစေချင်ရင် အောင်နေမျိုးကို သူတို့ဆီလွှတ်ပေးတဲ့။ အောင်နေမျိုးဘဝနဲ့လဲပြီး နွေးနွေးကိုရွေးယူရမယ်ဆိုတာ အောင်နေမျိုးကိုယ်တိုင်နားလည်လိမ့်မယ်တဲ့..."

အောင်နေမျိုး ချက်ချင်းသဘောပေါက်တော့သည်။ ပုလဲဖြူ အဖွဲ့ စောမိုက်ကယ်၏လက်ချက်မှန်း သေချာပေပြီ။

"အဲဒီကောင်တွေ ဘယ်သူတွေလဲဆိုတာသာ ငါ့ကိုပြော။ သာက်ကျိုးနဲ့ကွ...မင်းမဲ့တိုင်းပြည်မှမဟုတ်တာ။ သက်ဆိုင်ရာကို တိုင်ပြီး ဒီကောင်တွေကို ခြေရာခံလိုက်မယ်"

အောင်နေမျိုးက ခေါင်းခါပြလိုက်သည်။

"ရဲတွေဘာတွေကို အရမ်းလျှောက်တိုင်လို့မဖြစ်သေးဘူး ဦးလေးစည်။ မမနွေးက သူတို့လက်ထဲရောက်နေတာ...ရဲကိုတိုင်တာ သိသွားရင် မမနွေး အသက်အန္တရာယ်ထိ စိုးရိမ်ရတယ်...ဒီကောင်တွေ အဓိကလိုချင်တာက ကျွန်တော့်ကိုပါ...ကျွန်တော် သူတို့ဆီ ရောက်သွားတာနဲ့ မမနွေးကိုလွှတ်ပေးမှာပါ။ ခက်တာက...သူတို့ ဘယ်မှာစခန်းဖွင့်မှန်း ကျွန်တော်မသိတာပဲ၊ နောက်ပြီး ဒီကောင်တွေဟာ သက်ဆိုင်ရာက ခြေရာမခံနိုင်အောင် မကြာခဏစခန်းပြောင်း လေ့ရှိတယ်။ ဒီတော့...သူတို့စခန်းဘယ်မှာဆိုတာ ကျွန်တော်စုံစမ်းရမယ်...မမနွေးကို ဘယ်မှာဝှက်ထားတယ်ဆိုတာ စုံစမ်းရမယ် ဦးလေးစည်"

"အေး...မှန်တယ်။ နောက်ပြီး ဒီကောင်တွေ ဖုန်းနဲ့ပြောတုန်းက အောင်နေမျိုးဟာ ပြုံးမောင်မောင်နဲ့ဆက်သွယ်ပြီး ပြုံးမောင်မောင် အတူလာတဲ့။ ပြုံးမောင်မောင်က သူတို့ရှိတဲ့နေရာကို အောင်နေမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်လာပေးလိမ့်မယ်တဲ့။ ဒီတော့…ပြုံးမောင်မောင်ကို မင်းသိတယ် မဟုတ်လား"

အောင်နေမျိုး ခေါင်းညိတ်ပြသည်။

"ကောင်းပြီ ဦးလေးစည်…ဒေါ်ဒေါ်မွန်လဲ စိတ်သာချ။ ဒီ လောက်သိရရင် ကျွန်တော့်ဘာဆက်လုပ်ရမယ်ဆိုတာ သဘောပေါက် သွားပြီ မမနွေးကို မှဲ့တစ်ပေါက်မစွန်းစေရဘူး။ ဦးလေးစည်နဲ့ ဒေါ်ဒေါ် မွန်ရဲ့လက်ထဲ မမနွေး ကောင်းကောင်းမွန်မွန်ပြန်ရောက်စေရမယ်"

တရှုံ့ရှုံ့ငိုနေသော ဒေါ်အေးမွန် ဦးခေါင်းမော့လာသည်။

"သာဓုပါကွယ်။ သမီးနွေးကို မင်းကလွဲပြီး ကယ်နိုင်တဲ့သူ မရှိပါဘူး။ ကြိုးစားပေးပါကွယ်။ ဒီသတ္တဝါတွေ…ငါ့သမီးကို နှိပ် စက်ညှဉ်းပန်းနေသလားပဲ"

"ကျွန်တော်…သူတို့ဆီမရောက်မချင်း မမနွေးကို သူတို့ဘာ တစ်ခုမှမနှိပ်စက်ဘူးစိတ်ချ။ သူတို့အဓိကလိုချင်တာက ကျွန်တော့် ကိုပါ။ အဲ့…သူတို့ဘက်တော့ အပေးအယူအရေးဆိုမှာ သေချာတယ်"

"အပေးအယူတည်အောင်လုပ်ပါကွယ်…လူဆိုးလူမိုက်ဆို တာ စည်းကမ်းကလနားရှိမှာမှမဟုတ်တာ…"

"ကဲ…ကျွန်တော်သွားမယ်။"

အောင်နေမျိုး ဆင်းလာကာ သူ့ကားပေါ်တက်ပြီး မောင်းထွက် လာခဲ့သည်။

ယခုပင် ပဲခူးသို့သွားပြီး ပြုံးမောင်မောင်နှင့်တွေ့ဆုံဆက်သွယ် ရပေမည်။

* * *



[၂၄]

"ငါ…တကယ်စိတ်မကောင်းပါဘူး အောင်နေမျိုး…ဒါပေမဲ့ ငါ့အခြေအနေနဲ့ငါ ဘာမှမတတ်နိုင်ဘူး သူငယ်ချင်း…ငါကိုယ်တိုင်က စောမိုက်ကယ်ကို…ဘုရားတစ်ဆူလိုကိုးကွယ်နေရတာမို့ပါ"

ပြုံးမောင်မောင်ပြောသည်ကို အောင်နေမျိုး စိတ်မပါဘဲ နားထောင်နေသည်။

"ပဲခူးက ရှောင်းက ငါ့ကိုအပြီးအပိုင်ပ,ထုတ်ပစ်တာ၊ အဲဒါကို စောမိုက်ကယ်က ရှောင်းကို လှမ်းအမိန့်ပေးတယ်။ ပြုံးမောင်မောင် ကို ပေးနေကျအတိုင်း ဆပ္ပလိုင်းပေးပါ။ အောင်နေမျိုးကိစ္စမှာ ပြုံး မောင်မောင်ကို သူ့အသုံးချစရာရှိတယ်ဆိုတာနဲ့ ငါ ဆပ္ပလိုင်းဆက်ရ နေတာ"

"ဒါကြောင့် သူတို့နိုင်းတာ ခင်ဗျားကလုပ်ပေးရတယ်ဆိုပါ တော့၊ အခု ကျွန်တော့်ကိစ္စမှာရော ခင်ဗျားကို ကျွန်တော်ဘာတွေ လိမ့်မယ်လို့ပြောထားပြီးပလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး…စောမိုက်ကယ်က သူ့တပည့်တစ်ယောက်ကို လု လွှတ်ပြောတယ်…မင်းတို့ ရန်ကုန်မှာဖြစ်ပျက်တာတွေအားလုံးလိုပြော တယ်…မင်းလာရင် ငါက စောမိုက်ကယ်လိုချင်တဲ့အချက်တွေ အား လုံး မင်းကိုစစ်ဆေးပြီး သူ့ဆီခေါ်လာဖို့ အမိန့်ပေးတယ်"

"ဒါဆို…ကိုပြုံးမောင်က သူတို့ဘက်သားလုံးလုံးပေါ့…ဟုတ် လား"

"အင်း…ဆိုပါတော့…ဒါပေမဲ့…မင်းနဲ့ ပတ်သက်လာရင်တော့ ငါ့ရင်ထဲမှာ ခြွင်းချက်ပေါ့ကွာ…မင်း…ငါ့အခြေအနေကို နားလည် ပေးပါကွာ၊ ငါမင်းဆီကို စာရေးပေးပို့တာကို မင်းသဘောပေါက်ပါ"

"ရတယ်လေ…ကိုပြုံးမောင်တာဝန်က နက်ဖြန် ကျွန်တော့်ကို မမနွေးရှိရာကို ပို့ပေးရမှာမဟုတ်လား"

"အင်း…မင်းကို သူကရွေးချယ်ဖို့ အချက်နှစ်ချက်ပေးထား တယ်တဲ့။ ပထမအချက်က မင်းဆေးပြန်ချမယ်ဆိုရင် အာလုံးပြီးရော တဲ့။ နောက်တစ်ချက်က မင်းဆေးပြန်မချဘူးဆိုရင် သူတောင်းထားတဲ့ ငွေ…မင်းနဲ့တပါတည်းယူရမှာ မင်းကို ငါက တင်ကြိုစစ်ဆေးပေး ရမယ်တဲ့"

"ရမှာပေါ့ဗျာ…သူတို့တောင်းတဲ့ငွေ သိန်းလေးဆယ်နဲ့ မမနွေး ကို ပြန်ရွေးယူရမှာပေါ့"

"မင်း သိန်းလေးဆယ်ကြီးတောင်ပေးမလို့လား အောင်နေမျိုး"

"ဒါပဲရှိတော့တယ်လေဗျာ"

"နှမြောစရာကြီးကွာ…နည်းတဲ့ငွေတွေမှမဟုတ်တာ၊ ငါ အ



ပေးချင်တယ်။ ပထမအချက်ဖြစ်တဲ့ မင်းဆေးပြန်ချလိုက်ပါလား။ ငါ စေတနာနဲ့ပြောတာနော်"

"နေရာမှတင် ဘုံးခနဲလဲသေသွားပါစေ ဘယ်တော့မှ ကျုပ် ဆေးပြန်မချဘူး ကိုပြုံးမောင်၊ ဆေးသမားဆိုတာ…သက်ဆိုးမရှည် တတ်ပါဘူး။ ဒီတော့ သေရခြင်းအတူတူ လူကောင်းဘဝနဲ့ပဲ အသေခံ မယ်။ မမနွေးနဲ့ ကျွန်တော်အပြန်အလှန်ချစ်သွားတာ ဆေးဖြတ်လို့ ဖြစ်သွားတာ။ ဆေးဖြတ်တာဟာ…ကျွန်တော့်ရဲ့အချစ်မှတ်တိုင်လေ။ ရာသက်ပန် ဒီမှတ်တိုင်ကို မပျက်စီးအောင် ကျွန်တော်ထိန်းသိမ်းမယ်"

"မင်းအရှုံးပဲ အောင်နေမျိုး…အခု မင်းဆေးပြတ်သွားတော့ ရော…မင်းမမနွေးက မင်းကိုလက်ထပ်လို့လား…သူကမှ မင်းအပေါ် ရက်စက်တာ…မင်းက အိုးရှဲ့ စလောင်းရှဲ့ဆေးပြန်ချပြလိုက်ပေါ့ကွာ"

"ခင်ဗျား…နှလုံးသားမေတ္တာစစ်စစ်ရဲ့အနှစ်ကြောင်းကို နား မလည်ပါဘူးဗျာ။ သိပ်သိမ်မွေ့တယ်၊ သိပ်လေးနက်တယ်။ မမနွေး မမနွေးက ကျွန်တော့်ကို မချစ်တာမှမဟုတ်တာ၊ ကျွန်တော့်ကို သိပ်ချစ် သားပဲ။ ကျွန်တော့်မှာက သူလက်ထပ်နိုင်လောက်တဲ့အရည်အသွေး မရှိလို့လက်မထပ်တာ။ အိုဗျာ..ဒါတွေ ခင်ဗျားကိုပြောပြလည်းသဘော ပေါက်မှာမှမဟုတ်ကာ၊ ကဲ ခင်ဗျားတာဝန်က ကျွန်တော့်မှာ တကယ် ငွေသိန်းလေးဆယ်ပါတဲ့အကြောင်း စစ်ဆေးပြီး စောမိုက်ကယ်ဆီသွား ဖို့ဘဲမဟုတ်လား၊ ဒီည…ကျုပ်မိဘအိမ်မှာ ကျုပ်ငွေသိန်းလေးဆယ် သွားယူမယ်…ဒါပဲ"

ထိုညအဖို့ အောင်နေမျိုးသည် ပြုံးမောင်မောင်၏အိမ်မှာပင် ရှိနေရပေသည်။ မိမိ ပဲခူးသို့ရောက်နေမှန်း ဖေဖေနှင့်မေမေ မသိ

www.burmeseclassic.com

www.burmeseclassic.com



စေချင်။ ဖေဖေနှင့်မေမေသည် သားလေးကျောင်းတက်ကြိုးစားနေသည်ဟု ပင်မှတ်ယူနေကြသည်။ ယခု နှစ်ရက်သုံးရက်အတွင်း အောင်နေမျိုး၏ အဖြစ်အပျက်တွေကို လုံးဝမသိရှာ။

နံနက်(၅)နာရီအချိန်ကို အောင်နေမျိုးရွေးလိုက်သည်။ ထိုအချိန်တွင် ဖေဖေက ဒုတ်ကောက်ကိုင်လမ်းလျှောက်သည်။ မေမေက ဘုရားခန်းဝင် တရားမှတ်သည်။ အနည်းဆုံး တစ်နာရီကျော်ကျော်အချိန်အတွင်း ဖေဖေ မေမေအိပ်ခန်းတွင် လူမရှိ။

မေမေ၏အကျင့်မှာ လူတစ်ရပ်ခန့်မြင့်သော မီးခံသေတ္တာ၏သော့တွဲကို အိပ်ရာခေါင်းအုံးအောက်တွင် ထားလေ့ရှိသည်။

ဖေဖေ၏အကျင့်ကလည်း ဘဏ်တွင်မည်မျှအပ်ထားစေကာမူ သိန်းတစ်ရာခန့် ငွေစက္ကူအချပ်ကြီး အထုပ်တွေကို မီးခံသေတ္တာထဲတွင် မပြတ်ထားလေ့ရှိသည်။ ဘဏ်ပိတ်ရက်များတွင်ဖြစ်စေ၊ ရုံးပိတ်ရက်များ၌ဖြစ်စေ၊ လုပ်ငန်းအရေးပေါ်လျှင် အသင့်လုပ်ဆောင်နိုင်ရန်ဖြစ်ပါ၏။

ပြီး…အောင်နေမျိုး ပဲခူးအောင်ဂေဟာမှာ နေစဉ်ကတည်းက အချိန်မတော်ပြန်လာလျှင် ဝင်နိုင်ရန် ခြံတံခါးသော့၊ အိမ်တံခါးသော့ အပိုတစ်တွဲဆောင်ထားလေ့ရှိရာ ထိုသော့တွဲသည် အောင်နေမျိုး၏ ကားဒက်(ရှ်)ဘုတ်သေတ္တာထဲမှာပင်ရှိနေဆဲဖြစ်သည်။

ထို့ပြင် အောင်ဂေဟာခြံကြီးထဲတွင် ဇော်ပျံနှင့် မိကဲဆိုသည့် အင်းခွေးကြီးနှစ်ကောင်တစ်စုံမွေးထားသေးသည်။ ည(၉)နာရီ(၁၀)နာရီမှစပြီး ခွေးကြီးစုံတွဲကို လွှတ်ဖွင့်ပေးသည်။ ကြက်တစ်ကောင် ခြံထဲမဝင်လေနှင့် ဇော်ပျံနှင့်မိကဲက အရိုးတခြား အသားတခြား



ကိုက်ဆွဲပစ်မည်။ လူသူစိမ်း အောင်ဂေဟာခြံကြီးထဲသို့ လုံးဝမဝင်ရဲ။ မနက်ပိုင်း ဖေဖေလမ်းလျှောက်ရာမှ ပြန်လာမှ ခွေးကြီးနှစ်ကောင်ကို သူတို့လှောင်အိမ်ကြီးထဲပြန်သွင်းလေ့ရှိသည်။

အောင်နေမျိုးချောင်းနေရာ ဖေဖေ လမ်းလျှောက်ထွက်သွားသည်နှင့် ခြံတံခါးဖွင့်ဝင်ခဲ့သည်။ သခင်ကို ကောင်းကောင်းမှတ်မိသော ဇော်ပျံနှင့် မိကဲက အောင်နေမျိုးထံပြေးလာပြီး အမြီးနှံ့ ပွတ်သီးပွတ်သပ်လာလုပ်ကြသည်။

အောင်နေမျိုးရင်ထဲတွင် အောင်ဂေဟာကြီး၌ မိမိကြည်နူးစွာနေခဲ့သည်များကို ပြန်တွေးပြီး ဇော်ပျံနှင့် မိကဲကို ပွတ်သပ်နေမိသည်။

ဒီနောက်မှာတော့ အိမ်ကြီးပေါ်သို့ အောင်နေမျိုးတက်ရောက်လာခဲ့သည်။

နောင်…ဒူဝေ…ဒူဝေ

ဘုရားခန်းမှ မေမေ…ဘုရားရှိခိုးပြီး အမျှဝေ…ကြွေးစည်သံကြားရသည်။ ဒါဆိုလျှင် မေမေ ဆက်ပြီးတရားထိုင်တရားမှတ်နှင့် တစ်နာရီခန့် ဘုရားခန်းမှာပင်ရှိနေဦးမည်။

အောင်နေမျိုး စိတ်ထဲတွင် ဘုရားခန်းထဲဝင်ပြီး မေမေ့ရင်ခွင်တွင် မျက်နှာအပ်ခါ ငိုပစ်ချင်စိတ်ပင်ဖြစ်ပေါ်လာမိသည်။

စိတ်တင်းကာ ဖေဖေနှင့်မေမေ၏အိပ်ခန်းထဲသို့ ချွတ်နင်းဝင်ရောက်ခဲ့သည်။ ဖေဖေနှင့်မေမေအိပ်သော နှစ်ယောက်အိပ်ခုတင်မွေ့ရာကြီးပေါ်ဝယ် ,မေမေခြုံနေကျ မုဒုံချည်ထည်စောင်ပါးလေးသည် မေမေအိပ်ရာထ ထားသွားသည့်အတိုင်း မြွေလိမ်မြွေကောက် တွန့်တွန့်လေးကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဂေဟာကြီးတွင် အခန်းတိုင်းတံခါးတိုင်း၌ ခြင်လုံသံဇကာတပ်ဆင်ထားသဖြင့် ခြင်ထောင်ထောင်ရန် မလိုပေ။ လေပူစက်လေအေးစက်တတ်ထားသောကြောင့်လည်း သာမန်အားဖြင့် စောင်မခြုံကြပေ။

မေမေကတော့ အကျင့်ကြီးပါနေသည်။ အိပ်ပြီဆိုလျှင် မုဒ့်စောင်ပါးလေးခြုံအိပ်မှ အရှက်လုံသည်ဆိုကာ စောင်ပါးလေးခြုံအိပ်သည်။ နံနက်အိပ်ရာမှ မေမေထလျှင် မုဒ့်စောင်လေးကို ဒီအတိုင်းထားခဲ့ပြီး ဘုရားခန်းဝင်သည်။ ဘုရားရှိခိုး တရားထိုင်ပြီးမှ စောင်လေးကို ပြန်ခေါက်လေ့ရှိသည်။

အောင်နေမျိုးသည် မေမေ၏စောင်ပါးလေးကို ကောက်ယူကာ ရင်ခွင့်မှာပိုက်ထားသည်။ မေမေ၏ကိုယ်သင်းနံ့လေးများ စောင်ပါးလေးမှ ရှူရှိုက်နေမိသည်။

ပြီးမှ မေမေ၏မုဒ့်စောင်လေးကို အနားညီခေါက်ရိုးကျခေါက်ပြီး ခုတင်ခြေရင်းတွင် အခေါက်လိုက်တင်ထားလိုက်သည်။

မေမေ့ခေါင်းအုံးအောက်မှ သော့တွဲကိုယူပြီး မီးခံသေတ္တာကြီးကို အောင်နေမျိုးဖွင့်သည်။ အသင့်ယူလာသော ဆာလာအိတ်ထဲသို့ အချပ်ကြီးအထုပ်တွေ သိန်းလေးဆယ်ရေတွက်ထည့်သည်။

ငွေယူပြီးနောက် မီးခံသေတ္တာပြန်ပိတ်ပြီး သော့တွဲကို မေမေ့ခေါင်းအုံးအောက်ပြန်ထားရင်း ဖေဖေ့ခေါင်းအုံးအောက်မှ အစွန်းထွက်နေသော ပစ္စတိုသေနတ်လေးကို တွေ့သဖြင့် ကောက်ယူကာ သူ့ဂျာကင်အိတ်ထဲထည့်လိုက်သည်။

(ထိုစဉ်က လိုင်စင်သေနတ်ကိုင်ခွင့်ပြုသေးသော ကာလဖြစ်ပါ၏)



ကိစ္စပြီးဆုံးပြီမို့ အောင်နေမျိုး ငွေအိတ်ကိုဆွဲကာ ထွက်လာခဲ့ပြီး မိမိကားရပ်ထားရာသို့ လျှောက်လာခဲ့သည်။

"ဘယ့်နှယ်လဲ…အိုကေလား အောင်နေမျိုး"

ကားထဲတွင် ထိုင်စောင့်နေသော ပြုံးမောင်မောင်က လှမ်းမေးရာ အောင်နေမျိုးက ငွေအိတ်ကို ပြုံးမောင်မောင်ပေါင်ပေါ်သို့ ပစ်ပေးလိုက်သည်။

"ရော့…ရေကြည့်၊ သိန်းလေးဆယ်တိတိပဲ"

ပြုံးမောင်မောင်က ရေတွက်ကြည့်ခြင်းမပြုပေ။ အောင်နေမျိုး၏ မှန်ကန်မှုကို ယုံကြည်ပြီးသား။

ယခု သူငယ်ချင်းအောင်နေမျိုးအပေါ်တွင် မိမိက စောမိုက်ကယ်၏လူယုံတော်အဖြစ်ဆောင်ရွက်ရသည်ကို အလွန်စိတ်မကောင်းဖြစ်မိသည်။ ငွေအိတ်ကို ဘေးသို့ချထားလိုက်စဉ်မှာပင် အောင်နေမျိုးကားမောင်းထွက်လာခဲ့သည်။

"ငါ…တကယ်စိတ်မကောင်းပါဘူးကွာ"

"တော်ပါဗျာ…အပိုတွေပြောမနေနဲ့…ရန်ကုန်ကိုပဲမောင်းရမလား၊ ဘယ်ကိုမောင်းရမလဲ"

"ရန်ကုန်ကိုပဲပြန်မောင်းကွာ"

အောင်နေမျိုး ဆက်မောင်းခဲ့သည်။

"မင်းဆီကို ငါစာရေးခဲ့ပါတယ်နော်…အောင်နေမျိုး…ငါဆေးဖြတ်ချင်တယ်၊ မင်း ငါ့ကိုကူညီမလားလို့၊ အဲဒါ မင်းဆီက ဘာမှ ပြန်ပြီးအဖြေမပေးသေးဘူး အောင်နေမျိုး"

"လွယ်တာမှတ်လို့… ဆေးဖြတ်တယ်ဆိုတာ…ကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြတ်ချင်စိတ်နဲ့ ဖွဲ့နှပဲခံပြီး ဆေးဖြတ်တဲ့ဒဏ်ကိုခံနိုင်ရည်ရှိရမယ်။ ကြိတ်မှိတ်ခံနိုင်ရမယ်။ ဆေးဖြတ်ပြီးမှ ပြန်ချရင် ပိုတောင်ဆိုးသေး။ ခင်ဗျားပုံစံက ဖြတ်လို့ရမဲ့ပုံမှမဟုတ်တာ''

''ဂျိစိတ်က တကယ်ပြတ်ချင်နေတာပါကွာ။ ဆေးမပြတ်သရွေ့ ဂျိဘဝဟာ ငါသောက်နေတဲ့ဆေးစီးကရက်လို တဖြည်းဖြည်းတိုသွားပြီး…နောက်ဆုံးသောက်မရတော့တဲ့ ဖင်စီခံဘဝကို ငါရောက်နေမှန်းလဲ ဂျိဟာငါသိပါတယ်''

''စောမိုက်ကယ်တို့ ရှောင်းတို့ရှိနေသရွေ့…ဒါမှမဟုတ်…ခင်ဗျားထောင်မကျသရွေ့ ဆေးဖြတ်လို့ရမှာမဟုတ်ပါဘူး။ ခင်ဗျားကို သူတို့က ဆပ္ပလိုင်းလုပ်နေတာပဲဟာ''

''အေးလေ…မင်းပြောတာလဲမမှားပါဘူး။ အော်…ဒါထက်မင်းကိုငါ သတိပေးထားမယ်…စောမိုက်ကယ်ဟာ ဓါးပေါက်သိပ်တော်တယ်။ အရမ်းကျွမ်းတယ်…တော်ရုံအမြင့်သစ်ပင်ပေါ်က စာကလေးကိုတောင် သူက ဓါးနဲ့ထိအောင်ပေါက်နိုင်တယ်။ သူက သေနတ်ထက် ဓါးကိုသာပိုအားသန်ပြီး ပိုကိုင်တယ်။ ဓါးက သေနတ်လိုအသံမမြည်ဘဲ ရန်သူကိုထိနိုင်စေတယ်ဆိုပြီး ဓါးပဲကိုင်တယ်…သေနတ်မကိုင်ဘူး။ အသံမြည်တာ သူမကြိုက်ဘူးတဲ့။ အဲဒါ မင်းတင်ကြိုသိထားဖို့ပါ''

''ကျွန်တော် စောမိုက်ကယ်ရဲ့ မြားပေါက်နဲ့ ဓါးပေါက် နှစ်ခါတောင်ကြုံပြီးပါပြီဗျာ။ အင်းလေ…ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ချင်လဲ တွေ့ကြမှာပေါ့လေဗျာ''

''အင်းပေါ့လေ…မင်းကိုယ်တိုင်လဲ…ညံ့တဲ့လူမှမဟုတ် တာ၊



ငါက တင်ကြိုသတိပေးထားတာပါ…စောမိုက်ကယ်ရဲ့ဂျာကင်အိတ်ဘောင်းဘီအိတ်တွေထဲမှာ ဓါးတွေ လေးငါးချောင်းအမြဲဆောင်ထားတတ်တယ်…မင်းသိထားဖို့ပါ''

''ကျေးဇူးတင်ပါတယ်…ကိုဖြိုးမောင်…ကျွန်တော်က သူလိုချင်တဲ့ငွေသိန်းလေးဆယ်ပေးမှာပဲဟာ…ဒါကပဲ…ကျွန်တော်ကအရှုံးပေးထားပြီးသားပဲ…နောက်ထပ်သတိထားစရာတွေမလိုတော့ပါဘူး…ရော့ သိန်းလေးဆယ်…ပေး…မမရွေးပဲပေါ့ဗျာ…ဒါပဲလေ…ဒါပဲရှိတော့တာ''

* * *

www.burmeseclassic.com

www.burmeseclassic.com



## [၂၅]

ပဲခူးမြို့အတွက် ဓါတ်ဆီဆိုင်ကိုကျော်လာပြီးသည့်နောက် မိမိ၏ကားနောက် မလှမ်းမကမ်းတွင် တောင်းအေ့(စ်)အမျိုးအစားနှင့်တူသော ဗင်ကားတစ်စီး လိုက်ပါလာမှန်း အောင်နေမျိုးက သူ့ကားနောက်ကြည့်မှန်ကိုကြည့်ပြီး သတိထားမိသည်။

ရိုးရိုးသာမန်ခရီးသွားကားပေလား၊ မိမိနောက်မှ တမင်နောက်ယောင်ခံရှဒိုးလိုက်လာသောကားပေလား၊ သိသာအောင် အောင်နေမျိုးသည် သူ၏ကားကို အရှိန်မြှင့်ပြီး မောင်းကြည့်သည်။

နောက်မှ ဗင်ကားသည် မျက်ခြေမပြတ်အောင် အရှိန်မြှင့်မောင်းပြီး ပါရှိလာပေသည်။

တဖန် အောင်နေမျိုးက သူ့ကားကို အရှိန်လျှော့မောင်းသည်။ နောက်မှဗင်ကားသည်။ ကျော်တက်မသွား၊ ရှိန်လျှော့၍ပင် နောက်မှ လိုက်ပါလာသည်။

သေချာပါ၏။



မိမိကားကိုနောက်ယောင်ခံလိုက်လာသောကားဖြစ်နေသည် မှာ သေချာသွားသည်။

ထိုသို့ မိမိတို့ကားကို အခြားကားတစ်စီး နောက်ယောင်ခံလိုက်လာသည်ကို ကိုပြုံးမောင်အား အောင်နေမျိုးမပြောပေ။

အကြောင်းမူ...

ပြောလည်းအကြောင်းထူးမည်မထင်သောကြောင့်ဖြစ်ပါ၏။

နောက်မှ ဗင်ကားသည် စောမိုက်ကယ်၏ ရှဒိုးကားမှလွဲပြီး အခြားဘာကားဖြစ်နိုင်ပါမည်နည်း။

ကိုပြုံးမောင်အား စောမိုက်ကယ်က ညွှန်ကြားချက်ပေးထားသူဖြစ်သည်။ ညွှန်ကြားသည့်အတိုင်း တကယ်လိုက်နာရဲ့လားဟု စောမိုက်ကယ်နောက်ယောင်ခံလိုက်စစ်ဆေးခြင်းဖြစ်နိုင်နေပေသည်။

နောက်ပြီး အောင်နေမျိုးကိုတော့ စောမိုက်ကယ်ကိုယ်တိုင်က ဖြုံပုံရသည်။

အောင်နေမျိုးသည် သူတို့အား အရှုံးပေးလိုက်လျှောသယောင်ဟန်ရေးပြပြီး တစ်ပတ်ကျော့ ဉာဏ်နီဉာဏ်နက်တွေ အလှည့်အပြောင်းတွေလုပ်မည်ကိုလည်း စောမိုက်ကယ်လန့်ပုံရသည်။

ဒီတော့ မိမိကားနောက်တွင် အခြားဗင်ကားတစ်စီး နောက်ယောင်ခံပါလာကြောင်းကို ပြုံးမောင်ကိုပြောပြ၍ကော...ဘာထူးမည်နည်း၊ ကိုပြုံးမောင်သိသွားလျှင်...သူ့ဆရာစောမိုက်ကယ် နောက်မှလိုက်လာပါလားဆိုပြီး ပို၍အားတက်ဦးမည်။

အောင်နေမျိုးစိတ်ဝယ် မိမိနောက်မှ ဘယ်သူပဲလိုက်လိုက်...သန်းခေါင်ထက်ပို၍ ညဥ့်မနက်ဟုသာ သဘောထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကားကိုသာ မှန်တန်းအရှိန်နှုန်းဖြင့် မောင်းတော့သည်။

မည်သို့ဖြစ်စေ…အောင်နေမျိုးသည် စောမိုက်ကယ်ထံတွင် မမနွေးကြောင့် အရှုံးပေးရစေကာမူ၊ နောက်ဆုံးအဆင့်အထိ အဘယ်သို့တန်ပြန်နိုင်လေမည်နည်း။ အကြံထုတ်ဆဲ တွေးတောဆဲဖြစ်ပါ၏။

အစကမှ မမနွေးလွတ်မြောက်ရေးသာဖြစ်သည်။

မိမိအနေနှင့် ခက်တော့ခက်နေသည်။

မမနွေးလွတ်မြောက်လျှင်ပြီးရောဟု မိမိက စောမိုက်ကယ်ကို ဆေးပြန်ချပါမည်ပြောလိုက်သည်နှင့် မမနွေး လွတ်မြောက်သွားမည် မှန်၏။

သို့သော်…

အစီကအစီဥာန် ပျက်သုဉ်းသွားမည်။

သူဆေးပြန်ချလိုက်သည်နှင့် မမနွေးကို သိပ်ချစ်ပါသည်ဆိုခြင်းမှာ အဓိပ္ပါယ်မရှိပါလေတော့။

မမနွေးက သူ့မကို မိမိတကယ်သိပ်ချစ်သောကြောင့် ဆေးဖြတ်သည်ဟု ယုံကြည်ထားပေသည်။

မမနွေးနှင့်လက်မထပ်ရပဲ…ကွဲကွာသွားသည်မှာ ကံတရားဟုသာ သဘောထားရမည်။ မမနွေး ဘယ်သူ့ကိုလက်ထပ်လက်ထပ် မိမိက မမနွေးကို ရာသက်ပန်ချစ်နေပါသည်ဆိုသည့်အစွဲ…မမနွေး၏ နှလုံးသားထဲ၌ ရာသက်ပန် စွဲမြဲစွာရှိနေစေချင်သည်။

သို့သော်…မိမိဆေးပြန်မချသလို ငွေသိန်းလေးဆယ်ကိုလည်း စောမိုက်ကယ်အား မပေးချင်။ နှစ်ခုစလုံးသည် စောမိုက်ကယ်အား ဒူးထောက်အရှုံးပေးရာရောက်နေသည်။



အောင်နေမျိုး စိတ်ခါတ်က လွယ်လွယ်နှင့် စောမိုက်ကယ်လိုလူအား အရှုံးမပေးချင်၊ ဒူးမထောက်ချင်။ သိန်းလေးဆယ်ကို နှမြော၍မဟုတ်၊ မိမိရင်ထဲမှ "မာန်"က အရှုံးမပေး ဒူးမထောက်လိုခြင်းသာအဓိကဖြစ်သည်။

ကောင်းပြီ၊ ဆေးလဲပြန်မချ၊ စောမိုက်ကယ်ကိုလည်း သိန်းလေးဆယ်မပေးဟု ဆိုပါက မမနွေးလွတ်မြောက်ရေးကို မိမိအဘယ်သို့လုပ်ဆောင်နိုင်မည်နည်း။

မသိသေး။

ဘာလုပ်ရင်ကောင်းမည်ဆိုသောအကြံလေးပင် ယိုးတိုးရိပ်တိတ် မရသေး။

ကားကိုဆက်မောင်းခဲ့သည်။

အင်းတကော်တွင် ကော်ဖီသောက်၊ ငုံးအကောင်ကြော်ဝင်စားသောက်သေးသည်။

ပြုံးမောင်မောင်ကို စောမိုက်ကယ်ညွှန်ကြားထားသည်မှာ ယနေ့ နံနက်(၁၀)နာရီတိတိတွင် သူချိန်းဆိုထားသောနေရာကိုအရောက်လာရမည်။ အချိန်စောပြီးမလာရ၊ အချိန်နောက်ကျပြီးမလာရ။

ထို့ကြောင့် အေးအေးဆေးဆေးပင် ကော်ဖီသောက် ငုံးအကောင်ကြော်စားရင်း သားရွှေအိုးထမ်းလာသည်ကိုမြင်ရသောကိန်းကို စဉ်းစားတွေးတောအကြံထုတ်သည်။

အင်းတကော်မှဆက်မောင်းခဲ့ပြီး နံနက်(၉)နာရီသာသာတွင် ထောက်ကြန့်ကိုကျော်လာပြီး ရွှေညောင်ပင်သို့ရောက်လာသည်။ ဆက်၍ ကျိုက္ကလို့၊ ကျိုက္ကလဲ့ကိုကျော်လာသောအခါ ပြုံးမောင်မောင် လှုပ်ရှားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



""ငါတို့...မင်္ဂလာဒုံလမ်းကြီးအတိုင်း ဆက်မမောင်းနဲ့အောင်နေမျိုး၊ အင်းစိန်လမ်းခွဲကျရင် အင်းစိန်ဘက်ကို ချိုးသွားရမယ်""

""ဘာလဲ...မမနွေးကို ဖုက်ထားတဲ့နေရာက...အင်းစိန်ဘက်မှာမို့လား""

""မောင်းသာမောင်းပါကွာ၊ ဟိုရောက်တော့ ဘယ်နေရာဆိုသာ မင်းသိမှာပေါ့။ ငါ့ကို စောမိုက်ကယ်ကမှာထားတယ်...သူတို့ဆီမရောက်မချင်း ဘယ်နေရာဆိုတာ မင်းကို မပြောရဘူးတဲ့""

""တယ်ကြီးကျယ်ပါလား...ခင်ဗျားမှာလဲ...စောမိုက်ကယ်ရဲ့စကားဆို...ဘုရားဟောထက်တောင် ပိုပြီးလိုက်နာရှိသေနေရပါလားဗျာ""

""ပြောတော့...အောင်နေမျိုး""

""သွားပြီ...ခင်ဗျားဘဝကတော့ ဘယ်လိုမှ အဖတ်ဆယ်လို့မရတော့ဘူး""

ပြုံးမောင်မောင်က မျက်နှာမကောင်းပေ။ ဘာမှလည်းပြန်မပြောပေ။

အင်းစိန်လမ်းခွဲရောက်သည်နှင့် ကားကို အင်းစိန်ဘက်သို့ အောင်နေမျိုး ချိုးကွေ့မောင်းခဲ့သည်။

ကျိုက်ဝိုင်းသို့ရောက်လာပါ၏။

ခြံကြီးတွေကျယ်ဝန်းသည်။ အိမ်ခြေတွေကျဲသည်။ အသွားအလာအလွန်ပြတ်သည်။

""ရှေ့က မြေနီလမ်းကျရင် ညာဘက်ကိုချိုးပေတော့ အောင်နေမျိုး။



ပြောသည့်အတိုင်း ချိုးကွေ့ဝင်ခဲ့သည်။

တစ်ဖါလုံသာသာမောင်းဝင်ခဲ့ရသေးသည်

""ဘယ်ဘက်ကခြံကြီးထဲသာ ချိုးကွေ့ဝင်လိုက်ပေတော့...ဒီနေ့မနက်ဆယ်နာရီတိတိမှာ စောမိုက်ကယ်အဖွဲ့က ဒီခြံကြီးထဲက တိုက်အိမ်ထဲမှာ ဒေါက်တာနွေးနွေးကိုခေါ်လာပြီး အသင့်ရှိနေမယ်လို့ ငါ့ကိုပြောတာပဲ""

ခြံပျက်တိုက်ပျက်ကြီးဖြစ်ပါ၏။

ခြံထဲတွင် ရွက်အုပ်ဖါးတွေနှင့် ဝေသီခေါင်မြင့် သရက်၊ မရမ်း၊ ကနစိုးပင်ကြီးများရှိသည်။

""ရောင်းမည်""ဟုရေးထားသော မျဉ်ပြားပေါ် ဆေးအဖြူနှင့်ရေးထားသောစာလုံးကိုလည်းတွေ့ရသည်။

အောင်နေမျိုးအကဲခတ်မိသည်။

ဤခြံပျက်တိုက်ပျက်ကြီး၏ပိုင်ရှင်သည် 'ရောင်းရန်' ဆိုင်းဘုတ်ဆွဲထားပြီး ပိုင်ရှင်ကတော့ တခြားမှာနေပုံရသည်။

ဤခြံပျက်နှင့် တိုက်ပျက်ကို စောမိုက်ကယ်က မမနွေးနှင့်မိမိတို့ကိစ္စဥ်သာ အသုံးချပြီး သူတို့စခန်းမဟုတ်ပေ။ သူတို့စခန်းကတခြားတစ်နေရာတွင်ဖြစ်မည်။

တို့ကြောင့် ပြုံးမောင်မောင်အား (၁၀)နာရီတိတိဟု အချိန်အတိအကျကန့်သတ်ထားခြင်းဖြစ်မည်။ (၁၀)နာရီတိတိထက်ပို၍မစောရ။ ပို၍နောက်မကျရဟူ၍။

လုပ်နည်းလုပ်ဟန်တွေကိုကြည့်ရခြင်းအားဖြင့် သူတို့လူသို ပြုံးမောင်မောင်ပင်လျှင် သူတို့၏စခန်းနေရာကို သိထားပုံမရပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးထဲဝင်ပြီး တိုက်ပျက်ကြီးရှေ့တွင် ကားကိုရပ်လိုက်သည့် တိုင်အောင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။ အရာရာသည် ငြိမ်သက်နေသည်။ ဘာတစ်ခုမှ လှုပ်လှုပ်ရှားရှားမတွေ့ရပါလေ။

"ဘာအရိပ်အရောင်မှမတွေ့ပါလား ကိုပြုံးမောင်…ဒီနေရာလာခဲ့ရမယ်လို့ ခင်ဗျားကိုညွှန်ကြားတာမှန်ပါတယ်နော်"

"ပြောထားတာကတော့ ဒီနေရာနဲ့ ဒီအချိန်အတိအကျပဲ အောင်နေမျိုး။ သူတို့ရောက်နှင့်နေပြီး ကိုယ်ဖျောက်နေကြတာလား။ ဒါမှမဟုတ် ရောက်မလာကြသေးတာလားတော့…ငါလည်းမသိဘူး။ ဆယ်နာရီထိုးဖို့က သုံးမိနစ်လိုနေသေးတာကိုး။ သူတို့နာရီနဲ့ ငါ့နာရီ သေချာတိုက်ထားတာပဲ"

သုံးမိနစ်ပြည့်ပြီး ဆယ်နာရီတိတိတွင် "ကဲ…ဆင်းတော့" ဟု ကိုပြုံးမောင်က ပြောလိုက်သည်။

အောင်နေမျိုးက ငွေအိတ်ကိုဆွဲကာ ကားအောက်သို့ဆင်းလိုက်ပါ၏။

ကိုပြုံးမောင်ကဆင်းပြီး သူ့ကိုမြင်စေရန်…တိုက်ရှေ့တွင် ကိုယ်ယောင်ပြသည်။ လူလုံးပြသည်။ ပြီးအသံပြုပြောလိုက်သည်။

"အားလုံးရှင်းတယ်၊ ဘာအကွေ့အကောက်မှမရှိဘူး။ သေချာစစ်ဆေးပြီးပြီ"

* * *



# [၂၆]

ကိုပြုံးမောင် မတိုးမကျယ်ပြောလိုက်ပြီးမှ လက်ယာဘက်အတွင်းခန်းနံရံကွယ်မှ စောမိုက်ကယ်ထွက်လာသည်။ သူ၏လက်ထဲတွင် ခလုတ်ဖွင့်ပြီးသား မောင်းပြန်ဓါးတစ်ချောင်းကိုင်ထားပါ၏။

လက်ဝဲဘက်နံရံအကွယ်မှ ရှိစီထွက်လာသည်။ ထုံးစံအတိုင်း ရှိစီသည် ဘယ်အခါကြည့်ကြည့် အလှပြင်ထားပြီးသားတွေ့ရသည်။ ရှိစီကပင် နှုတ်ဆက်စကားဆိုပေသည်။

"ကြိုဆိုပါတယ်…မင်္ဂလာပါကိုမျိုး"

"မမနွေးဘယ်မှာလဲ"

"ရှိပါတယ်…ရှိပါတယ်…ကိုမျိုးရဲ့ မမနွေး…ကျန်းမာပကတိ ချမ်းသာစွာရှိပါတယ်…ကိုမျိုးကတော့ မမနွေးနဲ့တွေ့ဖို့အတွက် ပထမအချက်ကိုလက်ခံသလား…ဒုတိယအချက်ကိုလက်ခံသလားရှင်"

"ဒုတိယအချက် ငွေသိန်းလေးဆယ်"

အောင်နေမျိုးက သူ့ဆာလာအိတ်ကြီးကိုပြသည်။ ပြီး အိတ်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ကာ အထဲမှအချပ်ကြီး သောင်းထုပ်သိန်းထုပ်အသစ်တွေကိုလည်း ထုတ်ပြသည်။

"ဒါဆို အဲဒါ ရီစီလက်ထဲအပ်လေ"

"ဒီလို ဘာရမလဲ ရီစီ…မမနွေးကို ကျွန်တော်ပကတိအတိုင်း မြင်ချင်တယ်"

ရီစီက စောမိုက်ကယ်ကိုလှမ်းကြည့်သည်။

စောမိုက်တယ်က ခေါင်းညိတ်ပြပါ၏။

ရီစီက အတွင်းဘက်သို့ အသံပေးအချက်ပေးလိုက်သည်။

"ခေါ်ခဲ့ပါ…ဒေါက်တာနွေးနွေးကိုခေါ်ခဲ့ပါ"

အောင်နေမျိုး မျက်လုံးအစုံသည် မရီစီလှမ်းပြောရာ အချက်ပေး ရာဘက်သို့ မျက်လုံးအရောင်ထွက်မတတ်စိုက်ကြည့်နေသည်။

မမနွေးကိုမြင်ရပြီ။

မမနွေးအား ဘေးတစ်ဘက်စီမှ စောမိုက်တယ်၏တပည့်နှစ် ယောက်က မမနွေး၏လက်မောင်းတစ်ဘက်စီကို ချုပ်ကိုင်ထားပြီး ခေါ်ထုတ်လာသည်။

"မမနွေး"

"အောင်လေး"

သူတို့ပြောသည့်အတိုင်း မမနွေးသည် ကျန်းမာပကတိ ချမ်း သာစွာရှိနေကြောင်း မြင်တွေ့ရသည်။

ဘာမှညှဉ်းပန်းနှိပ်စက်ထားသည့်သွင်ပြင်လက္ခဏာမတွေ့ရ လေ။

နွေးနွေးက အောင်နေမျိုးကိုတွေ့သည်နှင့် အောင်နေမျိုးထံ



လာရန် ချုပ်ကိုင်သူလက်မှရုန်းသည်။

"မမနွေးကိုလွှတ်ပေးတော့လေ…ရော့ ပတ္တမြား…ရော့နဂါး လုပ်မှပေါ့…ဒီမှာ ငွေသိန်းလေးဆယ်…ယူ…မမနွေးကိုလွှတ်"

"ဟဲ…ဟဲ…ဟဲ"

အောင်သေအောင်သားစားရသော ခြင်္သေ့ဟိန်းသံပုံစံဖြင့် စော မိုက်ကယ်က ရယ်သွမ်းသွေးလိုက်သည်။

"ဒီလိုလုပ်ပါ ကိုအောင်နေမျိုး…ခင်ဗျား ငွေအိတ်ကို ခင်ဗျား ဘေးက ပြုံးမောင်မောင်လက်ထဲပေးအပ်လိုက်ပါ။ ပြုံးမောင်မောင်ရဲ့ လက်ထဲ…ငွေအိတ်ရောက်သွားတာနဲ့…ခင်ဗျားရဲ့မမနွေးကို လွှတ် မယ်။ ဒါမှ ရော့ပတ္တမြား…ရော့နဂါးပီပြင်မှာလေ"

အောင်နေမျိုးက ငွေထုပ်ကို ပြုံးမောင်မောင်လက်သို့ အပ်လိုက် ပါ၏။

ယှဉ်ပြိုင်ပေမဲ့ မနိုင်တဲ့အခါ ရှုံးပေါ့လေဟု စိတ်ထဲကမှတ်ယူ သည်။

မမနွေးလွတ်ဖို့သာ အဓိကပေကိုး။

သို့သော် ငွေထုပ်…ပြုံးမောင်မောင်ကိုပေးအပ်ပြီးသည်အထိ စောမိုက်ကယ်က သူ့လူနှစ်ယောက်အား မမနွေးကို လွှတ်ဖို့အမိန့် မပေးသေးပေ။

"မမနွေးကို လွှတ်လိုက်လေဗျာ"

"ဟဲ…ဟဲ…ဟဲ…"

ရယ်သွမ်းသွေးရင်း စောမိုက်ကယ်က ခေါင်းကိုယမ်းပေါက်ပုံစံသို့

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကိုင်လိုက်သည်။

"ဆောရီးပဲ ကိုအောင်နေမျိုး ဒေါက်တာနွေးနွေးကို လွှတ်ပေးဖို့ ခြွင်းချက်တစ်ခုကျန်နေသေးတယ်"

"ဘာဗျ…ဘာခြွင်းချက်လဲ"

စောမိုက်ကယ်၏စကားကြောင့် အောင်နေမျိုး အံ့သြသွားသလို သူ့တပည့်ပြုံးမောင်မောင်ပင် အံ့သြသွားသည်။

"ဒေါက်တာ ဒေါ်နွေးနွေးရဲ့ မိဘတွေဆီက နောက်ထပ် သိန်းလေးဆယ်ရဖို့လိုသေးတဲ့ ခြွင်းချက်ပဲ။ ကိုအောင်နေမျိုး…စဉ်းစားကြည့်လေဗျာ။ အခု မောင်ရင့်ဆီက သိန်းလေးဆယ်ရပြီးတဲ့နောက် မောင်ရင်နဲ့ဒေါက်တာနွေးနွေးကို ကျုပ်ကလွှတ်ပေးလိုက်ပါပြီတဲ့။ မောင်ရင်က ငတ်တုတ်ကြီးခံနေမတဲ့လား။ မောင်ရင့်အနေနဲ့ ပုလဲဖြူအဖွဲ့အကြောင်းကိုသိသွားပြီ။ ပုလဲဖြူအဖွဲ့ခေါင်းဆောင် ကျုပ်စောမိုက်ကယ်နဲ့ ရိုစီမှန်းလဲသိသွားပြီ။ မောင်ရင့်မှာ ရဲအဖွဲ့ကိုတိုင်ကြားနိုင်တဲ့ အချက်တွေ ဂဃနဏကြီးရသွားပြီ။ ဘိန်းဖြူနဲ့ပတ်သက်တဲ့ကိစ္စတွေ အပထားဦး စောမိုက်ကယ်နဲ့ ရိုစီ ပုလဲဖြူအဖွဲ့ဟာ ဒေါက်တာနွေးနွေးကို ပြန်ပေးဆွဲလို့ သိန်းလေးဆယ်နဲ့ရွေးရတယ်ဆိုတဲ့တိုင်ချက် ရဲကိုတိုင်လိုက်ဦး၊ ကျုပ်နောက်ကို ရဲတွေလိုက်တော့မှာသေချာတယ်၊ နောက်ပြီး…ဒေါက်တာနွေးနွေးကလဲ…သူ့ကိုခေါ်သွားတဲ့ ကျုပ်ရဲ့ စခန်းကို သိသွားပြီ"

အောင်နေမျိုး ဒေါသမျိုသိပ်ထားရသည်။ မမနွေးကို မလွှတ်



ပေးနိုင်သော ဆင်ခြေစကားတွေကြောင့် ဖြစ်ပါ၏။ စောမိုက်ကယ်က ဆက်ပြောသည်။

"ရဲအဖွဲ့က ဒီလောက်နိုင်မာတဲ့အချက်တွေရတာနဲ့…အမှုဖွင့်ပြီး ကျုပ်တို့အဖွဲ့ကို မြေလှန်ရှာပြီပေါ့ဗျာ။ စောမိုက်ကယ်နဲ့ရိုစီရဲ့ ရုပ်ပုံတွေကို ကွန်ပျူတာနဲ့ဖေါ်ပြီး တွေ့ရာသင်္ချိုင်း ခါးမဆိုင်းလုပ်ပြီပေါ့။ စောမိုက်ကယ်နဲ့ရိုစီခေါင်းဆောင်တဲ့အဖွဲ့ကြီးဟာ ရန်ကုန်ကနေ လစ်ပြေးရပြီပေါ့။ ရန်ကုန်ကတောင်မဟုတ်တော့ဘူး…မြန်မာပြည်ထဲကနေပြီး နယ်စပ်အထိ တစ်ဖွဲ့လုံးလစ်ပြေးရတော့မယ်။ ဒီပြင်တစ်နေရာမှာ စခန်းသစ်သွားဖွင့်ရင် ကုန်ကျမယ်…ကုန်ကျစရိတ်တွေ…ဖေါက်သည်သစ်တွေရှာရမဲ့ကုန်ကျစရိတ်တွေ အများကြီးမှအများကြီး… ဒီတော့ မောင်ရင်ပေးတဲ့ငွေသိန်းလေးဆယ်အပြင် ဒေါက်တာနွေးနွေးရဲ့မိဘတွေဆီက နောက်ထပ်သိန်းလေးဆယ်ထပ်ရမှ ကျုပ်တို့မှာ ကုန်ကျစရိတ် ကာမိရုံပဲရှိမယ်။ သူတို့သမီးကိုပြန်ပေးဆွဲတာ…သူတို့ ရွေးရမဲ့တာဝန်ရှိတယ်လေ"

အောင်နေမျိုး အရမ်းဒေါသထွက်ပြီ။

စောမိုက်ကယ် ကတိဖျက်သည်။

စောမိုက်ကယ် ထပ်ဆင့်လုပါးဝသည်။

ဒါကို ပြုံးမောင်မောင်က သူ့ဆရာစောမိုက်ကယ်ကို စောဒကတက်လိုက်ပါ၏။

"ဒါတော့ ကိုစောမိုက်ကယ်တို့မဟုတ်တော့ဘူးဗျာ…အောင်နေမျိုးက သူ့တာဝန်ကျေပြီပဲ။ ကိုစောမိုက်ကယ်လုပ်ပုံက အဖွဲ့ရန်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ငွေအလျှုခံတဲ့ပုံစံမဟုတ်တော့ဘူး…ကိုယ်ကျိုးစီးပွားရှာသလိုဖြစ်နေပြီ"

"မင်းပါးစပ်ပိတ်ထား ပြုံးမောင်"

ပြုံးမောင်မောင် ထပ်မပြောရဲတော့။

အောင်နေမျိုးက စောမိုက်ကယ်ကိုစေ့စေ့ကြည့်ကာပြောလိုက်သည်။

"ဒီမယ်…စောမိုက်ကယ်…အခု ကျုပ်ပေးတဲ့ငွေသိန်းလေးဆယ်ဟာ…ကျုပ်မိဘတွေ ကောင်းရောင်းကောင်းဝယ်…သန့်သန့်ရှင်းရှင်းရှာဖွေတဲ့ငွေတွေ၊ အမှန်ပြောရရင် ကျုပ်အဖေရဲ့ အင်မတန်သန့်စင်တဲ့ငွေတွေကို ခင်ဗျားတို့ရဲ့ ညစ်ပတ်စုတ်ပဲ့တဲ့လုပ်ငန်းမှာ သုံးဖို့ပေးရတာ…ကျုပ်အရမ်းနှမြောတယ်…ဒါပေမဲ့…မမနွေးအတွက်ကျုပ်…မျက်စိမှိတ်ပြီး…အိမ်ကသွားခိုးယူလာပြီးပေးတာ။ ကဲ…ကျုပ်…နောက်ဆုံးတစ်ခွန်းပဲမေးမယ်…မမနွေးကို ခင်ဗျား…လွှတ်မလား…မလွှတ်ဘူးလား ဒါပဲပြော"

"မလွှတ်ဘူးဆိုရင်ကောကွာ"

အောင်နေမျိုး၏လှုပ်ရှားမှုမှာ မြန်လိုက်သည့်ဖြစ်ခြင်း။

ဂျာကင်အိတ်ထဲတွင်ထည့်ယူလာသော ဖေဖေ၏သေနတ်ကိုဆွဲထုတ်ယူသည်နှင့် ချပ်ခနဲမောင်းဆွဲကာ စောမိုက်ကယ်တို့အားချိန်ထားလိုက်သည်။

တကယ်တန်းမူ ဖေဖေ၏သေနတ်နှင့် မပစ်ချင်…ဖေဖေ့အဝေါ်အမှုတွေရှုပ်ထွေးသွားမှာ စိုးရိမ်သည်။



စောမိုက်ကယ်မှအစ သူတို့အားလုံး အံ့အားသင့်သွားသည်။ ကြောင်သွားသည်။

အောင်နေမျိုးတွင် သေနတ်ပါလာလိမ့်မည်ဟု လုံးဝ စောမိုက်ကယ်နှင့် ရှီစီမတွက် မထင်ထားမိ။ အောင်နေမျိုးသည် သူ၏မမနွေးလွှတ်လျှင်ပြီးရောဟု ငွေသိန်းလေးဆယ်ပေးသည်နှင့် သူတို့ကလွှတ်ပေးမည်ဆိုသောယုံကြည်ချက်ထားရှိပြီး သူတို့ကို အရှုံးပေးထားပြီးသားဟုလည်း စောမိုက်ကယ်နှင့် ရှီစီက တစ်ထစ်ချမှတ်ယူထားသောကြောင့် ယခု အံ့အားသင့်သွားခြင်းဖြစ်ပါ၏။

တို့ပြင် ပြုံးမောင်မောင်သည် မိမိတို့ညွှန်ကြားထားသည့်အတိုင်း အောင်နေမျိုးအား အရာရာစစ်ဆေးပြီးသားဟုလည်း ယုံကြည်ထားကြသည်။

ပြုံးမောင်မောင်သည် အခြေအနေမကောင်းသောကြောင့် ချက်ချင်းရိပ်မိသည်။

"ရော့ဟော့…အောင်နေမျိုး…မင်းငွေအိတ် မင်းပြန်ယူ…"

ပြောပြီးသည်နှင့် ငွေအိတ်ကို အောင်နေမျိုးရှေ့မှာပစ်ချထားခဲ့ပြီး ခြံတံခါးပေါက်ဆီသို့ အပြေးထွက်သွားသည်။

"ဗိုး"

"ဒိုင်း"

စောမိုက်ကယ်က သူ့လက်ထဲကခါးနှင့် ပြုံးမောင်မောင်ကိုပစ်လိုက်သည်နှင့် အောင်နေမျိုးကလည်း စောမိုက်ကယ်ကို သေနတ်နှင့်ထိုးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုး ဇဝေဇဝါဖြစ်နေခိုက်မို့ ပြုံးမောင်မောင်ကျောထဲသို့ စောမိုက်ကယ်ပစ်ပေါက်သောဓါးစိုက်ဝင်သွားသည်။

ပြုံးမောင်မောင် ပြေးရင်း လမ်းခုလတ်မှာပင် မှောက်လျက်သားလဲကျသွားသည်။

အောင်နေမျိုးပစ်လိုက်သော သေနတ်ကျည်ဆန်ကလည်း စောမိုက်ကယ်ထိတော့ထိပါ၏။ သို့သော် ပုခုံးကိုသာထိသွားသည်။

အောင်နေမျိုး သေနတ်ပစ်တွင်အလေ့အကျင့်ရှိပါ၏။ အသင့်အတင့်လည်း လက်ဖြောင့်ပါ၏။ ဒီလောက်အနီးကပ်ပစ်သည်မှာ လွဲစရာမရှိ။

သို့သော် မမနွေးကိုလွှတ်မပေးသည့်အတွက် စိတ်ထဲတွင် ဒေါသနှင့် ကသိကအောက်ဖြစ်နေသည်။ ဖြုန်းခနဲ မမျှော်လင့်ပဲ ပြုံးမောင်မောင်ထွက်ပြေးသွားသည်ကိုလည်း အံ့အားသင့်သွားသည်။ မိမိ၏ သေနတ်က စောမိုက်ကယ်ကိုရော မမနွေးကို ချုပ်ကိုင်ထားသည့် တပည့်နှစ်ယောက်ကိုရော...ဟိုချိန်ဒီချိန် မလွှတ်တန်းသေနတ်ပြောင်း ချိန်နေရသည်မို့ စောမိုက်ကယ်က ပြုံးမောင်မောင်ကို ဓါးနှင့်အပေါက်တွင် ရုတ်တရက်ထိုးပစ် ပစ်လိုက်ခြင်းမျိုးဖြစ်သည်။

ဓါးနှင့်အားယူပေါက်လိုက်သော စောမိုက်ကယ်က ဓါးအဝင်အလွှတ်တွင် ရှေ့သို့ပုခုံးအားပါရှိပြီး ခန္ဓာကိုယ်ကို ရှေ့သို့ကိုယ်တစ်စောင်းဖြစ်သွားချိန် သေနတ်နှင့်ပစ်သည်ကြောင့် ပုခုံးစောင်းကိုသာထိသွားခြင်းဖြစ်ပေသည်။

စောမိုက်ကယ်သည် တုံးလုံးလှဲချကာ သူ့ကိုယ်ကိုလှိမ့်ပြီး တိုင်း



ပျက်ကြီးသို့အရောက်ဝင်လိုက်သည်။ ရိုစီကလည်း လှစ်ခနဲ အထဲသို့ ဝင်သွားသည်။

အောင်နေမျိုးသည် ယခုလောလောဆယ် မမနွေးကို ချုပ်ကိုင်ထားသော နှစ်ယောက်ကိုကြည့်လိုက်ပါ၏။ ထိုနှစ်ယောက်သည် သူတို့လက်တစ်ဘက်အသီးသီး သူတို့အိတ်ထဲနှိုက်နေသည်ကို တွေ့ရသည်။ မမနွေးကိုချုပ်ကိုင်ထားရင်း ကျန်လက်တစ်ဘက်စီဖြင့် နှိုက်နေခြင်းဖြစ်သည်။ ဓါးနှိုက်၍ရလာလျှင် မမနွေးကို ဓါးနှင့်ထောက်ပြီး မိမိကို သေနတ်ချခိုင်းပေမည်။

""ဒိုင်း...ဒိုင်း""

အောင်နေမျိုး နှစ်ချက်ထပ်၍ပစ်သည်။ နှစ်ယောက်စလုံး အားခနဲ အားခနဲအော်ကာ ပက်လက်ကျသွားသည်။

ချုပ်ကိုင်ထားသောလက်များ လွှတ်သွားပြီမို့...မမနွေးသည် အောင်နေမျိုးရှိရာသို့ တစ်ရှိန်ထိုးပြေးလာသည်။

""အောင်...အောင်...အောင်""

အောင်နေမျိုးက မမနွေးကို ဆီးကြိုပွေ့ပိုက်ထားလိုက်သည်။

""ကဲ...မမနွေး...ပြေးပေတော့။ ကျွန်တော့်ကားပေါ်တက်...စက်နှိုးပြီး ခြံပေါက်ဝကထွက်သွားတော့ မမနွေး...ကျွန်တော်လိုက်လာခဲ့မယ်။ အခုအခြေအနေက စောမိုက်ကယ်လက်ကမလွှတ်သေးဘူး။ ကျွန်တော် မမနွေးကားမောင်းပြီး ခြံပြင်ရောက်သည်အထိ ဒီကောင်တွေကို သေနတ်နဲ့ထိန်းပေးထားမယ်...မမနွေး...မောင်းထွက်ပေတော့...""

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် လက်ငင်းအခြေအနေအရ အောင်နေမျိုးပြောသည့်အတိုင်းလုပ်ဆောင်ရမည်ကို သဘောပေါက်သဖြင့် ခန္ဓာကိုယ်ကို ငုံ့ပြီး ကားဆီသို့အရောက်သွားသည်။

ရောက်သည်နှင့် ကားပေါ်တက်စက်နှိုးကာ ခြံထဲမှ တံခါးပေါက်ဆီသို့မောင်းထွက်သွားသည်။ ကားထဲမှ မမနွေးကိုတော့ စောမိုက်ကယ် ဓါးနှင့်ထိအောင်ပေါက်နိုင်မည်မဟုတ်။ ကားဘော်ဒီရော ကားမှန်တံခါးရော ပိတ်ထားသည်။ ဘီးလိမ့်မောင်းနေသောကားမို့ ပစ်ပေါက်ရန်မလွယ်။

အောင်နေမျိုးက သေနတ်ပြောင်းချိန်ထားရင်း အားလုံးကို ဝေ့ဝိုက်ကြည့်သည်။ ပြီး စောမိုက်ကယ်လိမ့်ဝင်သွားသောနေရာကို ကြည့်ရာ...စောမိုက်ကယ်သေနတ်ထိသွားသောဒဏ်ရာမှ သွေးတွေ ကျကျန်ခဲ့သည်ကိုမြင်ရသည်။

တိုက်ပျက်ကြီးထဲသို့ သေနတ်အသင့်ချိန်ရင်း ဝင်ခဲ့သည်။ စောမိုက်ကယ်ရော ရိုစီကိုရောမတွေ့ရတော့ပေ။ တိုက်ပျက်ကြီးမှာ ဟင်းလင်းကြီးရှိနေသည်။ ဘေးပေါက်နောက်ပေါက်မှ ရိုစီက စောမိုက်ကယ်ကို တွဲခေါ်သွားခြင်းဖြစ်တန်ရာသည်။

အောင်နေမျိုး ပြန်ထွက်လာသည်။

မမနွေးအား ချုပ်ကိုင်ခဲ့သူ(၂)ယောက် မလှုပ်မယှက် ပက်လက်အနေအထားအတိုင်းရှိနေသည်ကိုတွေ့ရသည်။

ဖြိုးမောင်မောင်လည်း နောက်ကျောဓါးတန်းလန်းစိုက်နှင့် မှောက်လျက်သားကြီးတွေ့ရပြန်သည်။



သံယောဇဉ်မကင်းသူမို့ ငုံ့ကြည့်မိသည်။ သို့သော် ဖြိုးမောင်မောင်ကိုပွေ့ထူချိန် ကြည့်ရှုချိန်မရပေ။

ဖြိုးမောင်မောင်ပြန်ပေးခဲ့သော ငွေအိတ်ကိုဆွဲကာ အောင်နေမျိုး မော်တော်ကားဆီသို့လာခဲ့သည်။ အမြန်ဆုံး ဤနေရာမှ မမနွေးနှင့် လွတ်မြောက်သွားဖို့လိုသေးသည်။

မမနွေးက ပြောသည့်အတိုင်း ခြံပေါက်ဝကို ကားခေါင်းတေ့ထားကာ စက်နှိုးထားသည်။

အောင်နေမျိုး ကားတံခါးဖွင့် ငွေအိတ်ကို ကားထဲပစ်သွင်းထည့်စဉ်မှာပင် မမနွေး၏ အလန့်တကြားအော်ဟစ်သံထွက်လာသည်။

"ဟို...ဟိုမှာ...အောင်အောင်"

အောင်နေမျိုး နောက်ကျသွားပြီ။ ပြန်လှည့်ပြီး သေနတ်နှင့် ပြန်ပစ်ချိန်မရမီမှာပင် ဓါးတစ်ချောင်းက အောင်နေမျိုး၏ကျောပြင်သို့ ဝင်စိုက်တော့သည်။

နွေးနွေးသတိပေးချက် စက္ကန့်ပိုင်းလောက်နောက်ကျသွားသည်မှာ မမနွေးအပြစ်မဟုတ်ပေ။

စောမိုက်ကယ်က တိုက်ပျက်နောက်ဖေးပေါက်မှထွက်လာကာ သစ်ပင်ကြီးများကိုအကာအကွယ်ယူပြီး အိမ်ရှေ့သို့ကူးလာပြီး သစ်ပင်၏ပင်စည်နောက်တွင်ကွယ်ကာ ချောင်းနေသည်။ အောင်နေမျိုး ကားတံခါးဖွင့် ငွေအိတ်ပစ်သွင်းသည်မှာ စောမိုက်ကယ်ကို ကျောပေးထားသလိုဖြစ်နေခြင်းကြောင့် စောမိုက်ကယ်၏ဓါးပစ်ကွင်းထဲရောက်သွားသဖြင့် ကျောကိုဓါးဝင်စိုက်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်နေမျိုး ကားရှေ့ကူရှင်လွတ်တွင် အားလျားမှောက်ကျသွားသည်။ အောင်နေမျိုး သတိမလစ်။

"မှောင်း…မှောင်း…မမနွေး ဒီခြံထဲကလွတ်အောင်မောင်းပေတော့"

ကိုယ်တစ်ဝက် အပြင်ထွက်နေသည်။ ခြေနှစ်ချောင်းအပြင်ထွက်နေသည်။ နွေးနွေးက အောင်နေမျိုးတန်းလန်းထွက်ကြီးနှင့်ပင် ခြံပြင်သို့ရောက်အောင် မောင်းထွက်သည်။ ခြံပြင်သို့တော်တော်ရောက်မှ ကားကိုရပ်ခါ အောင်အောင်ကို့ဆွဲသွင်းသည်။

ကျောတွင် ဓါးစိုက်ဝင်တန်လန်းကို နွေးနွေးတွေ့ရသဖြင့် အရမ်းစိတ်ပူကာ အောင်နေမျိုးကို ကိုယ်တစောင်း ကားထဲသို့အရောက်ဆွဲသွင်းသည်။ ကျောတွင် ဓါးတန်းလန်းမို့ ပက်လက်ဖြစ်မသွားအောင် နွေးနွေးသတိထားသည်။

ဓါးတန်းလန်းကို နွေးနွေးဆွဲမနှုတ်၊ ဆွဲနှုတ်လျှင် အသက်ပါသွားနိုင်တတ်မှန်း ဒေါက်တာနွေးနွေး နားလည်သည်။

အရေးအကြီးဆုံးမှာ ဆေးရုံသို့ရောက်ဖို့သာဖြစ်သည်။

ထိုစဉ်မှာပင် ဗင်ကားတစ်စီးဝင်လာသည်။ ထိုဗင်ကားပေါ်တွင် ဖေဖေဦးစည်သူနှင့် သေနတ်ကိုင်ရဲအရာရှိ ရဲသားများပါရှိလာသည်။

"ဖေဖေ…အဲဒီခြံကြီးထဲကိုဆက်မောင်း…ဆက်မောင်း…အထဲမှာ စောမိုက်ကယ်တို့အဖွဲ့ရှိတယ်။ မြန်မြန်သွားပါ…ပြီးရင် အင်းစိန်ဆေးရုံကိုလိုက်ခဲ့ပါတော့ ဖေဖေ"

နွေးနွေးက ထိုမျှသာလှမ်းပြောပြီး ဒရကြမ်းဆက်၍မောင်း



ထွက်လာခဲ့သည်။

အောင်နေမျိုး ရန်ကုန်မှ ပဲခူးသို့ သူ့ကားဖြင့်ထွက်သွားကတည်းက ဦးစည်သူက ဗင်ကားမှန်လုံဖြင့် အောင်နေမျိုးနောက်မှ နောက်ယောင်ခံလိုက်ခဲ့ခြင်းဖြစ်သည်။

သမီးနွေးနွေးလွတ်မြောက်ရေးမှာ အောင်နေမျိုးနှင့် လူဆိုးအဖွဲ့တွေ့ဆုံဖို့အဓိကဖြစ်ကြောင်း ဦးစည်သူနားလည်ခဲ့သည်။ ထို့ကြောင့် အောင်နေမျိုးနောက်မှ နောက်ယောင်ခံလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အိမ်မှကားကိုမသုံးဘဲ မိတ်ဆွေတစ်ဦးစီမှ ဗင်ကားကို ငှားယူသုံးစွဲခြင်းဖြစ်သည်။ ပဲခူးတွင် ဇိုင်းဂနိုင်းရပ်ကွက် ပြုံးမောင်မောင်၏အိမ်တွင် အောင်နေမျိုးခိုအောင်းနေတော့လည်း ဦးစည်သူက ဗင်ကားထဲမှပင်၊ ပြုံးမောင်မောင်၏အိမ် မနီးမဝေးမှစောင့်ခဲ့သည်။ နံနက်စောစော အောင်နေမျိုး သူ၏မိဘအိမ် အောင်ဂေဟာသို့သွားတော့လည်း ဦးစည်သူနောက်မှပါလာသည်။

ထို့နောက် တောက်လျှောက်ပင် ရန်ကုန်ပြန်ခဲ့သည်အထိ နောက်ယောင်ခံလိုက်ခဲ့သည်။

အင်းစိန်ဘက်ချိုးကွေ့ပြီး ခြံပျက်တိုက်ပျက်ကြီးထဲ အောင်နေမျိုး၏ကားဝင်သွားမှ ဦးစည်သူက အနီးဆုံးရဲစခန်းသို့သွားရောက်အကူအညီတောင်ပြီး ခြံပျက်တိုက်ပျက်ကြီးသို့ ပြန်လာခြင်းဖြစ်ပါ၏။

ဦးစည်သူ၏ဗင်ကား ခြံထဲသို့ဝင်အလာမှာပင် စောမိုက်ကယ်နှင့်ရှီစီက သူတို့ကားဖြင့် ထွက်ပြေးမည်ပြုစဉ် ရဲအဖွဲ့က အမိဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟ…ဒီကောင်မသေသေးဘူး…ကျောမှာ ဓါးတန်းလန်းကြီးနဲ့…အင်းစိန်ဆေးရုံကိုအမြန်ပို့လိုက်''

ပြုံးမောင်မောင်ကို ရဲအဖွဲ့က ဆေးရုံသို့ပို့ပေးသည်။ နွေးနွေးကိုချုပ်ကိုင်ခဲ့သော လူဆိုးနှစ်ယောက်ကတော့ အသက်မရှိတော့ပြီ။

ပုလဲဖြူအဖွဲ့ကြီး ပြိုကွဲသွားခြေပြီ။ ဆက်လက်၍ ပဲခူးမှ မစ္စတာရှောင်းတို့အဖွဲ့လည်း ပြိုကွဲတော့မည်သာ။

* * *



# [၂၅]

နံနက်(၇)နာရီခန့် ဦးအောင်ဟိန်း လမ်းလျှောက်ရာမှပြန်လာပြီး ရေချိုးရန် သူ့အိပ်ခန်းသို့ဝင်လိုက်သည်နှင့် ဇနီးဒေါ်ချိုချိုအောင်သည် ခုတင်ပေါ်တွင်ထိုင်ကာ မှန်ဒုံစောင်ပါးအခေါက်လိုက်ကို ရင်ဝယ်ပိုက်ပြီး ငိုကြွေးနေသည်ကို တွေ့ရပေသည်။

''ဟင်…ဘာဖြစ်လို့လဲ မချို''

''သားလေး ဒီအိမ်ကိုလာသွားတယ်''

''ဟေ…သားလာတာ ငိုစရာလား…ဘယ်မလဲဒီကောင်''

''မရှိတော့ဘူး…တိတ်တိတ်လေးလာပြီး တိတ်တိတ်လေးပြန်သွားတာဖြစ်မှာပေါ့၊ သားဆီမှာ ဒီအိမ်ကသော့တွဲအပိုရှိနေတာပဲ ကိုဟိန်း''

''ဟာ…မဟုတ်တာ…ကိုယ့်အိမ်ကိုလာတာပဲဟာ…တိတ်တိတ်လာ…တိတ်တိတ်ပြန်မှာတဲ့လား၊ နေပါဦး…မချိုက ဒီကောင်လာမှန်းဘယ်လိုသိတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ မုဒုံစောင်ကို ညမှာခြုံပြီး မနက်အိပ်ရာထထခြင်း ဘယ်တော့မှခေါက်ထားခဲ့လေ့မရှိတာ ကိုဟိန်းအသိပဲ။ ဘုရားခန်းက ပြန်ထွက်လာမှ အိပ်ရာသန့်စင်ရင်း ဒီမုဒုံစောင်ကို ပြန်ခေါက်လေ့ရှိတာ နေ့စဉ်နေ့တိုင်းပဲဟာ…။ အခု ဒီစောင်လေးဟာ ကျွန်မပြန်ဝင်လာတော့ ခုတင်ခြေရင်းမှာခေါက်လျက်သားရှိနေတယ်…ကိုဟိန်း"

"ဟေ"

အောင်ဂေဟာတွင် စားဖိုမှူး ဒေါ်ထွေး၊ အိမ်ဖော်မလေး နီမနှင့် နန်းစိန်ကိုထားရှိသော်လည်း ဦးအောင်ဟိန်းက ညအိပ်ညနေမထားပေ။

ညနေ(၆)နာရီထိုးလျှင် အားလုံးပြန်စေသည်။ ဒရိုင်ဘာ၊ မာလီတို့လည်း ပြန်ခဲ့စေသည်။ အောင်ဂေဟာတွင် ဇွှေပုံနှင့် မိကဲ အင်းခွေးကြီးနှစ်ကောင်ကို စိတ်ချသဖြင့် ညဒရဝမ်လည်းမထားရှိပေ။

အောင်နေမျိုး အိမ်မှာနေစဉ်ကတည်းက ဤပုံစံအတိုင်းဖြစ်ခဲ့သည်။

ထို့ကြောင့် ဇနီးဒေါ်ချိုချိုအောင်က မခေါက်ပဲထားခဲ့သော မုဒုံစောင်လေးကို အိပ်ရာခုတင်ခြေရင်းတွင် ခေါက်လျက်သားတွေ့သည်ဆိုခြင်းကို 'ဟေ' ခနဲ ဦးအောင်ဟိန်း အာမေဋိတ်သံထွက်သွားသည်အထိ အံ့ဩစရာဖြစ်သွားရပေသည်။

"သားလေးလာသွားတာတော့ သေချာတယ်ကိုဟိန်း…ကျွန်မသားလေးရဲ့ကိုယ်နံ့ကို အမြဲမှတ်မိတယ်။ သားလေးရဲ့ သုံးနေကျမွှေးနံ့ရယ် သူ့ကိုယ်ကထွက်တဲ့ကိုယ်နံ့ရယ် ရောထွေးတဲ့သူ့ကိုယ်နံ့ကို ကျွန်မအမြဲမှတ်မိတယ်။ ခုမနက်…ဘုရားခန်းမှာ ကျွန်မဘုရားရှိခိုးပြီး တရားမှတ်နေတုန်း သားလေးရဲ့ကိုယ်နံ့ ကျွန်မရတယ်။ သားလေးပြန်လာပါလားဆိုပြီး ထကြည့်မလို့စိတ်ကူးသေးတယ်…ဒါပေမဲ့ ဒီလောကအစောကြီး ဝေလီဝေလင်းကြီးမှာတော့ သားလေးပြန်လာတာမဖြစ်နိုင်ပါဘူးလို့ထင်တာရယ်…တရားမှတ်နေတာ အာရုံပျက်သွားမှာစိုးလို့ရယ်…ထပြီးထွက်မကြည့်မိဘူး၊ အဲ…တရားမှတ်လို့ပြီးကာနီးကျတော့…သားလေးရဲ့ကိုယ်နံ့မရတော့ဘူး။ အိပ်ခန်းထဲပြန်ဝင်လာတော့…ခုတင်ခြေရင်းမှာ မုဒုံစောင်ခေါက်လျက်ပြီးသားလေးတွေ့ရတယ်။ သားလေးလာရင်း မအေ့ရဲ့စောင်ကို ခေါက်ပေးသွားတာနေမှာပေါ့။ ဒါကြောင့် မသင်္ကာတာနဲ့ ကျွန်မ ခေါင်းအုံးအောက်လှန်ကြည့်လိုက်တော့ ခေါင်းအောက်က ကိုဟိန်းရဲ့သေနတ်မရှိတော့တာတွေ့ရတယ်။ ကိုဟိန်းလမ်းလျှောက်ထွက်ရင်း သေနတ်ကိုယူသွားသလားဟင်…"

"ကြဲကြဲဖန်ဖန်မချိုရာ…ကျုပ်လမ်းလျှောက်ထွက်ရင် သေနတ်ယူသွားလေ့ရှိတာမှမဟုတ်တာ…အေး…ဒါဆို…ဒီကောင်ရောက်လာတာဖြစ်နိုင်တယ်…ကျုပ်သေနတ်ယူသွားတာဆိုရင် ပြဿနာတစ်ခုခုပဲ…အဲ…မချို မီးခံသေတ္တာဖွင့်စမ်း…စစ်ဆေးကြည့်ရအောင်…သေနတ်နဲ့ ငွေကြေးဟာ တစ်ခါတလေ ဒွန်တွဲတာမျိုးရှိတတ်တယ်"

လင်မယားနှစ်ယောက် မီးခံသေတ္တာကို ဖွင့်ကြည့်စစ်ဆေး သည်။

ဦးအောင်ဟိန်း၏တွက်ကိန်းအတိုင်းပင် အခြားစိန်ထည်ငွေထည်ဘာတွေ လက်ရာမပျက် နဂိုအတိုင်းရှိသော်လည်း ငွေသိန်းငါးဆယ် မရှိတော့သည်ကို စစ်ဆေးတွေ့ရှိရသည်။

သေချာပြီ…သားအောင်နေမျိုး အိမ်ကိုရောက်လာပြီး ငွေသိန်း



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်နှင့် သေနတ်ယူသွားချေပြီ။

ဤအခြင်းအရာသည် ကောင်းသောအရိပ်လက္ခဏာသို့မညွှန်း၊ မကောင်းသောအရိပ်လက္ခဏာကိုညွှန်းနေသောကြောင့် ဦးအောင်ဟိန်းသည် ရန်ကုန် စည်သူမွန်ရိပ်ငြိမ်သို့ ဖုန်းဆက်တော့သည်။

ဦးစည်သူနှင့်မတွေ့ရပဲ ပဥ္စာမြေလူး ပူဆွေးငိုယိုနေသော ဒေါ်အေးမွန် ပြန်ပြောပြချက်အရ အကျိုးအကြောင်းတွေသိရပေသည်။

နွေးနွေးကို ပြန်ပေးလူဆိုးတွေဆွဲသွားပြီး ဦးစည်သူလည်း တစ်ညလုံးအိမ်ပြန်မလာသည်မှ ယခုအထိဖြစ်ကြောင်း အောင်နေမျိုးလည်း ထိုအိမ်တွင်မရှိတော့ကြောင်းတွေ သိရတော့သည်။

ဦးအောင်ဟိန်းနှင့် ဒေါ်ချိုချိုအောင် ချက်ချင်း ပဲခူးမှ ရန်ကုန်သို့ လိုက်လာခဲ့တော့သည်။

နံနက်(၁၀)နာရီခန့်ရောက်လာကြသည်။ ဦးအောင်ဟိန်း၊ ဒေါ်ချိုချိုအောင်နှင့် ဒေါ်အေးမွန်တို့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဗျာများနေချိန်မှာပင် နံနက်(၁၁)နာရီထိုးပြီးနောက် ဦးစည်သူ ပြန်ရောက်လာပြီး အကျဉ်းရုံးအဖြစ်အပျက်ပြောကာ အင်းစိန်ဆေးရုံတွင် အရေးပေါ်ကုသနေသော အောင်နေမျိုးရှိရာသို့ အားလုံးလိုက်လာကြသည်။

ဝိုင်းနှင့် ဒေါက်တာရန်နောင်ထွက်လည်း ဦးစည်သူဖုန်းဖြင့် ပြောပြချက်အရ အင်းစိန်ဆေးရုံသို့ ရောက်လာသည်။

အင်းစိန်ဆေးရုံကြီး၏ သီးသန့်ခွဲစိတ်ခန်းကြီးသည် တံခါးပိတ်လျက်သားပင်ရှိနေသည်။

အောင်နေမျိုးကိုရော ပြုံးမောင်မောင်ကိုရော အင်မာဂျင်စီ ခွဲစိတ်သီးသန့်ခန်းတွင် ဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်များနှင့်



သူနာပြုတွေအပြင် အတန်းခွဲစိတ်ကုသနေကြပါ၏။

ခွဲစိတ်ကုသခန်းအပြင်ဘက် ခုံရှည်တန်းလျားတွင် လူစုံတက်စုံရှိနေပါ၏။

အားလုံးသည် ခွဲစိတ်ကုသခန်းကြီးတံခါးပွင့်လာမည်ကိုသာ ကြည့်ရင်းစောင့်မျှော်နေကြသည်။

နွေးနွေးရှိနေသည်၊ ဦးစည်သူ၊ ဒေါ်အေးမွန်ရှိနေသည်၊ ဦးအောင်ဟိန်း၊ ဒေါ်ချိုချိုအောင်ရှိနေသည်။ ဝိုင်းရှိနေသည်။ အားလုံး ခုံတန်းလျားတွင် ထိုင်စောင့်နေကြသည်။

သမားတော် ဒေါက်တာရန်နောင်ထွတ်မှာမူ အင်မာဂျင်စီကုသခန်းသို့ ဝင်ရောက်ကြည့်ရှုခွင့်ပေးသဖြင့် ရန်နောင်ထွတ် ခွဲစိတ်ခန်းထဲတွင်ရှိနေပါ၏။

ဒေါက်တာရန်နောင်ထွတ်သည် အားလုံးအကျိုးအကြောင်းသိရပြီးနောက် မျက်နှာမကောင်းပေ။ နွေးနွေးငိုနေသည်ကို အားပေးစကားပြောစေကာမူ ဟက်ဟက်ပက်ပက်မရှိပေ။

ပထမဦးစွာ အထဲသို့ဝင်ကြည့်ခွင့်ရသော ဒေါက်တာရန်နောင်ထွတ် ခွဲစိတ်ခန်းထဲမှ တစ်ယောက်တည်းထွက်လာသည်နှင့် အားလုံးသည် ဒေါက်တာရန်နောင်ထွတ်ပြောမည့်စကားကို အားတက်သရောနားစွင့်ထောင်ထားသည်။

ဒေါက်တာရန်နောင်ထွတ်က ဖြုန်းခနဲမပြောသေးဘဲ ခေါင်း ကုတ်၍ မေးစေ့ပွတ်လုပ်နေရာ မနေနိုင်တော့သော နွေးနွေးကပင် မေးမြန်းလိုက်တော့သည်။

"အောင်လေး အခြေအနေ ဘယ်လိုလဲ…ကိုရန်နောင်ထွတ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…နွေးမေးမှတော့…ဖြေရမှာပဲ၊ ဒီကောင့်အခြေအနေဟာ…ဖစ်ပတီး…ဖစ်ဖတီးပဲနွေး…ငါးဆယ်ရာနိုင်နှုန်းလောက်တော့ မျှော်လင့်ချက်ထားလို့ရပါသေးတယ်။ အဆုတ်ဘက်ကအကြောကြီးတစ်ကြောကို ခါးပေါက်ခံရတာထိသွားတယ်လို့ ပြောတာပဲ။ အဲဒီသွေးကြောကြီးကို ပြန်ပိတ်ဖို့ ကြိုးစားနေကြတယ်။ ကိုယ်က ခွဲစိတ်သမားတော်မဟုတ်လို့ သေချာတော့မပြောနိုင်ဘူး။ ကံတရားပေါ်မှာ မူတည်တယ်လို့ပဲ သဘောထားပေါ့နွေး။ အဲ…ကိုယ်လဲ အရေးကြီးတဲ့ အစည်းအဝေးတက်ဖို့ အချိန်ရောက်နေလို့…ထွက်လာခဲ့တယ်။ ကဲ…ကိုယ်သွားမယ်…လိုအပ်ရင် ကိုယ့်ဆီဖုန်းဆက်ပေါ့…"

ဒေါက်တာရန်နောင်ထွတ် ထွက်သွားပေသည်။

"အို…သားလေးရယ်…ဖြစ်ရလေကွယ်"

ဒေါ်ချိုချိုအောင်ခမျာ အောင့်မထားနိုင်တော့ဘဲ ငိုချလိုက်တော့သည်။

ဒေါက်တာရန်နောင်ထွတ် ပြောသွားသည်မှာ ကြိုးစားတော့ကုနေကြတာပဲ၊ ဒါပေမဲ့…သေချင်သေသွားမယ်ဟု အဓိပ္ပာယ်သက်ရောက်နေမှန်း ကြားရသူတိုင်း ကောက်ချက်ချနိုင်သောကြောင့် သားကိုသိပ်ချစ်တော့ မိခင်ဒေါ်ချိုချိုအောင်မှာ ချုပ်တီးမထားနိုင်တော့ပဲ ယူကျုံးမရသံနှင့်ပြောပြီး ငိုချလိုက်ခြင်းဖြစ်တော့သည်။

"အစ်ကိုအောင်ရယ်…ဆယ်တန်းကျလိုက်ရင်အကောင်း သားပဲခူးမှာပဲဆက်နေရင်အကောင်းသား…အခုတော့…အခုတော့…"

ဝိုင်းကပါ ကလေးလိုပြော၍ပြီး ငိုချပြန်တော့သည်။

နွေးနွေးသည် မငိုပေ။



သည်းထန်စွာငိုနေသော ဒေါ်ချိုချိုအောင်ကိုကြည့်လိုက်…အလားတူငိုနေသော ဝိုင်းကိုကြည့်လိုက်နှင့် ဟိုကြည့်ဒီကြည့်သာ ကြည့်နေသည်။

နွေး၏အကြည့်တွေမှာ မူမမှန်…ကြောင်စီစီအကြည့်မျိုးဖြစ်နေသည်။

ထိုအခိုက်မှာပင် အင်မာဂျင်စီခွဲစိတ်ခန်းတံခါးပွင့်လာသည်။ အိပ်စင်တွန်းလဲပေါ်တွင် ခြေဖဝါးမှ မျက်နှာဖုံးသည်အထိ ဖုံးအုပ်ထားသည်ကိုမြင်ရုံနှင့် သေသွားသောအလောင်းမှန်း သိသာသည်။

သူနာပြုဆရာမတစ်ယောက်…အိပ်စင်အလောင်းတွန်းသောကုလားတစ်ယောက်သည် ဓါတ်လှေကားဆီသို့ တွန်းသွားကြသည်။

"ဟင်…အဲဒါ…အစ်ကိုအောင်"

ပြောပြောဆိုဆို ဝိုင်းသည် အိပ်စင်တွန်းခုတင်ဆီသို့ ပြေးသွားသည်။

ဒေါ်ချိုချိုအောင်ကလည်း ဝိုင်းနောက်မှပြေးလိုက်သွားသည်ကို ဦးအောင်ဟိန်းက လက်မောင်းကိုဆွဲထားလိုက်သည်။

"သွားမကြည့်နဲ့မချို…မင်းသားအလောင်းတွေတာနဲ့… မင်းပါလဲသေသွားမယ်"

"အို…သားလေးရယ်"

တစ်ခွန်းသာအော်ပြီး ဒေါ်ချိုချိုအောင် ပျော့ခွေလဲကျသွားသဖြင့် ဦးအောင်ဟိန်းက ဇနီးကိုပွေ့ချီထားလိုက်ရသည်။

ဒေါ်အေးမွန်က ပြေးလာပြီး ဒေါ်ချိုချိုအောင်ကို ဦးအောင်ဟိန်းလက်မှ သူမရင်ခွင်ထဲသို့ ပွေ့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဟိန်းသည် မေ့သွားသောဇနီးကို တစ်ချက်ကြည့်ကာ ထရပ်ပြီး ဦးစည်သူ၏အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်လိုက်သည်။

"ငါ့သားဒီလိုသေရတာ မင်းကြောင့်ပဲစည်သူ…ကဲကွာ"

ပြောပြောဆိုဆို ခွပ်ခနဲ ဦးစည်သူကို ထိုးလိုက်သည်။

ဦးစည်သူ နောက်လန်ယိုင်သွားသည်။

"ဒါ…ဘာလုပ်တာလဲ ကိုအောင်ဟိန်း…ဒီလိုမလုပ်ပါနဲ့"ဟု ဒေါ်အေးမွန်က လှမ်းအော်သည်။

ဦးစည်သူက သူငယ်ချင်းအောင်ဟိန်းအား ဘာမှလက်တုံ့ မပြန်ပေ။

ထိုသို့ဖြစ်ပျက်သမျှအားလုံးကို အရုပ်ကြိုးတစ်ရုပ်လို ငူငေါင် ကြည့်နေသော နွေးနွေးသည် မျက်စိစုံမှိတ်သွားသည်။ အုတ်နံရံကို ကျောမှီရပ်နေရာမှ ဖင်ထိုင်လျှောကျသွားသည်။

"ဟင်…သမီး…သမီးနွေး…"

ဦးစည်သူက သမီးနွေးနွေးဆီသို့ လွှားခနဲရောက်သွားပြီး ပွေ့ ထားကာ ကိုင်လှုပ်ပြီး သမီး…သမီးနှင့် သတိပြန်ရဖို့ ကြိုးစားသည်။ တစ်မိနစ်မပြည့်မီမှာပင် နွေးနွေးမျက်လုံးပြန်ဖွင့်လာသည်။

နွေးနွေး ချက်ချင်းပြန်မတ်တတ်ရပ်ကာ ရယ်မောလိုက်သည်။ နွေးနွေးကို အံ့သြစွာကြည့်နေကြသည်။

ဘယ်သောအခါမှ…

ကိုယ်ကချစ်ရတဲ့သူ မဖြစ်ချင်ပါပြီ။

သူချစ်ကိုသာ မျှော်ကာစောင့်စားတော့မည်။

"ဟ…အောင်ဟိန်း…သွားပြီကွ…ငါ့သမီး အရမ်းစိတ်ထိခိုက်



သွားပြီ။ ငါ့သမီး ရူးသွားပြီလားမသိဘူး အောင်ဟိန်းရာ"

ထိုစဉ်မှာပင်…

ဝိုင်းသည် အမောတကောပြန်ပြေးလာပေသည်။

"အစ်ကိုအောင် မဟုတ်ဘူး…မဟုတ်ဘူး…ဝိုင်းသေချာဖွင့် ကြည့်တယ်။ အစ်ကိုအောင်ရဲ့ ပဲခူးကသူငယ်ချင်း ကိုပြုံးမောင်မောင် ကြီးသေသွားတာ…အစ်ကိုအောင်မဟုတ်ဘူး"

ဝိုင်းက ဒေါ်ချိုချိုအောင်ကိုပြေးပွေ့ပြန်သည်။

"အန်တီချို…အန်တီချို…အစ်ကိုအောင်သေတာ မဟုတ်ဘူး၊ ကိုပြုံးမောင်မောင်ကြီးသေသွားတဲ့အလောင်းကြီးပါ အန်တီချို"

ဒေါ်ချိုချိုအောင် လူးလဲပြန်ထလာပေသည်။ ထိုစဉ် နွေးထံမှ အသံထွက်လာပြန်သည်။

ဝဋ်ကြွေးတို့တင် ရှိပါရင်လဲ…

ကံကြမ္မာမညီမျှ…သံသရာဒီဘဝ…

သည်မျှနဲ့ပဲ အဆုံးသတ်စေချင်သည်။

အားလုံးသည် အောင်နေမျိုးသေသွားသောအလောင်းမဟုတ် သောကြောင့် ဝမ်းသာစရာဖြစ်သော်လည်း နွေးနွေးအဖြစ်ကိုကြည့် ကာ မချိတင်ကဲဖြစ်ရပြန်ပါတော့သည်။

"ဟင်…မမနွေး…မမနွေး…ဘာဖြစ်သွားတာလဲဟင်"

"ရူးသွားတာဟေ့…ရူးသွားတာ…ငါ့သမီးနွေးနွေး…ရူး သွားတာ"

ဦးစည်သူက ငိုသံပါကြီးနှင့် စိတ်မထိန်းနိုင်ဘဲ အော်ကြီးဟစ် ကျယ်ပြောလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင်...

ခွဲစိတ်ခန်းထဲမှ ဆရာဝန်ကြီး တံခါးဖွင့်ထွက်လာပေသည်။ ဦးထုပ်စိမ်းဆောင်းထားသည်နှင့် ပါးစပ်စည်း၊ နှာခေါင်းစည်း အဝတ်စိမ်းများကိုချွတ်ရင်း အပြင်တွင် ဝရုံးသုန်းကားဖြစ်နေသော ဦးစည်သူ ဦးအောင်ဟိန်းတို့လူသိုက်ဆီသို့ လျှောက်လာကာ ဝမ်းသာကျေနပ်သောမျက်နှာနှင့် ပြောလိုက်သည်။

"ရသွားပြီ...ရသွားပြီ...ကျုပ်တို့ဘက်က နိုင်သွားပြီ၊ ကျန်တဲ့တစ်ယောက် မသေနိုင်တော့ဘူး...ဒါပေမဲ့...အခုလောလောဆယ် ဘယ်သူနဲ့မှတွေ့ခွင့်မပေးနိုင်သေးဘူး။ အဲ...လူနာ ကယောင်ကတမ်းပြောတဲ့အထဲမှာ မမနွေး...မမနွေးလို့ပါတယ်...အဲဒီမမနွေးဟာ ဘယ်သူလဲ၊ မမနွေးဆိုသူကို ပထမဆုံး လူနာနဲ့တွေ့ပေးရင် လူနာရဲ့စိတ်ဓါတ်အားပိုကောင်းလာမယ်"

"မမနွေးဆိုတာ သူပါပဲ ဆရာကြီး...သူပါပဲ"

ဆရာဝန်ကြီးက သီချင်းတအေးအေးဆိုနေရင်း...တောင်ကြည့်မြောက်ကြည့်နှင့် ကြောင်တောင်တောင်မျက်လုံးရှိနေသော နွေးနွေးကို လှမ်းကြည့်လိုက်သည်။

"ဟင်...ဒါ...မိနွေးနွေးပဲ၊ ဆေးတက္ကသိုလ်မှာတုန်းက ကျုပ်သင်ကြားပေးခဲ့တဲ့ မိနွေးနွေးပဲ...ကြည့်စမ်း...အခုဘယ်လိုဖြစ်နေတာလဲ"

အကျိုးအကြောင်းအားလုံးကို စိတ်ဓါတ်အမာဆုံး ဦးအောင်ဟိန်းက ဆရာဝန်ကြီးကိုပြောပြလိုက်သည်။

"အထဲကလူနာဟာ...ဟောဒီမမနွေးရဲ့ ချစ်သူပဲဆရာကြီး...



အထဲက သူ့ချစ်သူသေပြီဆိုတာနဲ့ အဲဒီလိုဖြစ်သွားတာပါ"

"ဟာ...ဒါဆို လာ...လာ...ချက်ချင်းရှော့(ခ်)ဖြစ်ပြီး ကြောင်သွားတာ...ဘာမှမဖြစ်နိုင်ဘူး...ယာယီစိတ်ငြိမ်သွားအောင် ကျုပ်ဆေးထိုးပေးမယ်။ ဒါမှမသက်သာဘူး...နော်မယ်(လ်)ပြန်မဖြစ်ဘူးဆိုရင် စိတ်ကျန်းမာရေးဆေးရုံကိုပို့။ ဖြန်းခနဲ စိတ်ထိခိုက်ပြီးဖြစ်သွားတာမို့...ကျုပ်ဆေးထိုးပေးတာနဲ့ပဲ...ပြန်ကောင်းသွားချင်ကောင်းသွားမှာပါ"

ဒီလိုဆိုပြန်တော့လည်း အားလုံးသည် ပြန်လည်ကာဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။

* * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



[၂၈]

**သားရွှေအိုးထမ်းလာသည်ကိုမြင်ရသောကိန်းဆိုက်ပြီ။**

မဟာဇနက္ကမင်း ကမ်းမမြင်လမ်းမမြင် သမုဒ္ဒရာတွင် ကူးခတ်ရာမှ မဏီမေခလာနတ်သမီးကယ်တင်ကာ ကျောက်ဖျာထက်သို့တင်ထားပြီး ဘုရင်ဖြစ်သောကိန်းဆိုက်ပေပြီ။

အောင်နေမျိုး၊ မမနွေး၊ ဦးအောင်ဟိန်း၊ ဒေါ်ချိုချိုအောင် ဦးစည်သူ၊ ဒေါ်အေးမွန်နှင့် ဝိုင်းတို့အတွက် မုန်တိုင်းစဲပေပြီ။

**မနွေးနွေး**

*ကိုယ်တော်တော်စိတ်ပျက်သွားတယ်။*

*မနွေးနွေးနဲ့ အောင်နေမျိုးကိစ္စက အခုအပတ်စဉ်ထွက်... နောက်ဆုံးစာစောင်ဂျာနယ်ထဲမှာ တကယ့်ကို လူအများပရိတ်သတ် စိတ်ဝင်စားဖွယ်ဓာတ်လမ်းတစ်ပုဒ်အဖြစ်ပါလာတယ်။*



*ဂျာနယ်စာစောင်ဆရာက ကိုယ့်နာမည်နဲ့ မနွေးရဲ့နာမည်၊ အောင်နေမျိုးနာမည်တွေကို တခြားနာမည်နဲ့ လွဲပြောင်းရေးထားလို့ တော်သေးရဲ့လို့ အောင်းမေ့ရတယ်။ ဒါပေမဲ့ ကိုယ်တို့နဲ့နီးစပ်တဲ့ ပတ်ဝန်းကျင်အားလုံးနဲ့ ရင်းနှီးသူအားလုံးကတော့ စာစောင်ဂျာနယ်ထဲက အင်မတန်စိတ်ဝင်စားဖို့ကောင်းပြီး အသည်းနှလုံးပေး အပြန်အလှန် ချစ်သူနှစ်ဦးရဲ့ဖြစ်ရပ်ဓာတ်လမ်းဟာ...ဒေါက်တာနွေးနွေးရယ်၊ အောင်နေမျိုးရယ်...သမားတော်ကြီးရန်နောင်ထွတ်ရယ်လို့ သိကြမယ်ဆော*

*အဲဒီဓာတ်လမ်းဖော်ပြချက်ထဲမှာ ကိုယ်ဟာ...မနွေးနွေးကို ဇာ မက လက်ထပ်ဖို့ကြိုးစားတဲ့ ဗီလိန်လူကြမ်းကြီးတစ်ယောက်ဖြစ်နေတယ်။*

*ကိုယ့်သူငယ်ချင်းတွေကဆိုရင် ဘယ့်နှယ်လဲ ရန်နောင်ထွတ်... ဒီဓာတ်လမ်းကို ရုပ်ရှင်သာရိုက်ရင်...နောက်ပြီး... အကယ်ဒမီ ရွှေစင်ရုပ်ထုကို လူကြမ်းကိုသာပေးမယ်ဆိုရင် မောင်ရင်ရမှာသေချာတယ်...လို့တောင် အနောက်အပြောင်ခံရတယ်။*

*ကိုယ့်မိဘတွေကလဲ...မနွေးနွေးကို ကိုယ့်လိုပဲ စိတ်ပျက်သွားကြတယ်။*

*နောက်တစ်ချက်က အဲဒီလိုခွေ ဟိုးလေးတကျော်ဖြစ်ပြီးမှ ကိုယ်လဲ ကိုယ့်ဟာကိုသေချာဆန်းစစ်ကြည့်မိတယ်။*

*မနွေးနွေးကို ကိုယ်ဘာလို့ချစ်မိတာလဲဆိုတာကို သေချာဆန်းစစ်ကြည့်တာပါ။*

*သိပ်ချောလို့၊ သိပ်လှလို့၊ သိပ်ကိုယ်လုံးကိုယ်ပေါက် အချိုးက*

www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်ကျော့ရှင်းလို့၊ ဆရာဝန်မတစ်ယောက်ဖြစ်နေလို့၊ မမနွေးရဲ့မိဘတွေ ကြွယ်ဝမှုဟာ ကိုယ့်မိဘတွေကြွယ်ဝမှုနဲ့ အရည်အသွေးချင်းတူညီလို့ စတဲ့ အဲဒီအချက်တွေကို အရင်းခံပြီး ချစ်မိတာပါလားဆိုတာ သံသယစိတ်တွေ ရှိလာတယ်။

ဒီအချက်တွေကြောင့် လက်ထပ်ချင်တာပါလားဆိုတာလည်း တွေးမိလာတယ်။

အဲ…မနွေးနွေးရဲ့နှလုံးသားထဲက စိမ့်ယိုလာတယ်ဆိုတဲ့အချစ်မျိုး…

အောင်နေမျိုးရဲ့နှလုံးသားက စိမ့်ယိုလာတဲ့အချစ်မျိုး…

အဲဒီအချစ်မျိုးဆိုတာတော့ ကိုယ့်ရင်ထဲမှာ ခုချိန်ထိ တစ်ခါမှမဖြစ်ပေါ်ဘူးသေးဘူး၊ ဒါကြောင့် အဲဒီအချစ်မျိုး ကိုယ်မခံစားတတ်ဘူး။

တကယ်လို့သာ အောင်နေမျိုးနဲ့ မနွေးနွေးရဲ့နှလုံးယိုစိမ့် အပြန်အလှန်အချစ်ကိစ္စကို ကိုယ်မသိရင် မနွေးနွေးကို ကိုယ်လက်ထပ်မှာပါ။

အခုတော့ ကိုယ်တွက်တယ်လေ…

လောကကြီးမှာ အသစ်…အသစ်ဆိုတာတွေက နေ့စဉ်နဲ့အမျှ ဆန်းသစ်ထွက်ပေါ်နေတာပဲလေ။

မနွေးနွေးလို လှတဲ့သူ…ချောတဲ့သူ၊ ကိုယ်ခန္ဓာအချိုးကျလှကျော့ရှင်းပြေပြစ်သူ၊ ဆရာဝန်ဘွဲ့ရသူ၊ မိဘချမ်းသာကြွယ်ဝပြီး တင့်တည်းသောသမီးဖြစ်သူ၊ မနွေးနွေးရဲ့အသက်ထက်တောင် ပိုပြီးငယ်သေးသူအမျိုးသမီးတွေကို တစ်နေ့ထက်တစ်နေ့ ပိုပြီးတောင်တွေ့လာတယ်။



မနွေးနွေးအနေနဲ့လဲ ဒီကောင် ဟိုးလေးတကြော်ဖြစ်ပြီးမှတော့ အောင်နေမျိုးကိုပဲ လက်ထပ်သင့်တယ်လို့ ကိုယ်ထင်တယ်။ ကိုယ်ဆုံးဖြတ်တယ်။

အဲဒီတော့…

နှစ်ဘက်မိဘနဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတွေရှေ့မှောက်မှာ စေ့စပ်ကြောင်းလမ်းခဲ့တာကို ဖျက်သိမ်းလိုက်တာအကောင်းဆုံးဖြစ်မယ်။

မနွေးနွေးမှာလဲ ဂုဏ်သိက္ခာမထိခိုက်အောင် ကိုယ့်ကိုလည်း အများက လူကြမ်းဗီလိန်ကြီး ထပ်ပြီးအများကမမြင်အောင် နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်းအနေနဲ့ပဲ ကိုယ်ဒီစာရေးပြီးတဲ့နောက် သတင်းစာတိုက်တွေမှာသွားထည့်လိုက်ပါမယ်။

ဒါလောက်ပါပဲ။

ဒေါက်တာရန်နောင်ထွတ်

သမားတော်ကြီး

အထက်ပါစာကို လုလင်ပျိုတစ်ဦးနှင့် အမျိုးသမီးချောကစ်ဦးတို့ နှစ်ယောက်သား နှစ်ယောက်ထိုင်ဆိုဖါတွင် ပူးပူးကပ်ကပ်ထိုင်ပြီး ခေါင်းချင်းဆိုင် ပါးခြင်းကပ်ဖတ်နေကြသည်။

လုလင်ပျိုချောမှာ အောင်နေမျိုး။

လုံမချောမှာ ဒေါက်တာနွေးနွေးဖြစ်ကြောင်း ထူးပြောစရာမလိုတော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



နေရာဒေသမှာ ပဲခူးမြို့ ရွှေမှဋ္ဌောဘုရားလမ်းပေါ်ရှိ ခြံကြီးကျယ်ကျယ် တိုက်အိမ်ကြီးဟီးဟီး…အောက်ထပ်…ထယ်ဝါခမ်းနားသောဧည့်ခန်းကြီးတွင်ဖြစ်ပါ၏။

အောင်နေမျိုး ဆေးရုံတွင်သက်သာပြီး **ဆရာဝန်ကြီး၏**ခွင့်ပြုချက်အရ ဦးအောင်ဟိန်းနှင့် ဒေါ်ချိုချိုအောင်က **နွေးနွေးကိုပါခေါ်**ခဲ့ပြီး ပဲခူးမြို့ အောင်ဂေဟာကြီးတွင် လိုက်လာနေ**ထိုင်ခြင်းဖြစ်ပါ**၏။

နွေးနွေး၏ဖေဖေ ဦးစည်သူနှင့် မေမေ **ဒေါ်အေးမွန်**ကလည်း သမီးဖြစ်သူနွေးနွေး မူးသွားသည်တော့အဖြစ်မခံနိုင်။ **သမီးသိပ်ချစ်**သော အောင်နေမျိုးနှင့်ပင် နောက်ဆုံး လက်ထပ်ပေးရန် လိုက်လျောလာကြတော့သည်။

နွေးနွေးကိုယ်တိုင်က အောင်အောင်လေး ဒဏ်ရာအနာလုံးဝပျောက်ကင်းသည်အထိ အနီးကပ်ပြုစုပေးချင်၍ ပဲခူးအိမ်ကြီးသို့ လိုက်ပါခဲ့ခြင်းပါပေ။

အောင်နေမျိုးရော ဒေါက်တာနွေးနွေးရော ယခုမှ အရမ်းစိတ်ချမ်းသာနေကြသည်။

အောင်အောင်က မမနွေးပြုစုမှုကို အရမ်းကျေနပ်နေသည်။

နွေးနွေးကလည်း အောင်အောင်အား သူမကိုယ်တိုင်ပြုစုပေးရသည်ကိုလည်း အရမ်းကြီးကျေနပ်ကြည်နူးနေပါ၏။

ဒေါက်တာရန်နောင်ထွတ်ကိုယ်တိုင်က ဇာတ်ကြောင်းလမ်းထားခြင်းကို နှစ်ဦးသဘောတူ ဖျက်သိမ်းပေးမည်ဆိုခြင်းကလည်း နွေးနွေးနှင့် အောင်နေမျိုးတို့ အတူးကျေနပ်စရာဖြစ်လာရတော့သည်။



နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ခါးဖက်ရင်း ဒေါက်တာရန်နောင်ထွတ်၏စာကို ဖတ်နေစဉ်မှာပင် ခြံထဲသို့ ကားတစ်စီးဝင်လာသံကြားသဖြင့် လှမ်းကြည့်ရာ **နွေးနွေးတို့ရန်ကုန်အိမ်မှ** ကားမှန်းမြင်တွေ့ရသဖြင့် လူချင်းဖက်ထားရာမှ **ခွါပြီး** ဆက်ကြည့်နေစဉ်မှာပင် အိမ်ရှေ့ဆင်ဝင်အောက်တွင် ကားရပ်ပြီး **ဦးစွာ** ဖေဖေဦးစည်သူနှင့် မေမေဒေါ်အေးမွန်ဆင်းလာသည်ကို**တွေ့ရသည်**။

ဒုတိယစုံတွဲမှာ လုံမငယ်လေးဝိုင်းနှင့် **လုလင်ပျိုလေး** မောင်သီဟတို့စုံတွဲဖြစ်ပါ၏။

နွေးနွေးက ရှေ့မှ၊ အောင်နေမျိုးက နောက်မှ **တံခါးဆီသို့**လာပြီး ကြိုဆိုကြတော့သည်။

"ဝေး…အစ်ကိုအောင်…ဒီပဲခူးအိမ်မှာ မမနွေးပြုစုတာကို ဖိမ်ယူမနေနဲ့…ဒီနေ့ပဲ…ဝိုင်းတို့နဲ့အတူ…မမနွေးရော အစ်ကိုအောင်ရော ပြန်လိုက်ခဲ့ကြတော့။ နက်ဖြန်ကစပြီး အစ်ကိုအောင်ကျောင်းပြန်တက်တော့လေ။ အစ်ကိုအောင်ကျောင်းပျက်ထားတာတွေ…ဝိုင်း အားလုံး သူငယ်ချင်းဆီက Notes တွေပြန်ကူးပေးထားတယ်။"

မေမေ ဒေါ်အေးမွန်ကလည်း ဝိုင်းပြောပြီးသည်နှင့် ဆက်တိုက်ဝင်ပြောပေသည်။

"ဟုတ်တယ်…အောင်အောင်ရော…သမီးနွေးနွေးရော…မေမေပြောပြမယ်…နားထောင်။ နှစ်ယောက်စလုံး ရန်ကုန်ကိုပြန်လိုက်ခဲ့ပေတော့…အောင်အောင်လည်း ကျောင်းပြန်တက်…သမီးနွေးလဲ ခွင့်ယူထားတာများသွားပြီ…အလုပ်ပြန်ဆင်းပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဟိန်းနှင့် ဒေါ်ချိုချိုအောင် ဘယ်ချောင်ကထွက်လာသည်မသိ…စုံတွဲ အိမ်ထဲမှထွက်လာသည်။

ဦးစည်သူက သူ့ဇနီးဒေါ်အေးမွန်ကို ပြန်ပြောနေခိုက်ဖြစ်ပါ၏။

"မမွန်…စကားကိုပြည့်စုံအောင်ပြောလေ…မမွန်ပြောတာ ကျန်နေသေးတယ်မဟုတ်လား"

"အင်းပါ…ပြောမှပါ။ သမီးနွေးနွေးနဲ့…သားအောင်အောင်ကို ဝါကျွတ်ပြီး နိဝင်ဘာလထဲမှာပဲ အရင်ရွေးထားတဲ့ရက်ကောင်းရက်မြတ်အတိုင်း…ဖေဖေနဲ့မေမေက လက်ထပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ…အောင်အောင်က ဘွဲ့ရပြီးတဲ့အထိတော့…ကျောင်းတက်ရမယ်နော…"

နွေးနွေးရော အောင်အောင်ရော ကျေနပ်စွာပြုံးကြပေသည်။

အရေးအကြီးဆုံးမှာ ချစ်သူနှစ်ဦးအတို့ မြန်မြန်လက်ထပ်လိုက်ခြင်းသည် အရာရာတွင် စိတ်ချသွားရပြီမဟုတ်ပါလား။

ထိုစဉ်မှာပင် ဦးစည်သူသည် ဘာမပြောညာမပြော အိမ်ထဲသို့ဝင်ကာ ဦးအောင်ဟိန်း၏မေးစေ့ကို သိပ်ပြင်းထန်သည်မဟုတ်သောလက်သီးဖြင့် ထိုးလိုက်သည်။

"ဟကောင်…စည်သူ…ဒါဘာလုပ်တာလဲ…အားလုံး ကြေလည်နေမှ မင်းက ငါ့ကိုဘာလို့ထိုးတာလဲ စည်သူ"

"ကြွေးဆပ်တာလေကွာ…ရန်ကုန် အင်းစိန်ဆေးရုံပေါ်မှာတုန်းက မင်းက ငါ့ကိုထိုးထားတာလေ…အဲဒါ ကြွေးပြန်ဆပ်တာမင်းနဲ့ငါ…နောက်ဆို သူငယ်ချင်းမကတော့ဘဲ…ခမည်းခမက်တော်ရတော့မှာ…ခမည်းခမက်အချင်းချင်း…ရင်ထဲမှာ ဘာအကြိုက်



မှမရှိရင် အကောင်းဆုံးမို့…ငါမင်းကိုပြန်ထိုးတာ…"

"ထိုး…ထိုး…စည်သူ မင်းထိုးတာ…ငါ့မှာပုဂ္ဂိုလ်ဆိတ်ကိုသလောက်ပဲရှိတယ်…ထပ်ထိုးဦး…ထပ်ထိုး…ငါက ပြုံးပြုံးကြီးမယ်"

အားလုံးသည် ဝိုင်းရယ်မောကြသည်။

ပြီး…စည်ခန်းတွင် ဝိုင်းပြီးထိုင်ကြသည်။

ဦးအောင်ဟိန်းနှင့် ဒေါ်ချိုချိုအောင်။

ဦးစည်သူနှင့် ဒေါ်အေးမွန်။

ဝိုင်းနှင့်မောင်သီဟ။

နွေးနွေးနှင့် အောင်နေမျိုး။

စုံတွဲလေးတွဲကြီး ဝိုင်းထိုင်စဉ်မှာပင် ဦးစည်သူက သမီးနွေးနွေးအား လှမ်းကြည့်ပြီး…

"ငါ့သမီးလေး အိုရတော့မယ်…အိုရတော့မယ်"ဟု ညည်းသွားတွားလေးပြောသည်ကို…

"အို…ဖေဖေက ဘာမှန်းလဲမသိဘူး"ဟု နွေးနွေး ရှက်ရှက်ဖြင့် မျက်နှာကိုလက်ဝါးလေးအုပ်ထားသည်နှင့် အားလုံးစုံတွဲထံမှရယ်မောသံတွေထွက်လာပေတော့သတည်း။

ဤပွဲတွင်…

အောင်နေမျိုးနိုင်သည်။

ချစ်စွာသော မမနွေးကို သိန်းလေးဆယ်မပေးရဘဲ အရပြန်ယူနိုင်သည်။ မမနွေးနှင့် ချစ်သူချင်း ပေါင်းသင်းနိုင်ခွင့်ရသည်။

ဟိုဘက်မိဘ ဒီဘက်မိဘ ကျေနပ်မှုတွေရသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်ထွတ်လည်း သူ့လမ်းသူလျှောက်သွားသည်။

ဝိုင်းနှင့် သီဟလည်း ဖြစ်သင့်သည့်အတိုင်း ဖြစ်မြောက်သွားသည်။ တို့ထက်မှာမူ

ရဲအဖွဲ့မှ ဖမ်းမိလိုက်သော စောမိုက်ကယ်နှင့် ရှိစီအား ရဲအဖွဲ့က စစ်ဆေးချက်အရ သူတို့၃စရိုက်လုပ်ငန်းတွေ အားလုံးပေါ်ထွက်လာသည်။

ပုလဲဖြူအဖွဲ့မှ ခေါင်းဆောင် စောမိုက်ကယ် ထောင်ဒဏ် အနှစ်(၂၀)၊ ရှိစီ (၁၀)နှစ်၊ ပဲခူးမှအဖွဲ့ခေါင်းဆောင် မစ္စတာရှောင်း ထောင်ဒဏ် အနှစ် (၂၀)နှင့်တကွ အဖွဲ့ဝင်ငယ်သားတွေ (၁)နှစ် (၃)နှစ် (၅) နှစ် စသဖြင့် အကောင်အကြီးအသေးအလိုက် ထောင်ဒဏ်အပစ်ပေးခံရပေတော့သည်။

အော်…ရာဇဝတ်ဘေးဆိုသည်မှာ ပြေးလွတ်ရိုးမရှိပါတကား။

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com